# အမြုတေစက်အမဲတာရာ

သမထဦးအောင်မြတ်

[illegible]ကြိမ်၊ [illegible]-၇၅

# ပြည်လုံးကျွတ် ဖြန့်ချိရေး
ကဝိရတနာ စာပေ
၂၀၄၊ လမ်း ၃၀၊ ရန်ကုန်။

---

မျက်နှာဖုံး
မောင်မောင်သိုက်

---

အဖုံးရိုက်
ချင်းတွင်းတိုက်

---

ဘလောက်
လွင်

---

[illegible]-၂၀၀၀ တန်ဖိုး ၆-ကျပ်

---

ဒေါ်တင်လှ (၀၂၀၃၀-မြဲ) နေသင်းစာပုံနှိပ်တိုက်၊ ၁၁၊ ၁၂၅-လမ်း၊ ကန်တော်ကလေး၊ ရန်ကုန် က တာဝန်ယူ ပုံနှိပ်၍ သမာသ ဦးအောင်မြတ် (ခ) ဦးအုံးညွန့် ( မြဲ-၀၁၃၇၅ ) [illegible]အမှတ် ၅၄၊ ၉၄-လမ်း၊ ကန်တော်ကလေး၊ ရန်ကုန်က တာဝန် [illegible] ထုတ်ဝေသည်။

**အ**မှန်ကို တွေ့ဘို့ထက် အမှားကို တွေ့ရဘို့က ပိုလွယ်ပါတယ်၊ အမှားဆိုတာမျိုးက အပါယံမှာဘဲရှိပြီး အမှန်ဆိုတာက အနက်ရှိုင်းဆုံး နေရာမှာ ရှိနေတဲ့အပြင် အမှန်ကို ရှာဖွေချင်တဲ့ လူကနည်းလို့ဘဲ။

ဂိုထား

ဂျာမန်တွေးခေါ်ရှင်

အခက်အခဲကိုနိုင်နင်းစွာ ဖြိုဖျက်လုပ်ကိုင်ကြခြင်း၊ သည်ရည်ရှည်ချက်တည်းဟူသော အလုပ်၏ အကျိုးစီးပွားကို ခံစားရခြင်းဆက် ပိုမို၍ စိတ်သာယာ ချမ်းမြေ့ခြင်းကို ဖြစ်စေနိုင်သည်။

အာဝရစ်စတိုတယ်
ဂရိပညာရှင်

သမထ ဦးအောင်မြတ်

# အဖြူတစက်အမဲတရာ

## [ တစ် ]

ညနေဆည်းဈာသည် အလွန်လှပလျက်ရှိနေ၏။ ထိုအလှကို အကျည်းတန်အလှဟူ၍၎င်း၊ နေတောက်ချိန်ဟူ၍၎င်း၊ ခေါ်စမှတ်ပြုခဲ့ကြသည်။ ထိုအလှသည် ကောင်းကင်ပြင်၏ အနောက်ဘက်ယွန်းယွန်းတွင် ထွန်းလင်းတောက်ပလျက်ရှိနေ၏။ထိုအလှမျိုးသည် တခါတရံမှ ပေါ်လာတတ်သည်။ တွေ့ရဘတ်သည်။ ရောင်ခြည်နုပြေပြေကလေးများ အလွန်တောက်ပသောအရောင်များ တနည်းဆိုရသော် ရတနာခုနစ်ပါး တောက်ပသော အရောင်ကဲ့သို့ ရှိ၏။ လူသားတို့အတွက် အရောင်အဆင်းကြောင့် ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်း၊ စိတ်ဝယ် ဖြစ်ပေါ်စေဘတ်သော ခံစားချက်မျိုး ရှိတတ်၏။ခံစားချက်ဟူကား မတူချေ။ထို့ကြောင့် မိမိတို့နှစ်သက်ဖွယ် အရောင်များကိုရွေးချယ်ပြီး စိတ်၏ကြည်နူးခြင်းကို ခံစားလိုသောသူများအတွက် ထိုအလှ၏တန်ဘိုးကို ဆုံးဖြတ်နိုင်မည် မဟုတ်ပေ။

ထိုအလှကို ကြည်နူးနှစ်သက်၍ လွတ်လွတ် သပ်လပ်ထိုင်ပြီး ကြည့်နေသူ၊ လမ်းလျှောက်ငေးမောရင်း ကြည်နူးသူများလည်း

ရှိ၏။ ၎င်းအလုကိုမခံစားဘဲ ကျော်ခိုင်းရှောက်သူများလည်း ရှိလေသည်။

ဖရော်ဇာလမ်းကျယ်ပေါ်တွင် ဥဇဟို ရှေ့နောက် ဝဲယာသို့ မောင်းနှင်လာကြသော မော်တော်ကားကြီး ကားငယ်များသည် ဆူညံစွာရှိလေသည်။ လမ်းမကြီး၏ တဘက်တချက်ရှိ ပလက်ဖောင်းပေါ်၌ ရုံးဆင်းချိန်ဖြစ်၍ လမ်းသွားလမ်းလာများမှာလည်း ပိုမိုစည်ကားလျက်ရှိလေသည်။ တနေကုန် တကုပ်ကုပ်နှင့် အလုပ်တာဝန်ထမ်းဆောင်ခဲ့ကြရသဖြင့် အိမ်သို့၎င်း၊ လိုရာခရီးသို့သွားရန် သော်၎င်း၊ လွတ်လွတ်လပ်လပ် သွားရသောကြောင့် သူတို့၏မျက်နှာများသည် လန်းဆန်းလျက် ရှိနေတတ်အည်။

ဆူးလေဘုရား လမ်းဘက်မှ ပန်းဆိုးတန်း ဘက်သို့ဦးတည်လျှောက်နေကြသော လူရွယ်(၄)ယောက်သည် နှစ်ယောက်တတွဲကြ ပူးတွဲ၍ လူအုပ်ကြားမှ ကျော်ဖြတ် ရှောင်တိမ်းကာလျှောက်နေကြသည်။ တခါတရံ ကားများ ရှောင်တိမ်းရသောအခါ တဦးနှင့်တဦး ကင်းကွာတတ်သည်။ နောက်မှခနရှေ့သို့ ရေးကြီးလိတ်ပျာသွားနေဘော သူ၏နောက်သို့ ထပ်ချပ်မခွာလိုက်ကြရပြန်သည်။(၄)ယောက်စလုံးပင်အသက်(၃၀)ကျော်မှအငယ်ဆုံးအသက်(၂၀)ရှိလူငယ်လူလတ်များ ဖြစ်ကြပြီးသွားလာမှုမှာ ဖြတ်လတ်လျင်မြန်ကြလေသည်။ သူတို့ ဝတ်စားဆင်ယင်မှုမှာ လူငယ်များဖြစ်ကြသောကြောင့်အဝတ်အစားများနှင့် အသွင်အပြင်ကို ထောက်ရှုခြင်းအားဖြင့် ခေတ်ပညာတတ်ဖြစ်သည်မှာ ယုံမှားနိုင်ဘွယ်ရာ မရှိပေ။သူတို့သည် အပြေးသမားကဲ့သို့ ပန်းတိုင်မရောက်မချင်း ပြေးရသူများပင် ဖြစ်ခေလသည်၊ တယောက်သောသူက လွယ်အိတ်ကို လွယ်ပြီး အခြားသူများက လွယ်အိတ်ကိုမလွယ်ဘဲ၊စာအုပ်တအုပ်စ၊နှစ်အုပ်စ ကိုင်ထားတတ်

၏။ စာအုပ်မပါ၊ လွယ်အိတ်မပါသူအဘိုမှာမူလက်နှစ်ဘက်စလုံး လှုပ်ရမ်းကာ ရှောက်နေပြန်သည်။ သူတို့သည် တယောက်နှင့် တယောက် လုံးဝစကားမပြောဘဲ နိုးနိုးကပ်ကပ် လျှောက်လာကြရာ၊ ခပ်ဝေးဝေးမှကြည့်လျှင် တယောက်နှင့်တယောက် ရင်းရင်းနှီးနှီး စကားလက်ဆုံ ကြလာကြသကဲ့သို့ ထင်ရသော်လည်း အနီးသို့ကပ်ကြည့်ခဲ့ပါမူ၊ တဦးနှင့်တဦး လိုရာခရီးသို့ အားယူ လျှောက်လှမ်းနေကြသည်ကို တွေ့ရလေသည်။

ထူးဆန်းသည်မှာ သူတို့အုပ်စုထဲတွင် အသက်အရွယ်ကြီးသူ၏နောက်သို့ အသက်အရွယ်ငယ်သူများက ထပ်ချပ်မကွာ လိုက်မြဲ လိုက်လျက်ရှိ၏။ တခါတရံ နောက်မှလိုက်နေသူကိုလှမ်း၍ မေးလိုက်သောစကားသံများ ပေါ်လာတတ်သည်။

'မရောက်သေးဘူးလားဗျာ....ရှေကနေ သုတ်ချည်တင်မနေနဲ့ အုံး၊ ကျနော်မောလှပြီ....'

စိတ်မရှည်သလို ပြောလိုက်သံကြောင့်၊ အသက်အရွယ်ကြီးသူက ပြန်လည်ဖြေကြားလိုက်ပြန်သည်။

' လမ်းဆုံးတော့ ရွာတွေ့မှာပေါ့ကွာ....'

သူတို့( ၄ )ဦးစလုံး ဆုံမိသောအခါတွင် အပြုံးယောင်သန်းပြီး လူရှုပ်နေသောနေရာသို့ ရောက်သောအခါတွင် လူစုခွဲလိုက်ရပြန်သည်။ လျှောက်လာခဲ့ရသောအချိန် အနည်းငယ်ကုန်ပြီးမှ လူရွယ်တဦးသည် အလျားရှစ်ပေ၊ အနံနှစ်ပေရှိ သံပြားကြီးတခုကို သေသပ်စွာ (မွန်းလိုက်ဘား) ဟုရေးထားသောဆိုင်းဘုတ်ရှေ့တွင် ဝံ့ကြွားစွာရပ်လိုက်ပြီး နောက် အတူလာကြသော လူငယ် ( ၄ )ယောက်တို့သည် ဆိုင်ထဲသို့မဝင်မီ အပြင်ဘက်၌ ရပ်၍ လူစုလိုက်ကြတော့သည်။

ဆိုင်ထဲသို့ သူတို့ရောက်လင့်၊ သောက်စားမူးယစ်နေကြသူတွေက များလှပေသည်။ လစ်လပ်နေသော စားပွဲခုံကိုရှာရန်အတွက် သူတို့၏ မျက်လုံးအစုံက ဆိုင်ခန်းထဲရှိနေရာအနှံ့ကို ဝေ့ရမ်းကြည့်လိုက်သည်။

ဆိုင်၏ထောင့်ကြသောတနေရာတွင် လစ်လပ်နေသောစားပွဲခုံတခုကို တွေ့လိုက်ရပြီး ထိုနေရာသို့ တူရူ၍ သွားကြပါတော့သည်။ သူတို့သည် စားပွဲဘေးရှိ ကုလားထိုင်များတွင် ဝင်ထိုင်ချပြီးနောက်၊ တဦးနှင့်တဦး စကားချက်ချင်းမပြောနိုင်ပေ၊ တဦးမျက်နှာတဦးကြည့်ရင်း အမောဖြေနေကြပါသည်။

စားပွဲထိပ်၌ ထိုင်နေသူမှာ ကိုအောင်သိန်းဖြစ်၍ ( ၄၀ ) ကျော် ဝတ်ဝန်းကျင်ရှိပြီး အရပ်မြင့်မြင့် အသားလတ်လတ်ဖြစ်၏။ ကျယ်ပြန့်သောနဖူးနှင့် တောက်ပစူးရှသော မျက်လုံးများရှိ ကျန် လူ ၃-ယောက်တို့အား အကဲခပ်နေသည့် မျက်လုံးများနှင့် သူ၌ပါလာသော စီးကရက်ဗူးကို အင်္ကျီအိတ်ထဲမှထုတ်ယူ၍ တလိပ်ကို သူ့အတွက်သောက်ရန် မီးညှိလိုက်၏။ လက်ထဲတွင် ကျန်ရှိနေသော ဆေးလိပ်ဗူးကိုစားပွဲပေါ်သို့ ပစ်တင်လိုက်ပါသည်။

၎င်း၏ လက်ျာဘက်တွင် ထိုင်နေသူမှာ အသားညိုညို တုတ်တုတ်ကိုတင်လှိုင်ဆိုသူ ဖြစ်သည်။ တစုံတရာကို မှာယူစားသောက်ဟန်ဖြင့်ဆိုင်ထဲရှိစားပွဲထိုးကုလားကို ရှာနေသည်။ တတိယလူမှာ ကိုခင်မောင် ဆိုသူဖြစ်၍ ကော်လာအဖြူကို ထောင်ထား ပြီး တိုက်ပုံ အနက်ရောင်ကို ဝတ်ဆင် ထား၏။ သူ့ လက် ထဲ တွင်

စောဦးကစားပွဲပေါ်တွင် ပစ်တင်ထားသော ဘူးထဲမှ စီးကရက်တလိပ်ကိုအငမ်းမရ ထုတ်ယူပြီး ရှူရှိုက်နေပါသည်။

ကိုအောင်သိန်းနှင့် မျက်နှာချင်းဆိုင်စားပွဲ၏ အခြားအစွန်းဘက်၌ထိုင်နေသူမှာ ကိုအေးလွင် ဆိုသူဖြစ်ပြီး အသက် (၂၀) ပတ်ဝန်းကျင်ရှိသေး၍ လူလေးယောက်အနက် အသက်အရွယ်အားဖြင့် အငယ်ဆုံးဟု ခန့်မှန်းရ၏။ ကိုအေးလွင်မှာ ကျစ်လစ်သောကိုယ်လုံးကိုယ်ထည်ရှိပြီး အသားအရေမှာ ဖြူစင်၍ ငယ်သေးအလှကဆောင်လျက်ရှိ၏။

ကိုအေးလွင်သည် ဤအသက်အရွယ်သို့ ရောက်လာလင့်ကစားသော ပျော်ပွဲစားရုံထဲသို့ တခါဘူးမျှမရောက်ဘူးခဲ့ချေ။ သူသည် ကျောင်းသားဘဝတွင် ကျောင်းနှင့်အိမ်ကိုသာအချိန်ကုန်ရပေါင်းများခဲ့လေသည်။ ဤပတ်ဝန်းကျင်တွင်လည်းကျင်လည်ကျက်စားတတ်ခြင်း အလျဉ်းမရှိခဲ့ပေ။ တခါတရံ ပျင်းပျင်းရှိပါက ရုပ်ရှင်ရုံတွင်သာ အချိန်ကုန်ခဲ့လေသည်။ ထို့ကြောင့် သူ့အတွက် မြင်တွေ့ရသော ရှုခင်းကိုငေးမော နေတတ်သည်။ အသစ်အဆန်း သဖွယ်လည်း ဖြစ်နေတော့သည်။

ပတ်ဝန်းကျင် တခုလုံးသည် ဆေးလိပ်ငွေ့များကို မီးရောင်အောက်တွင် အခွေ့တထောင်းထောင်း ထနေပါတော့သည်။ စကားပြောသော အသံများသည် ဘဝန်းလုံးပဲ့တင်ထပ်စေ၏၊ မိမိတို့ ကြိတ်မှိတ် ခံစားရသော အကြောင်း အချက် ပြဿနာပေါင်းစုံကိုဤနေရာတွင် ရင်ဖွင့် ချလိုက်သည်။

တခါတရံပြောဆိုလို့ အားမရသေးချေ၊ လက်ဖြင့် စားပွဲကို ရိုက်သည်။ ဒီတော့ ပန်းကန်ပြား ပန်းကန် လုံးများ အောက်သို့ ကျကွဲသံများလည်းပေါ် လာတတ်သည်၊ တဦးနှင့်တဦး ရယ်မောသံ၊ သီချင်း ဆိုသံများ ကလည်း ဆူညံစွာ ထွက်လာ ပြန်သည်။ စားပွဲထိုးသူ အား ခေါ်မရသောကြောင့် အော် ဆဲ သူကလည်း ရှိနေ၏။

အဖော်မပါ တကိုယ်တည်း သမားကမူ ကောင်တာ နားသို့ လာပြီးသောက်လိုသောအရက်ကိုမှာပြီး တချက်မော့ကာ အပြင်သို့ပြန်ထွက်သူလည်း ရှိတတ်သည်။ လူသူတော် ဟန်ဆောင်နေသူတွေလည်း တွေ့တတ်သည်။ ရပ်ကွက်တွင် လူကြီးလူကောင်း ဟု အမည်ခံသူတွေလည်း ဤဘားဆိုင်တွင် တွေ့ရ သော အခါတွင် ကိုအေးလွင်အဘို့အထူး အံ့သြနေရပြန်သည်။

ကိုအေးလွင်အဘို့ ကြည့်ရသောမြင်ကွင်းမှာ အနိဋ္ဌာရုံသဖွယ် ဖြစ်နေသောကြောင့်မျက်လွှာကို အောက်သို့ တဖန် ပြန်ချလိုက်ပါတော့သည်။ ကြည့်လေ ကြည့်ထ၊ မြင်လေ မြင်ထ မရှိသောကြောင့်သူ့အဖို့အတော်ပင် ထူးထူးဆန်းဆန်း ဖြစ်နေပြန်သည်။ တဝိုင်းထဲတွင် သောက်နေပြီး ထပြန်မည် အလုပ်တွင် မပြန်နိုင်ဘဲ ယိမ်းယိုင်နေသောသူအား ဝိုင်းဝန်းကူဖေး မချီယူ သွားသည်ကို မြင်ရသော အခါတွင် အဘော်ပင် အရက် သမား အချင်းချင်း ချစ်ခင်ကြပါလား ဟူသော အတွေးသစ် အမြင်သစ်က ဝင်လာပြန်သည်။စကားပြောနေကြရာမှ တဖန် တဦးနှင့်တဦး လက်သီး လက်မောင်းတန်းပြီးရန် သူများကဲ့သို့ ကြိမ်းဝါး ရန်မူကြသော ဖြစ်ရပ်က ကိုအေးလွင်အဘို့ ထိတ်လန့် သွားရပြန် တော့သည်။

ကိုအေးလွင်မှာ ရုပ်ရှင်ကား တခု ကြည့်ရ သကဲ့သို့ အချိန်ပိုင်း အတွင်းအသွင်သဏ္ဍာန် အမျိုးမျိုး ပြရုပ်အမျိုးမျိုးကို တွေ့နေ ပါတော့သည်။

'ဟော့ အေးလွင်ဒါတွေကြည့်မနေပါနဲ့ကွာ၊ မင်းက အစမို့ ဒီကိစ္စကို မင်းခေါင်းထဲ ထည့်နေတာ၊ နောက်ဆို တဖြေးဖြေးနဲ့ ယဉ်ပါးလာမှာပါ'

ကိုအောင်သိန်း၏သတိပေးလိုက်သော အသံကြောင့် တဘက် သို့ငေးမောကြည့်ရှုနေသော ကိုအေးလွင်အတွက် မိမိ ဝိုင်းဘက် သို့ မျက်လုံးအစုံကကျရောက်လာပါတော့သည်။

'ဟော့....ကိုယ်ကြိုက်တာ ကိုယ်မှာ တော်တော်ကြာ အမြဲ ကြိုက်တတ်တဲ့ကိုခင်မောင် ကတော့ အမြဲကောင်းကောင်း မှာပြ ပါလိမ့်မယ်'

ကိုလှိုင်တင်၏နောက်ဆုံး စကားလုံးများသည် ကိုခင်မောင်ကို ငေါ့တော့တော့လုပ်လိုက်သည့် အတွက်....

'ဒါပေါ့ကိုလှိုင်တင် ခင်ဗျားက ကြက်တွင်းဆိုတော့ အရက် ဘယ်လောက် သောက်သောက် မမူးတဲ့လူ၊ ကျနော်က အရက် ၂ပက်လောက်ဆိုရင်ဘဲ မူးနေပြီဗျာ့'

တဦးနှင့်တဦး စစ်ထိုးလိုက်သော စကားသံ များက သူတို့ ဝိုင်းတွင်ရယ်စရာဖြစ်လာပါတော့သည်။

ကိုအောင်သိန်းသည် စားပွဲထိုးအား လှမ်း ခေါ် လိုက် ပြီး အနားသို့ရောက်သော အခါတွင် သောက်စရာ စားစရာကို မှာယူ နေပါသည်။ စားစရာများမရောက်မီအရက်နှင့် ဆော်ဒါရေခဲက အရင်ရောက်လာသည်။ အရက်ကို သောက်လေ့သောက်ထ တခါ ဘူးမှမသောက်ဘူးသော အူရိုင်းကလေး ကိုအေးလွင် အတွက် ဘီယာတပုလင်းကို မှာရပြန်သည်။

'အေးလွင်....မင်းက လူငယ်လူရွယ်လဲ ဖြစ်ပြန် အ ရက် လဲ မသောက် တတ်တော့ ဘီယာနဲ့စပြီး ဖွင့်ရမှာ၊ ဒါမှ တဖြေးဖြေး ဘီယာယဥ်ပါးလာပြီးအရက် အဆင့်ကိုတက်ဘို့ အရေးကြီးတယ်၊ နောက်မို့ဆို တ ခါ တည်း အရက် ကို လှမ်း လိုက် မယ် ဆိုရင် ဒေါင်းသွားမယ်'

ကိုအေးလွင် အဖို့ မသောက် ခင် က မူးနေ သည်။ အရက် မသောက်ဘူးသူအဖို့ အရက်သောက် မှ မူးသည်။ မ ဟုတ် ပေ။ အရက်နံ့ရသောအခါတွင်မူးတတ်သည်၊ ဒါကြောင့် ကိုအေးလွင် သည်ဘီယာလည်းမသောက်၊ အရက်လည်းမသောက်လို၊ အစား စားရယင်တော်ပြီဟု စိတ်ဆုံးဖြတ်လိုက်ပါသည်၊

'ကျနော့အတွက် မမှာ နေပါနဲ့ဗျာ၊ ကျနော် မသောက် ချင် ပါဘူး တော်တော်ကြာ မူးနပါအုံးမယ် '

'ဒီမှာ သူငယ်ချင်း၊ နိုင်ငံခြား အရက်ကို သောက်ရ တာက တော်ရုံကန်ရုံ သောက်ရတာ မဟုတ်ဘူး၊ တောင်ငူဘုရင် တပင် ရွှေထီးကို ကျေးဇူးတင်ရမှာ၊ တပင်ရွှေထီး ပေါ်တူ ကီ တွေနဲ့ မပေါင်းဘဲနေလိုက်ရင် နိုင်ငံခြားအရက်ဆိုတာ ဝေလာဝေးပေါ့၊ တို့နိုင်ငံမှ ထွက်တဲ့ အရက်၊ တောအရက် ထန်းရေနဲ့ ပဲကြီးလှော် လောက်ဘဲသောက်ရမှာ အေးလွင်....'

ကိုလှိုင်တင်က အရက်ရာဇဝင်ကို ခင်းပြနေပါတော့သည်။ ကိုအေးလွင်မှလွဲပြီး ကျန်သုံးဦးသည် ခွက်ကိုင်ပြီး သောက်လိုက် ဘေးလိုက်ဖြင့် ရှိနေကြပါသည်။ စားစရာများမှာလည်း စားပွဲ ပေါ်တွင် ငါးပွဲ ခြောက်ပွဲမျှရှိနေသည်။ ကြက်သားလုံးကြော် တောက်တောက်ကြော်၊ ( ၁၂ ) မျိုးဟင်းချို၊ အစိမ်းကြော်၊ စသည့် ဟင်းကောင်းဟင်းလျာတို့က ပြည့်ပြည့်စုံစုံရှိသည်။

ထိုအစားအစာများကို မြင်လိုက်ရသောအခါ ကိုအေးလွင် အဖို့အငမ်းမရဖြစ်သွားပြန်သည်၊ ကိုအေးလွင်တွေ့နေကြဟင်းလျာ များမှာ ဤကဲ့သို့မဟုတ်ပေ၊ မြန်မာအစားအစာကိုသာ နေ့စဉ် စားသောက်နေသူတဦးဖြစ်ခြင်းကြောင့် ယခုကဲ့သို့တရုတ်အစား အစာများကို တွေ့မြင်ရသောအခါတွင် စားချင်လိုသောစိတ် ဓါတ်များက တဖွားဖွားပေါ်လာပါတော့သည်။

စားပွဲထိုးလာချပေးသော ဘီယာတပုလင်းကို ဖွင့်ကြည့်ရန် ကြိုးစားလိုက်ပါသည်။ ဖွင့်ဖြစ်အောင်လည်း ဖွင့်လိုက်ပါတော့ သည်။ ကိုအေးလွင်သည် တခါဘူးမျှ ဘီယာပုလင်းကို မဖွင့် တတ်သောကြောင့် ပုလင်းအဖုံးကို တအားဖွင့်လိုက်သဖြင့်အမြှုပ် များသည် သူ၏တကိုယ်လုံးကို စွတ်စိုကုန်လေ၏။

'အေးလွင်... ဒါအစရှိသေးတာ၊ နောက်ဆို ကျင့်သားရသွား မှာပါ၊ ကိစ္စမရှိပါဘူး'

ကိုအောင်သိန်းက ရမ် ၂-ပက်ကုန်ခါနီးတွင် ကိုအေးလွင် အား လှမ်းပြောလိုက်ပါသည်။ပုလင်းတွင်ကျန်ရှိနေသော ဘီယာ များကို ဖန်ခွက်သို့ တည့်လိုက်ပြန်သည်။ ပုလင်းကို ခေါင်းစိုက် မထည့်၊ ဘီယာများအမြှုပ်အစီစီထပြီး အပြင်ဘက်သို့ လျှံကျ ကုန်သည်။

'အေးလွင်....မင်းအဖို့၊ တို့လက်ဦးဆရာဖြစ်နေပြီ၊ ဘီယာကို ဖန်ခွက်ထဲ ထည့်တော့မယ်ဆိုရင် ပုလင်းခေါင်းကို ရှုတ်တရက် အထဲ စိုက်ချလိုက်ရမယ်၊ ဒါမှ အမြှုပ်တွေ အပေါ်မတက်ဘဲ ငြိမ်သွားမှာကွ....'

ဒီနေ့ကိုအေးလွင်တို့ အရက်စသောက်သောနေ့၊ အနက်ဆိုး ထဲသို့ စတင်ခြေချသောနေ့ဟု သတ်မှတ်ရပေလိမ့်မည်၊ သူတို့

( ၄ )ဦးသည် တရုံးထဲတွင် အမှုထမ်းဆောင်နေပြီး ဌာနစိတ်တခုဘွင် လုပ်ဖော်ကိုင်ဘက်များ ဖြစ်ကြပါသည်။ လုပ်သက်အနည်းဆုံးနှင့် အမှုထမ်းအသက်အငယ်ဆုံးဟူ၍ ပြရမည့်သူသည် ကိုအေးလွင်တယောက်ဘင် ဖြစ်ပါသည်။

ထို့ကြောင့် ကျန်လူအားလုံးက ကိုအေးလွင်၏ အပြုအမူများကို ခွင့်လွှတ်နိုင်ကြပေသည်၊ သောက်သေ့သောက်ခ မရှိသော ကိုအေးလွင်အဘို့ ဘီယာတကြိုက်နှစ်ကြိုက်လောက်ဝမ်းထဲ ရောက်သွားသည့်အခါန်ဘွင် အနည်းငယ် ရီတီတီ မူးတူးတူးဖြစ်လာသည်။

အလုပ်ရုံ အတွင်းသင်သကဲ့တို့ ကျန်သူများ၏ ပြုမူလုပ်ဆောင်ပုံကိုကြည့်ပြီး အရက်သောက်လိုက်၊ အမြီးစားလိုက် ပြုမူနေကြသော ကျန်လူ ( ၃ )ဦး ပုံကိုကြည့်ရသောကိုအေးလွင်တယောက်မှာ သူတို့ လုပ်ဆောင်သကဲ့သို့ အနည်းငယ် သောက်လိုက်စားလိုက်လုပ်ချင်သော အလေ့အကျင့်မျိုးကို ဒီနေ့၊ ဒီအချိန်ကစပြီး ပြုလုပ်တတ်လာပါသည်။

သူတို့အားလုံး အချိန်တော့မှန်ခဲ့ပြီ၊ ဒါကြောင့် ကျသင့်ငွေကို ရှင်းလင်းပြီး အပြင်သို့ထွက်လာခဲ့ကြသည်။ တဦးနှင့်တဦး ပြန်ကျရမည့်ခရီးက မတူချေ။ လာတုန်းကလိုတော့ မဟုတ်ပေ။ အပြန်တော့ တဦးနှင့်တဦး လမ်းခွဲကြရပြန်သည်။

'ဟေ့....အေးလွင်၊ မင်း လမ်းလျှောက်နိုင်ရဲ့လား....'

ကိုအောင်သိန်းကမေးလိုက်သောအသံက သွက်လက်ခြင်းမရှိအာသေး လျှာလေးအနေဖြင့် ရှိနေပါသည်၊ သူ၏ ကိုယ်ခန္ဓာ

ကြီးမှာ ရိမ်းယိုင်လျက်ရှိ၏။ သို့သော် သူသည် သတိကောင်းကောင်းထားတတ်သူ ဖြစ်သည်။ အရက်က သူ့အား လွှမ်းမိုးမသွားနိုင်ရန် အထူးဂရုပြုတတ်ပေပြီ။ စိတ်အားကို တင်းထားခြင်းကြောင့် မည်မျှမူးမူး အိမ်အထိရောက်အောင်တော့ ပြန်တတ်သည်။ လမ်းတွင် အန္တရာယ်ဖြစ်မည့် ကိစ္စအဝဝကို ရှောင်တတ်သည်။

ကိုခင်မောင်ကလည်း သိပ်တော့မမူးချေ။ ဒါပေမင့်အရက်ကို အနည်းငယ်သာ သောက်နိုင်သည်။ အစားကို များများစားလေ့ရှိခြင်းကြောင့် သောက်ဖော်သောရက်ဘက်များက သူ့အားဘေးဖယ်ထားတတ်ကြသည်။ အရက်သောက်ရန်လာသော်လည်း ယခုလို အစားကြူးတတ်သူနဲ့ တွေ့လိုက်ရသောအခါတွင် အရက်သမားအဖို့ အခက်တွေ့တတ်ပေသည်။ အကြောင်းမူ အရက်သောက်သူသည် အရက်ကို များများသောက်ပြီး တခါဘရံ အမြည်းကလေး စားလိုသောအခါတွင် အမြည်းကုန်နေပါက အလွန်စိတ်ထိခိုက်ကြောင်း တွေ့ရတတ်သည်။

ထို့ကြောင့် ကိုခင်မောင်အား အာမခံဖြင့် ခေါ်လာခဲ့ရပါသည်။ အရက်ကိုများများသောက်ပါမည်။ အမြည်းကိုနည်းနည်းစားမည့်အကြောင်း ဝန်ခံကတိ ရှိလေလည်း။ ကိုခင်မောင်အဘို့ ဗီနေ့ အလွန်အကြူးမမူးသော်လည်း အနည်းငယ် မူးနေသည်မှာ ထင်ရှားလှပါသည်။

သူသည် မူးလှပါသည်ဆိုသောဝေဒနာမျိုးကိုဘော့ သူခံစားရတတ်သည်။ သူ၏တကိုယ်လုံးမှာ ပူနွေးနွေးဖြင့် နထင်ကြောတွေမှာလည်းတင်းမာပြီး တခေါင်းလုံးမှာ ထိုင်းထိုင်း မှိုင်းမှိုင်း မခဖော်ပြနိုင်သော ဝေဒနာမျိုး ခံစားနေရတော့သည်။

ကိုလှိုင်တင်အား ကြည့်ပါစို့၊ ကိုလှိုင်တင်သည်အခြားသူများ နှင့်မတူချေ။ မူးရင်သွေးဆိုးတတ်သည်။ ရန်သူကိုရှာတတ်သည်။ စကားများများ ပြောတတ်သည်။ အိန္ဒြေသိက္ခာမရှိ၊ အရက် သမားတဦးဟု ပတ်ဝန်းကျင်က ခွင့်လွှတ်ခြင်းကို အနိုင်ယူပြီး အချို့သူများကို ရန်ပြုတတ်သည်၊ သူပြောသော စကားများ မှန်သည်မှားသည်ဟူ၍ သူမသိ၊ မိမိပြောလိုရာကို ပြောရရင်ပြီး ရောဆိုသော လူစားမျိုးပင် ဖြစ်ပါသည်။

သူတို့ ( ၄ ) ဦးတွင် ကိုအေးလွင်မှာ အရက်သေစာကိုတခါ ဘူးမျှ မသောက်တတ်သော အရက်သမားများ၏ ဝေါဟာရ နှင့် ပြောရမည် ဆိုပါက အူရိုင်း ကလေးပင် ဖြစ်ပါသည်။ ထို့ကြောင့် ဝါရင့်အမူးသမားများ၏ သြဝါဒကို လိုက်နာနေ ရတော့သည်။

'ဟုတ်ကဲ့... ကျနော် သိပ်မမူးပါဘူး၊ ကျနော် တယောက် တည်း ပြန်နိုင်ပါတယ်....'

ကိုအေးလွင်သည် သွားလာလှုပ်ရှားနိုင်ကြောင်းကို ပြန်ပြော လိုက်ပါသည်။ သို့သော် မမူးပါဘူးဆိုသော်လည်း တမျိုး တဖုံ တော့မသောက်ခင်ကမူသူ၏ဦးနှောက်သည် ရိုးဝ ထိုင်းမှိုင်းခြင်း မရှိခဲ့ပေ၊ ခုတော့ အနည်းငယ် ရီတီမူးတူးနေ၏။

ပြင်ပတွင် အမှောင်ထုက ရစ်သိုင်းထားတော့သည်။ သူတို့ ၄ဦးသည်လိုရာခရီး ဆက်လက် ချီတက်ကြလေသည်၊ တဦးနှင့် တဦး ထွက်ခွာကြသည် မှာ မတူချေ။ တယောက်သော သူက ဘတ်စ်ကားဖြင့် ပြန် သော် လည်း နောက် တ ယောက် မူကား လမ်းလျှောက်၍ ပြန်၏။ ထို့အတူ ကို အေး လွင် တယောက် မှာတော့ ဆိုက်ကားတစီးပေါ်တွင် လေပြေ သုတ်ဖြူး ခြင်း ကို ခံစားပြီး လူနေရပ်ရ ပြန်လာခဲ့ပါသည်။

ကိုအေးလွင်သည် မိမိ၏အိမ် တည်ရှိရာ လမ်းထဲသို့ ရောက်လာသောအခါတွင်အချို့အိမ်များပင် မီးများမှိတ်ထားသည်ကို တွေ့ရလိုက်သည်။အချို့အိမ်များသည် မီးရောင်များ ထိန်လင်းသျက်ပင်ရှိချေ၏။

ကိုအေးလွင် ထိုင်လေ့ ထိုင်စ ရှိဘူးသော လမ်းထိပ် အုတ်ခုံမှာလည်းသူ၏ရောင်းရင်းများပင်မရှိတော့ချေ၊ ကိုအေးလွင်သည် လက်တွင် ပတ်ထားသော နာရီကို လှမ်းကြည့် မိသည်။ အချိန်ကား ၁၁နာရီ နီးပါးခန့်ရှိနေပါသည်။

သူသည် အိမ်ရှေ့တွင် ဆိုက်ကားကို မရပ် ခိုင်းဘဲ အိမ်၏နှစ်အိမ်ကျော်မှဆိုက်ကားကိုရပ်ခိုင်းလိုက်သည်။ သူတို့နေအိမ်မှာ တိတ်ဆိတ်ငြိမ်သက်လျက် အိမ်သားများ အိပ်နေကြပြီဟု ထင်မိသော ကိုအေးလွင်အတွက် အထင်နှင့် အမြင်မှာ လုံးဝ မှား ယွင်းသွားတော့သည်။ အိမ်ပြန်နောက်ကျလေ့မရှိသော ကိုအေးလွင်အတွက်ပူပန်နေကြသော အိမ်ရှိ ညီအကိုမောင်နှမများနှင့် မိခင်တို့ကိုရုတ်ချည်းမြင်လိုက်ပြီး အိမ်ပေါ် တက်လာသော ကိုအေးလွင်အားအံ့သြစွာကြည့်နေကြပါသည်။

တယောက်နှင့်တယောက်စကားမပြောကြဘဲ သူ၏ အပြုအမူကိုအကဲခတ်သလိုလိုအသွင်ကြောင့် သူ့အတွက် အထူးစိုးရိမ် ပူပင်သွားတော့သည်။ ငါအရက်သောက်လာတာ သူတို့ရိပ်မိ သွားပြီ ထင်သည် ဟူသော အသိစိတ်က သူ၏ တကိုယ်လုံးကို လွှမ်းခြုံလိုက်သဖြင့် တွန့်ဆုတ် တွန့်ဆုတ် ဖြစ်နေ သည်။ ဤအချိန်တွင် မိခင်ဖြစ်သူက စ၍ ပြောလာပါတော့သည်

'သား....ဒီနေ့ နောက်ကျလှချည်လား၊ အလုပ်တွေ သိပ်များနေလို့လား' ၁၄၂၀၂

ယင်းကဲ့သို့မေးခွန်းကြောင့် ကိုအေးလွင်အဘို့ အခွင့် အရေး တရပ် ဖြစ်သွားပါတော့သည်။

'ဟုတ်ကဲ့မေမေ ကျနော် အလုပ် ဝင်တာ သိပ် မကြာသေး တော့ အလုပ်ကြိုးစားပြရတာပေါ့၊ ဒါကြောင့် အချိန်ပိုအလုပ် ဆင်းပေးရပါတယ်'

ကိုအေးလွင်သည် စကားများများ မပြောဘဲ အိပ်ယာရှိရာ ဆီသို့သူ၏ ခြေလှမ်းများ ဦးတည်သွားလိုက် ပါတော့သည်။

နံနက်ခင်း၏ နှင်းရိပ်နှင်း ငွေ့များ သည် ပင် မကုန်သေး၊ သာသာညှင်းညှင်း တိုက်ခိုက်နေသော လေကလည်း နှင်းမှုန်မှုန် များလူးလျက်စိမ့်စိမ့် ကလေး အေးနေသေးသည်။ သို့ပါလျက် ကိုအေးလွင် တဦးအဖို့ မနေ့ညက သောက်ထား သော ဘီယာ အရှိန်ကြောင့် မူးနောက်နောက် တော့ ရှိနေ သေး ပါ သည်။ အိမ်တွင်ကြာရှည်စွာ မနေတော့ဘဲ ရုံးသို့ အပြေးကလေး တက် ရောက်ခဲ့ ပါသည်။ ရုံးသို့ ရောက်လျှင် ကိုအေးလွင်၏ မျက်လုံး အစုံကသူ၏ အဖော်အပေါင်းများရှိ မရှိ အရင်ဆုံး လှမ်းကြည့် မိသည်။

ကိုအေးလွင်သည်အမှုထမ်း အားလုံးအနက် ကိုအောင်သိန်း၊ ကိုလှိုင်တင်၊ ကိုခင်မောင်တို့ အား အခင်မင်ဆုံးများပင် ဖြစ်ပါ လည်း။ မှန်ပါသည်၊ သူတို့အားလုံး ဌာနစိတ် တခုတွင် အတူလုပ် ကိုင်ရခြင်း ဖြစ်ကြသည်။

ကိုအေးလွင်သည်သူတို့ ၄ဦးအနက် ကိုလှိုင်တင် တယောက် ရုံးတက်ချိန်ကျော်လွန်သည် အထိ မရောက်လာသေးပေ၊ နေ့လယ် အချိန်မှ ကိုလှိုင်တင်တယောက်ခေါင်းတွင်ပတ်တီးစည်းပြီး လက် နှင့်ဘာထောင်ဆစ်များတွင် ဒဏ်ရာ များကို တွေ့ လိုက် ရသော ကိုအေးလွင်တယောက်မှာ ထိပ်ထိပ် ပျာပျာ ဖြစ်သွားသည်။

ကိုလှိုင်တင်၏ အကြောင်းကို သေချာ မသိရသော သူ့ အဖို့ အတွေ့အကြုံသည် ထူးဆန်း ဘွယ် ဖြစ်နေ မိသည်မှာ သေချာ ပါသည်။ တွေ့ဘူးကြုံဘူးသော ကိုအောင်သိန်း နှင့် ကိုခင်မောင် တို့ကတော့အနည်းငယ်မှ မတုန်လှုပ်ဘဲ ကိုလှိုင်တင် ရုံးခန်း ထဲသို့ ဝင်လာသည်ကိုကြည့်နေသည်မှလွဲပြီး ထူးထူးထွေထွေ ခံစားချက် မရှိကြပေ။

'ဟေ့ လှိုင်တင် မင်းကတော့အမြဲလေး နည်းနည်းဝင်ရင် အကြောင်းထူးကတော့ဖြစ်လာခဲ့တာဘဲ၊ ဘယ်တော့မှ အေးအေး ဆေးဆေးရယ်လို့ တော့မရှိဘူး အန္တရာယ်ရှာနေတဲ့ အကောင်ဘဲ'

'မင်းဟာကလဲ လူတောင် မတွေ့ သေးဘူး အပြစ် တင်ဘို့ဘဲ စဉ်းစားနေကြတာဘဲ၊ ဖြစ်ရပ်ကို သေချာ သိပြီးမှ ပြောကြရင် ကောင်းလိမ့်မယ်ကွာ'

ကိုလှိုင်တင်က မျက်နှာတခုလုံးတွင် ဒေါသရောင် သန်းလာ ပါတော့သည်။ ကိုအောင်သိန်း ကပင် ပြန် လည် ချော့ မော့ လိုက်သောကြောင့်သူကမတည်ငြိမ်သောစိတ်တို့သည် ငြိမ်းအေး စ ပြုလာပါသည်။

'ဒီလိုကွ...မနေ့ညက မင်းတို့နဲ့ လမ်းခွဲပြီး ဘတ်စ်ကား စီးခဲ့ တယ်မဟုတ်လား၊ တာမွေ အလွန် ရောက်တော့ ရှေ့ကား ကို ကျော်လိုက်တာ ဘယ်ပြောကောင်းမလဲ...အရှိန် မသတ် နိုင်ဘဲ ဓာတ်မီးတိုင်နဲ့ဝင်တိုက်ပြီး ဘေးတိမ်း မှောက် သွားတယ်ဟေ့ ငါသဲ ကုသိုလ်ကံ ကောင်းတယ်လို့ ဆိုရမှာ ပေါ့၊ ဆေးရုံရောက်တော့ အပြင်လူနာအဖြစ်သတ်မှတ်ပြီးဆေးထည့် လွှတ်လိုက်တာဘဲ'

ကိုလှိုင်တင် ၏ ဖြစ်ကြောင်း ကုန်စင် သိရသော အခါတွင် ဤသို့အဖြေပေးလိုက် ကြပါသည်။

‘အေးသူငယ်ချင်းက အရက် သောက်ပြီးရင် ဖြစ်လေ့ ဖြစ်ထ ရှိဘော့ဒို့ကရန်ပွဲများ စခဲ့သလား လို့ပါ’

ကိုအေးလွင် တ ယောက် အမှုသမ်း သက် ရင့် လာ ခဲ့သမျှ ကိုအောင်သိန်း၊ ကိုလှိုင်တင်၊ ကိုခင်မောင်တို့နှင့် လက်တွဲမဖြုတ် တမ်း သစ္စာပြုမိသလားဟု မပြော တတ်ပေ။ တပူး တတွဲ ခတော့ ရှိလျက်ပင်၊ ကိုအေးလွင်ယခင်က သောက်စားမှုယစ်သည့်နေရာ တွင်အတော်ပင် ဝါရင့်ခဲ့၏။ နိုင်ငံခြား အရက်မှနေ ချက်အရက် အထိကောင်းကောင်းကြီး သောက်နိုင် ခဲ့ပါတော့သည်။

ကိုအေးလွင်သည်ကျောင်းသားဘဝကမူ တနေ့လျှင် တကျပ်ပြည့်အောင်ပင် မသုံးစွဲရချေ။ အိမ်ကပေးလိုက်သော ကျောင်းမုန့်ဘိုးငါးမူးမျှကို လုံလုံလောက်လောက် စားသောက် ခဲ့ရလေသည်။ ခုတော့ အလုပ်အကိုင် လုပ်ကိုင်လာသော အခါတွင် တလပြည့်ပါက တရာကျော်လစာများပင် ရရှိခဲ့ ပြန်သည်။ ရရှိသောလစာထဲမှအိမ်အတွက် ထမင်းဘိုးဟု အသိအမှတ် ပြုလိုက်သောငွေငါးဆယ်ကျပ်ကိုပေးပြီး ကျန်ငွေကို မိမိအသုံးပြုလိုသော ကိစ္စကို လွယ်သင့်တကူနှင့် သုံးစွဲပစ် လိုက်ပါ၏။

ဤကဲ့သို့သုံးစွဲစ ပြုတတ်လာသော ကိုအေးလွင် တဦး အဘို့ ငွေကြေးမလုံမလောက် ဖြစ်လာသောအခါတွင် ရုံးတွင် ငွေတိုးချေးစားသော ဦးဘခက်ထံ ချဉ်းကပ်ပြီး တရာလျှင် တဆယ်တိုး ဖြင့်ငွေချေးငှားတတ်သော အလေ့အထ လည်း တတ် မြောက် လာပါသည်။ ကိုအေးလွင်သည် ဒီနေ့ ဦးဘခက်ထံမှငွေ ၅၀-ကို အတိုးနှုန်းဖြင့် ချေးငှား ယူခဲ့ပါသည်။ ထိုငွေကို အိတ်ထဲ တွင် ကြာရှည်စွာသိမ်းဆည်းထားသည်ကို လေးသဲယောင်ယောင်။

အိမ်တွင်ထမင်းစားချိန်မှလွဲပြီး ကြာရှည်စွာ နေလေ့ နေထ မရှိသော ကိုအေးလွင်တယောက်အဖို့ နေမထိထိုင်မသာ ဖြစ်နေ တော့သည်။ လမ်းတကာလမ်း ဝင်ထွက်သွားလာ နေသည်ကိုပင် သူ့အတွက် အသက်ရှူရ ချောင်သည်ဟု ထင်မိ သည်။ အိမ်တွင် နေရသည်ကိုပင်စိတ်ကျဉ်းကြပ်သည်။ လှောင်အိမ်တွင်း၌ အပိတ် ခံနေရသောငှက်ငယ်ပမာသူ့ကိုယ်ကို ထင်မိသောကြောင့် အပြင် သို့ထွက်ရန် လမ်းရှာနေတော့သည်။

သူသည်ပြင်ပသို့ မသွားမီ တခုတည်းသော ပြူတင်းပေါက် ဆီသို့လျှောက်လာပြီးနောက် ပြင်ပသို့ ငေးမော ကြည့်ရှု နေလိုက် ပါတော့သည်။

နွေဦး၏လေရူးက ဝှေ့ရမ်းလိုက်သောကြောင့် အိမ်ရှေ့ တွင် ထီးထီးကြီးပေါက်နေသော ကုက္ကိုပင်ကြီးရှိ ရော်ရွက်ဝါများ သည်လေထဲတွင် ဝဲပုံ့နေကြသည်။ တဘက်တွင် ရှိသော ဗန်ဒါ ပင်ကြီးမှာလည်းလေရူး၏ဝှေ့ရမ်းခံရမှုများခြင်းကြောင့် အရွက် များကင်းပြီး အရိုးပြိုင်းပြိုင်း ကျနေ သည်ကို တွေ့လိုက် ရသော အခါတွင်သူ၏စိတ်များက ဤသို့ထင်မှတ် လာပြန်သည်။

မတည်ငြိမ်သောစိတ်များသည် လေရူးနှင့် ပမာ တူကြောင်း သူကနှိုင်းယှဉ်ခဲ့သော်လည်းအမှန်စင်စစ် တည်ငြိမ်သောကျောက် ဆောင်ကျောက်သား ပမာကဲ့သို့ တည်ငြိမ် ရန်မူ သူ့ စိတ် က သူ မပြုပြင်နိုင်ချေ။လေရူးကဲ့သို့ ဝှေ့ရမ်းနေခြင်းကို နှစ်သက်ခနခြင်း ပင်ဖြစ်ပါတော့သည်။

သူသည်ပြူတင်းပေါက်နားမှ နေအိမ်ထဲသို့ ဝင်လာ ခဲ့ပါ သည်။ အဝတ်အစားများ လဲပြီးနောက် အိမ်ပြင် သို့ ထွက်ရန် ခြေလှမ်းမိသောအခါတွင် အိမ်ထဲရှေ့ဧည့်ခန်းတွင် ထိုင်နေသော

သူ၏အကိုကြီးက ပြောလိုက်သော စကားကြောင့် သူ့ ခြေလှမ်းများသည်တွန့်ဆုတ်ဆုတ်ဖြစ်သွားပါတော့သည်။

'မင်းကလဲရုံးအားရက်အိမ်မှာ ငြိမ်ငြိမ်ထိုင်နေပါအုံး၊ စာဖတ်တဲ့အလေ့အထပြုလုပ်ပါ၊ ရုံးတက်တဲ့ အချိန်ဆိုလဲ ည မိုးချုပ်မှ ပြန်လာတယ်၊ ရုံးပိတ်ရက် ဆိုလဲ အပြင်ဘက်မှာ အချိန်ကုန်တို့ စဉ်းစားနေတယ်၊လမ်းပေါ်မှာပျော်တတ်တဲ့ အလေ့ကို ဖျောက်ပြီးအိမ်မှာနေတတ်တဲ့အကျင့်ကို မွေးမြူပါကွာ၊ မင်းဟာ အပြင်ဘက်ရောက်ရင်လည်းအခြားသူတွေလိုမဟုတ်ဘူး အရက်ကလေးတမြမြနဲ့မူးနေတာဘဲ'

အကိုဖြစ်သူ၏ ဆူပူကြိမ်းမောင်းလိုက်သောကြောင့် ကိုအေးလွင်သည်အပြင်ဘက်သို့ ထွက်မည့် ခြေလှမ်းများသည် နောက်သို့ဆုတ်ခဲ့ရပါသည်။ သို့သော် သူ၏စိတ်အစဉ်ကမူ အပြင်ဘက်သို့သွားရန်သာ အားပြုနေပါသည်။

ကိုအေးလွင်တို့ အိမ်ထောင်စုတွင် မွေးချင်းပေါင်း ဖင် ၆ယောက်ရှိ၏။ ယောကျ်ား ၄-ယောက်နှင့် မိန်းကလေး နှစ်ယောက် ဖြစ်သည်၊ ကိုအေးလွင် အောက်တွင် မိန်းကလေး တယောက်သာရှိသည်။ သူ့နာမည်မှာ နှင်းလှ၊ ကိုအေးလွင် ညီမမှ လွဲ၍ကျန်အားလုံးသည် အလုပ်အကိုင်ကိုယ်စီ ရှိကြသည်။ သူတို့ အိမ်ထောင်ရေးတွင် စားဝတ်နေရေး ဖူဖူလုံလုံ တော့ ရှိကြသေးသည်။

ကိုအေးလွင်သည်ဖခင်ကြီးမရှိသည့် နောက်ပိုင်းတွင် ကျောင်းဆက်လက်မနေတော့၊မိခင်အိုကြီးအား လုပ်ကျွေးသမှု ပြုမည်ဟုအကြံဖြင့်ဆယ်တန်းအောင်ပြီးနောက် ယခု လုပ်နေသော ရုံးတွင်အောက်တန်းစာရေးဝင်ရောက် လုပ်ကိုင်ခဲ့ခြင်း ဖြစ်ပါသည်။

သို့သော် အလုပ်လုပ်ခါစကမူ သူရရှိသော ငွေကို မိခင်ကြီးအား အားလုံးပြန်အပ်လေ့ရှိ၏။ လမှ နှစ်သို့ ရောက်သောအခါတွင်သူ၏အမူအရာများပြောင်းလဲလာတော့သည်။ ပတ်ဝန်းကျင်၏အတွေးအခေါ်များက ရင့်ကျက်လာသည်ဟု ပြောရမည်လားမသိချေ။ တနေ့တခြား အသုံးအစွဲက ကြီးလာသည်၊ ယခင်က ဆေးလိပ်မသောက်၊ လဘက်ရည် မသောက် သော သူ သည် ယခုစီးကရက်ကိုလက်ကြားညှပ်တတ်လာသည်၊ လဘက်ရည် ဆိုင်တွင်ထိုင်လေ့ ထိုင်စပြုလာတတ်သည်။

ဟို အပေါင်းအသင်း ဒီအပေါင်း အသင်းဟု အကြောင်းပြသွားလာတတ်သည်။ သူတို့မိသားစုတွင် ငွေရေး ကြေးရေး ကဖူလုံကြောင်း သူသိနှင့် ချေ၏။ ဒါကြောင့် ယခင်က လခ ကိုလုံးလုံး လျားလျား အပ်သော ကိုအေးလွင် သည် ယခု တဝက်လျော့အပ် လာပါတော့သည်။

တံငါနားနီးတံငါ၊မုဆိုးနားနီး မုဆိုး ဆိုသကဲ့သို့ ကိုအေးလွင်၏အသိုင်းအဝိုင်းအပေါင်း အသင်းများသည် အရက်သမား ဆိုမူသူလည်း အရက် သမား ဘ ဝ သို့ ကူးပြောင်း လိုက် ခြင်း ဖြစ်ပါသည်။ သူ၏ထင်မြင် ယူဆချက် များကမူ လောကတွင်တဦးတည်းနေလို့မဖြစ် ပေါင်းသင်းဆက်ဆံရေးလည်း လိုသေးသည်။ ထိုကြောင့် အပေါင်းအသင်းသည် လူ့လောက၌ ရှိအပ်သော အကြောင်းပင် ဖြစ်သည်။ အရက်သောက်တတ်လာခြင်းသည် အပေါင်းအသင်းများ အသစ်တိုးလာသည်ဟု ယူဆထားခြင်း ဖြစ်ပါသည်။

ထို့ကြောင့် သူ့တဲ့ဖော် တဲ့ဘက် ကိုအောင်သိန်း၊ ကိုလှိုင်ဘင်၊ ကိုခင်မောင်တို့အား လက်တွဲမဖြုတ်လိုပေ။

ဒီဖနေ့ ကိုအေးလွင်တယောက် အပြင်သို့ မထွက်ရသည့် အတွက် အိမ်၏ဝေယျာဝစ္စများကို ဝိုင်းဝန်းကူညီ လုပ်ဆောင်ပေးနေ၏။ အကြောင်းကား ဤသို့တည်း။အိမ်ရှေ့တွင် ပန်းအိုးများ တင်ရန်အလို့ငှာ စင်ငယ်တခုအတွက် သစ်သားများကို ကိုအေးလွင်ကိုယ်တိုင် ဖြတ်နေပါသည်။သူ၏တကိုယ်လုံးမှာလည်း ချွေးတွေစိုရွှဲနေ၏။ ထိုကဲ့သို့ ချွေးထွက်အောင် လုပ်နေရသဖြင့် သူ သွားချင်သောကိစ္စများ မေ့ပျောက်နေခဲ့သည်။ သူ၏ဖြစ်ရပ်ကိုကြည့်ပြီး အကိုလုပ်သူက ပြောလာတော့သည်။

'ကျန်းမာရေးဆိုတာက သူတော့အတွက် လောင်ကြီးတပါးဘဲ မဟုတ်လား၊ ကျန်းမာရေး လိုက်စားတဲ့လူတွေဟာ ကိုယ်တွင်းမှာရှိနေလဲ့ အခိုးအငွေ့တွေ အပြင်ရောက်လာအောင်ပြေးလွှား၊ လမ်းလျှောက်သေ့ကျင့်မှု ချွေးတွေ များများထွက်လာအောင် ပြုလုပ်ကြရတယ်၊ ဒါမှ နေထိုင်ကောင်းတာ၊ နောက်မို့ဆို ထိုင်းထိုင်း မှိုင်မှိုင်းချည်းဖြစ်ပြီး မအီမသာ နေလို့မကောင်း ထိုင်လို့မကောင်း၊ စားမဝင် အိပ်မပျော် ဖြစ်တတ်တယ်' ခုဆို မင်းတကိုယ်လုံး ချွေးဘွေ့ရွှဲနေလိုက်တာ ဒါဟာ ကိုယ်တွင်းမှာ ရှိတဲ့အခိုးတွေဟာ အပြင်ဘက်ထွက်လာပြီလေ....'

အကိုဖြစ်သူ၏ စကားကို ကြားလိုက်ရသော ကိုအေးလွင်တယောက်အဘို့ ပြဒါးတလမ်း သံဘလမ်း ဖြစ်နေပါတော့သည်။ ကိုအေးလွင်သည် သူ့ဘာကိုလမ်းပေါ်တွင် ကျက်စားနေသော သူတယောက်သို့ ထင်ရာဆိုင်းသောအလုပ်ကို ဝါသနာပါသည်။ ခုလိုအိမ်တွင် တကုတ်ကုတ် နေထိုင်ပြီး အိမ်တွင် အလုပ်ကို လုပ်နေသောအခါတွင် သူ့အတွက် ခြေချုပ်ခံရသည်ဟု ထင်မြ

ယူဆသည်။ ပြင်ပတွင်သူ့အတွက် နေရခြင်းသည် ဗဟုသုတ တိုးပွားစေသည်ဟု ယူဆခဲ့လည်း။ဒါကြောင့် သူ့အကိုပြောသော စကားများကို ခေါင်းတသွင်သွင်ညိတ်ခဲ့သော်လည်း စိတ်ထဲက မပါချေ။

'မောင်အေးလွင်ရဲ့ မျက်နှာကို ခုမှ ဒေါ်ဒေါ် မြင်ရတော့ တယ်၊ အေးပေါ့ကွယ်၊ အိမ်မှုကိစ္စဆိုတာ ယောကျ်ားရယ်၊မိန်းမ ရယ်၊ ငယ်တယ် ကြီးတယ်မခွဲခြားဘဲ၊ ခုလို ဝိုင်းဝန်းကူညီတယ် ဆိုတာမြင်ရတော့ ဝမ်းသာလိုက်တာ နော်'

ဒေါ်အေးမှုံ၏ စကားသံကိုကြားလိုက်ရသော ကိုအေးလွင် အဖို့ မင်းချိမခံသာအောင် ရှိနေတော့သည်။

'ဒေါ်ဒေါ်ရယ်၊ ကျွန်တော့်မျက်နှာကို ဖူးချင်တဲ့သူတွေ ရှိမှန်း မသိလို့ပါ။ ဖူးချင်တဲ့လူတွေရှိနေရင် ကျနော်ရုံးက စော စောပြန်ခဲ့မှာပေါ့'

ကိုအေးလွင်၏ ငေါ့တော့တော့ ပြောလိုက်သောစကား သံ ကြောင့် ဒေါ်ခင်မှုံ၏ချက်နှာသည် အနည်းငယ်ပျက်သွားတော့ သည်။ကိုအေးလွင်၏အစ်မဖြစ်သူက ဝင်ရောက်စကားဖြတ်လိုက် သောကြောင့် သူတို့နှစ်ဦးသည် ရှေ့ဆက်လက်အငြင်းမပွားဘဲ ရှိပါသည်။

ကိုအေးလွင်သည် လုပ်လက်စအလုပ်ကို လက်စသပ်ပြီးနောက် အိမ်ထဲသို့ ဘောက်စပ်ဘောက်စပ်နှင့် ဝင်လာပါသည်၊ မခံချင် သောစိတ်က လွှမ်းမိုးထားသဖြင့် သူ၏ မျက်နှာတခုလုံးသည် ဒေ သယောင်သန်းနေပါတော့သည်၊ မိခင်ဖြစ်သူသည် သူ၏ အခြေအနေကို ရိပ်စားမိသဖြင့် ချော့မော့ပြောရှာလိုက်သည်။

'အေးပေါ့သားရယ်၊ လူဆိုတာ ပတ်ဝန်းကျင်နဲ့နေရတော့ လည်း သူတို့ရှုထောင့်ကနေကြည့်ပြီး ပြောတာကို ခွင့်လွှတ်ရမှာ

ပေါ့၊ ပတ်ဝန်းကျင်နဲ့ကင်းကွာတဲ့သူဟာ လူရူးရယ်၊ တယူသန် သမားရယ်၊ မိမိကိုယ်က လွဲပြီး တခြားသူကို အထင်သေးတဲ့ အတ္တသမား တွေဘဲ'

'မေမေတို့ပြောလိုက်ရင် ဒီလက်သုံးစကားကို အမြဲသုံးတယ်၊ ဒီလိုဆို ချီးမွမ်း ၇ ရက်၊ ကဲ့ရဲ့ ၇ ရက်ဆိုတဲ့ ရှေးလူကြီးတွေပြော သွားတဲ့စကားဟာ အလကား ဖြစ်မနေဘူးလား'

'ဒါက မင်း အယူအဆကိုကွ၊ မင်း ကောင်းတာလုပ်နေလို့ မင်းကို ချီးမွမ်းမှာပေါ့၊ မကောင်းတာလုပ်ရင်တော့ မကောင်း သလို ပြောကြမှာအမှန်ဘဲ'

'မလိုပါဘူး၊ ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ လူတဦးလုပ်နေတာကိုလိုက်ပြီး ကြည့်နေတာဟာ အတိစ္ဆာပွား နေတာနဲ့ မတူဘူးလား၊ တနေ့က ကျနော် အရက်သောက်ပြီး ပြန်လာတာ ဒေါ်အေးမှုံကြီးက အိမ်ရှေ့ ပြူတင်းပေါက်ကနေ ကြည့်နေတယ်၊ သူကြည့်နေတာကျနော်သိလို့ အိန္ဒြေရရအိမ်ထဲ ဝင်သွားတာတောင် သူကပြူတင်းပေါက်မှ လိုက်ကြည့်နေပြီး တဖန် မယောင်မလယ်နဲ့ လိုက်ကြည့်တာဟာ တခြားသက်သက် လူတဦးရဲ့ အပြစ်ကို ရှာကြံပြီး ပြောချင်လို့ကြည့်တာနဲ့ မတူ ဘူးလား'

ကိုအေးလွင်၏ စောဒကတက်မှုကြောင့် မိခင်ဖြစ်သူမှာ ဘာ ဘာခွန်းမျှမပြောဘဲ နေလိုက်ပါတော့သည်။

ကိုအေးလွင်သည် ရေမိုးချိုးပြီးနောက် မီးဖိုထဲရှိ ထမင်းအိုး ဟင်းအိုးများကို လှန်လှော၍ စိတ်ကောက်ကောက်နှင့် တဝတပြဲ စားလိုက်ပါတော့သည်။ ၎င်းနောက် နေ့ခင်းက ပင်ပန်းထား သည့်အတွက် ခေါင်းချလိုက်သည် တပြိုင်နက် အိပ်ပျော်သွား တော့သည်။

ထို့နောက် ကိုအေးလွင်သည် မိမိ၏ အဖော်များဖြစ်သော ကိုအောင်သိန်း၊ ကိုလှိုင်တင်တို့ဖြင့် သွားလာခြင်းကို ရှောင်ဖယ်နေခဲ့ပြန်သည်။ သူ၏စိတ်က ဤသို့ ထင်မိသည်။ ၎င်းတို့သွားလာခြင်းသည် အသက်အရွယ်အားဖြင့် ငယ်ရွယ်သူနှင့် ကြီးသူဖြစ်နေသောကြောင့် အစစအရာရာတွင် ကြီးသူများကဦးစားပေးခံလိုကြသည်။ အရက်သောက်သောအခါတွင်၎င်း၊ အစားအစာများ စားမှုတွင်၎င်း၊ သူတို့အတွက် ကိုအေးလွင် ဦးစားပေးခြင်းကြာရှည်စွာ ပြုလုပ်ရသောအချိန်မျိုးတွင် သူ့အတွက်မနှစ်မြို့တော့ဘဲ တမျိုးတဖုံစိတ်တွေ ပြောင်းလဲစ ပြုလာလေသည်၊ ထို့ကြောင့် ကိုအေးလွင်တယောက် အနေတောင်စုံနေပြီ။အတောင်ကိုဆန့်၍ ပျံကြည့်လို၏။ တနေရာမှတနေရာသို့ ပျံစမ်းကြည့်၏။ ရန်သူကား မတွေ့ချေ။ မိဘ်ဆွေရင်းချာကဲ့သို့ ခင်မင်သူတွေက ပေါများလာသည်ဟု သူထင်သည်။

သူသည် ရဲရဲဝံ့ဝံ့ ပျံလိုက်ပါတော့သည်။ ဒီနေရာမျိုးတွင် ကိုအေးလွင်တယောက်အဖို့ သွားလာခြင်းမှာ အထူးပင် ပျော်ရွှင်လျက်ရှိ၏။ အကြောင်းကားမူ သူကျင်လည်သော နေရာတွင် သက်တူရွယ်တူများဖြစ်ကြသဖြင့် သူ့အား ဦးစားပေး၍ဆက်ဆံကြပါသည်။ ဒါကို သူသဘောကြလေ၏။

သူ ကျက်စားရာ ပတ်ဝန်းကျင်ကပို၍သာ ကျယ်ပြန့်လာခဲ့တော့သည်။ ဟိုယခင်ကမူ ရန်ကုန်မြို့၏အရှေ့ပိုင်း ပုဇွန်တောင်ကြက်တန်းနှင့် အနောက်ပိုင်း၊အလုံ စမ်းချောင်းစသည်လောက်သာဖြစ်၏။ ယခုတော့ ထိုနယ်မြေက သူ့အတွက် ကျဉ်းမြောင်းလွန်းလှသည်။ နယ်မြေကျဉ်းတော့ နယ်မြေကို ချဲ့ခဲ့ရပြန်သည်၊

အပေါင်းအသင်း ကျဉ်းလွန်းတော့ အပေါင်းအသင်း တွေကို အသစ်တဖန် ရှာဖွေရပြန်သည်။

သူသည် ရုံးချိန်ပြီးသောအခါတွင် အိမ်သို့ပြန်မည့်အစား လမ်းမပေါ်တွင် ကျင်လည် ကျက်စားခြင်းကို နှစ်သက်ခဲ့လေသည်။ဤအချိန်မျိုးတွင် အဖော်ကောင်းကောင်းနှင့် တွေ့လိုက်မိတော့ အိမ်ကိုပြန်ရန် သတိမရခဲ့ပေ။ အပေါင်းအသင်းများနှင့် စားလိုက် သောက်လိုက်ခြင်းနှင့်ပင် အချိန်ကုန်ခဲ့ပြန်လေသည်။

သဘာဝအလှသည် တောက်ပလျက် ရှိသည်။ယနေ့ကိုအေးလှင်အဖို့ သောက်စားမူးရူးရန် ပွဲကြီးပွဲကောင်းရှိသည်။ဘနည်းဆိုသော် ချိန်းပွဲရှိပေသည်။ ဒါကြောင့်သူသည် ငွေ ၁၀–ကျပ်ကို ပလပ်စတစ်ဖြင့် ပတ်၍ အကျီအိတ်ထဲသို့ ထည့်ပြီးနောက် ချိန်းဆိုထားသောနေရာသို့ အပြေးနှင်လာခဲ့သည်။ ထိုနေရာသို့ ရောက်လင့် ကစား တဦးတယောက်မျှ မတွေ့၊ စိတ်အားငယ်သယောင်ယောင် ဖြစ်လာသည်။

သူသည် ရန်ကုန်ဘူတာရုံတွင် ရစ်ဝဲပြီး သူ၏မိတ်အပေါင်းအသင်းများ တွေ့လိုတွေ့ငြား လိုက်ကြည့်မိပါသည်။ တဦးတယောက်မျှ မတွေ့သောအခါတွင် သူ့စိတ်ကို ပြန်တင်းလိုက်ပြန်သည်။ ငါများ စောနေလို့ထင်ပါရဲ့ဟု အတွေးကဝင်လာသောကြောင့် ခုံတန်းတခုပေါ်တွင်ဝင်ထိုင်ပြီး ပါလာသောဆေးပေါ့လိပ်တလိပ်ကို မီးခိုးဘထောင်းထောင်းထအောင် ဖွာနေလျက် ရှိလေသည်။

သူသည် ဆေးပေါ့လိပ်ကိုဖွာရှိုက်ရင်းဖြင့် ဘဝက်နီးပါးခန့်ကုန်သွားပြီ ဖြစ်သော်လည်း သူ့ကို ချိန်းဆိုထားသောမိတ်ဆွေ

များကပေါ်၍မလာသေးချေ။အရိပ်အယောင်ဟူ၍ကားမတွေ့ရ။ ထို့ကြောင့် ကိုအေးလွင်သည် စိတ်မရှည်တော့ဘဲ သောက်လက်စ ဆေးပေါ့လိပ်တိုကို ပျဉ်ပြားဖြင့် ဖိချေလိုက်ပါသည်။ ၎င်းနောက် ထိုနေရာမှထ၍ ဘုတာရုံ၏ အပြင်ဘက်သို့ ထွက်ခဲ့လေသည်။

သို့သော် မတင်မကျဖြစ်နေသော စိတ်ဆန္ဒအတွင်းတနေရာသို့ ကြည့်ခဲ့ပါသည်။ သူ၏မျက်လုံးအစုံက တောက်ပြောင်လာခဲ့ပြီး ခြေလှမ်းများတန့်ဆုတ်ဆုတ်ဖြစ်သွားပြန်သည်။ လူငယ် ၂-ဦးထံ သူ့မျက်လုံးက မျက်တောင်မခတ် ပကတိဘည်ငြိမ်စွာကြည့်လိုက်ပြီး အမှတ်မထင် အော်ခေါ်လိုက်ပါသည်။

'ဗျို ကိုခကျော်မြင့်၊ ကိုသောင်း'

သူ၏ ခေါ်လိုက်သောအသံကြောင့် လူရွယ်နှစ်ဦးသည်အသံလာရာဘက်သို့ လှမ်းကြည့်ပြီးနောက် အပြုံးကိုယ်စီဖြင့် သူရှိရာသို့ လျှောက်ခဲ့ကြပါသည်။

'ကျနော်ကတော့ စောင့်လိုက်ရတာ၊ နာရီဝက်လောက်ရှိသွားပြီ၊ ခုဘဲပြန်မလို့ ဘုတာရုံအဘင်းက ထွက်ခဲ့တာ၊ စိတ်က မချင့်မရဲဖြစ်ပြီးနောက် လှမ်းကြည့်လိုက်လို့ ခင်ဗျားတို့သာတာနဲ့ အခတော်ဘဲ ဖြစ်သွားတာ'

ကိုအေးလွင်၏ ပြောဆိုလိုက်သောစကားကို သူတို့ ၂ ဦးက ခေါင်းကလေးညိတ်ပြီး နားထောင်နေကြပါသည်။ သူတို့သုံးဦး လုပ်ငန်းစရန်အတွက် သွားလိုသောနေရာသို့ ရွေးချယ်လာကြပါသည်။ လုပ်ငန်း ဆိုသည်မှာ အလုပ်နှင့် ပတ်သက်၍တော့ မဟုတ်ချေ၊အရက်သောက်ရန်အတွက် ပြောဆိုသောစကားများပင် ဖြစ်ပါသည်။

'ကိုအေးလွင် ကြိုက်တဲ့နေရာရွေးပါ၊ ကျနော်တို့က အဆင်သင့်ပါဘဲ'

ကိုအေးလွင်ကြိုက်သောနေရာက လမ်း( ၃၀ )က အရက်ဖြူဆိုင်ပင် ဖြစ်ပါသည်၊ ထိုဆိုင်သည် သပ်သပ်ယပ်ယပ်ရှိပြီး အရက်သောက်သောသူများကို အတော်ပင် ဂရုစိုက် ပြုစုတတ်သည်။ အရက်သောက်သူများ ကို အစစအရာရာအစဉ်ပြေအောင် ပြုလုပ်ပေးတတ်သည်။ ၎င်းဆိုင်သည်အရက်ဖြူဆိုင်ဆိုပေမင့် ဟော်တယ်ကြီးများကဲ့သို့ အရက်သောက်သောသူများ တဦးနှင့်တဦးမမြင်ရအောင် အခန်းကလေးကာရံ၍ ပေးထားသည်။ ပန်ကာများဖွင့်ပေးခြင်း၊ ရေဒီယို၊ အရက်သမားများကြိုက်တတ်သော အစားအစာများကို ရရှိနိုင်သည်။ ၎င်းအရက်ဖြူဆိုင်တွင် အစိုးရအမှုထမ်းတချို့နှင့် အထက်အရာရှိများပင် လာရောက်သောက်နေကြသည်ကို တွေ့မြင်ရပေသည်။

သူတို့သုံးဦးသည် ပါလာသော ငွေများကို ရေတွက်ကြည့်လိုက်ပါသည်။ အားလုံးစုစုပေါင်း ငွေ လေးဆယ်မျှရှိ၏။အရက်ဖြူသောက်သူများအနေဖြင့် ထိုငွေသည် ဖူလုံပြီ။ ထို့ကြောင့် သူတို့သည် အရက်နှင့် အမြည်းကို ရဲရဲဝံ့ဝံ့ မှာယူစားသောက်ကြ၏။ သောက်ရင်းသောက်ရင်းနှင့်ပင် သောက်ရသည်မှာ မဝတဝဖြစ်လာကြသည်။ အကြောင်းကား ဤသို့ဖြစ်ရချေ၏။ ငွေတော့ လက်ထဲတွင် အနည်းငယ်ရှိသေး၏။ သို့သော်အရက်မှာ ဆိုင်တွင် ကုန်သွားချေ၏၊ သူတို့သုံးဦးသည် ထိုဖြစ်ရပ်ကို မကျေမချမ်း ဖြစ်ပြီး ဆိုင်ထဲမှထ၍ပြန်မည်အပြု ကိုကျော်မြင့်၏ အရက်ရနိုင်မည့် နေရာဆီသို့ ပြန်လည်သတိရလိုက်သောကြောင့်....

'သူငယ်ချင်းတို့ရေ၊ ပိုက်ဆံရှိရင် အရက်ကတော့ ဖြစ်လာမှာပေါ့'

ထိုစကားသံကြောင့် ကိုအေးလွင်နှင့် ကိုသောင်းတို့သည်ရှေ့ဆက် သောက်ရမည့်လုပ်ငန်းကို စောလျှင်စွာ လျှောက်ရန် ကိုကျော်မြင့်ကို တိုက်တွန်းတော့သည်။

'ဒီလိုဆို ကိုကျော်မြင့် တာဝန်ယူပေါ့ဗျာ၊ လမ်းမသိဆိုတဲ့ စကားရဲ့ နောက်ဆက်တွဲလို့ ပေါ့နော်....'

'မသိတော့လဲ ကျနော့နောက်ကို လိုက်ခဲ့ကြပေါ့'

ဒုစရိုက်သမားများသည် အမှောင်ကိုနှစ်သက်သကဲ့သို့အရက်သမားအချို့လည်း အမှောင်ကိုနှစ်သက်ခုံမင်ကြသည်။ အမှောင်ရိပ်ဝယ် ခိုလှုံခြင်းသည်သူတို့အဘို့ တမျိုးတဖုံ တနည်းဆိုသောမူး၍ရမ်းသည်ဖြစ်စေ၊ အော့အန်၍ဖြစ်စေ၊ ကခုန်မြူးတူး၍ဖြစ်စေ ပတ်ဝန်းကျင်က လူကိုတော့ မမှတ်မိနိုင်ပေ။ ဒါကြောင့် အမှောင်တွင်းဝယ် သူတို့ဘဝအား နှစ်မြုပ်လိုက်ခြင်းသည် သာယာသော ခရီးတွင် လျှောက်နေရသကဲ့သို့ပင် ရှိနေပါတော့သည်။

သူတို့သုံးဦးသည် ဘတ်စကားပေါ်မှ ဆင်းခဲ့ပြီးနောက်၊ မြေနီလမ်းပေါ်သို့ ခြေဦးတည်ခဲ့ကြပြန်သည်။ ကတ္တာရာလမ်းမဟုတ်သဖြင့် မြေနီလမ်းသည် ချိုင့်ခွက်ကလေးများရှိ၏။ ဝသန်ကာလမို့၊ မိုးရေများသည် မြေနီလမ်းကလေး စွတ်စိုထိုင်းမှိုင်းစေပြီး အချို့နေရာများတွင် ဗွက်များပင် ထနေပါတော့သည်။ သူတို့သုံးဦး၏ ခေါင်းများသည် ငိုက်စိုက်ပြုလျက် တခါတရံမှ ပြူးကျယ်သောမျက်လုံးများဖြစ်လာ၏။ သောက်ထားသော အရက်အရှိန်ကြောင့် မျက်လုံးများသည် မပွင့်တပွင့်နှင့် လေးလံထိုင်းမှိုင်းနေပါသည်။

ရင်းတို့ဝင်လာသော ရပ်ကွက်ကလေးသည် အိမ်ကြီး အိမ်ကောင်းဟူ၍ တအိမ်မှမရှိချေ။ ဆင်းရဲသားရပ်ကွက်ဖြစ်၍ ဓနိနှင့်ကျူထရံကာရံထားသောတဲလောက်ရှိလေသည်။လမ်းကျယ်မှနေ လမ်းကျဉ်းကလေးထဲသို့ ချိုးဝင်သွားပြီးပါက မှိုတ်တုတ်တုတ်နှင့် ခရနံဆီ မီးအိမ်ကလေးများ၏ ပိုးစိမ်းကြူးအရောင်များကဲ့သို့ မှိတ်တုတ်တုတ်ဖြင့် ရှိနေပါသည်။

လမ်းကျဉ်းကလေး အချို့နေရာများတွင် နင်းခဲ့စဉ်ကပင် သူတို့၏ ခြေဖဝါးနှင့် မြေသားတို့သည် မည်ကဲ့သို့ ထိတွေ့နင်းလျှောက်ခဲ့မိသည်ကို မမှတ်မိချေ။ လမ်းကျဉ်းသည် မြေသားကညီညာ ပြန့်ပျူးခြင်းမရှိ ချိုင့်ဝှမ်းများကြားတွင် ခဲလုံးတွေကမသေမသပ် ပြန့်ကြဲနေသည်။

တခါဘရံ ခဲလုံးကြီးတွေကြားတွင် ခဲလုံးအကွဲတွေကပြန့်ကြဲနေပြန်သည်။ အမှောင်ထုအောင်တွင် လျှောက်ရသည်ကတကြောင်း၊ အရက်အရှိန်တက်နေသည်ကတကြောင်း၊လမ်းမသိ၍ လျှောက်ရသည့်အတွက် သူတို့၏ခြေထောက်၌ ဗွက်ရောရော၊ ရွှံ့ရောရော ဖြစ်လာသောအခါတွင် ဖိနပ်များကို ချွတ်ထားခဲ့မိသည်။

ထို့ကြောင့် သူတို့ခြေထောက်၌ဖိနပ်မပါ၊ ခြေဖဝါးသည်ခဲလုံးကြီးများပေါ်တွင် နင်းချလိုက်လျှင် ငြင်သာသွက်လက်စွာဖြင့် ရှေ့သို့တက်၍ လှမ်းနိုင်သော်လည်း ချွန်ထက်နေသော ခဲအစအနကလေးပေါ်သို့ နင်းချလိုက်မိသော အရက်အရှိန်များက ပျောက်ကွယ်သွားလေတော့သည်။

ကိုကျော်မြင့်ကြည့်လုပ်အုံးဗျာ့၊ မူးခဲ့တာတွေ ကုန်ပြီဗျို…
ကိုအေးလွင်သည် ရီသလိုမောသလိုဖြင့် နောက်ပြောင်လိုက်ပါတော့သည်။

…၀

[ သုံး ]

အမှောင်ထုကိုထိုးဖောက်ပြီးအဝေးဆီမှ သံချောင်းခေါက်သံက ဆယ်ချက်မျှ ရှိတော့သည်။ သူတို့သုံးဦးသည် တလမ်းဝင် တလမ်းထွက်ဖြင့် လာခဲ့ကြပြီးနောက် လမ်း၏အလယ်ဗဟိုတည့်တည့်တွင်ရှိသော တဲနားဆီသို့ ရောက်လင့်၊ ကိုကျော်မြင့်သည် တဲနားဆီသို့ ချဉ်းကပ်လိုက်ကာ ဤသို့ အသံပြုလိုက်ပါတော့သည်။

' ဘကြီးလှိုင်....ဘကြီးလှိုင်.... '

ကိုကျော်မြင့်သည် အသံခပ်အုပ်အုပ်ဖြင့် တဲအတွင်းထဲသို့ လှမ်းခေါ်နေပါသည်၊သူ၏ခေါ်သံကြောင့် တဲအတွင်းမှအသက်အရွယ် (၆၀) နီးပါးခန့်ရှိ းဖိုးကြီးသည် ရေနံဆီမီးခွက်ကို အပေါ်သို့ မြှောက်ပင့်ကာ အိမ်ရှေ့ဘက်ဆီသို့ လျှောက်ခဲ့လေသည်။

'ဟဲ့....ဘယ်သူတွေလဲကွ၊ အချိန်ညဥ့်နက်မှ လာနိုးနေကြတာ'

'ကျနော်ကျော်မြင့်ပါ ဘကြီးလှိုင်....'

ဘကြီးလှိုင်သည် ထိုအသံကို တချင်းတနိုးရှိခဲ့ပြီဖြစ်ပါသောကြောင့် အကြောင်းထူးမမေးတော့ဘဲ၊တဲတံခါးမတွင် ကန့်လန့်ဖြတ်ထိုးထားသောဝါးလုံးကို ဆွဲနှုတ်လိုက်ပါသည်။ သူတို့နှစ်ဦးသည် တဦးနှင့်တဦး မျက်နှာချင်းဆိုင်သောအခါ၌ တဲအပြင်ဘက်တွင်ရှိသူ၏ အမေးကြောင့်....

'ရှိသေးတယ် မဟုတ်လား'

'အေး ရှိတော့ရှိတယ်ကွ၊ များများတော့ မရှိတော့ဘူးနှစ်လုံးလောက်ဘဲ လက်ကျန်ရှိတယ်၊ အခုတလော အဖမ်းအဆီးကများနေတော့ သိပ်ပြီး အိမ်မှာမထားတာ မင်းတို့ အပြင်ယူသွားမလို့လား'

ထိုအမေးကြောင့်....

'ကျနော်ဒီမှာဘဲ သောက်မယ်လေ၊ ကျသင့်တာကိုတော့ အပြည့်ရမှာပါ'

ဘကြီးလှိုင်သည် အနည်းငယ်စဉ်းစားပြီးနောက်။

သောက်တာကိုတော့ မပြောပါဘူး၊ ဒါပေမဲ့ ဆူဆူညံညံလုပ်ရင် ခုတလော ရွာထဲမှာကင်းတွေရှိတယ်'

'ကိစ္စမရှိပါဘူး၊ ကျနော်တို့ မြန်မြန်သောက်ပြီး ပြန်မှာပါ ဘကြီးလှိုင်'

သူတို့သုံးဦးသည် ဘကြီးလှိုင်၏ တဲပေါ်တွင် ကိုယ်စီကိုယ်ငှနေရာယူလိုက်ပြီးနောက်၊ လာချပေးသောဖန်ခွက်နှင့် အရက်ကိုအငမ်းမရ သောက်ကြပါတော့သည်။ အရက် ၂-လုံးနှင့် နံဘေး

တွင် ရေအိုးတလုံးကို အစဉ်သင့် ချပေးပြီး ထွက်သွားသော ဘကြီးလှိုင်အား လှမ်းခေါ်လိုက်ပါတော့သည်။

'ဘကြီးလှိုင် အမြီးကဲလေးလဲ လုပ်အုံးမှပေါ့ဗျာ'

ကိုအေးလွင်သည် လှမ်း ပြောလိုက်သော စကားကြောင့် ဘကြီးလှိုင်၏ လျှောက်လက်စခြေလှမ်းများသည် တန့်ကနဲ ဖြစ်သွားပါတော့သည်။

'ဒီအချိန်ကျမှ ဘယ်ကအမြီးရနိုင်မှာလဲ၊ ငါ့တူတို့ရယ်'

'ဘကြီးလှိုင်ကလုပ်တော့မယ်၊မီးဖိုထဲမှာရှာကြည့်ပါအုံးလေ၊ ဘခုခုများ ရှိနေသလားလို့'

ကိုအေးလွင်သည် သောက်သက်စအရက်ခွက်ကို လက်ကမချဘဲပြောနေပါတော့သည်။ မကြာမီ ဘကြီးလှိုင်သည် မီးဖိုထဲမှ နံနက်တွင်စားမည်ဟု ချန်ထားသော ပုဇွန်ကြော်တပန်းကန်ကို တော့ သူတို့ဆီသို့အရောက် လာချပေးပါ၏။

'ဒါမှ တို့ဘကြီးကွ'

ကိုသောင်း၏ ချီးမွမ်းသံက ကျယ်လောင်သွားတော့သည်။ ကိုကျော်မြင့်သည် ကိုသောင်း၏ ကျယ်လောင်စွာပြောလိုက်သော အသံကြောင့်။

'ဟေ့ ဆရာကြီး တိုးတိုးပြောအုံးနော်တော်တော်ကြာ ခြေထောက်နဲ့မပြန်ရဘဲ ခေါင်းနဲ့ပြေးနေရအုံးမယ်'

'ကျုပ်တော်က ဘာတွေပြောနေလို့လဲ၊ ဘယ်သူ့ကို စော်ကားကားလုပ်လို့လဲ၊ ကျုပ်တော့်ဖာသာ အရက်သောက်နေတာကိုစွဘဲ ပတ်ဝန်းကျင်ကိုလည်း မထိခိုက်နိုင်ပါဘူး၊ ဘယ်သောက် အသံကျယ်သွားတာမို့လဲဂရုစိုက်မနေပါနဲ့ ကိုကျော်မြင့်ရာ'

ကိုသောင်း၏ စကားများသည် ပိုမို၍ ကျယ်လောင်လာပြီး စောဒကတက်လာသောစကားကြောင့်ဘကြီးလှိုင်သည် ထိုင်နေရာမှ ထလိုက်ပြီးနောက်....

'မင်းတို့ကလဲကွာ တယောက်ကိုတယောက် သီးခံမှပေါ့ကွ။ တော်တော်ကြာ ငါ ဒုက္ခရောက်နေပါအုံးမယ်'

'ဒီမှာ ကျနော်တို့က ဘကြီးကို ဒုက္ခလာပေးတာမဟုတ်ဘူးဗျ။ ဘကြီးရဲ့စီးပွားရေးကို လာဖြည့်တင်းပေးတာနော်၊ ဘာမှ စိုးရိမ်မနေပါနဲ့ဗျာ၊ ဒီအရက်နှစ်လုံးကုန်ရင်လေ ဘကြီးက ငါ့အိမ်ပေါ်မှာ အိပ်ပါဆိုတာတောင် ကျနော်တို့ မအိပ်နိုင်ဘူး သိလား'

ကိုအေးလွင်ကလည်း ဤသို့ ပြောလာပြန်သည်။ ကိုကျော်မြင့်သည် ထိုစကားများကို ထပ်မံ ကြားလိုက်ရသောအခါတွင် ဒေါသအနည်းငယ် ဖြစ်လာပါတော့သည်။

'သူငယ်ချင်းတို့ အရက်သောက်ပြီးရင် ပြန်ကြမယ်။ စကားကို သိပ်မများကြနဲ့ကွာ၊ သောက်ဖို့လာတဲ့ကိစ္စကို သောက်ပြီး ပြန်ကြဘို့ဘဲ ရှိပါတော့တယ်'

'ဒီမှာကိုကျော်မြင့်၊ ခင်ဗျားက ကျနော်ပြောတဲ့စကားကို မကျေနပ်လို့ ပြောတာလား'

ကိုကျော်မြင့်သည် စောစောကပင် ဒေါသကို မွေးမြူထားသူတဦး ဖြစ်သောကြောင့် ရှည်ရှည်ဝေးဝေး မပြောတော့ဘဲ အနီးတွင်ရှိသော အရက် ပုလင်းလွတ်ဖြင့် ရိုက်လိုက်ပါသည်။ ကိုအေးလွင်သည် ကိုကျော်မြင့်ရိုက်လိုက်သောလက်ကို ပုပ်လိုက်ပြီး တဘက်သို့ ရှောင်တိမ်းလိုက်သောအခါတွင် အရှိန်သပ်၍ မရသော ကိုကျော်မြင့်မှာ တဲဘက်သို့ တလိမ့်ကောက်ကွေး ကျသွားပါတော့သည်။

ယင်းသို့ ရုန်းရင်းဆန်ခတ် ဖြစ်ပွားမှုကြောင့် ပတ်ဝန်းကျင်တွင် အထိတ်တလန့် ဖြစ်သွားပါတော့သည်။ ပတ်ဝန်းကျင်၏ တိတ်ဆိတ်နေခြင်းကို ဖြိုခွင်းလိုက်သောကြောင့် ရင်းအရပ်ဘွင် စောင့်ကြပ်နေသော ကင်းသမားတစု၏ သံချောင်းခေါက်သံများသည် ရပ်ကွက်တွင်း၌ ဆူညံသွားပါသည်။

'ဒီကောင်တွေ ဖမ်းထား ဖမ်းထား၊ မလွတ်စေနဲ့'

ထိုအချိန်တွင် တဲပေါ်၌ ကိုအေးလွင်တယောက်သာကျန်ရှိပြီး တဲပြင်ဘက်တွင် ခွေခွေကလေးလဲနေသော ကိုကျော်မြင့်၏ ဦးခေါင်းမှ သွေးများယိုစီးနေသောအဖြစ်ကို မြင်လိုက်ရသောကြောင့်ပင် ဖြစ်ပါသည်။

ထိုလူအုပ်ကြားမှ ရပ်ကွက်လူကြီးဟု ထင်ရသော အသက် (၅၀)ကျော်ခန့်ရှိသူတဦးသည် ကိုအေးလွင်လက်ကို ဆွဲကိုင်ပြီး....

'ဟေ့ကောင် ညကြီးအချိန်မတော်ကွာ၊ ရွာထဲမှာလာရမ်းလို့ ရမယ်လို့ အောင်းမေ့နေသလား'

ထိုသူသည် ပြောပြော ဆိုဆို ကိုအေးလွင်၏ မေးရိုးဆီသို့၏လက်သီးတလုံးကို ထိုးသွင်းလိုက်ပါသည်။

'ဦးဘခေါင် လက်လွန်ခြေလွန်ဖြစ်သွားအုံးမယ်လေး ဆိုင်ရာကို ခေါ်သွားပါ'

လူအုပ်ထဲမှ ပြောလိုက်သော စကားသံကြောင့် နောက်ထပ်ထိုးမည့် အပြုအမူများသည် ဆက်လက်မပြုလုပ်ဘော့ဘဲ ဤနေရာတွင်ရပ်သိုက်ပြီး ရဲစခန်းဆီသို့ခေါ်ဆောင်သွားပါတော့သည်။

အကုသိုလ်လိုက်ဝယ်နေသော ကိုအေးလွင်အဖို့ တနေ့မဟုတ်တနေ့ အကုသိုလ်ဖိစီးလာမည်မှာ မြေကြီးကိုလက်ဖြင့်ပုတ်ပါက

လွဲရင် လွဲနေအုံးပေမည်။ ခုတော့ အကုသိုလ်ဟူသည်ကား သူ့ အတွက် အလုံးအခဲလိုက် ဝင်ပါတော့သည်။ မသွားအပ်သော (၃) နေရာတွင် သူရောက်လာခဲ့ပါသည်။ သူသည် မရောက်ဘူး သောနေရာသို့ ရုတ်တရက် ရောက်ရှိလာသဖြင့် အနည်းငယ်စိုးရိမ် ပူပင်မိတော့သည်။

ခစာစောက သောက်ထားသော အရက်အရှိန်များသည် လွင့်ပါးပျောက်ကွယ်လျက်ရှိလေသည်။ သူ့ရင်ဘွင်း၌ခံစားနေရ သောသောကလှိုင်းဂယက်အရှိန်ထက်ပိုမိုပြင်းထန်သောကြောင့် ပင် ရီတီတီ မူးနောက်လျက်ရှိသော အရက် အရှိန်ကို သတိ သုံးဝခရနိုင်ခဲ့ပေ။ လက်တွေ့ဖြေရှင်းရမည့် ပြဿနာကို မည်သို့ ဖြေရှင်းရန် အလို့ငှာ သူစဉ်းစားနေပါတော့သည်။

ရဲစခန်းသို့ရောက်ပြီး မရှေးမနှောင်းပင် ရဲအရာရှိတဦးက အမိန့်ပေးလိုက်သောကြောင့် ကိုအေးလွင်တယောက်မှာ အချုပ် ခန်းထဲ ဝင်ရောက် စံမြန်းရ၏။ ဥပဒေသည် အပြစ် ရှိသူများ အတွက် ရည်ညွှန်းသားကြောင်းကိုမူ သူကောင်းကောင်းချည်း သဘောပေါက်မိသည်မှတဒင်္ဂသံဝေဂတရားကိုသူရသိုက်မိသည်။ သူသည် အချုပ်ခန်းထဲ ရောက်သော အခါတွင် ပတ်ဝန်းကျင် အား အကဲခပ်မိသည်။ စုစုပေါင်း အချုပ်သမား (၆) ယောက် ရှိ၏။ သူအပါအဝင် (၇) ယောက်။

ငင်းအချုပ်ခန်းထဲတွင် ကွတ်ပျစ်ရှည်တခုရှိသည်။ ငင်းပေါ်၌ စောစွာရောက်ရှိသောသူများက ငုတ်တုတ်ထိုင်ကာငိုက်နေကြ၏။ သူဝင်လာသောအချိန်တွင် ငုတ်ခနေသောခေါင်းများသည် မော့

ရှိလာ၏။ ကိုအေးလွင်အား တခေတစောင်းကြည့်လိုက်ကြ၏။ သူတို့၏အကြည့်မှာ တမျိုးတဖုံ ထူးခြားချက်များပေါ်လွင်နေကြသည်။ သူတို့သည် ဤနေရာသို့ အကြိမ်ကြိမ် ရောက်ဘူးသူများ ဖြစ်ကြသဖြင့် လူသစ်တဦးတိုးလာခြင်းကို အရေးတယူ မရှိ၊ ဂရုစိုက်ခြင်းမရှိ၊ မေးမြန်းခြင်း မရှိကြသည့် လောကွတ်ပျူငှာမှု မပြုလုပ်ကြပေ၊

အိပ်ချင်ယောင်ဆောင်သောသူအား နှိုးရခက်သည့် အလား သူတို့အိပ်စက်ခြင်းသည် လုံးလုံးလျားလျား ပြည့်ပြည့်ဝဝ အိပ်ကြဟန် မတူပေ။ ဘရေးသာမော်မျှ အနည်းငယ်မျှ နိုးပေါ်တွင် ခေါင်းကလေးများ ဆက်လက် တင်ပြီး ငိုက်မြည်းလိုက်ကြပါ တော့သည်။ မည့်သို့ပင်ဖြစ်စေ သူ့အတွက် အိပ်စက်ရန် နေရာ ဟူ၍ မရှိချေ။

သို့သော်လည်း သူ့အတွက် ကွတ်ပျစ်ပေါ်တွင် အိပ်စက်ရန် လည်း မဖြစ်နိုင်၊ ထို့ကြောင့် ၎င်း အချုပ်သမားများသည် လွတ်လွတ်လပ်လပ် အိပ်စက်ခွင့်မရ၍ ဖြစ်သလို တရေးတမော ရလိုရငြား ငိုက်မြည်းခြင်းမှ လွဲပြီး အိပ်ရေး ဝအောင်တော့ မအိပ်စက်ကြရပေ။

ကိုအေးလွင်သည် အချုပ်ခန်းထဲတွင် လမ်း လျှောက် ရင်း စဉ်းစားနေပါတော့သည်။ အချုပ်ခန်းဟု ခေါ်စမှတ်ပြုခဲ့ခြင်း၏ ဝေါဟာရက လွတ်လင်ခြင်းကင်းမဲ့သည်။ ဥပဒေကို ကျော်ခိုင်းသူများ၊ မတရားမှုကိုပြုကျင့်သူများ၊ မိမိ၏ အတွင်းစိတ်ခံတော်၏လောဘ၊ ဒေါသ ဘို့စေခိုင်းချက်ကို လက်လွတ်စပယ် ပြုကျင့်တတ်သူများ၏ ခိုနားရန်အတွက် အထူးစီမံထားသော ငရဲ ဌာနတနေပင် ဖြစ်ပေသည်။

အဓိပ္ပာယ်ကို လိုရင်း တိုကိုတုတ်တုတ် ပြောကြစို့ ဆိုပါက စိတ်ရောကိုယ်ပါကျဉ်းကျပ်သော နေရာဟု အဓိပ္ပာယ်ပြန်ရမည်။ လွတ်လွတ်လပ်လပ် နေတတ်သူအဖို့ ထိုနေရာသည် လောကငရဲ ဘုံတခုဟု သတ်မှတ်နိုင်သေးသည်။

အနံ ၅-ပေ၊ အလျား ၈-ပေခန့်ရှိသော နေရာ၏အကျယ်အဝန်းက လူသားတို့အတွက် လှုပ်ရှားမှု ကင်းမဲ့နေသည်။ သူ၏အတွေးက ဤသို့ ကောက်နုတ်ချက်ချလိုက်သည်။ ဘယ်သူ မပြုမိမိမှုဆိုသကဲ့သို့ မိမိ၏ မိုက်ပြစ်ကို မိမိခံရတော့မည်။ ဤကဲ့သို့ မဝင်မကျဖြစ်နေသော အတွေးများကြားမှ နေ၍ တခါ တရံ အိမ်သို့ပြေး၍ သတိရလိုက်မိပါ၏။ အမှတ်မထင်စားပွဲတခုပေါ်တွင် တင်ထားသော တယ်လီဖုံးကို လှမ်းမြင်လိုက်ပါ၏။ထိုမြင်ကွင်းအရ သူ့အတွက် တအားဘက်မိသည်။

အကြောင်းက ဤသို့....

ထိုဖုံးမှတဆင့် အိမ်သို့ အကြောင်းကြားပေးနိုင်မည် ဆိုပါက သူ့အတွက် ယနေ့ည ဤအချုပ်ခန်းမှ အိမ်သို့ ပြန်လည်ရောက်နိုင်မည်။ ထိုအတွေးနှင့်အတူ ဆုံးဖြတ်ချက်တခု ချက်ချင်းချလိုက်သည်၊ အချုပ်ခန်း ရှေ့တွင်တာဝန်အရ သေနတ်ကြီး ကိုင်ပြီး လမ်းလျှောက်နေသော ရဲသားတဦးအား လှမ်း၍ခေါ်လိုက်ပါတော့သည်။

'ဒီမှာ ရဲဘော်ကြီး'

အသံ လာရာဘက်သို့ လှမ်းကြည့်လိုက်သော ရဲသားအား သူကပင် စတင်ပြုံးပြလိုက်ပါသည်။

'ဒီမှာ ရဲဘော်ကြီး '

ထပ်ဆင့်နှုတ်ခွန်း ဆက်လိုက်သောကြောင့် ရဲသားကြီးသည် ကိုအေးလွင်ရှိရာဘက်သို့ ရောက်ခဲ့လေသည်။

'ဘာလဲကွ....'

'ကျနော့ကို အကူအညီတခု ပေးပါလားဗျာ '

'ရှုပ်လိုက်ထာကွာ....'

တာဝန်ကျ ရဲသား၏ ငြင်းဆိုလိုက်ခြင်းကြောင့် အနည်းငယ် စိတ်လျှော့ရမလိုလို ဖြစ်သွားပါသည်။

သူသည် မလျှော့သော လုံ့လဖြင့် ထပ်၍ အသံပြုပြန်သည်။ ရဲသားကြီးသည် စိတ်မရှည်သော အမူအရာဖြင့် သူ့နားသို့ ချဉ်းကပ်လာပြန်သည်။

'ဘာလုပ်မလို့လဲ'

အဖြေက တိုတောင်းပြီး ခက်ထန်လျက်ရှိနေပါတော့သည်။ ကိုအေးလွင်သည် မာန်တင်း၍ သူလိုချင်သော ဆန္ဒကို တင်ပြလိုက်ပါ၏။

'ကျနော့အိမ်ကို တယ်လီဖုံးဆက်ပြီး အာမခံ ရရေးအတွက် အကြောင်းကြားပေးစေလိုပါတယ် '

သူ၏ညှိုးငယ်သော မျက်နှာသားကို မြင်လိုက်ရသော ရဲသားကြီးမှာ ပြန်လည်၍ သနားသွားပါတော့သည်။

'ငါ့မှာ တယ်လီဖုံးဆက်နိုင်တဲ့အာဏာ မရှိဘူး၊ ဒါပေမယ့် ရဲစာရေးကြီးကို မေးကြည့်ပြီး ဖြစ်နိုင်ရင် မင်းကိစ္စ ဆောင်ရွက်ပေးမယ်၊ ဒီတော့ မင်းအိမ်ရဲ့ တယ်လီဖုံးနံပါတ်နဲ့ ဘယ်သူ့ဆီ အကြောင်းကြားရမယ်ဆိုတာ ပြောပါ '

ကိုအေးလွင်တယောက် ဖြစ်စေလိုသော ဆန္ဒက ပြည့်ဝသွားတော့သည်။

'ခု ပြောနေတာ ရဲစခန်းအမှတ် ( ) ကပါ၊ အိမ်နံပါတ် ( ) မှ ဒေါ်စိန်ရင်ရဲ့သား မောင်အေးလွင်ဟာ အရက်မူးပြီး အချုပ်ခံနေရလို့ အာမခံရရေးအတွက် သူ့အိမ်ကို အကြောင်းကြားပေးပါဆိုလို့ တယ်လီဖုံးနဲ့ အကြောင်းကြားရခြင်း ဖြစ်ပါတယ်....'

'ဟုတ်ကဲ့၊ ခု ချက်ချင်း အကြောင်းကြားပေးပါ့မယ်'

ကိုအေးလွင်တို့အိမ်နှင့် မျက်စောင်းထိုးတွင် နေထိုင်သော နှင်းလှ၏သူငယ်ချင်း မိမိကြီးဖခင် ဦးသာထွန်းသည် လာ၍ အကြောင်းကြားလိုက်ပါတော့သည်။ မိမိကြီးသည် ဖခင် အပြုအမူကိုကြည့်ရင်း နှင်းလှတို့အိမ်ဘက်သို့ တစေ့တစောင်း အကဲခပ်နေပါတော့သည်။

အမှောင်ထုအောက်ဝယ် တုတ်တုတ်ကလေးမျှ မလှုပ်မရှက် ရှိနေသော ကိုအေးလွင်တို့အိမ်မှာ ရုတ်တရက် မီးချောင်းများ လင်း၍ လာပါတော့သည်။ ယောကျ်ားနှစ်ဦးနှင့်မိန်းမကြီးတဦးတို့၏ လှုပ်ရှားသွားဟန်ကို မိမိကြီး တယောက် မြင်လိုက်ပါတော့သည်။

တနာရီနီးပါးခန့် ကြာပြီးနောက် စောစောက ထွက်သွားသော လူသုံးဦးမှ လေးဦးဖြစ်လာ၏။ သူတို့လေးဦးသည် အိမ်ထဲသို့ရောက်ရှိပြီးမှ အုပ်ဆိုင်းမောင်းသံများသည် ပတ်ဝန်းကျင်သို့ အနည်းငယ် ပြန့်လွင့်လာပါ၏။

[ လေး ]

နောက်တနေ့ တဦးနှင့်တဦး အလွန်ရင်းနှီးပြီး တိုင်ပင်ဖော် တိုင်ပင်ဖက်လည်းဖြစ်၊ တကျောင်းတည်းနေတခရတည်းသောက်ကြသော နှင်းလှနှင့် မိမိကြီးတို့သည် ကျောင်းသို့မရောက်မီလမ်းပေါ်တွင် မိမိကြီး၏ အခမေးကမူ....

'ဟေ့ သူငယ်ချင်း....မင်းတို့အကိုလေး အရက်သောက်တတ်သလား'

မမြှော်လင့်ဘဲ မိမိကြီး၏နှုတ်မှ ထွက်ပေါ်လာသောစကားကြောင့်....

N L 4

'ယောကျ်ားဆိုတာ အသောက်အစားကင်းတဲ့ လူဆိုတာ တော့ ခပ်ရှားရှားပေါ့၊ နည်းနည်း ပါးပါးသောက် သောက် တတ်တာပါ၊ မိမိကြီးရယ်'

နှင်းလှသည် မိမိကြီး၏အမေးကို ဆင်ဝှေ့ရန်ရှောင် သဘော မျိုးဖြင့် ပြန်ပြောလိုက်ပါသည်။

'စပ်စုဘယ်လို့ မအောင်းမေ့ပါနဲ့ သူငယ်ချင်းရာ၊ မနေ့ည က ဖေ့ဖေ့ဆီကို ရဲစခန်းကဘယ်လီဖုံးဆက်တုန်းက ကြားလိုက် လို့ မေးကြည့်တာပါ'

သူတို့နှစ်ဦးသည် တဦးကိုတဦး ဆက်ပြီးစကားမပြောတော့ ချေ။ နှင်းလှအဖို့မူ လျှောက်နေသောလမ်းမသာယ် အန္တရာယ်ပေး နိုင်သောကားများကို ဂရုတစိုက် ကြည့်ရှုပေလင့်၊ မိမိကြီးအဖို့ အတွေးသစ်ဘခုမှာ သူမ၏ခေါင်းထဲတွင် သံမှိုစွဲခံရသကဲ့သို့ ရှိနေ ၏။ အကြောင်းကမူ ကိုအေးလွင်သည် ဘာကြောင့်အရက်ကို ခုံခုံမင်မင် စွဲလမ်းစွာ သောက်စားမှုးယစ်နေသည့် အကြောင်းကို စဉ်းစားတွေးတောရင်း နှင်းလှ၏နံဘေးမှ ငြိမ်သက်စွာလိုက်ပါ လာလေသည်။

ယခင်ကမူ မိမိကြီးသည် လမ်းဖြတ်ကူးသောအခါတွင်သော် ၎င်း၊ လမ်းပေါ်တွင်သော်၎င်း တွေ့ရမည့်အန္တရာယ် ကြီးငယ် မှန်သရွေ့ကို နှင်းလှအား ဦးစွာသတိပေးမှ ကားတိုက်မည့် အန္တရာယ်ကို ရှောင်ကွင်းနိုင်တော့သည်။

'သူငယ်ချင်း....ဘာတွေ စဉ်းစားနေသာလဲ၊ ကားတစီးလုံး လာနေတာတောင် မမြင်ဘူးသား၊ ကိုယ်သာမဆွဲလိုက်ရင် ခု လောက်ဆို ဆေးရုံရောက်နေပြီ...'

မှန်ပါသည် မိမိကြီးသည် တခါဘူးမျှ အကြောင်းအရာတခု ကို ခေါင်းထဲ၌ ကြာရှည်စွာ ထည့်ပြီး စဉ်းစားလေ့ မရှိပေ။ ကိုအေးလွင်တယောက် အရက်သောက်သည်နှင့် သူ မစဉ်းစားရ သည့်အကြောင်းမှာ ညောင်ဦးကမ်းပါးပြို၊ ပုဂံကန္တာပြာကြီး ပေါင်ကျိုးဟု စကားအဓိပ္ပာယ်ကဲ့သို့ အဆက်အသွယ် အလျဉ်း မရှိသော ကိစ္စတရပ်ဖြစ်ပေသည်။

အကယ်၍ သူမသည် အကြောင်းမရှိအကြောင်းရှာပြီး တွေး တွေးသော မိန်းကလေးတဦး ဖြစ်ပါက မဆိုလိုချေ။ သူမသည် ပူပင်ခြင်း၊ တွေးတောခြင်းအကြောင်းများကို ခေါင်းအလေးခံ ပြီး မစဉ်းစားတတ်သောကြောင့် အဖြေရှာရခက်နေပါ ဘော့သည်။

စာသင်ခိုက်၌သာ သူမ၏ အတွေးများက မေ့ပျောက်ခဲ့ သော်သည်း မိမိကြီးသည် ကျောင်းမှအိမ်သို့ပြန်ခဲ့သော နံနက် ပိုင်းက တွေးတောခဲ့သော အတွေးများက ပြန်လည်သတိရ ပြန်သည်။ ကိုအေးလွင်တယောက် အရက်သောက်ခြင်းနှင့် ပတ် သက်၍ အပြန်အလှန် စဉ်းစားမိသည်။

သူသည် အသက်အရွယ်အားဖြင့် ငယ်ရွယ်သူတဦး ဖြစ်၏။ အချောကြီးဟူ၍ မဆိုသော်လည်း ယောကျ်ားတဦးတွင်ရှိသော ရုပ်ရည်ကမူ သူ့၌ရှိ၏။ ခုတော့ ဘာမဟုတ်သော အရက်သေ စာ မူးယစ်ခြင်းကို အလေးထားနေသဖြင့် 'လူကိုဖျက်အရက် ဝါးကိုဖျက် ဝါးမျက် 'ဟူသောစကားသည်သူမသိလေသလော။

ကိုအေးလွင်၏အကြောင်းနှင့်ပတ်သက်သော အတွေးမျှင်က လေးများသည် စာကြည့်နေချိန် အိပ်ငိုက်စပြုချိန်များတွင် ဝင် လာတတ်ပြန်ပါသည်။

အကြောင်းမရှိဘဲ အတွေးဖြစ်ပေါ်မလာတတ်၊ အဘွေးက နေ မိမိနှင့်နီးစပ်သော အကြောင်းကိစ္စများ ဖန်တီးလာတတ် သည်။ မိုးကြီးသည် စိတ်၏လှည့်စားခြင်း၊ ဖောက်ပြန်နေသည့် အကြောင်းအရာများကို သူမသိချေ။သိစွမ်းနိုင်သော အသိဉာဏ် က နည်းပါးသည်။ ဒါကြောင့် သူမသည် စိတ်ကူးရေယာဉ် ကြောဝယ် နစ်မြုပ်လိုက်သည်။

အသက်အရွယ်ငယ်သူပီပီ၊ ဥနှောက်က နုနယ်သေးသည်က တကြောင်း၊ လူ့ဘဝ အတွေ့အကြုံမှာ လုံးဝမရှိသေး၊ ခုမှ ဆယ် တန်းဖြေဆိုမည့် ကျောင်းသူတဦး၊ သူမဌာရှိအပ်သော ဗဟုသုတ ကျောင်းစာမျှလောက်ပင် သူမ၏ဘဝရှေ့လမ်းအား ဟန့်တား ပျက်ဆီးမည့် ကိစ္စတရပ်ကို ကြိုတင်စဉ်းစားနိုင်စွမ်း သိစွမ်း နိုင် ကြောင်း သူမ၏ဦးနှောက်က မဆုံးဖြတ်နိုင်ပေ။

တောကောင်၏လှည့်စားခြင်းကို ခံရမည့်သားကောင်သဖွယ် ဖြစ်လာမည့်အရေးကို သူမမြင်။ မီးခဲကိုကိုင်ကြည့်မှ ပူတတ်သော အမျိုးကိုသူမစိတ်လှည့်စားခြင်းနောက်သို့မယိမ်းမယိုင်တကောက် ကောက် လိုက်နေရရှာပေသည်။

မိမိကြီးသည် ပိတ်ထားသော ပြူတင်းပေါက်ကို ဖွင့်လိုက် သည်။ သူမ၏မျက်လုံးအစုံသည် ပိုမိုကျယ်ဝန်းလာသည်။လော ကကြီး၏ တိတ်ဆိတ်သော အလှကို ရင်ဝယ် သိမ်းဆည်းလိုက် ပြန်သည်။

နွေရက်ဖြစ်၍ ကောင်းကင်ပြင်တခုလုံးတွင် မိုးသားမြူတိမ်များ ကင်းစင်လျက်ရှိ၏။ အပြာနက်ရောင်ကတ္တီပါပေါ်တွင်စိန်များအစီအရီတင်ထားသကဲ့သို့ ကြယ်များ၏ အရောင်များမှာ ဖိတ်ဖိတ်တောက်လျက်ရှိ၏။

လမိုက်သောညပင်ဖြစ်သော်လည်း အာကာပြင်၌ တဝင်းဝင်း ဘလက်လက် တောက်ပလျက် ရှိကြသော ကြယ်များကြောင့် သတ္တဝါတို့၏ မှီခိုရာ ကမ္ဘာလာမြေပြင်သည် အနည်းငယ် လင်းလျက် ရှိသည်။လမ်းသွားလမ်းလာလုံးဝမရှိခြင်းကြောင့် ပတ်ဝန်းကျင်သည် အလွန်တိတ်ဆိတ်ငြိမ်သက် နေသည်။

မိမိကြီးသည် တွေးတောခြင်း၏နောက်ကွယ်မှ တခုတည်းသောအာရုံကြောင့် စိတ်များသည်ပိုမိုလှုပ်ရှားခြင်း တွေးဝေ ခြင်း မောစ ပြုလာသည်။ သူမသည် အမှတ်မထင် ကိုအေးလွင်တို့ အိမ်ဘက်သို့ လှမ်းကြည့် လိုက်သည်။ မီးရောင်ကင်းမဲ့ပြီး အိမ်မောကျစ ပြုနေကြသော သူများ၏ ဟောက်သံများကလည်း သူမအား လှောင်ပြောင်နေသယောင် ထင်မိသောကြောင့် မိမိကြီးသည် ဘံခါးကိုပြန်လည်ပိတ်ပ တော့သည်။

သည်နေ့မနက်....

မိမိကြီးသည်နှမ်းသုတ်ိုအိမ်ထဲသို့ ဝင်ရောက်ခဲ့ပ သည်။အမှတ်မထင် မြင်လိုက်ရသော ကိုအေးလွင်၏မျက်နှာကို တချက်တော့ စူးစိုက်ကြည့်မိပါသည်။ သူမ၏ရင်ဝယ်က တမျိုးတဖုံခံစားချက်များပေါ်လာကာ ရင်တုန်စပြုလာပြီး နေမထိ ထိုင်မသာ ဂနာမငြိမ်သောစိတ်က သူမအားလှည့်စားနေပြန်သည်။ အိမ်ထဲသို့ရောက်ပြီးခါမှ ပြန်ထွက်ရန် ဟန်ပြင်လိုက်သည်။

သို့သော်လည်း အမှုအရာပျက်လွန်းလှသည်ဟု သူမစိတ်က ထင်ယောင်လာသဖြင့် အိမ်ရှေ့ရှိ ကုလားထိုင်လွတ်တလုံးတွင် ဝင်ထိုင်လိုက်လျက် တဘက်သို့ သူမ၏မျက်နှာက ငေးမောဟန် ပြုနေသည်။

မိမိကြီး၏ ခံစားချက်သည် တဦးတည်း ခံစားနေသည်ဟု ထင်မိသည်။ သူမ၏အတွေးက ဤသို့ပင် ဖြစ်ချေ၏။ အမှန်မူ မေတ္တာ၏ ရောင်ပြန်ဟပ်မှုကြီးသည် တဦးသူ၌ ရှိခဲ့ပါက မေတ္တာ ထားခြင်း ခံသူတို့က ထိုနည်းတူစွာပင်ကား သူ့အပေါ် ပြန်လည် ရောင်ပြန်ဟပ်စမြဲ။

ထို့ကြောင့် ကိုအေးလွင်သည် စာကြည့်နေခိုက် သူ၏ရှေ့ ဟွင်ထိုင်နေသော မိမိကြီးအား မမှိတ်မသုန်သော မျက်လုံးအစုံ က လှမ်းကြည့်လိုက်မိသည်။တဦးနှင့် ဘဦးအကြည့်ချင်းက တခါ ဟရံ ဆုံမိကြသည်။ ထိုအချိန်တွင် မျက်လွှာကလေး များကို အောက်သို့ ပြိုင်တူချလိုက်ကြသည်။ တဦးနှင့်တဦး ခံစားချက် ချင်း တူညီသလိုလို ရှိလာပြန်သည်။ ချစ်ခြင်းအစ မျက်စိက ာချစ်အဘိဓမ္မာဆရာကြီးတို့၏ ရည်ညွှန်းချက်သည် ဤနေရာတွင် အကောင်အထည်ဖော်စ ပြုနေသလားဟူကား မပြောတတ်ေ ။

မိမိကြီးသည် နှင်းလှနှင့်အတူကျောင်းသို့သွားရန် အိမ်မှထွက် သွားသော်လည်း ကိုအေးလွင်တယောက် သူမ၏ကျောပြင်ကို ငေးမောကြည့်ရင်း ကျန်ရစ် နေရှာပါတော့သည်။ မိမိကြီး၏ လုယ်ရှားခဲ့သောစိတ်ကိုတခြမ်းခွဲ၍ ပေးခဲ့ခြင်းဖြစ်၏။

သူတို့သည်တဦးနှင့်တဦး တွေ့ဆုံရန်အကြောင်းမရှိ အနေခြအနေလဲ မပေး။ ဖာသိ ဖာသာ နေခဲ့ကြသည်။ မိမိကြီးသည် နှင်းလှမှလွဲ၍ ၎င်းအိမ်ရှိ အခြားသူများအား ဂရုမပြု။ ဘခါ တရံကိစ္စကြီးငယ်ရှိပါက အနည်းငယ်မျှသာ နှင်းလှ၏မိခင်အား ပြောဆိုခလေ့ရှိ၏။ အိမ်သို့ ဝင်ထွက်သည်ဟု မပြောပလောက်သောအကြောင်းက မိမိကြီးအတွက် ရှိလာခဲ့၏။

ဤလမ်းတွင် မိမိကြီးနှင့်နှင်းလှသည် အတွဲဆုံး၊ အချစ်အခင်ဆုံး သူငယ်ချင်းဖြစ်သည်။ဆိုးတိုင်ပင် ကောင်းတိုင်ပင် ကျောင်းနေဘက်လည်း ဖြစ်ပြန်သောကြောင့် ပို၍ပင် ချစ်ခင်ကြ၏။ ကျောင်းစာနှင့်ပတ်သက်၍ ဆွေးနွေးခြင်း ရှိပါကမိမိကြီးအိမ်သို့ နှင်းလှ လာတတ်သည်။ နှင်းလှထက်မိမိကြီးက စာတော်သည်။ ဉာဏ်လည်းကောင်းသည်ဟု မှတ်ချက်ချဘူးသည်။

မိမိကြီးသည် ကျောင်းဘက်ရန် အချိန်မှတပါး နှင်းလှတို့အိမ်သို့ ဝင်ထွက်ခြင်း သိပ်မရှိတော့ပေ။ အရေးအကြောင်းကြီးငယ်သောအခါမှသာ ဝင်ထွက်တတ်သည်။

ခုတော့ဤကဲ့သို့မဟုတ်တော့ချေ။ မိမိကြီးသည် အကြောင်းရှာပြီး နှင်းလှတို့ အိမ်သို့ အထွက်အဝင် များသာ တတ်သည်။ အကြောင်းတခုခုကိုပြု၍နှင်းလှအား စကားပြောလာ ရှာသည်။ နှင်းလှတို့အိမ်ရှေ့တွင် စိုက်ပျိုးထားသော ပန်းမာလာများ ကို ငေးမောရင်းပန်း၏အလှကို ချီးကျူးတတ်ပြန်သည်။

အကြောင်းမရှိ အကြောင်းရှာတတ်သော သူ့မစိတ်ဖောက်ပြန်နေခြင်း၏နောက်သို့ တကောက်ကောက် လိုက်နေ ပါတော့

သည်။နှင်းဆီပန်းအိုးနံဘေးတွင် မိမိကြီးတယောက် ချဉ်းကပ်ပြီး နောက် ဖူးငုံကလေး များကို ငေးကြည့်ယင်း အတွေး ရေယာဉ် ကျောဝယ်နစ်မြောလျက်ရှိနေ၏။ အမှတ်မထင် နှင်းလှက သူမ၏ ပုခုံးကိုပုတ်လိုက်သောအခါတွင် အထိတ်တလန့် ဖြစ်သွား မိပါ သည်။

'နှင်းလှကလဲအသံကလေးဘာလေးများပြုအုံးမှပေါ့'

မိမိကြီးသည် မကျေနပ်သောအသံဖြင့် နှင်းလှအား ပြောရှာ သည်။

'ကိုယ့်သူငယ်ချင်းက ဘာတွေ တွေးနေလို့လဲ'

'ဒါနဲ့သူငယ်ချင်း ဒီပန်းတွေကိုဘယ်သူ စိုက်ထားတာလဲ'

'အကိုလေး ကိုအေးလွင်ပေါ့ကွ'

'ဒီလိုဆိုမင်းတို့အကိုလေးကပန်းစိုက်တာ ဝါသနာ ပါတာဘဲ၊ မသိပါဘူး....ကိုယ့် အနေနဲ့ကတော့ အရက် သမား တယောက် လို့အောင်း မေ့နေတာ'

'မင်းထင်တာ တစိတ်တဒေသ တော့ မှန်ပါတယ်၊ ဒါပေမဲ့ အရက်မသောက်တဲ့ ရက်တွေမှာ ပန်းပင်စိုက်၊ စာဖတ် ခြင်းစတဲ့ အလုပ်နဲ့အချိန်ကုန်ခံတယ်၊ တခါတလေ သူစိုက်ထားတဲ့ ပန်းက လေးဘွေပွင့်လာရင်သေ ပွင့်နေတဲ့ ပန်းကလေးတွေကို ငေးမော ကြည့်နေတတ်တယ်၊ ပန်းအလှကို ကြည့်နေရတာဟာ သူ့ရင်မှာ အေးစေတယ်၊ပန်းအရောင်ကြည့်နေရတာဟာ သူ့ရဲ့နှလုံးသားကို လှပစေတယ်တဲ့'

'ဒီလိုဆိုရင်ကိုအေးလွင်ဟာ စိတ်ကူးယဉ် သမား တယောက် ဖြစ်နေတာပေါ့'

'အေးပေါ့ သူငယ်ချင်း၊ မင်းလဲ ခဏခဏကား ပန်းအလှကို ငေးမောရင်းစိတ်ကူးယဉ်နေတယ်မဟုတ်လား'

နှင်းလှ၏စကားကြောင့် မိမိကြီး မျက်နှာတခုလုံး ရှက်သွေး ရောင်များပေါ်လွင် လာပါတော့သည်။

'ဒါပေါ့သူငယ်ချင်း၊ လောကမှာ မတူညီတဲ့ အရောင်နှစ်မျိုး ပေါင်းစပ်ထားရင်တူညီတဲ့အရောင် မဖြစ်လာဘူး၊ ဘာသာချင်း မတူ ညီတဲ့ အိမ်ထောင် ရေးဟာ လဲ ဘာ သာ တရား တူ ညီတဲ့ သဘောလက္ခဏာ မရှိသလို ဝါသနာ စရိုက် မတူတဲ့ သူတွေလဲ ဘာရှည်စွာ ပေါင်းသင်းလို့ မရသလို ဘယ်ကိစ္စမှာဘဲ ဖြစ်ဖြစ် တူညီမှုရှိဘို့ အတွက် တူညီတဲ့ အကြောင်း အရပ်တွေ စုစည်း ပေါင်းစပ်သလိုပေါ့ကွာ'

နှင်းလှ၏ရည်ညွှန်းချက်များက မိမိကြီးအဖို့ ပြန်လည် ချေပ ရန်အချက်အလက်များပျောက်ကွယ် နေပါတော့သည်။ မိမိကြီး မြင်ကွင်းတွင် တွေ့မြင်ရသော ပန်းအိုးတွင် စိုက်ပျိုး ထားသော ပန်းအိုးတအို စီ၏ပန်းနာမည်ကို ပြောပြနေပါ တော့ သည်။

'သူငယ်ချင်း၊ ဒီပန်းအိုးကပန်းဟာ နှင်းဆီပန်း အနက်၊ ဒါက ဒေလီယာ၊ နှင်းဆီရိုးရိုး၊ အာဖရိကဒေစီ'

မိမိကြီးသည်နှင်းလှ၏ ပြောပြချက်ကိုနားထောင်ပြီး ပန်းအိုး တအိုးစီလိုက်လှည့်လည်ကြည့်ပြီးနောက် နှင်းဆီပန်းအနက်တပွင့် အနီးသို့ရောက်သွားသောအခါတွင် သူမ၏လက်များက အငြိမ် မနေနိုင်တော့ဘဲခူးဆွတ်ရန် ဟန်ပြုလိုက်ပါတော့သည်။ အမှတ် မထင်နောက်မှအသံပြုလိုက်သဖြင့်....

'ဥယျာဉ်မှူးထံ ခွင့်မပန်ဘဲ ခူးတဲ့ပန်းဟာ မလန်း ဆန်းဘူး၊ လောင်းရိပ်မိနေတဲ့ပန်းလို ညှိုးနွမ်းနေမှာဘဲနော်....'

ကိုအေးလွင်၏ စကားသံကြောင့် မိမိကြီးသည်ခူးရန် ဟန်ပြုသောလက်များသည် တွန့်ဆုတ်ဆုတ် ဖြစ်သွားပြီးနောက် အသံလာရာဘက်သို့လှည့်ကြည့် လိုက်မိ ပါတော့သည်။ ကိုအေးလွင်အား ရုတ်ချည်း မြင်လိုက်မိသည်။ သူ၏ မျက်နှာသည် အပြုံးပန်းများပွင့်လန်း နေခြင်းကို မြင်လိုက်ရသည့် အတွက် မိမိကြီးကလည်းမချိပြုံးဖြင့်ပြန်လည်ပြုံးပြ လိုက် ပါသည်၊ ထိုအချိန်တွင် နှင်းလှကပင်ကြားဝင်၍ လမ်းကြောင်းပေးသည့် စကား မျိုးဖြင့် ပြောလိုက်ပါ၏။

'ပိုင်ရှင်မပေးဘဲ ယူရတဲ့ တိတ်တခိုး အလုပ်ဟာ အချို့လူတွေ အဖို့ပျော်ရွှင်သလိုလိုပေါ့၊ ပိုင်ရှင်က ပေးတဲ့ ကိစ္စကျတော့လဲ လိုချင်တဲ့လူက ဆန္ဒမပါသလိုလို ပေါ့ အကိုလေး....'

'ညီမလေး ပြောသလိုဆို ပိုင်ရှင် မပေးဘဲ ယူတဲ့ပစ္စည်းကိုမှ လိုချင်တယ်ဆို၊ ပန်းတပွင့်ထဲခူးလို့ မရဘူးနော် တအိုး လုံးယူမှ ရမယ်....'

ကိုအေးလွင်၏စကားကြောင့် မိမိကြီးသည် ကနဦးက ရှေ့နှုတ်ပိတ်နေမည်ဟု အစတွင်ပါးစပ်ပိတ် ခဲ့ပေလင့် ကိုအေးလွင် ၏ အပြောအဆိုကို ကြားရသော အခါတွင် ပြန်လည်ချေပလိုသော စိတ်က တဖွဖွပေါ် ပေါက်လာ ပါသည်။

'ဒါပေါ့အကိုလေး မိန်းခလေးတွေ အနှစ်သက်ဆုံး အမြတ်နိုးဆုံးဖြစ်တဲ့ ပစ္စည်းတွေထဲမှာ ပန်း အလှလဲ ပါဝင်တယ် ဆိုတာ သိထားစေလိုပါတယ်၊ ခုလို ခွင့်မ တောင်းဘဲ ခူးမလို့ ရည်ရွယ်မိဘာဟာ မိရဲ့အပြစ်ပ ဘဲ'

မိမိကြီး၏ မျှင့်တပင့် ပြော လိုက်သော စကားများထဲတွင် မိန်းခလေးများသည် အမှန် မွန်မြတ် နှစ်သက် ခုံမင် တတ်သော ပစ္စည်းများထဲတွင်ပန်းလည်းအပါအဝင်ဖြစ်ကြောင်းကောက်နုတ် ဖော်ပြ လိုက်သေသည်။

'ဒါပေါ့မိမိ နဂိုမရှိလို့ နကိုင်းထွက်အောင် လုပ်နေတဲ့ သူတွေ အဖို့ လုပ်ရတဲ့ သူတွေ အတွက်တော့ မိမိ ပြောတာ မှန်ကောင်း မှန်ပေလိမ့်မယ်၊ ခုလိုနဂိုရှိပြီး နကိုင်းလှနေတဲ့ သူတွေအတွက် ပန်း အလှကိုတင်စားဘို့မလိုဘူးလို့ ထင်ပါတယ်'

ကိုအေးလွင်၏စကား အဓိပ္ပာယ်မှာ လေးနက်လွန်း လှသည်။ သူမ၏တသက်တွင် ယောကျ်ားပျိုတဦး၏ ချီးကျူးသော စကား ကိုကြားကြိမ်သည် ပထမအကြိမ် ဖြစ်နေသည်က တကြောင်း၊ ကိုအေးလွင်နှင့် တရင်းတနှီး စကား တခါ ဘူးမှ မပြောဘဲ ခုလိုတဦးနှင့်တဦးရင်းနှီးပွင့်လင်းစွာ ပြောလိုက်သော စကား၏ အနက်အဓိပ္ပာယ်မှာသူမ၏ အသဲနှလုံးအား ကြည်နူး နှစ်သက် စေပြန်သည်။

မိမိကြီးသည်ကိုအေးလွင်နဘေးမှ ထွက်ခွာရန် ဟန်ပြု လိုက် သည်။ သူမ၏ခြေလှမ်းများသည် ရုတ်တရက် လှမ်းမိသော အခါ တွင်အမှတ်မထင်ခဲလုံးကြီးတခုကို ခြေဦးဖြင့် တိုက်လိုက်မိ သဖြင့် ကိုယ်ကလေးသည် ယိမ်းယိုင် သွား သော ကြောင့် ကိုအေးလွင် လက်တဖက်သည် မိမိကြီး၏ လက်မောင်းကို မိမိရရ ဆုတ်ကိုင် မိသည်။

မှန်ပါသည် ကိုအေးလွင်တယောက် ယင်းကဲ့သို့ မဖမ်းလိုက်ပါက မိမိကြီးသည် ရှေ့သို့ မျှောက် လျက် သွား ကျသွားနိုင်၏။ သူမသည်အိမ်ပြန်ရန်ဆန္ဒစောမှုကြောင့် အောက်တွင် ရှိနေသော အရာဝတ္ထုကို မကြည့်မိချေ။ သို့သော် မမျှော်လင့်ဘဲ ဖြစ်ပေါ်လာသော အခြေအနေကြောင့် တဦးနှင့် တဦး ရှက်သွေး များ ဝင်ကာ ထိုနေရာမှ အမြန်ဆုံး တဦးကိုတဦး ခွဲခွာ လိုက်ကြ ပါတော့သည်။

အကွပ်မရှိသောတောင်းသည် ဗရမ်းဗတာရှိ၏၊ ထို့နည်းတူ ကိုအေးလွင်၏ စိတ်သည် အကွပ် မရှိသော တောင်းကဲ့ သို့ ပင် တချိန်ကအရက်ကိုနှစ်နှစ်ကာကာ စွဲစွဲလမ်းလမ်း ကြိုက် နှစ် သက်မိသည်။ စိတ်နောက်သို့ ခန္ဓာရုပ်က လှုပ်ရှား ခဲ့ရ၏။ သွားလာခဲ့ရ၏၊ အခြေအနေ တရပ်ကို သုံးသပ်ရန် သူစိတ် မပေါ်ခဲ့ပေ။ မျက်ကန်း လမ်းလျှောက်သလိုတော့ ရှိနေပါသည်၊ ခုသဲမိမိကြီး အပေါ်စွဲလန်းသော စိတ်က ဖောက် ပြန် လာသည်။

သူ၏နှလုံးသားမှ ပေါက်ဖွားခဲ့သော မေတ္တာ စိတ် များသည် ဘဖြေးဖြေး ယိုစီးလာတော့သည်၊ မိမိကြီး၏ မျက်နှာကို မမြင်ရပါကမနေနိုင်သောစိတ်၏ လှုပ်ရှားမှုကြောင့်။

ချစ်သူ လာမည့် လမ်းပေါ်၌ စောင့်ဆိုင်းနေသည်၊ သည် လမ်း သည်ရန်သူများ ဝိုင်းရံကာဆီးလင့်၊ သူသိလျက်ပင် သည် လမ်းပေါ်သို့ လျှောက်ရမည်၊ ချစ်သူ နှင့် သွားရမည် ဆိုပါက ကြမ်းတမ်းခက်ရောခြင်း၊ဆူးညှောင့်ခလုတ် များပေလင့် မေတ္တာ ရောင်ဖြည်တို့ကိုဖြန့်လျက်နေသည့်ခရီးသို့ သူလျှောက်ပါမည်။

သူ့စိတ်က ဤသို့ထင်၏၊ တွေး တော၏၊ မှတ်ချက်လည်း ချခဲ့၏။ အဘယ် ရန်သူ ခလုတ် ကန်သင်းများ သည် မေတ္တာ၏ တန်ခိုးကို လွှမ်းမိုးဆန့်ကျင်နိုင်လိမ့် မည်မဟုတ်။

ဤယုံကြည်ချက်သည် သူ၏နှလုံးသားဝယ် ရစ်နှောင် ထား ခဲ့သည်၊ မိမိကြီးကိုချစ်ရာ၌ အခက်အခဲပေါင်းများစွာကို တွေ့ကြုံ ခဲ့ရမည် အခက်အခဲပေါင်း များစွာကို ရင်ဆိုင် ခဲ့ရမည်၊ အခက် အခဲပေါင်းများစွာကိုကျော်လွှားမည်။ နောင်တွင်လည်း အခက် အခဲကြုံရအုံးပေလင့်၊ သူက ထိုပြဿနာ အခပင်း ကို ရဲရဲ ဝံ့ဝံ့ အောင်ပွဲ ခံရ သော စစ် သူကြီး တဦး ကဲ့သို့ပင် ရင်ဆိုင်ဖြေရှင်း မည်ဟုယုံကြည်ထားခဲ့လေသည်။

ကိုအေးလွင် ချစ်ရသလို သူ့အပေါ်တွင် မိမိကြီးက မေတ္တာ ကြီးမားခဲ့၏၊ မေတ္တာနှောင်ကြိုးက တဦးနှင့်တဦး ရစ်ပတ်နှောင်ဖွဲ့ တတ်လာ၏။

သည်တခါတော့ ကိုအေးလွင် တယောက် စဉ်းစား တတ် သည်။ လူမှန်းသိတတ် လာခဲ့သော အသက်အရွယ် လောက်က စ၍ မိမိ၏ကျရောက်နေခဲ့ သော အခြေအနေကို အမှန်အတိုင်း ဖြစ်ရာဖြစ်ကြောင်း ဝေဖန်သုံးသပ် ခဲ့ခြင်းမရှိပေ။ တကြိမ်တခါမျှ ပြုလုပ်ရကောင်းဟု နားမလည်ခဲ့ချေ။

ခုတော့သူ့အတွေး များက မှန် ကောင်း မှန်ပေ လိမ့် မည်။ အကြောင်းမူမိမိကြီးသည် မြေရှင် ငွေရှင် ဓနရှင် တို့၏ အသိုင်း အရိုင်းမှမြောက်စားခဲ့ရသူ တဦးဖြစ်သူ အငြိမ်းစား ရဲဝန်ထောက် တဦး၏သမီးဦး၊ ထို့ကြောင့် သူအား လျော့ရမည့် အကြောင်း က ရှိလာသည်။

ကိုအေးလွင်သည်လူ့သောကတွင် ဘွဲ့ထူးရားထူးရာခံရရှိသောသူလည်း မဟုတ်၊ ရုံးတရုံးတွင် အောက်တန်း စာရေး ကလေးတဦးပင် ဖြစ်၏။ မိမိကြီး ဂုဏ်အရှိန် အဝါတွင် သူ၏လက်ရှိ အလုပ်အကိုင်နှင့်စာလျှင် မိုးနှင့်မြေကြီးပမာ ကွာခြားနေကြောင်းကိုသူကောင်းကောင်း သိထားမိသည်၊ ဒါကြောင့် ချစ်မေတ္တာ၏တန်ခိုးကြောင့် သူသည် မိမိကြီးအပေါ် ချစ်မေတ္တာ ရှိခဲ့သော်လည်း ဤအကြောင်း ထိုအကြောင်းများ စဉ်းစား လာသောသူ့၌ချစ်နိုင်သောအားအင် ကုန်ခမ်း သွားတော့ သည်။

ကိုအေးလွင်၏ မေတ္တာ အကြောင်းကို စဉ်း စား လိုက်တိုင်း သူ၏ နှလုံးသားများသည် ဆူပွက်၍ လာတော့ သည်၊ ခေါရာမရ ဖြစ်ခဲ့ရပြန်သည်၊ သူ၏စိတ် ဓာတ် လျော့မှုကို အရက် ဟူ သော အသုံးရာနှင့်ဖြေရှင်းလိုက်ပြန်သည်။ စိတ်ညစ် လဲ သောက် သောကြောင့် အရက်ကို အဖော်လုပ် လာပြန် တော့သည်။

သူ့ရဲကောင်း ဆန်ပါသည်၊ မေတ္တာကို ယုံကြည်ချက်အပြည့်အ ဖြင့်သာယာသောဘဝကို တည်ဆောက်မည်ဟု သူ၏စိတ်ကူးယဉ် အိမ်မက်များသည် ဘယ်လောက် ပင် အူးသြောင့် ခလုတ်ကန့်သင်းများပေလင့် လျှောက်ရန် အားပြုခဲ့သော စိတ်များသည် လေအဟုန်ပြင်းစွာ တိုက်ခဲ့ သောကြောင့် တိမ်တောင် တိမ်လိပ်သဖွယ် လွင့်ပါးပျောက် ကွယ် နေ၏။ စစ်မရောက်ခင် မြားကုန်သကဲ့သို့သူ၏စိတ်က အရှုံးပေးလက်မြှောက် လိုက်သည်။

မေတ္တာလမ်းပေါ်တွင် လျှောက်ရဝံ့သော သူနှစ်ဦးဟုမိမိတို့၏ ဆုံးဖြတ်ချက်ချထားသော ခံယူချက် မဏ္ဍိုင်ကြီး တခုယိမ်းယိုင်

ပြိုလဲအောင် ကိုအေးလွင်က ပြုလုပ် လိုက်သည်၊ အ ကြောင်းရှာ တော့ခေါင်းမှာချာချာလယ်၊ တခုဘဲရှိတယ် ဆိုသော တေးသွား ကဲ့သို့အရက်နဲ့ ပျော်ပျော် နေတာ ကောင်းပါလိမ့်မည်။

သူ၏စိတ်ရိုင်းများက ဖောက်ပြန် လာတော့သည်။ သူသည် ခြေချဘူးသော နေရာသို့ ပြန်လည်ရောက်ရှိ သွားပြန်သည်။

'ဟေ့ အေးလွင်'

အသံသာရာဘက်ဆီသို့လှည့်ကြည့် လိုက်မိသည်၊ အသံပြုသူက ဘခြားမဟုတ်ပေ၊လက်ဦးဆရာကိုအောင်သိန်းပင် ဖြစ်လေသည်။ ကိုအောင်သိန်းသည် သောက်လက်စ အရက်တခွက်ကို လက်တွင် ကိုင်ထားသည်ကို သူမြင်လိုက်ပါသည်။

'မင်းသဲ၄ာနချုပ်ရောက်မလာတာ တော်တော်ကြာနေတာဘဲ ပျောက်ချက်သားကောင်းနေလိုက်တာ၊ သောက် ဖော် သောက် ဖက်တွေတောင် သတိမရတော့ဘူးထင်တယ်'

ကိုအောင်သိန်းက စကားနာထိုးလိုက်သောကြောင့်....

'မဟုတ်ပါဘူး ဗျာ၊ ကျနော် အရက်မသောက်တော့ဘူးလို့ စိတ်ဆုံးဖြတ်ထားတယ်။ ဒါပေမဲ့ အရက်ဆက် ပိုပြီးတဲ့အရာကိုမှ ကိုင်ဖို့ နေရာတောင်း ကိုပြန်သည်ခဲ့ရတာပါ'

ကိုအေးလွင်သည် ကိုအောင်သိန်းထိုင်သောစားပွဲတွင် ဝင်ထိုင်လိုက်ပြီး ထောင်ထားသော အရက်ပုလင်းကို ဖန်ခွက်ထဲသို့ ငှဲ့လိုက်ပြီးနောက် ပါးစပ်ထဲသို့ တရှိန်ထိုး မော့ချလိုက်ပါတော့သည်။

'နေစမ်းပါအုံး၊ မင်း စောစောကပြောတဲ့ အရက်ထက် ပူ သောင်တဲ့အရာဆိုတာ ဘာလဲကွ'

'ခင်ဗျားလဲငယ်ရာကကြီးလာတဲ့လူဘယောက်ဘဲ၊ ဒါတောင် မသိသေးဘူးလား'

'ငါမသိလို့ မေးတာပါ'

'မေတ္တာရှဲလောင်းရိပ်အောက်မှာ ပေါက်ဖွားလာတဲ့အချစ်ဆိုသော လူသားတွေရဲ့ ပြောပြောနေတဲ့ တဦးကိုတဦးချစ်ကြသည်ဆိုရာဝယ်'

'အော်... မင်း ချစ်လာတတ်ရင်တော့ တနေ့မဟုတ်တနေ့ ဒဏ်ရာဒဏ်ချက် ပေါ်လာအုံးမှာပေါ့'

'အေးလေ....ချစ်တယ်လို့ ကျနော့်ရဲ့နှလုံးသားမှာ ဒဏ်ရာဒဏ်ချက်ပေါ်လာလို့ အရက်နဲ့ကုစားပြန်ရတာပေါ့၊ ကိုအောင်သိန်းရယ်'

'ကြည့်လုပ်အုံးနော်၊တော်တော်ကြာ မင်းသားကြီးခင်မောင်ရင်လို အရက်ကိုအဖော်လုပ်ခါ သီချင်းဆိုနေရအုံးမယ်'

ကိုအောင်သိန်း စကားပြော ကောင်းသလောက် ကိုအေးလွင်ကမူ အရက်ကိုသာ အသွင်သွင်သောက်နေပါတော့သည်။ အရက်အငွေ့နံကြောင့် ကိုအေးလွင်ခေါင်းတခုလုံးသည် ထိုင်းထိုင်းမှိုင်းမှိုင်းဖြစ်လာပြီး လျှာလေး အာလေးစကားများနှင့် မပီသမသဲကွဲ ဖြစ်နေပါ၏။

'ဒီမှာ ကိုအောင်သိန်း မဝသေးဘူးဆို၊ နောက်တလုံးမှာအုံးလေ'

ကိုအောင်သိန်းသည် ကိုအေးလွင်၏ အပြုအမူကိုကြည့်ပြီး သူသောက်သားသော အရက်အရှိန်များသည် ပျောက်ကွယ်၍သွားပါတော့သည်။ ကိုအေးလွင်သည် စကားပြောဆိုနေရာမှ တခါတရံ သူ၏ခေါင်းသည် စားပွဲပေါ်သို့ တရှိန်ထိုးကျလိုက်ထောင်လိုက်ဖြင့် ရှိနေပါ၏။ထို့ကြောင့် ကိုအောင်သိန်းသည် သောက်ဖော် သောက်ဖက် တဦးတား အိမ်ပြန်နိုင်ရေးအတွက် စဉ်းစားရသေးသည်။

အိမ်ပြန်ဘိုကိစ္စနှင့်ပတ်သက်၍ ကိုအေးလွင်ဘာတခုမျှ မစဉ်းစားဘဲ ရှိ၏။ သူသည် အရက်အလွန်မူးနေပြီ မဟုတ်ပါလော။ ဒါကြောင့် သူ့အတွက် ဤဆိုင်နှင့် ဤခုံပင် အိပ်ရာသဖွယ် ဖြစ်နေပြန်သည်။ ထ၍ ကြွ၍ မသွားနိုင်သော သူ့ခန္ဓာရုပ်သည် ရုပ်သေးကြိုးပြတ်သကဲ့သို့ပင် ရှိနေတော့သည်။

ကိုအေးလွင်၏ အဖြစ်အပျက်ကို ငေးမောကြည့်လျက် နံဘေးတွင် ငုတ်တုတ်ကလေး ထိုင်နေသော ကိုအောင်သိန်းမှာလည်း ငြိမ်သက်၍ နေပါတော့သည်။ ကိုအောင်သိန်းလည်း ကိုအေးလွင်ကဲ့သို့ပင် စားပွဲပေါ်တွင် အိပ်ပျော် သွားပါတော့သည်။ ဆိုင်ရှင်တရုတ်အဖိုးကြီးကမူ သောက်နေကြဖောက်သယ်များဖြစ်ကြသောကြောင့် အပြင်သို့ထွက်သွားရန် နှင်ထုတ်ခြင်းမရှိပေ။ သူတို့နှစ်ဦးအား အနှောင့်အယှက်လည်း မပေးချေ။ တုတ်တုတ်ကလေးမျှမလှုပ်မရှက် အိပ်နေသူနှစ်ဦးအားကြည့်ပြီး ပြုံးဖြဲဖြဲ လုပ်နေပါတော့သည်။

ဆိုင်ရှင်တရုတ်ကြီး၏ ရယ်မောခြင်းမှာလည်း အကြောင်းက ဤသို့ပင် ဖြစ်ပါသည်။ အရက် လူကိုနိုင်သွားတော့ မထနိုင်၊ မသွားနိုင်၊ မလာနိုင်ဖြစ်နေကြပါလား၊ ဟူသော အတွေးတခုက သူ့အတွက်ပီတိ ဖြစ်စေခဲ့လေသည်။

တညဟူသောအချိန်က သူတို့နှစ်ဦးအတွက် ဤစားပွဲပေါ်တွင်ပင် ကုန်လွန်စေခဲ့လေသည်။ နံနက်အလင်းရောင်ပြည့်ပြည့် ဖြိုးဖြိုး ပီပီ ပြင်ပြင် လင်းထိန်နေတော့မှ သူတို့နှစ်ဦးသည် ထို

အရက်ဆိုင်မှထွက်ခဲ့ပြီး အိမ်သို့ပြန်ရန် အချိန်မရှိ၊ ရုံးတက်ရန် အချိန်ကနီးကပ်နေသည်။ ထို့ကြောင့် ရုံးသို့ တက်ရောက်ခဲ့၏။ ရုံးသို့ ရောက်လင့်၊ သူတို့မျက်နှာသည် လန်းဆန်းမှုမရှိ၊ မှုံတေတေမျက်နှာအသွင်ဖြင့် ကိုယ်လုံးမှာလည်း သေသေ သပ်သပ်မရှိ ဆံပင်စုတ်ဖွားနှင့် အဝတ်အစားများကလည်း ကြေမွနေတော့သည်။ သူတို့သည် ရုံးထဲရှိ လဘက်ရည်ဆိုင်တွင် အချိန်အနည်းငယ် ဖြုန်းလိုက်ကြပါသည်။

မနေ့ကသောက်ထားသော အရက်နံ့သည် ဒီကနေ့မနက်အထိ သင်းတပြန့်ပြန့်၊ သူတို့၏ပါးစပ်မှ စကားပြောတိုင်းအရက်နံ့မှာ ပတ်ဝန်းကျင်သို့ ပြန့်လွင့်နေပါသည်။

‘ ဟေ့ ....အေးလွင်၊ အရှိန်မပြေသေးဘူးလား ’

ကိုလှိုင်တင်၏အမေးကြောင့် ကိုအေးလွင်မှာ ပြုံးဖြဲဖြဲဖြင့်လုပ်နေပါတော့သည်။

‘ ခေါင်းထဲမှာ နောက်ကျိကျိဖြစ်နေသေးတယ် ’

‘ ဒီလိုဖြစ်နေရင် နောက်ထပ် ဖြည့်လိုက်ပေါ့ကွ၊နောက်မို့လို တခနလုံး ခေါင်းအုံမှာ ’

‘‘ကိုလှိုင်တင်၏ စကားအရအဆိုပါ ကိုအေးလွင်အဖို့နောက်ထပ် သောက်ရအုံးမည်။

ကိုလှိုင်တင်သည်ဝါရင့်သော အလုပ်သမားတဦးဖြစ်ပါသည်၊ ယင်းကဲ့သို့ ဝါရင့်တဦး၏ အကြံပေး ချက်သည် မှားနိုင်မည်မဟုတ်ပေ။

‘ ကျနော့်မှာ သောက်ဘို့ ဘော်ခန်းနေပြီ၊ ဖန်လို့ရယင်ကြည့်လုပ်ပေးအုံးလေ ’

ထိုအချိန်အခါက ငွေကို ဘော်လိုခေါ်ကြပါသည်။ ခန်းဆိုသည်မှာ မရှိသည်ကို ပြောဆိုကြပါသည်။

ကိုလှိုင်တင်သည်အိတ်ထဲသို့ ပြန်လည်စမ်းကြည့်လိုက်ပါသည်၊ ငွေ ၅-ကျပ်ဘန် အသစ်စက်စက်အိတ်ထဲမှ လက်ကဆွဲယူလိုက်ပြီး ကိုအေးလွင်လက်သို့ လှမ်းပေးလိုက်ပါသည်။

ဒီတော့....။

ကိုအေးလွင်၏ မှုံတေတေဖြစ်နေသော မျက်နှာတခွင်သည် အပြုံးကလေးများ အစီအရီ ပေါ်လွင်လာပါတော့သည်။ လူ့အသိုင်းအဝိုင်းတွင် လူတဦးနှင့် ချစ်ခင် ပေါင်းသင်းကြသော်လည်း ငွေအားဖြင့် ချစ်ခင်ကြသည်မှာ အလွန်နဲပါးကြသည်။ အပေါ်ရံပေါင်းသင်းကြပြီး သွားလာကြသည်။ အရက်သမားလောကတွင် ဤသို့မဟုတ်ပေ။ ပါလာသောငွေများကို လျှို့ဝှက်ခြင်းမရှိ။ အိမ်က သားမယား ငတ်ချင်ငတ်ပါစေ၊ ပါလာသောငွေကို အပေါင်းအသင်းနှင့် အရက်သောက်ရမည်ဆိုပါက ဝတ်လာသော ပုဆိုးကိုပင်ချွတ်ပြီး ပေါင်နှံခါ အရက်သောက်တတ်ကြသေးသည်။

ကိုအေးလွင်သည် အရက်ဆိုင်သို့ ရောက်လာပြန်သည်။သူ့၌ပါလာသော အသစ်စက်စက် မတွန့်မလိမ် ထောင်မလဲသဲကောဆိုသည့်အလား ငါးကျပ်တန် စက္ကူတရွက်ကို လက်ကလေးဖြင့် ပွတ်တိုက်ရင်း အရက်ရောင်းသော တရုတ်ကြီး၏ မျက်နှာဘခို ဝယ် ရစ်ဝဲပြလိုက်ပါသည်။

' ဆရာကြီး အကြွေးဆပ်မလို့လား '

တရုတ်ကြီး၏ ရုတ်တရက်ပြောလိုက်သော စကားသံကြောင့် ကိုအေးလွင်အဖို့ ထိတ်ထိတ်ပျာပျာ ဖြစ်သွား၏။ မှန်ပါသည်။

ကိုအေးလွင်ကမူ ယခင်ကအကြွေးယူသောက်သားသောကြောင့် ဆိုင်ရှင်တရုတ်ကြီးပြောသောစကားများကမူ မမှားနိုင်ချေ။ ထို့ကြောင့် ကိုအေးလွင်လက်တွင်ရှိသော ငွေ ၅-ကျပ်ကို တရုတ်ကြီးအား အကြွေးဆပ်လိုက်ပါက ဒီကနေ့အဘို့ သူ့အတွက် အရက်မသောက်ဘဲ ပြန်ရတော့မည့်အရေးကို မျှော်တွေးပြီး....

'တောင်ကဲကြီးရယ်....အကြွေးကို နောက်တော့မှယူပေါ့၊ ခု တလုံးနဲ့ အမြီးရောင်းပါအုံး နော်'

ကိုအေးလွင်၏ အပြုံးယဲ့ယောင်သန်းသော မျက်နှာဖြင့်ကရုတ်ကြီးအား မျက်နှာချိုသွေးလိုက်သောကြောင့် အရက်တလုံးသည် စားပွဲပေါ်သို့ ရောက်လာတော့သည်။ ယခင်ကမူ အရက်ကိုလူ ကနိုင်ပြီး သွားလိုသော နေရာသို့ ချောချောရှူရှူ အိမ်တိုင်ရာရောက် သွားလာနိုင်ခဲ့၏။ ယခုမူ အရက်က သူ့အား နိုင်လာသဖြင့် သွားလိုသောနေရာသို့ ရောက်လာပြန်လေသည်။

ထိုနေ့ညလည်း အရက်ဆိုင်ကွင် အိပ်ပြန်သည်။ ယခင်ညက တော့ နှစ်ယောက်၊ ခုတော့ ပယောက်တည်း။ သို့သော် ကိုအေးလွင်သည် အိပ်လေ့အိပ်ထ ပြုတတ်လာသဖြင့် စားပွဲအောက်တွင် ကွေးကွေးလေး အိပ်ပျော်နေပြန်သည်။

ဒီနေ့၊ ညနေဘက်သို့ရောက်လှင်၊ ကိုအေးလွင်၏ ခြေလှမ်းများသည် အရက်ဆိုင်ဘက်သို့ ဆွဲနေ၏။ သို့သော် သောက်ရန် ငွေလည်းမရှိ၊ သူ၏အဝတ်များမှာလည်း ညစ်ထေးထေး ရှိနေသောကြောင့် အိမ်ဘက်သို့ ခြေဦးလှည့်ခဲ့လေသည်။ သူသည် အလင်းဓာတ်ကိုအားပြု၍ လမ်းထဲသို့မဝင်မီ‌ရှေ့ အထူးဂရုပြုနေရ

ပြန်သည်။ အမှောင်ထုကိုမှီခို၍ အိမ်ရိပ်သို့ နင်းရပေလိမ့်မည်။ ထို့ကြောင့် လမ်းခေတ်မီးတိုင်များ မီးရောင်လင်းသောအခါ တွင် ကိုအေးတွင်တယောက် အိမ်သို့ ရောက်ရှိပါတော့သည်။

ကိုအေးလွင်သည် အိမ်ထဲသို့ရောက်ရှိပြီး တအောက်နားနေ ပြီးနောက် ကိုယ်လုံး**ပေါ်**မှန်ရှေ့တွင် ရပ်လိုက်ပြီး သူ၏တကိုယ် လုံးကို ခြေဆုံး ခေါင်းဆုံး ကြည့်နေပါတော့သည်။ ကြည့်ရင်း ကြည့်ရင်း သူ့ကိုယ်သူ ရှံလာတော့သည်။ ကေသာမှာ ဆီရောင် ကင်းမဲ့ပြီး အသားအရောင်က ညစ်ထေးထေး၊ မျက်လုံးကပြာ ဝေဝေ၊ ဦးခေါင်းမှာ နောက်ကျိကျိ၊ အဝတ်အစားတွေဆိုရင် ဖုံအထပ်ထပ်....

ဤရုပ်သွင်ကိုတွေ့တော့ သူစိတ်မကောင်း ဖြစ်ရပြန်သည်။ ငါ ဘာတွေ လျှောက်သုပ်နေပါလိမ့်ဟု အသိတရားက ဝင်လာ သည်။ ထို့ကြောင့် စိတ်၏စေစားရာ ငါလုပ်မိနေပြီ၊ ထိုအသိ စိတ်က တခါတရံတော့ ပေါ်ပေါက်လာသေး၏။ စိတ်နောက် ကိုယ်ပါသည့် အကြောင်းကိုတော့ သူ အနည်းငယ် ရိပ်စား မိသည်။

သို့သော် ပြုပြင်ရန်က သူ့တာဝန်ပင် ဖြစ်သည်။ ပြုပြင်ဖို့ရန် ကျိုးစားကြည့်၏။ အတတ်နိုင်ဆုံး အရက်ကိုမသောက်ရန် ရှောင် ကြဉ်းရန် အပေါင်းအသင်းများ နောက်သို့ မလိုက်မိ၊ မပါသွား မိအောင် သူဆင်ခြင်တော့မည် ဟူသော စိတ်ဆုံးဖြတ်လိုက်ပါ တော့သည်။

သူသည် တချိန်က မိမိကိုယ်ကိုအမြဲဘန်း မှန်ရှေ့ဝယ်အလု ပြုပြင်ပြီး သပ်သပ် ယပ်ယပ် နေထိုင်တတ်၏။ သူ့အဖို့ယခုကဲ့သို့ စိတ်နောက်ကိုယ်ပါ ဖြစ်ရသည်ကို မစဉ်းစားတတ်အောင် ဖြစ် နေသည်။ သူ၏ ဖြစ်ရပ်များနောက်မှ အတွေး အမျှင်တန်းက လေးများသည် တခုမဟုတ်တခု ဖြစ်ပေါ် လာနေသည်။ ၎င်း အတွေးအမျှင်များကို အတတ်နိုင်ဆုံးဖြတ်လိုက်ပြီး ရေချိုးခန် ဘက်သို့ ခြေဦးလှည့်လိုက်ပါတည်။

တိုင်ကပ်နာရီ၏လက်တံသည် ကိုးနာရီသို့ညွှန်ပြလျက် ရှိ၏ အိမ်ရှေ့ခန်းတွင် စာကြည့်နေသော နှင်းသုဆီသို့ ကိုအေးလွင် သည် တူရူ၍သွားလိုက်၏။ သူမရှေ့သို့ ရောက်ရှိသောအခါတွင် သူမေးလိုသောမေးခွန်းကို မဆုတ်မဆိုင်း ဘွင်းဘွင်းကြီး မေ လိုက်ပါတော့သည်။

'ဟေ့....နှင်းလှ ငါအိမ်မှာမရှိဘုံး မိမိကြီးတယောက် ဒိမ် လာသေးသလား'

ကိုအေးလွင်၏ မှုံတေတေမျက်နှာထားဖြင့် သူလိုချင်သော ကိစ္စ သိလိုသောအကြောင်းများကို ယတိပြတ် မေးလိုက်သော ကြောင့် နှင်းလှအဘို့ရုတ်ချည်း အခဖြေပေးရန် ခက်နေပါသည် သူမသည် ကြောင်အန်းအန်း ဖြစ်နေပြီး တကြိမ်တခါဘူးမျှ ဤကဲ့သို့ မမေးဘူးသော အကိုဖြစ်သူ၏ အရိပ်အခြေအနေကို အကဲခပ် ငေးစိုက်ကြည့်နေပါ၏။

'ဟေ့....နှင်းလှ ငါမေးတာ ဖြေလေ၊ ဘာငေးနေတာလဲ'

ဒီတော့ နှင်းလှတယောက် ဖြေရတော့မည်။

'အကို.... အိမ်မပြန်တဲ့ နေ့ကစပြီး ဒီနေ့အထိ၊ တခါမျှ မရောက်လာပါဘူး၊ ဘာကိစ္စရှိလဲ အကို'

နှင်းလှသက် ကိုအေးလွင်အား မသိယောင်ဆောင်ပြီး မေးခွန်း ထုတ်လိုက်ပါသည်။

'ငါမေးဘာဖြေပါ ညီမရယ်၊ ကျန်တဲ့မေးခွန်းတွေ အတွက် ကတော့ငါ့အတွက်အဖြေရှာရမှာပါ၊နင်နဲ့ မဆိုင်ပါဘူး'

'အကိုနှစ်ရက်လုံးလုံးအိမ်မပြန်ဘဲ ဘယ်မှာသွားနေသလဲ'

ညီမဖြစ်သူ၏အမေးကြောင့် ကိုအေးလွင်တယောက် အဖြေရကြပ်နေ၏။ သူ့အကြောင်းကို ညီမအား ထုတ်ဖော်ပြောလိုက်ပါက ကောင်းမည်လား (သို့မဟုတ်) ထုတ်မဖော် ပြောလိုက်ပါကကောင်းမည်လား၊ သို့မဟုတ် တယောက်ထဲ မျိုသိပ် ထားခြင်းသည် ကောင်းမည် လားဟု ဒွိဟ စိတ်ချီး ဖြစ်ပေါ်လာပြန်သည်၊

အရက်ကို ကြိုက်လို့ သောက်ခြင်းထက် စိတ်ညစ် ရော တွေးတောစရာများကို အရက်ဖြင့် ဖြေရှင် ၍ အဖြေရှာပါက ရလိမ့်မည်ဟူသောမြှော်လင့်ချက်ရှိခဲ့၏။ အရက်တခွက် နှစ်ခွက် သောက်ပြီးပါက တမျိုးဘဖုံစိတ်တွေတ်သည်းပြောင်းလဲပြီး ခံစားနေရသော ဝေဒနာတခုကို ချက်ချင်း ဝေဖန် ဆုံးဖြတ် နိုင်ခြင်း မရှိသော်လည်းခံစားခြင်း၏အကြောင်းအချက်တခုကို သံယောဇဉ်အမျှင် ကလေးများသည် တဖွဖွတလိမ့်လိမ့်၊ တခုနှင့် တခု ချိတ်ဆက်ကလေးလင်းဆက်ကလေးများက တွေးတောစဉ်းစား နေရသည်ကို အရက်သောက်ခြင်းကြောင့်ပင်ဟု ထင်ယောင်မိသည်။

သူခံစားခဲ့သော အဖြစ်အပျက် များကို ပြန်လည် သတိရပြီး ဆက်လက်ပြောရမည့်စကားများကို မပြောတော့ချေ၊ ထိုနေရာမှနေတဘက်သို့လှည့်၍ ထွက်ခဲ့ပါသည်။

အမှတ်မထင် မိမိကြီးအိမ်ဘက်ဆီသို့ သူ၏မျက်လုံး အစုံက လှမ်းကြည့် လိုက်သည်။ ခလာက ၏ အလယ်တွင် ထီးထီးကြီး ပေါ်လွင်နေသော ခိုင်ခန့်ကြီးမားၡ ခေတ်မှီစွာ ဆောက် လုပ် ထားသောတိုက်တာဟာခု၏ အတွင်းမှာ မီးရောင်များသည့် ပတ် ဝန်းကျင်ရှိအမှောင်ထုကို အနည်းငယ်ထိုးဖောက်နေ၏။

ထိုနေရာသို့ကိုအေးလွင်၏မျက်လုံးများက တစုံဖောက်သော သူအားတွေ့လိုတွေ့ငြား ရှာဖွေနေရသောစိတ်များသည် ပင်လယ် ပြင်တွင်လှိုင်းတန်ဘိုးဒဏ်ခံနေရရှာသော လှေငယ်ရှင် တဦးခံစား နေရသကဲ့သို့ပင် ရဘက် မအေးသော စိတ်များ ကဲ့သို့ပင် ပူပင် လှုန်းလှု သည်။ တွေ့လိုသောသူ သိလိုသောအကြောင်း များ က ယနေ့တိုင် တဦးတည်း ခံ စား နေရခြင်းမှ လွဲပြီး အခဖြေမှန်မရ သေးသောရလာဒ်ကြောင့် ရင်မောရရှာလေသည်။

ညသည်အမှောင်ထုကဖုံးလွှမ်းထားသည်။ ထို့အတူ ကိုအေး လွင်၏ဘဝသည်အလင်းရောင်ကင်းမဲ့သော အမှောင်ထု ကဲ့သို့ပင် ရှိနေ၏။

(ငါး)

ကိုအေးလွင်၏မျက်နှာသည် သာယာမှုကင်းမဲ့ပြီး တခုဘည်း သောအကြောင်းကိစ္စကို ဘွေးတော နေဟန်တူ၏။ ငုံ့လျက်ရှိ သောခေါင်းကို အသာ မော့လိုက်ကာ တ ဘက် တွင် ရှိ သော နှင်းလှ မျက်နှာဆီသို့ စူးစိုက်ကြည့် လိုက်ပါ တော့သည်၊ သူ၏ အကြည့်သည်အကြောင်းမဲ့တော့ မဟုတ်ပေ။ မနေ့ ည ဘက်က မေးခဲ့သော မေးခွန်းကို ပြန်သည် သက်ဝင် လှုပ်ရှား လာခြင်း ကြောင့်အဖြေပေးရန်သင့်တော်သည့်အချိန် သို့ ရောက်ပေသည်ဟု သူထင်မိသည်။

'ဟေ့....နှင်းလှ မနေ့ညက နင်မေးတဲ့ မေးခွန်းကို ဖြေရင် နားထောင်မလား'

ကိုအေးလွင်၏ ပီပီပြင်ပြင် လေးလေး နက်နက် ပြောလိုက်သော စကားသံကြောင့် နှင်းလှ တယောက်အတွေး အတော်ကလေးအဲ့သြ သွားရှာသည်။

'ဒီလိုနှင်းလှ ငါညီမလေးမို့ ပြောရတာ တခြား မိန်းခလေး တဦးဆိုရင် အကိုမပြောပြပါဘူး၊ အမှန်တော့လဲ 'ယိုသူ မရှက် မြင်သူရှက်' ဆိုသလိုပေါ့ကွယ်၊ ခံစား နေရတဲ့ သူတယောက်မှာ မိမိခံစားရတဲ့ အကြောင်းကို တခြားသူတဦးကို ဖွင့်ပြော လိုက်ရယင်ရင်ထဲမှာ ပေါ့ပါးသွားသလိုပေါ့၊ ခုလို ညီမလေးကို အကို ပြောပြလိုက်ရင် အကို့ရင်ထဲမှာပေါ့ပြီး အကို လိုချင်တဲ့ အကူ အညီများရလာလိမ့်မယ်လို့ ယုံကြည်ခဲ့တယ်....'

ကိုအေးလွင်သည်မိမိပြောလိုသောစကားကို ဦးစွာပလ္လင်ခံပြီး မှပြောလိုက်ပါသည်။

'အကိုအရက် သောက်တတ်တယ်၊ သောက်ခဲ့တာနဲ့ ပတ်သက် ပြီး နတလော အရက်ကို နေ့စဉ်ရက် ဆက် မပြတ် သောက်လာ တာဟာအကြောင်းတခုတော့ ရှိတာပေါ့၊ ဟိုတချိန်တုန်းကတော့ အကို မိတ်ဆွေတွေနဲ့ပေါင်းသင်းပြီး အရက်ကို အပျော်သဘော မျိုးနဲ့သောက်ခဲ့တာဘဲ၊ ခုတော့ ဒီလို မဟုတ် တော့ဘူး၊ အခုစ် ဆိုတဲ့ဝေဒနာ ခံစားချက်တခုကြောင့် ဒီအရက်ကို ပိုပြီးသောက် ခဲ့တတ်လေ....'

ကိုအေးလွင်၏ပြောလိုသော အချက်တခုကို ဘွင်းဘွင်းရှင်း ရှင်းအချစ်နဲ့ပတ်သက်လို့ အရက် သောက်ရကြောင်း အချက်ကို

သိသွားသောနှင်းလှ၏ မျက်နှာကလေးမှာ ညှိုးနွမ်း သွားတော့သည်။ ဖြူစင်သော လမင်းအား တိမ်မဲညို အုပ်လိုက်သကဲ့သို့ ရုတ်ချည်းဝမ်းနည်းခြင်း၊ သနားခြင်းစသော အကိုတဦး၊အပေါ်တွင်ထားအပ်ရသော သံယောဇဉ် မီးတောက် လောင် ခံရသော လက္ခဏာများ ပေါ်ပေါက် လာခဲ့သည်။

ကိုအေးလွင်သည် ပြောရမည့် စကားကို အနည်းငယ် အနားယူပြီးဆက်ပြောပြန်သည်။

'အချစ်နဲ့ပတ်သက်တဲ့ ဝေဒနာမျိုးကို အကို့အနေနှင့် တခါဘူးမှမခံစားရဘူး၊ခုလိုအမှတ်မဆင်အာရုံ၏ နောက်မှ တကောက်ကောက်လိုက်နေတဲ့စိတ်ကြောင့် စိတ်ညစ်ရာ လေးတွေ စဉ်းစားလာရင်အရက်နဲ့ ဖြေဖျောက်ဖြစ်ဘတ်တဲ့ အလေ့အထဟာ တစတစအရက်နဲ့ဖြေရှင်းမှ ရမဲ့ သဘောမျိုး အကို့နှလုံး သား မှာ အမြဲကိန်းအောင်းလာခဲ့တာပေါ့။ စိတ်ညစ်လေ အရက် သောက်လေဘဲ၊အရက်သောက်တော့ စိတ်ညစ်တဲ့အရာကို ဖြေဖျောက်လို့ရနိုင်အောင် ကြိုးစား ရတာဘဲ၊ မလွယ် ကူပါဘူး၊ အရက်နဲ့နဲ့ သောက်လိုက်ပြီးတော့ စိတ်ညစ်စရာ အကြောင်းကို အနည်းငယ် စဉ်းစားပြန်တယ်၊ ဒါကြောင့်မို့ စိတ်ညစ်စရာ အကြောင်း မေ့သွားအောင်အရက်ကိုမူးအောင်သောက်ရတော့ တာဘဲ၊ ခုလိုအရက်ကို ပိုပြီးမူးအောင်သောက်လိုက်ရော....သောက်တုန်းကတော့ ကိုယ့်ဘဝ ကိုယ်မေ့ပြီး စိတ်ချမ်းသာတယ်၊ တခါ အမူးပြေပြန်တော့ ဒီခဝဒနာနဲ့ သံယောဇဉ်ဟာ စိတ်ကိုအနှောက်အရှက်ပြုလာပြန်တော့တယ်၊ အကို့အနေနဲ့ဒီပြဿနာကို တယောက်ထည်းကြိတ်ပြီး စိတ်ဆင်းရဲခံမယ်လို့ ကိုယ့်ကိုကိုယ် စိတ်ဆုံးဖြတ်

နိုင်ပေမယ့် တဒင်္ဂအချိန်ကလေးတော့ ထိုဆုံးဖြတ်ချက်ဟာ မှန်ကန်ပေမယ့် တာရှည်ကြတော့ အဟောင်းဟာ အသစ် ဖြစ်မြဲဖြစ်နေတယ်....'

ကိုအေးလွင်သည် ပြောရင်းပြောရင်း စကားအသံများသည် နိမ့်သွားပြီးရင်တွင်း၌ခံစားနေရသော ခံစားချက်သည့် ပြင်ပသို့ပေါ်ထွက်လာတော့သည်။ သူ၏ညှိုးငယ်ပြီး အားကိုးရာမဲ့သော စိတ် အစဉ်သည် မုဆိုး၏ သားကောင် ကဲ့သို့ ဖြစ်နေ ရှာပါတော့သည်။

' အကူအညီလိုတဲ့ကိစ္စရှိရင် နှင်းလှ တတ်နိုင်သရွေ့ ကူညီပါ့မယ်အကို '

ကိုအေးလွင်၏ မတင်မကျ ဖြစ်နေသော စိတ်အစဉ်သည် လုံးလုံး လျားလျား ရတိပြတ် ဆုံးဖြတ်လိုက်ပြီးနောက်....

'အကိုလိုချင်တဲ့ အကူအညီကတော့ အခြား မဟုတ်ပါဘူး၊ မိမိကြီးကို ဒီစာလေးပေးလိုက်ပါ'

ကိုအေးလွင်သည် သူ၏အင်္ကျီအိတ်တွင် ကြိုတင် ရေးထားပြီးဖြစ်သော စာအိတ် တအိတ်ကို နှင်းလှအား လှမ်းပေး လိုက်ပါတော့သည်။

ချစ်စရာကောင်းသော နွေဦးသည် ကြည်နူးလှပ သစ်လွင်စ ပြုနေ၏။ အမိမြေပေါ်တွင်ပေါက်နေသော ရွက်သစ်၊ ရွက်ပျို၊ ရွက်အိုပင်များ၏ နွေရွက်ဝါတို့ ညှာကြွေလွင့်မြောနေကြသည်။ ဟိုမှ သည်မှ ဝေ့ ရမ်းဆော့ကစား လာသော နွေ၏ လေရူးနှင့် အတူ ရွက်ဝါတို့က လွင့်ပါးနေကြသည်။

ကတ္တရာလမ်းပေါ်ဝယ် ပြန့်ကြဲနေသော ရော်ရွက်ဝါများကို ခြေဦးဖြင့် ကန်၍ လမ်းလျှောက် ယာသော ကိုအေးလွင်သည် တစုံတရာကို ပြုလုပ်ရမည့်အရေးကို စဉ်းစားရင်း အတွေးနယ်ချဲ့နေပါတော့သည်။ သည်နေ့သည် ကိုအေးလွင် တသက်လျှာတွင် တခါဘူးမျှ မလုပ်ဝံ့ မလုပ်ရဲခဲ့ဘူးသောကိစ္စရပ်ကို နဖူးတွေ့ဒူးတွေ့ ရဲရဲဝံ့ဝံ့ ပြုလုပ်ရတော့မည်။

အကြောင်းက ဤသို့ပင်ဖြစ်လေသည်....။ မိမိကြီးတယောက်လာမည့်လမ်းမှနေ၍ စောင့်သည်။ သည်လမ်းသည် မိမိကြီးနှင့်နှင်းလှတို့ ကျောင်းသို့သွားနေကြလမ်းဖြစ်ပေသည်။ ထိုလမ်းကို အစဉ်မပြတ် လေ့လာခဲ့ဘူးသော ကိုအေးလွင် တယောက်အဖို့ ဒီနေ့သည် အခွင့်အရေးတရပ်ထူး ပေါ်လာ၏။

ညီမငယ်နှင်းလှသည် မိမိကြီး နှင့် ကျောင်းသို့ အတူ မသွားကြောင်းကို ကြိုတင် သိနှင့်ပြီးသော ကိုအေးလွင်သည် နံနက်စောစောကပင် အိမ်မှ ရုံ မသွားခင် သိနှင့်ထားပြီးသောကြောင့် မိမိကြီးလာမည့်လမ်းက ဦးစွာစောင့်နေပေသည်။

မိမိကြီးတဦး တည်း ကျောင်းဆီသို့ လျှောက်လာ၏။ သူမနှင့် အတူ ကျောင်းသူကျောင်းသားများလည်း သွားလာ နေကြ

သည်။ ကိုအေးလွင်သည် မိမိကြီးနှင့် ယှဉ်လျက်သွားပါလာလေသည်၊ မိမိကြီးသည် မျက်လုံးတဖက်စွေကြည့်ပြီး အနည်းငယ်ပြုံးသယောင်ပြုလိုက်သည်။ သို့သော် သူမသည် အမှတ်မထားသလို ခြေလှမ်းမှန်မှန် ဆက်လျှောက်သွားသည်။

'အကို အခုလို လိုက်လာပြီး မိမိကြီးရဲ့ ဘေးက လျှောက်လာတာ မိမိကြီး အနေနဲ့ အနှောက် အရှက် လိုက်ပေးတယ်လို့ မထင်လိုက်ပါနဲ့နော်....'

ကိုအေးလွင်၏ ဂရုဏာသံနှင့် တည်ငြိမ်သော စကားသံကြောင့် မိမိကြီးသည် မျက်လုံးကလေး တချက် ဝေ့ရမ်းပြီး လှမ်းကြည့်ပြန်သည်၊ ထိုအခါ ကိုအေးလွင်သည် အပြုံးပန်းကလေးများဖြင့် ပြန်လည် နှုတ်ဆက်လိုက်ပါတော့သည်။

'မိ အကိုပေးခိုင်းလိုက်တဲ့စာ ရတယ်မဟုတ်လား....'

ကိုအေးလွင်သည်နှင်းလှကိုပေးခိုင်းလိုက်သောစာအကြောင်းကို လက်ခံရရှိ၊ မရှိ ဆက်လက်မေးလိုက်ပါ၏။

'ရပါတယ်အကို.... ဒါပေမယ့် မိအနေနဲ့က ပညာသင်နေတဲ့ အရွယ်ဆိုတော့ ဒီကိစ္စတွေ ပညာသင်ချိန်မှာထည့်ပြီး မစဉ်းစားလိုဘူး၊ လက်ခံဖို့အချိန်လဲ မဟုတ်သေးဘူးလို့ ထင်ပါတယ်'

ကိုအေးလွင်သည် မိမိကြီးပြောသောစကား မဆုံးခင် ကြားဖြတ်ပြီး....

'အကို့အနေနဲ့ တဘက်သတ် အနိုင်ကျင့်ပြီး လိပ်များလိုကိုယ့်ဘက်ကိုယ် ယက်တတ်တဲ့ လူမျိုး မဟုတ်ပါဘူး....၊ ခုလိုမိမိကြီးပြောတဲ့စကားကို ကြားလိုက်တော့ အကိုဟာ မိမိကြီးအဖို့ အနှောက်အရှက် ပေးမယ့်သူ တဦး ဖြစ်နေပြီပေါ့ မိ....'

'အမှန်ဝန်ခံရမယ်ဆိုရင် အကိုဟာ မိကို အနှောက်အရှက် ပေးမယ့် သူတဦးမဟုတ်ပါဘူးကွယ်၊ မျိုသိပ်ထားရတဲ့ ခံစားချက်ကို တနေ့ဖွင့်ပြောမယ်၊ ဖွင့်ပြောမယ်ဆိုတဲ့ အချိန်ဟာမနည်းဘူး၊ ရက်-လ တောင် ပြောင်းလဲခဲ့ပါတယ်၊ နောက်ဆုံး ပြောရမယ်ဆိုရင်....အကိုဟာ ရှမ်းပြည်တနေရာကို ပြောင်းရွှေ့ အမှုထမ်းရတော့မယ်၊ ဒါကြောင့် အကို့ မေတ္တာဟာ မိမိ အဖို့ တနေ့တချိန်မှာ တန်ဘိုးရှိပါစေလို့ လာရောက်ပြီး ပြောရတာပါ....'

ကိုအေးလွင်သည် ဤမျှသောက် စကားကို ရှည်ရှည်ပြောနိုင်မည် မထင်ခဲ့သော သူ၏ စိတ်များသည် ခုမှ တောင်ကျချေရပမာ ဖြစ်နေတော့သည်။

နက်မှောင် ပြောင်လက်နေသော မဟူရာ ကတ္တရာသမ်းမကြီးပေါ်တွင် ဥဒေါဟို မောင်းနှင်ကြသော မော်တော်ယာဉ်များက ရှုပ်နေတော့သည်၊ ထိုသမ်း ဤလမ်းတွင်ရှိသော ပန်းဖူး ပန်းငုံများသို့နှယ် အရောင်စုံ၊ အသွေးစုံ၊ အလှအပ စုံနေသည်။ ထို့ကြောင့် ကျောင်းသူ ကျောင်းသားများက အစုလိုက် အဖွဲ့လိုက် သွားလာ လှုပ်ရှားနေကြသည်၊

ကိုအေးလွင်သည် ကျောင်းနားရောက်တော့ ကျောင်းဝင်းထဲသို့ လှမ်းကြည့်မိသည်။ အချို့ကျောင်းသူကျောင်းသားများသည် မိမိတို့ဆိုင်ရာ အတန်းများသို့ ကူးလူး သွားလာနေကြသူများ၊ အတန်းထဲသို့ မဝင်လိုသေး၍ အပေါင်းအဖော်များကို စောင့်ဆိုင်းနေသောသူအချို့ အပေါင်းအသင်း သူငယ်ချင်းများနှင့်စကားပြောရယ်မောပျော်ရွှင်နေသူများ ပြီးတော့ အလှအပ

လေးကိုတငေးတမောရှုစားနေသည်။ လုံမပျိုများ ပျားပန်းခတ်သကဲ့သို့ကျောင်းသူကျောင်းသားများသည် အုံးအုံး ကျက်ကျက် ရှိနေတော့သည်။

မိမိကြီးတယောက် ကျောင်းဝင်းထဲသို့ ဝင်သွားသည် အထိ ကိုအေးလွင် တယောက်သည် ကျောင်းဝင်း အပြင်ဘက်မှ နေ ငေးမောရင်းကျန်ရစ်ခဲ့ လေသည်။

....*....

ပြာမှောင်သောကောင်းကင်ထက်မှ မှိတ်တုပ်မှိတ်တုပ် ကြယ်ကလေးများက အားယူလျက် အလင်းရောင်ကို ဆောင်သော်လည်းတမိုးလုံးမဲမှောင်လျက်ပင်၊အမှောင်ထုကို အလင်းရောင်က မဖြိုခွင်းနိုင်တော့ချေ။

လူတွေပြုပြင်အားထုတ်ထားသော လမ်းခေတ်မီးတိုင် များ၏ အလင်းရောင်များက ထိန်ထိန်သာလျက် ရှိသည်။ ပတ်ဝန်းကျင်တွင်လည်းအလင်းနေ့ကို ဖြန့်ကြဲလျက်။

အထက်ကောင်းကင်ပြင်မှ အားနည်းစွာ ကျဆင်း လာသော ကြယ်ရောင်လက်လက်ပြိုးပြိုးပြက်ပြက် တို့က ရန်ကုန် ဘူတာရုံ၏ ပတ်ဝန်းကျင် မီးရောင်ကို မထိုးဖောက် နိုင်ပေ၊ အားယူ စုံဆင်း လာသောကြယ်ရောင်တို့သည် မြေပြင်သို့ မရောက်မီပင် ကောင်းကင်ပေါ်သို့သာပြန်လည်ပြေးတက် သွားကြရလေသည်။

လေညှင်းက သာသာကလေး တိုက်ခတ်နေသည်။ရာသီဥတုက အလွန် အေးအေးချမ်းချမ်း ရှိလှသည်ဟု မဆိုသာ သော်လည်း ပတ်ဝန်းကျင်တခုရှိ အိမ်များမှ လူခြေ တိတ်ဆိတ် ငြိမ် သက်၍ နေလေသည်။

အကြောင်းတခုမရှိဘဲ အပြင်သို့ထွက်ရန် ဝန်လေးပြီးအသာ အယာခွေခွေကလေးအိမ်ထဲတွင် ခြေဆန့် လက်ဆန့် အိပ်နေကြ သည်၊ဆိုက်ကားတစီး ပေါ်တွင် ဆိုက်ကား နင်းသူအား စကား တပြောပြောနှင့် လိုရာခရီးသို့ လိုက်ပါ လာသူမှာ ကိုအေးလွင် တယောက် မဟုတ်ပါလော။

လမ်းကြီး လမ်းငယ် အသွယ်သွယ် တို့တွင် လူသွား လူလာ နည်းစပြုနေသည်။ ကိုအေးလွင်သည် အိတ်ထဲတွင်ပါလာသော ဆေးလိပ်ဘူးကိုထုတ်ယူ၍ မီးညှိလိုက်ပြီး အားပါး တရ ဖွာရင်း ပတ်ဝန်းကျင်ကိုအလေးမထားဘဲ ဆေးလိပ်တပ်လိကို တသွင်သွင် ဖွာနေတော့သည်။ကိုအေးလွင်သည် ဖွာနေသော ဆေးလိပ် တိုကို ဘေးဘက်သို့ပစ်ချလိုက်ပြီးနောက် ဘူတာသို့ ဝင်ရန် ဆိုက်ကား ပေါ်မှဆင်းလိုက်ပါတော့သည်။ မာကျူရီ မီးရောင်များ သည် ထိန်လင်းစွာရှိနေသဖြင့် ဘူတာရုံ တခုလုံးသည် နေ့ အလားပင် ဖြစ်နေ တော့သည်။ ခရီးသည် များမှာလည်း တဦး နှင့် တဦး ရှောင်သာရုံမျှသာ သွားလာ ကြရလေသည်။

ပလက်ဖောင်းတွင် ခရီးသည်က များပါဘိ၊ အမှန် ပြောရ ပါကခရီးသွားမဲ့သူထက်၊ခရီးသည် လိုက်ပို့သူတွေက များသည်

ဟုဆိုရပေမည်။ စကြံ်နံ လမ်းတွင် လျှောက် နေသော သူများ ရှိသကဲ့သို့ထိုင်ခုံ များ ပေါ်တွင် လည်း ထိုင်နေ သူတွေ ကလည်း မနည်းပေ။ ဟိုဘာစုဒီတစု စကား ပြောနေသော လူစု လူဝေးက လည်း ရှိသေးသည်။ ရထား တွဲမထိုး သေးသဖြင့် ခရီးသွား သူ များသည်အေးဆေးလျက်ရှိသည်။ လူတွေက များဘော့ စကား ပြောသံတွေကသည်း ဆူညံလှသည်။ သူတခွန်း ငါတခွန်း နှင့် ခွန်ကြီးခွန်ငယ်၊ တိုးနေရာမှ ကျယ်လောင်သော အသံများသည် ဆူညံစွာပေါ်ထွက်နေပါ၏။

ဆူညံစွာပြောဆိုနေသော စကားသံများကို ထိုးဖေါက်ပေါ် လွင်လာသော အသံချဲ့စက်မှနေ သတိ ပေးလိုက်သောကြောင့် ဆူညံသံများ ခေတ္တ ခဏ ဆိုသလိုပင် ငြိမ်သက်လျက်ရှိသွားကြ ဘော့သည်။

'အမှတ် ( ၁ )စကြံန်သို့ ဆိုက်ရောက်လာမည့် ရထားသည် မန္တလေးသို့ ထွက်မည့် ရထားဖြစ်ပါသည်' ထိုကြေညာချက်ကို ကြားလိုက်ရသော ခရီးသွား လူထုမှာ လှုပ်လှုပ် ရှရှ ဖြစ်လာ ကြ ပြန်သည်။ ပုစ္ဆက်ဆိပ်အုံကို တုတ်နှဲ ထိုးသကဲ့သို့ ရှစိ ရှစိ ဖြင့် ခရီးသည်များမှာ ဟိုဟိုဒီဒီ လှုပ်လှုပ်ရှရှ ဖြစ်လာကြပါ သည်။ တွဲတော့ဆိုက်ကပ် ခဲ့ပါသည်။ တွဲပေါ်တွင်ကြိုတင်ရောက် လင့်ကြသော လူများ၏ ခေါင်းများမှာ ပြူတင်းပေါက်ဝမှနေ ပြူတစ်ပြူတင်ဖြင့် တွေ့လိုသော ခရီးသည်များကို ရှာဖွေနေကြ ဟန်တူသည်။

ကိုအေးလွင်အဖို့မှာ လိုက်ပို့မဲ့သူလည်း မရှိ၊ နေရာထိုင်ခင်း အတွက် ပြုပြင်ပေးမဲ့သူလည်း မရှိ၊ ထို့ ကြောင့် တောင် ငေး

မြောက်ငေးနှင့် တနေရာစာ အတွက် ရရှိရန် ရှာပုံတော် ဖွင့်ရ ပြန်လေသည်။

'ဒီမှာအကိုကြီး နေရာယူမလား'

လူငယ်တဦး၏ မေးလိုက်သော စကားသံကြောင့် ကိုအေးလွင် မှာအတော်ပင် ဝမ်းသာသွားပါတော့သည်။

'အေး....ဘယ်မှာနေရာရှိသလဲ'

'သိပ်မဝေးပါဘူး ရှေ့တွဲမှာ'

'တယောက်အတွက်ဘဲလား'

'တယောက်အတွက်ဘဲ ရှိတော့တယ်'

'အကိုတို့က ဘယ်နှစ်ယောက် လိုက်မှာလဲ'

'ငါတယောက်ထဲပါ'

'ဒီလိုဆိုကောင်းတာပေါ့'

'ဘာဖြစ်လို့ကောင်းတာလဲ'

လူငယ်၏မျက်နှာမှာမချိပြုံး ပြုံးလိုက်သည်၊ သူ၏ အပြုံး မှာအဓိပ္ပါယ်ပြည့်ဝ နေသည်။

'ဟော့ မင်းဘာလို့ တယောက်ထဲရှိနေတာလဲ'

'ဟိုရောက်တော့အကိုသဘောကျမှာပါ'

ဒီတော့ကိုအေးလွင်ရိပ်စားမိသည်၊ တယောက် သော မိန်းခ လေးတော့ရှိနေပေပြီ။ ဒါကြောင့်ဒီသူငယ် ရီတာနဲ့ တူတာဘဲ၊ ကိုအေးလွင်သည်ခေါ်သွားသူ၏ နောက်မှနေ အတွေးနယ် ချဲ့၍ လိုက်သွားရှာပါတော့သည်။

တဲနှစ်တဲခကျော်မျှရောက်လင့်၊ နေရာရောင်းစားသောသူသည် တဲပေါ်သို့ ပြေးတက် သွားပြီးနောက် ပြူတင်း ပေါက် မှ နေ လှမ်း၍ခေါ်လိုက်ပါသည်။ ကိုအေးလွင်သည် ပြူတင်းမှ ရပ်၍-

'မင်းနေရာက ဘယ်မှာလဲကွ'

ကိုအေးလွင်၏အမေးကြောင့် ပြူတင်းပေါက်တွင် ထွက်နေသောခေါင်းတလုံးကို အထဲသို့ရုတ်ချည်း သွင်းလိုက် ပြီးနောက် လူတနေရာစာလွတ်နေသော ထိုင်ခုံတခုသို့ လက်ညှိုး ထိုးပြလိုက်ပါတော့သည်။

ကိုအေးလွင်သည်နေရာ ရောင်းစားသော သူငယ်၏လက်ညှိုး ညွှန်ရာသို့ လှမ်းကြည့်လိုက်ပါတော့သည်။ တဘက် သို့ မျက်နှာ လွဲပြီးဆံမြိတ်ကိုချထားသော မိန်းမပျိုတဦး၏အသွင်ကို မြင်လိုက်ရသောကိုအေးလွင်အဖို့ စဉ်းစားရကြပ်သွား ပါတော့သည်။

ထိုမိန်းမပျို၏နံဘေးတွင်တညလုံးထိုင်ပြီး လိုက်ရမည်ဆိုပါက တဦးနှင့်တဦး သင့်တော်မည်မဟုတ်။ ရှိုးတိုးရှန့်တမ်းဖြစ်နေကြ ရတော့ ခရီးဝေးသွားရသူအဖို့ ကြင်တည်း လှပေသည်။ ဤအကြောင်းထိုအကြောင်းကို တွေးမိပြန် တော့လည်း ထိုနေရာ သို့ ထိုင်ရမည့်အရေးကိုစဉ်းစားရသည့်အတွက် ရင်ကြပ်လှ၏။

အကယ်၍ ထိုနေရာမှလွဲပြီး အခြားသို့ သွားမည် ဆိုပါက ထိုင်ရန်နေရာအတွက်ရနိုင်မည်မဟုတ်ပေ။ တညလုံးခရီးကသွားရမည် ဆို သော်လည်း နေရာ ထိုင်ခင်းအတွက် စျေးများ နေ၍ မဖြစ်ပေ။

ထို့ကြောင့်ကိုအေးလွင်သည် နေရာ ရောင်း သူအား လှမ်း၍ မေးလိုက်ပြန်သည်။

'ဘယ်လောက် ပေးရမှာလဲ'

'သုံးကျပ်ပါ....'

ကိုအေးလွင်သည်သူပြောသည့် အတိုင်း တွဲထဲမှ သူ့ယာအား ငွေသုံးကျပ်လှမ်းပေးပြီးတွဲပေါ်သို့တက်လာခဲ့သည်။ ကိုအေးလွင် တွဲပေါ်သို့ ရောက်သော အခါတွင် နေရာ ရောင်းသော သူ့ယ် အား အရိပ် အယောင်ပင် မတွေ့ရတော့ချေ။ ကိုအေးလွင်သည် မိမိထိုင်ရမည့်နေရာသို့ တူရူ၍ သွားပါတော့သည်။

တွဲပေါ်တွင် မီးရောင်သည် လင်းအား တော့ မကောင်းချေ။ အနည်းငယ်လင်းအားကတော့ရှိ၏။ အလင်းရရုံမျှသာ တွဲပေါ်ရှိ မီးရောင်က မှိတ်တုပ်မှိတ်တုပ် မှုဝါးဝါး အလင်း ရောင်ကြောင့် တဦးနှင့်တဦးကပ်မှုရှိမှ သဲသဲကွဲကွဲ မြင်တွေ့ ရနိုင်သည်။

အကယ်မှ အလှမ်းဝေး ဆိုသို့ လှမ်း ကြည့် မိပါက ကိုယ်လုံး ကိုယ်ထည်ကိုသာ ထီးထီးကြီး တွေ့ နိုင် သော အ ခမှာင် ထု၏ လွှမ်းမိုးနိုင်ခြင်း ကြောင့်မျက်နှာတခွင်ကို ထင်ထင် ရှားရှားတော့ မှတ်မိကောင်းမှတ်မိနိုင်ရန်ခဲယဉ်းသည်။

တွဲတိုင်းလိုလိုပင် ခရီးသွားသူက များလှ ပေသည်။ လူများ သောကြောင့်တွဲတိုင်းတွင် ခရီးသည် ထိုင်ခုံနှင့်ခရီး သွား သူများ မမျှမတဖြစ်ရတော့သည်။ တွဲ၏စင်္ကြန်တွင်လည်း ခရီးသွားများ ရှိသည်။တွဲပေါက်တွင်လည်းရှိသည်။ ဘေးနေရာများသို့မျက်လုံး ဝေ့ရမ်း ကြည့်လိုက်မိတော့ သူလိုငါလို သူများက မနည်းပေ။

ဒါကြောင့် ကိုအေးလွင်တယောက် စိတ်ရှုတ်ရရှာသည်။ ဤခရီးသို့ ဘခါဘူးမျှ ဤအသက်အရွယ်အထိ မသွားဘူးတော့ ခုလိုကြပ်ကြပ်တည်းတည်း တဦးနှင့်တဦး အမိနှင့်သား ခမောင်နှင့်နှမ တိုးဝှေ့နေရသည့် မြင်ကွင်းကို တွေ့မြင်လိုက်ရသော ကိုအေးလွင်အဖို့ စိတ်ပျက်ရသည်။

ကိုအေးလွင်သည် မိမိထိုင်ရန် ခုံနားသို့ ရောက်သွားတော့သည်။ လက်တွင်ဆွဲယူလာသော လက်ဆွဲအိတ်ကို အိပ်စင်ပေါ်သို့ပစ်တင်လိုက်ပြီးနောက် ထိုင်ရန်ခုံပေါ်တွင် မထိုင်ခင်၊ ကိုယ်ပေါ်တွင် ဝတ်ထားသော ရှပ်အင်္ကျီတထည်လုံးမှာ ချွေးတွေ ရွှတ်စိုလျက် ရှိနေပါတော့သည်။

ထို့ကြောင့် ရင်းအင်္ကျီကိုချွတ်လိုက်ပါသည်။ သူသည် စိတ်ရောကိုယ်ပါ အနားယူရန် ထိုင်ခုံပေါ်သို့ ထိုင်ချလိုက်ပါတော့သည်။ ကိုအေးလွင်သည် တဘက်တွင်ထိုင်နေသော မိန်းမပျိုအား ခုမှသေချာ ဂန ကြည့်မိလိုက်သည်။ ဝတ်စားဆင်ယင်ပုံကတော့ မိန်းကလေးတဦးဟု အမှတ်မထင် ကြည့်မည်ဆိုပါက ဤသို့မှတ်ချက်ချစရာ ရှိသည်။

သေသေချာချာ နီးနီးကပ်ကပ် ကြည့်လိုက်မိတော့ ဇာတ်ပွဲထဲက ငိုချင်းသည်လုပ်ရသော သူကဲ့သို့ ရင်ဘတ်ထု နဖူးခိုက် အမယ်မင်း ငါ့အဖြစ်က ဆိုးလှချည်းလားဟု ဟစ်အော်လိုက်ချင်ပါ။

ကိုအေးလွင်အဖို့ စိတ်သက်တောင့်သက်သာရမည်ဟု သူ့အထင်က မဆုံးသေးသော်လည်း ခုလိုမမြော်လင့်ဘဲ မိန်းမရှာတဦး

နှင့် တညလုံး ပူးပူးကပ်ကပ် သွားရမည် ဆိုပါက အဘယ်သို့ စဉ်းစားရမည်နည်း။

ထိုနေရာမှထပြီးအခြားတနေရာသို့ သွားရန်စိတ်ကူးစိတ်ဘန်း ပေါ်လာသေး၏။ သို့သော် ပတ်ဝန်းကျင်ကို ကြည့်လိုက်ပြန် တော့ ခရီးသည်ကလည်းများ၊ လမ်းသွားဖို့ပင် အလွယ်သကူ မသွားလာနိုင်သော ဖြစ်ရပ် မြင်ကွင်းကိုတွေ့ရပါသည်။

ထို့ကြောင့် သူသည် ထိုနေရာမှ တခြားတနေရာသို့ ပြောင်း ရွှေ့ရန်အလို့ငှာ စိတ်မကူးရဲခဲ့ပေ။ ကိုအေးလွင်သည် ကြုတ် ကြုတ်ကလေး ထိုင်နေရတော့သည်။

ရထားထွက်ချိန်နီးကပ်လာသဖြင့် အချက်ပေးခေါင်းလောင်း သံများက ဆူညံ၍ပေါ်ထွက်လာ၏။ တာထွက်ရန်အတွက်တာ သူနေသော ရထားခေါင်းတွဲကြီးမှလည်း ထွက်ခွာရန်အချိန် ကျရောက်ပြီ ဖြစ်ကြောင်း ဥသြသံက ပေါ်ထွက် လာပါ တော့သည်။

ရထားတွဲများသည် အနည်းငယ်ငြိမ့်ကနဲ ဖြစ်သွားပြီးနောက် တာ...ရွေ့ဖြစ်ရန် ရန်ကုန်ဘူတာမှ စတင် ထွက်ခွာ ပါတော့ သည်။ ရထားသည်လည်း အရှိန်အနည်းငယ် ရသည်နှင့်အမျှ ရထားခေါင်းတွဲမှ ဥသြသံများကလည်း အဆက်မပြတ် ပေါ် ထွက်နေပါသည်။

အမှောင်ထုကဖုံးလွှမ်းထားသဖြင့် ပတ်ဝန်းကျင်ရှိအဆောက် အဦးများနှင့် လူစလူနကို ပီပီပြင်ပြင် သဲသဲကွဲကွဲ မမြင်ရပေ။

တခါဘရံ ခေတ်မီးဘိုင်ခကြောင့် အခမှောင်ထုကာင်းကွာသောအချာ မှန်တရွေ့ကိုတော့ ရုတ်ချည်းမြင်လိုက်ရ၏။ ရထားအရှိန်ပြင်းပြ လာသည်နှင့်အမျှ ပြူတင်းပေါက်မှတိုးဝင်လာသောသေနုအေး အေး ကလေးများသည် တကိုယ်လုံးကို ရစ်ပတ် လွှမ်းခြုံထား သဖြင့် အေးစိမ့်စိမ့်ဖြစ်လာပါ၏။ စောစောကပူအိုက်လွန်းသဖြင့် အင်္ကျီချွတ်ထားသော ကိုအေးလွင်သည် ယခုမှ အင်္ကျီကိုအမြန် ပြန်ဝတ်လိုက်သည်။ တသွင်သွင်တိုက်ခနေသော လေအေးဒဏ် ကို မခံနိုင်ရှာသောသူသည် ပြူဘင်းပေါက်ကိုပိတ်ရန် ဟန်ပြု လိုက်ပါသည်။

'အကိုက လေစိမ်အသိမခံနိုင်ဘူးလား၊ ချောတို့ကခနေ့စဉ် ပင်လယ်လေကို ရှူရှိုက်ရသူတွေဆိုတော့ ဒီလေလောက်ခဘာ့ မှုဘူး၊'

ကိုအေးလွင်အဖို့ အဘော်လေးခံပြင်းလှသည်။ မိန်းမမဟုတ် ယောကျ်ားမဟုတ်၊ ထိုသို့သော သတ္တဝါကိုမှ ခုလိုလာရောက် တွေ့တတ်ပါပေ။ တသက်တခါ ဤကဲ့သို့သတ္တဝါမျိုးနှင့်စကား တခွန်းတလေမှ မပြောဘူးသဖြင့် ခုကဲ့သို့ ရင်းရင်းနှီးနှီးပြောဆို သံကြားရသောအခါတွင် ဦးခေါင်းကို မိုးကြိုးပစ်ခံရသည်နှင့်တူ လေသည်။ ကိုအေးလွင်သည် နောက်ထပ် စောဒကမတက်ဘဲ ဗိုလ်နေမြဲ ကျားနေမြဲထိုင်လျက် ရှိနေပါတော့သည်။

ကိုအေးလွင်စီးလာသော မီးရထားသည် ပဲခူး- ဘောင်ငု ပျဉ်းမနား-သာစည်စသည့် လမ်းဆုံး မန္တလေးဘူတာသို့မရောက် ခင် ယင်းဘူတာများတွင် ဆိုက်နားခဲ့သည်။ ရထား၏ခုတ်

မောင်းသောအရှိန်က အချိန်ကိုဝါးမျိုသွားခြင်းကြောင့်မကြာမီ ပဲခူးဘူတာသို့စိုက်ကပ်လိုက်သည်။ ၎င်းနောက် တောင်ငူဘူတာသို့ ဆိုက်ကပ်ပြန်သည်။ ဘူတာစဉ်(၂)သို့ ရောက်သောအခါတွင် ဘေး၌ထိုင်နေသောသူသည် လှုပ်လှုပ်ရွရွ ဖြစ်လာပါတော့သည်။ ရထားသည် လုံးလုံး လျားလျား အရှိန်သတ်မိပြီး၊ ထို့ကြောင့် ကိုအေးလွင်၏နံဘေးမှထိုင်သူက ဤသို့နှုတ်ဆက်၍ ဆင်းသွားပါတော့သည်။

'အကို....ချောဆင်းတော့မယ် နော်... လမ်းမှာတွေ့တဲ့အခါ ကျတော့လဲ ခေါ်ပါနော်'

ကိုအေးလွင်သည် ချောဆိုသောမိန်းမပျို၏ အပြုအမူကိုကြည့်ရင်း အနည်းငယ်ကြိတ်ပြုံးတော့ ရယ်မိသည်။

အာရုံဦး ရောင်ခြည်ပျိုးစအချိန်တွင် ရထားသည် သာစည်ဘူတာသို့ ဆိုက်ရောက်ပြန်တော့သည်။ ကိုအေးလွင်သည် မိမိပိုင်ပစ္စည်းများကို အောက်သို့ချပြီးနောက် ရထားဖြင့်ရောက်မကုန်သေးသောကြောင့် အခြားတဘက်တွင်ရှိ ရထားတွဲဆီသို့ ပြေးရပြန်သည်။

သူရောက်ရှိသော ရထားတွဲမှာ ရွှေညောင်-သာစည် ရထားတွဲများပင် ဖြစ်ပါသည်။ သူသွားရမည့်နေရာကား ရှမ်းပြည်၏မြို့တော်ဖြစ်သော တောင်ကြီးမြို့သို့ပင် ဖြစ်လေသည်။

တညနှင့်ဘနေ့ ခရီးစဉ်ကတော့ ရထား အတန်တန်စီးပြီးမော်တော်ကားဖြင့် ဆက်ရအုံးမယ်၊ မြေပြန့်တွင်မွေးဖွားပြီးမြေပြန့်ပေါ်တွင် ကြီးပြင်းလာရသော ကိုအေးလွင်တယောက်အဖို့

သာစည်မှ အချိန်အနည်းငယ် ခရီးရောက်လာလင့် ရှမ်းရိုးမ တောင်တန်းကြီးများသည် စိမ်းလဲ့ ညိုမှောင်ခိုရောင်သန်းကာ လှမ်းဆေးမြေ့ဘွယ်ရာ သဘာဝအလှကိုဆေးခမာ ရှုချင်စဘွယ် တွေ့ရသော မြေပြန့်သားအဖို့ အံ့သြလောက် အောင်ပင် ဖြစ်ပါသည်။

မြေပြန့်တွင်ခုတ်မောင်းလာရသောရထားကိုသာ စီးဘူးသော ကိုအေးလွင်သည် ယခုကဲ့သို့ မြင့်မားမို့မောက်သောတောင်ထွတ် တောင်ထိပ်များကို ကွေ့ကာပတ်ကာ ခုတ်မောင်းပြီး အဝေးမှ လှမ်းမြင်ရသော တောင်ထိပ် တောင်ထွတ် များသည် မကြာမီ ၎င်းတောင်ထိပ်ပေါ်သို့ ရောက်ရှိ သွားပြန်သည်။ မြင့်မားသော တောင်ထိပ် ပေါ်မှ အောက်ဘက်သို့ ကြည့်ရပြန်သော အခါ တွင်လည်းရွှေရင် အေးရပြန်သည်။

ဤမျှလောက် မြင့်မားသော တောင်တန်း များ ပေါ် တွင် လူးလာခင်သုတ်ရွှေတိုးနောက်ငင်ဖြင့် ခုတ်မောင်းရသော ရထား မှာလည်းတရွေ့ရွေ့နှင့် ကလောဘူတာသို့အဝင်တွင် ထင်းရှူးနံ့ များသည် သင်းပျံ့လာတော့သည်။

ရှမ်းပြည်၏အအေးဒဏ်သည် ထိုမြို့အဝင်မှစ၍ သိသိသာသာ ကြီးချမ်းအေးစပြုလာပါတော့သည်။ ကလောမြို့ကို ကျော်ဖြတ် သည်နှင့်တပြိုင်နက် ရှေ့ခရီးစဉ်သည် မြေပြန့်များကိုသာ တွေ့ရ လေသည်။

ရှေ့ခရီးစဉ်အရ ဆက်လက်သွားကြမည့် ခရီးသည်များမှာ လည်းနည်းပါးစပြုလာသည်။တဲ့တိုင်းလိုလိုပင် ခရီးသည်နည်းပါး

သောကြောင့် လတ်လတ်လပ်လပ် တော့ရှိ၏။ အသောင်းအသာ ပြေသဘောမျိုးလို ခြေဆန့်နိုင်လောက်အောင်ပင် အကျယ်အဝန်း ကကျယ်ပြန့်၏။ ကိုအေးလွင်သည် ပတ်ဝန်းကျင်သို့ ငေးမောရင်း လိုက်ပါခဲ့သည်။

အင်အားရှိသရွေ့၊ ခွန်အားရှိသရွေ့ တဂျုံးဂျုံးခုတ်မောင်း နေသောရထားသည် တရှဲရှဲအသံနှင့်အတူ ရွှေညောင် ဘူတာသို့ ဆိုက်ကပ်ပါတော့သည်။ ကိုအေးလွင် သည် ကြိုတင် လေ့လာ ထားသော ခရီးစဉ်အရ ဘူတာရုံ အပြင်ဘက်သို့ထွက်ပြီး ခရီးဆက် ဘတ်စ်ကား ပေါ်သို့ တက်ရောက်နှင့် နေသည်။

သူစီးသော ဂျစ်ကားသည် ရွှေညောင် ဘူတာမှ ထွက်ခွာ ခဲ့၏။ ခရီးသည်က များလှသည်။ အမှန်တော့ သတ်မှတ် ထားသော လူဦးရေနှုန်းထက် တင်ထားသော ခရီးသည်မှာ အလွန် အမင်း များလှသည်။

မိမိစီးပွားရေးအတွက် ရွှေ့ရှုပြီး ငွေရေး ကြေးရေး အခါ တွင်ဦးတည်လျက်တင်ဆောင်ထားသော ခရီးသည်က ကြပ်ကြပ် တည်းတည်းတော့ရှိသည်၊ ခရီးသည်ချင်းမို့ တဦးကိုတဦး မပြေ သာလှသော်လည်း ငဲ့ချဉ် သိတ်ထားသကဲ့သို့ ရှိသည်။

ဤမှုနှင့် မပြီး သေးချေ၊ ကားမောင်းသူက အရှိန် ပြင်းစွာ မောင်းလျက်လျှပ်တပြက် အန္တရာယ်ဆိုးနှင့် ကြုံကြိုက် နိုင်မည့် အ ခြေအနေကရှိသည်။ တဘက်တွင် တောင်ကမ်းပါး နှင့် တဘက်တွင် နက်ရှိုင်းလှန်းသောချောက်ကမ္ဘားကြီးမှ မြင်ရသော သူ့အတွက် အထိတ်တလန့်ဘော့ ရှိပါသည်။

ကတ္တရာလမ်းမှလွဲပြီး တဘက်တချက်ရှိ မြေနီ လမ်း များက စိတ်မချရ။အမှတ်မထင်ကားဘီးသည် မြေနီလမ်းသို့ဦးတည်လင့် မြေမာနှင့်တွေ့ပါက တော်သေးသည်။ မြေပျော့နှင့် တွေ့ပါက ချောက်ထဲသို့ကားရောလူပါ တောင် အောက် သို့ ရောက် သွား နိုင်သည်။

ကားမောင်းသူ၏ လှုပ်ရှားနိုင်သော ခန္ဓာ အင်္ဂါရပ် များ က အငြိမ်မနေရပေ၊ လှုပ်လှုပ်ရွရွ ပြုလုပ် နေရရှာသည်။

မောင်းရင်း၊ရှောင်ရင်း၊ တိမ်းရင်း၊ အချိန်ကုန်တော့ တောင် ပေါ် သို့ရောက်လာပြန်တော့သည်။

ဂျစ်ကားသည် တောင်ကြီးမြို့သို့ဝင်ရန် ဦးတည်၍တဘက်သို့ ကွေ့လိုက်သည်။ လူမြင်ကွင်း တနေရာတွင် ကြွားကြွား ဝင့်ဝင့် ထီးထီးကြီး စိုက်ထူထားသော တောင်၏ အမြင့် ပေပေါင်းနှင့် ကမ္ဘာဇမှခရိုင်ဦးကို ကြိုဆိုကြောင်း ဟူသော စာလုံးများကိုဖတ်မိ လိုက်၏။

ထိုနေရာမှနေ၍ကိုအေးလွင်သည် အနောက်ဘက်သို့ပြန်လည် ကြည့်ရှုလိုက်မိသည်။ ညို့ညို့ မှိုင်းမှိုင်း တောင် တန်း များ ကို တောင်ငေးမြောက်ငေးလျက် ကြည့် မိနေ သည်။ ဂျစ်ကား သည် မြို့ထဲသို့ဝင်ရောက်လာပါတော့သည်။

'ကင်းမဲ့နေရာကို ကြိုကင် မြောဆားပါ'

သူ၏အသံက မြန်မာ့သံပီပီသသတော့မဟုတ်ပေ။ စကားသံ ခပ်ဝဲဝဲဖြင့်မေးလိုက်သော အသံကိုကြားလိုက်ရသဖြင့် ကားပေါ်တွင်ပါလာသောခရီးသည်များသည် လှုပ်လှုပ်ရှရှဖြင့် မိမိတို့ ဆင်းမည့်နေရာကိုပြောနေကြပါသည်။ ကိုအေးလွင်အတွက်မူ ဆင်းမည့်နေရာကိုရန်ကုန်မှမှတ်ယူခဲ့သောလိပ်စာအား ပြန်လည် ကြည့်ပြီး။

'ကျနော့ကို ဝန်ကြီး လမ်း( ) အိမ်နံပါတ်( )ကိုပို့ ပေးပါ'

## ( ခြောက် )

ခရီးပမ်းသောကြောင့်ညကတရေးမျှပင်မနိုးခဲ့ချေ။ အိပ်ယာမှ ထသောအချိန်တွင် ကောင်းကင်ဘွင်အလင်းရောင်က ဝင်းပနေ၏။ နံနက်ခင်းသည် နုပျိုဆဲ၊ ခြံထဲရှိ သစ် တော် ပင်၊ မာလကာပင်၊ သင်းဘောပင်၊ ပန်းချောက်ပန်း၊ ဒေလီယာပန်းတို့သည် နေရောင် ခြည်၏ယုယ ပိုက်ထွေးမှုကို ခံစား နေကြသည်။

မြို့၏ အလှသရဖူသဖွယ်ကဲ့ဖြစ်သောတောင်မကြီးကိုနေလုံးကြီး က လွှမ်းခြုံနိုင်ခြင်း မရှိသေးချေ၊ နေ ရောင် ခြည် များကသာ ထိုးဖောက်၍တောင်ကြီး မြို့အား အလင်း ရောင် ခတ် ဖြန့်ဖြူး နေ၏။ ကိုအေးလွင်သည် တည်းခိုသော အိမ်ရှိ ခြံဝမှ နေ ထွက်၍ ပဘ်ဝန်းကျင်ကိုကြည့်မိသည်။ သူ၏စက္ခုအာရုံတွင် မြင်မြင် သမျှ ဒေးရာဘိုင်းနှင့်သဘာဝ အလှများမှာ ဆန်းသစ်နေ၏။

သူသည်လော်နှအေးကလေးကိုအားပါးတရ ရှုရှိုက် ပြီးနောက် စိမ်းညို့ညို့တောင်တန်းကြီးဆီသို့ မျက်လုံး အစုံက ကျရောက်သွားပြန်သည်။ ကြေးရေ တက် များ နေ ထိုင် သော တိုက် တာ အဆောက်အဦသည် အနောက် တိုင်း ဆန် လှ သည်။ ဆိတ်ငြိမ် လှသည်။ ကုံ့ယ်ခြံဂ ယ် ဝန်းကိုယ့်တိုက်တာနှင့် အပူအပင်ကင်းမဲ့စွာနေထိုင်ကြပါသည်။ အနောက်တိုင်းဝတ်စုံကို ဝတ်လေ့ ရှိသူများဖြစ်ကြသောလူနည်းစုများက ပိုင်ဆိုင်ကြသည်။

ကိုအေးလွင်သည်ခြံဝမှအပြင်သို့ထွက်ရန် အပြု အိမ်ထဲမှ လူတယောက်ခေါ်သံကြောင့်....

'ကိုအေးလွင် ဘယ် သွားမလို့ လဲ လ ဘက် ရည် လာသောက် အုံးလေ....'

ထို့ကြောင့်ကိုအေးလွင်သည် အပြင်ဘက်သို့ လှမ်း နေ သော ခြေလှမ်းကိုပြန်လည်ရုတ်လိုက်ပြီးအိမ်ထဲသို့ ပြန်ဝင်လာသည်။

'အေးဗျာ ကျနော် လဘက်ရည်သောက်ဖို့တောင် မေ့နေ လိုက်တာ၊ အမှန်ဝန်ခံရမယ်ဆိုရင် ကျနော့ဘသက်တာမှာ ခုလို တောတောင်တွေ ကျော်ဖြတ်ပြီး တောင်ပေါ်မှာ မြို့တည်ထား တာကိုတွေ့ရတော့ အတော်ကလေး အံ့သြမိပါတယ်....'

ကိုအေးလွင်သည် သူပြောလိုသော စကားကို စောဦးစွာ ပြောလိုက်ပါတော့သည်။

'ဒါပေါ့ ကိုအေးလွင် ကမ္ဘာပေါ်မှာ သက်ရှိသက်မဲ့ဆိုပြီး ၂မျိုး၂စားရှိတယ်။ နောက် လူနဲ့တိရစ္ဆာန်ဆိုပြီး ခွဲလိုက်တယ်၊ တိရစ္ဆာန်ဟာ သက်ရှိပေမဲ့ လူသတ္တဝါလောက် အသိပညာ ဉာဏ်မကြွယ်ဝဘူး။ လူတွေဟာကမ္ဘာကို လွှမ်းမိုးနိုင်တဲ့အင်အား

ရတယ်၊ ဥာဏ်ပညာ ထက်မြက် ပြည့်စုံတယ်။ ဘယ်နေရာ မဆို စိတ်ပညာဘက်မှာ ကြည့်ကြည့်၊ တီထွင်မှုဘက်မှာ ကြည့်ကြည့် ယခုနေ့ကမ္ဘာကို လူတွေပူပြင်နေကြတယ်။ ယခင်က တလသွားရမဲ့ ခရီးကို အခုဆို ရက်ပိုင်းနာရီပိုင်းနဲ့ ရောက်သွားနိုင်ထယ်....'

ကိုအေးလွင်သည် ကိုလှမြင့်ပြောသော စကားများကို နား ထောင်ရင်း လဘက်ရည်ကိုဘော့ ကုန်အောင် သောက်လိုက်ပါ သည်။ ကိုလှမြင့်နှင့် ကိုအေးလွင်သည် ရန်ကုန်ရုံးတွင်အမှုထမ်း စဉ်က ရင်းရင်းနှီးနှီးမရှိသော်လည်း မေးထူး ခေါ်ပြောလောက် တော့ ရှိကြပါသည်။

'ကိုအေးလွင် ခရီးရောက်မဆိုက် ပြောတယ်လို့ မအောင်းမေ့ လိုက်ပါနဲ့နော်၊ ကျနော်တို့နေတဲ့အိမ်လခ တလကို ၆ဝိပေးရ တယ်။ အခုနေကြတဲ့ လူဦးရေကတော့ ခင်ဗျားနဲ့ အပါအဝင် စုစုပေါင်းလေးယောက်ပေါ့။ တဦးကို ၄ဝိကျပါတယ်။ အိမ်ငှား စရိတ်ကြီးသလောက် ခင်ဗျား အခုမြင်ရတဲ့ အတိုင်းဘဲ။ ရေခဲ သေတ္တာ၊ ကုတင်၊ မှန်တင်ခုံ၊ ထိုင်ခုံ၊ ဆိုဖါတွေဟာ အိမ်ရှင်ရဲ့ ပစ္စည်းတွေပေါ့။ ပေးရတဲ့ အိမ်လခဟာကြီးပေမဲ့ အိမ်တအိမ်မှာ ရှိအပ်တဲ့ ပစ္စည်းတွေကတော့ အစဉ်သင့်ဘဲ၊ နေ့ညအေးလို့ရှိရင် မီးလှုံဘို့အတွက် တိုက်ထဲမှာ မီးဖိုလုပ်ထားတယ်....'

ကိုလှမြင့်သည် မီးဖိုရှိရာသို့ လက်ညှိုးထိုးလိုက်ပါသည်။

'ကောင်းပြီလေ တလ၄ဝိပေးရဖို့ကိုတော့ ကျနော်သဘောတူ ပါတယ်။ နောက်တချက်က ကျနော်က လွတ်လွတ် လပ်လပ် နေချင်တဲ့ စိတ်တော့ရှိတယ်လေ။ ဒါကြောင့် ခုလို လူလွတ်တွေ ချည်း နေကြတယ်ဆိုတာ ကြားရလို့ အတော် ဝမ်းသာသွားမိ ပါတယ်....'

ဌာန တခုတွင်စု၍ အမှုထမ်းကြရသော သူများ ဖြစ်သော ကြောင့် အစစ အရာရာတွင် အဆင်ပြေမှုတော့ ရှိကြ၏။ ထို့ ကြောင့် ကိုအေးလွင်သည် ကိုလှမြင့်တို့အား အမှီပြု၍ ရုံးသို့သွား ရပေမည်။ ဤသို့ သွားရင်း လာရင်းနှင့်ပင် ကိုအေးလွင်သည် လပိုင်းသို့ ကူးပြောင်းကာ ခမာမြေပေါ်သို့ ခြေချမိသည်။

'ပွဲကို-ပွဲကို'

ကားမောင်းသူ တဦးသည် သွင်သွင်ချည်း အော်ခေါ်နေ သောအသံကို ကြားလိုက်ရသော ကိုအေးလွင်တယောက် အံ့ အသစ်အဆန်းသဖွယ် ဖြစ်နေပြန်သည်။ ထိုအသံကို ဦးကျောက် ထဲကမထွက်ဘဲ ကိုလှမြင့်အား လှမ်းမေးလိုက်ပြန်သည်။

'ကိုလှမြင့် ကျနော် ဈေးနား ရောက်တော့ ပွဲကို ပွဲကိုလို့ ဂျစ်ကား မောင်းတဲ့သူက ခေါ်သံ ကြားလိုက်ရတယ်။ အဲဒါ ဘာလဲဗျာ'

ကိုလှမြင့်သည် စားပွဲပေါ်တွင် တင်ထားသော အရက်ခွက် ကို လှမ်းယူပြီး တချက်မော့လိုက်သည်။ ၎င်းနောက်ကိုအေးလွ ပြောသောစကားကို ပြန်ဖြေလိုက်ပါသည်။

'သူငယ်ချင်း ပွဲကိုဆိုဘာက ခင်ဗျားတို့မြို့မှာလို ဇာတ်ပွဲကပွဲ တွေချည်း သက်သက်မဟုတ်ဘူး၊ ဇာတ်ပွဲပါတယ်။ ကစားဝိုင် တွေလဲပါတယ်၊ ကစားဝိုင်းဆိုနေမှ မြို့ကောင်ရန်ကုန်လို မဟုတ် ဘူးနော်၊ ရန်ကုန်က အနိဒဆောင်ဝိုင်းလို တမှတ် ငါးမူး ထိုးတဲ့ ကစားဝိုင်း မဟုတ်ဘူး၊ ထောင်နဲ့ ရာနဲ့ ချည်ကိုတဲ့ ကစားဝိုင်း တွေကိုခေါ်တာ'

ကိုအေးလွင်သည် ထိုကြေးများသော ကစားဝိုင်းများကို မမြင်ဘူးတော့ ကိုလှမြင့် ပြောသောစကားကို တအံ့တသြ ဖြစ်နေ တော့သည်။

'ကိုအေးလွင် အချမ်းပြေရအောင် တခွက်လောက်'

ကိုလှမြင့် လှမ်းပေးလိုက်သော အရက်ခွက်ကိုယူပြီး ရေမရောဘဲ တချက်တည်း သောက်လိုက်သောအခြေကို မြင်လိုက်ရတော့ အတော်ကလေး အံ့အားသင့်သွားသည်။

'ကိုအေးလွင် ခင်ဗျားတော်တော်သောက်နိုင်တာဘဲ ကျနော်က ဒီလောက် သောက်နိုင်လိမ့်မယ်လို့ မထင်မိဘူး'

ကိုအေးလွင်သည် အရက်ကလေး တခွက် နှစ်ခွက် အာထိလျှာထိ ဖြစ်သွားသောအခါတွင် စကားများများ ပြောလာ၏။

'ကိုလှမြင့် ပွဲသွားရအောင် ကျနော်လည်း မရောက်ဘူးတော့ မြင်ချင် တွေ့ချင်တဲ့အကြောင်းများ ရှိမလားလို့ပေါ့ဗျာ၊ တရွာတပုဒ်ဆန်း ဆိုသလိုပေါ့။ အောက်မြို့ အောက်ရွာတွေမှာ ကစားနည်းနဲ့ တောင်ပေါ်မှာ ကစားနည်းတွေ ကွာခြားမှုများ ရှိနေသလားလို့ပါ'

ကိုအေးလွင်၏ သွားလိုသော ဆန္ဒပြင်းပြမှုကြောင့် ကိုလှမြင့်သည် မနေနိုင် မထိုင်နိုင်ဖြစ်ကာ-

'ဒီလိုဆို လိုက်ပို့ပေးပါမယ်လေ ဟိုရောက်ရင် ကစားဘို့ ငွေလေး ထည့်ခဲ့အုံး'

'ကိုလှမြင့် ဒီတခါတော့ ကြည့်ယုံသက်သက်ဘဲဗျာ၊ မရောက်ဘူးတော့ အလယ်သက်သက် သဘောမျိုးပေါ့'

သူတို့ ၂ ယောက်သည် ဈေးဒေါင့် တနေရာရှိ ကားဂိတ်သို့ သွားရန် ခြံဝမှ ထွက်ခဲ့ကြပါသည်။ တနေရာနှင့် တနေရာသို့ သွားလိုပါက တာတိုပြေးဆွဲသော ကားများကမရှိပေ။ သူတို့၂ဦး သည် လမ်းပေါ်သို့ ရောက်ရှိသောအခါတွင် တဦးနှင့်တဦးစကား ပြောခြင်း မရှိဘဲ ကိုယ့် အတွေးနှင့်ကိုယ် လျှောက်လျက် ရှိကြ လေသည်။ လျှောက်ရင်း တွေးရင်းနဲ့ပင် မမြော်လင့်ဘဲ ပွဲသို့သွား မည့် ကားသည် လမ်းခုလတ်တွင် တွေ့သဖြင့် သူတို့၂ဦး လိုက်ပါ သွားပါသည်။

ဂျစ်ကားမှာလည်း လူမရသေးသဖြင့် တပတ် ဈေး များသို့ ပြန်မောင်းသွားတော့သည်။ ဈေးတဝိုက်တွင် ဟိုမောင်းဒီမောင်း ဖြင့်လူရှာနေပြန်သည်။ ပြင်ပလေသည် ချမ်းစီးစီးတော့ ရှိသည်။ အအေးဒဏ်ကို ခံနိုင်စွမ်းမရှိသူ တယောက် အဖို့မှု အလွန်အေး သည်။ ဝန်ခံရလိမ့်မည်။

ကိုအေးလွင်အဖို့ အရက်ရှိန်ကိုယ်တွင်း၌မရှိဘူးဆိုပါက ထိုအအေး ဒဏ်ကိုခံနိုင်စွမ်းတော့မရှိချေ။ အေးလှချည်လားဟု သူ့ ပါးစပ် က ပြောပေလိမ့်မည်။ ခုတော့ အေးလွင်အဖို့ အေးသည်ပူသည် ဟူ၍မပြောဘဲ ငြိမ်ငြိမ်ကလေးဂျစ်ကားပေါ်တွင် ရေငုံနှုတ်ဆိတ် လျက်ရှိ လေသည်။

ဂျစ်ကားသည် တဖြေးဖြေးနှင့်ပွဲသို့သွားမဲ့သူ များလာတော့ သည်။ ထို့ကြောင့်ကားမောင်းသူသည်စက်ရှိန်ကို တရှိန်ထိုးမြှင့် တင်လိုက်ပြီးနောက် သွားလိုရာသို့ ဦးတည်လျက် မောင်းနှင်ပါ တော့သည်။ ကားမောင်း နှင်သော အရှိန်ကြောင့် လေနုအေး

ကလေး များသည် ကားပေါ်ပါသူများ၏ မျက်နှာပြင် များ ကို ကထိကပါး ပြုလုပ် နေပါသည်။

လရောင်ကင်းမဲ့သဖြင့် ပတ်ဝန်းကျင်သည် အခမှောင် ပြင်ကြီး သဖွယ်ဖြစ်နေသည်။ အမှောင်ထုကို လမ်းရှင်းပေးနေသော ဂျစ် ကား၏ မီးရောင်သည် လမ်းပေါ်တွင် ပြေးလွှား နေကြ သော တောသတ္တဝါယုန်ကလေးများ သည် ကားမီးရောင်ကို ငေးစိုက် ပြီး တနေရာ သို့ ပြေးသွား ခြင်းမရှိဘဲ တည်မြဲနေ လျက်ရှိ လေသည်။

အရှိန်နှင့် မောင်းနေသော ဂျစ်ကားသည်ရုတ်ချည်း ရပ်လိုက် သဖြင့် ကိုအေးလွင်အဖို့ ထိတ်ထိတ်ပျာပျာဖြစ်သွားပြီး ပူပင်သော စိတ်က သူ၏ဘကိုယ်လုံးအား လွှမ်းခြုံလိုက်လေတော့သည်။

'ဦးလှမြင့် ကားဘာကြောင့် ရပ်လိုက်တာလဲ '

ကိုအေးလွင်၏ အမေးကို ချက် ချင်း အဖြေ မပေးဘဲ ကား မောင်းသူလျင်မြန်စွာ ပြေးဆင်းပြီး ကား၏မီးကို ငေးစိုက်ကြည့် နေသော ယုန်ကလေးကို ဖမ်းယူလိုက်သည်။

'ဟိုမှာ ကြည့်လေဗျာ '

ကားမောင်းသူ၏ လက်ထဲတွင် ယူဆောင် လာသော ယုန် ကလေးဆီသို့ လက်ညိုး ထိုးပြလိုက်ပါသည်။

'မသိပါဘူးဗျာ ခင်ဗျားအဖို့ကတော့ အတွေ့အကြုံရင့်နေတဲ့ သူတဦးဆိုတော့ သိမှာပေါ့ဗျာ

သူတို့ ၂ဦးသည် စကား တပြောပြော နှင့် လိုက်ပါ လာ ကြသည်။

ကိုလှမြင့်သည်အမှတ်မထင်၊ ကားပေါ်ကနေ လှမ်းပြီး........၊
'ကိုအေးလွင် ဟိုမှာ ကြည့်စမ်း မီးရောင်တွေ တလက်လက်နဲ့ မီးတန်းရှည်ကြီးတွေ့တယ် မဟုတ်လား အဲဒီ ဆီကို ကျနော်တို့ အရောက်သွားရမှာ ဒီပွဲက ရွှေညောင်ပွဲဘဲ '

တောင်ပေါ်မှ လှမ်းမြင်ရသောပွဲရှိ ထိန်ထိန် လင်း နေသော မီးရောင်များကို ငေးမောရင်း လိုက်ပါခဲ့၏။

ယင်းကဲ့သို့ ပွဲတော်ဖြစ်သည့် အချိန်တွင် မိုင်ပေါင်းများစွာ ဝေးသော နေရာမှ လာရောက်ကစားကြသူတွေက များလှသည်။ ခုကျင်းပနေသော ရွှေညောင်ပွဲတော်တွင် တောင်ကြီး၊ ညောင်ရွှေ ဟဲဟိုး၊ အောင်ပန်း၊ ဗထူး၊ ကလောစသည့် မြို့များက လာရောက်ကြသဖြင့် ကစားဝိုင်းတွင် လူတော်တော်များများ စည်းကားလျက် ရှိပါသည်။

ကိုအေးလွင်သည် ဂျစ်ကားပေါ်မှာ ဆင်းပြီး လမ်းအနည်းငယ်လျှောက်မိသောအခါတွင် ဤသို့ပြောလိုက် ပြန်သေးသည်။

'ကိုလှမြင့် အေးလွန်းအားကြီးလို့လားမသိဘူး၊ စောစောက သောက်ထားတဲ့အရက်ရှိန်မရှိတော့ဘူး ၊ ဆိုင်ရှိရင်လုပ်ပါအုံး'

ကိုအေးလွင်သည်သူသောက်ချင်သော အရက်အကြောင်းကို စတင်စကားဦး သိမ်းလိုက်ပါသည်။

'ပွဲခင်းထဲမှာတော့ အရက်မရောင်းဘူး၊ စောစောက ခင်ဗျား ကြိုက်တတ်ဘယ်ဆို ကျနော်ထည့် လာတာပေါ့ '

သူတို့၂ဦးသည် ပွဲခင်းထဲသို့ တိုးဝှေ့ ကြည့်ရှု နေကြ သည်။ လေးကောင်ဂျင်ဝိုင်း၊ ကြွေးအမ်များကို ဒိုင်လုပ်သူက အစု လိုက် ပုံပြီး ပုဂံလုံးဖြင့် အုပ်ထားကာ၊ ထိုးသား များက စုံသို့မဟုတ် မ မကြိုက်ရာ တခုခုကို ထိုးရသည်။ အုပ်ထားသော ပုဂံလုံးကို

ဖွင့်လိုက်ပြီး ကြွေအမ်များကို တုတ်ချောင်းဖြင့်တဖွဲ့စီတဖွဲ့စီ ရွေးထုတ်ပြီး ကျန်သော အလုံးများကို စုံ-မ ထိုးသားများ ရှေ့တွင် ပေါ်ပြ လိုက်ပါသည်။

သူတို့ ၂ဦးသည် တနေရာမှ တနေရာသို့ ပွဲခင်း၏နေရာ အနှံ့ အပြားသွားလာ လှုပ်ရှားနေကြသည်။

ကိုအေးလွင်၏မျက်စေ့များတွင် အရက်သောက်သူ အချို့ ကိုလှမ်းမြင်လိုက်ပါသည်။ ၎င်းတို့မှာ တဲကြီး တခု တွင် လူ ခများများသည်အစုလိုက်အပြုံလိုက် ကစားနေကြ သူတွေ ရှိသကဲ့သို့ အခြားတဘက်ဘချက်တွင် အရက် သေစာဖြင့် သောက်ရင်း စားရင်း လေးကောင်ဂျင် ကစားနေ ကြသူ တွေကို တွေ့နိုင်လေသည်။

ကိုအေးလွင်သည် သူ၏ နံဘေးတွင် ရှိသော ကိုလှမြင့်အား လှမ်းပြောလိုက် ပါတော့သည်။

'မင်းက အရက် မရဘူး ဆိုပေမဲ့ ဟိုမှာ တွေ့လား အရက်သောက်နေကြတဲ့ သူတွေ- မဟုတ်လား....'

ကိုအေးလွင် ညွှန်ပြ လိုက်သော နေရာ ဆီသို့ လှမ်း ကြည့်ပါသည်။

'ငေး ှးပေါ့ ဒါက ငါးဆယ်အထက်ကစားတဲ့သူတွေကိုအရက် ဆေးလိပ်နဲ့ ဧည့်ခံတာ ရိုးရိုးကစားတဲ့ သူတွေ ကတော့ ဘာနဲ့မှ ဧည့်မခံဘူး'

ကျနော်တို့သွားသောက်မယ်ဆိုရင် မရဘူး ကစားနေတဲ့သူက တောင်းမှ ရတာ'

ကိုအေးလွင်သည် ကိုလှမြင့် ပြောဆိုသည့် အကြောင်းကို သဘောပေါက် နားလည်လိုက်ပါသည်။ သူတို့နှစ်ယောက်သည် လူအနည်းငယ်ရှိသော ကစားဝိုင်းတခုသို့ ဝင်ထိုင်လိုက်ပါတော့သည်။ ကိုအေးလွင်ပါလာသော ငွေထဲမှ ဆယ်ဘန်တရွက်ကို ထုတ်ပြီး လေးကွက်တွင် ရေးဆွဲထားသော အကောင်လေးကောင်ရှိ ဝက် အကောင်ကွက်တွင် ထိုးလိုက် ပါတော့သည်။ မကြာမီ ဒိုင်လုပ်သူက ပန်းကန်လုံးဖြင့် အုပ်ထားသော အံစာတုံးကို ဖွင့်လိုက်ပါသည်။

'ဝက်....'

ဝက်ဟူသောအသံသည် ဒိုင်လုပ်သူ၏ပါးစပ်မှ ထွက်ပေါ်လာပါသည်။ ဒိုင်လုပ်သူက ထိုငွေတဆယ်ကို လျော်ငွေသုံးဆနှင့်အတူ ပြန်အမ်းလိုက်ပါသည်။ထိုသို့ကစားရင်းပင် နိုင်ငွေ ၂၀၀ ကျော် အနိုင်ရရှိခဲ့သောကြောင့် နဘေးတွင်ရှိသော ကိုလှမြင့်ဘက်သို့လှည့်ပြီး ပြုံးပြလိုက်ပါတော့သည်။

ထို့ကြောင့်....

'ဘယ်လိုတုန်း သူငယ်ချင်း၊ စောစောက မကစားပါဘူး အလယ်သက်သက်ဆို ကိုလှမြင့်၏ ငေါ့တော့တော မေးမဲ့မြင် ပြောလိုက်သောစကားကြောင့်'

'စောစောကတော့ ဟုတ်ပါတယ်၊ ဒီရောက်တော့ စိတ်တွေ တမျိုးပြောင်းသွားတယ်၊ ငွေပုံတွေမြင်ပြီး လောဘရမ္မက်ဇောတွေ ကပ်ခဲ့တယ်လေ'

သူတို့နှစ်ယောက်သည် မိုးလင်းခါဘာ ပွဲမှပြန်လာကြတော့သည်....'

မရောက်ဘူးသေးသောနေရာသို့ သွားလျှင် အဖော်အပေါင်း တယောက်သော်ရှင်း ပါမှကောင်းလိမ့်မည်ဟု ယခင်ကကိုအေး လွင်၏ အထင်ကမှန်ခဲ့သည်။ ခုဘော့ ဤသို့မဟုတ်ပေ သွား လာတတ်ခြင်းဖြင့် သူ့အတွက် ထိုနေရာကို အိမ်ဦးနှင့် ကြမ်းပြင် သဖွယ် ရှိနေပါသည်။

ဒီညအဖို့ ကိုအေးလွင်သည် စပါယ်ရှယ်ဝိုင်းထဲတွင် ပါဝင် ကစားနေတော့သည်။ သူ ရှေ့တည့်တည့်တွင်ရှိ စားပွဲပေါ်မှ ငွေရောင်စီးကရက်ဗူးကို လှမ်းယူလိုက်၏။ နောက် စီးကရက်တ လိပ်ကို အေးဆေးစွာ ထုတ်ယူမီးညှိပြီး ဖွာရှိုက်နေတော့သည်။ ဖန်ခွက်ထဲ၌အရက်ကို တချိုက်မော့ချပြီး စီးကရက်အခိုးငွေ့များ သည် အပေါ်သို့လိမ်ဖယ်လိမ်ဖယ်နှင့် တက်သွား၏။

သူသည် ထိုအငွေ့များကို တွေဝေ၍ကြည့်ပြီး အကြောင်း တခုကို မျက်မှောင်ကုတ်ပြီး စဉ်းစားလိုက်သည်။ သူစဉ်းစား သည်မှာ ဒိုင်လုပ်သူ လှည့်လိုက်သော အံစာတုံး၏အသံကို ဂရု တစိုက် နားထောင်ခြင်းပင် ဖြစ်ပါသည်။ သူသည် အချိန်ကို ယူပြီးမှ ထိုးလိုက်ပါတော့သည်။ ဤသို့ လောင်းကစားရင်းပင် နဲ့သခား၏ပါးကွဲသို့ ဖောင်းလိုက်ပိန်လိုက်ဖြင့် သူ့ဘဝက အမြဲ ပေးနေပါသည်။

လရောင်ကင်းသော ကောင်းကင်ပြင်၊ လှိုင်းတံပိုးခက်ထန် သော ပင်လယ်ပြင်ကဲ့သို့ပင် ကိုအေးလွင်ဘဝက ဤညအဖို့ အ မှောင်တိတိကျရမည့်ကိန်း ကြုံရတော့သည်။ သူ၏စိတ်သဏ္ဍာန် သည် ကနဦးကစားဝိုင်းသို့ ရောက်လာသည့် အချိန်မျိုးတော့

မဟုတ်ပေ။ အမှန်ဆိုပါက မှန်းချက်နှင့် နှမ်းထွက် မကိုက်သလို ဘော့ ရှိ၏။

ဒီဘော့သူ စိတ်ကမရှည်။ ပါလာသောငွေက ဘဖြေးဖြေးနှင့် နည်းပါးသွားသည်။ ထို့ကြောင့် ခံပြင်းချင်း၊ ဒေါသဖြစ်ခြင်း၊ အကြောင်းရှာတော့ တခုတည်းသော ဦးတည်းချက်သည် အနိုင်ရရှိရန်သာ ဖြစ်သည်။ သို့သော် တည်ငြိမ်အေးဆေးခြင်း မရှိသော သူ၏စိတ်တွေက လှုပ်ရှားနေ၏။ သူထိုးလိုက်သော ငွေကိုသာ ဒိုင်ကချည်းစားသွားသောကြောင့် စိတ်သတ္တာန်မှာပိုမို ခက်ထန်လာ၏။

နောက်ဆုံးအနေဖြင့် သူက ထိုကစားဝိုင်းမှ ထပြန်ခဲ့ရသည်။ သောဘဇောက သူ၏စိတ်တွင် ခိုကပ်နေသဖြင့် ခန္ဓာကိုယ်တခုလုံး ညောင်း ညာ ကိုက် ခဲရမှန်း မသိ။ ခုဘော့ ရှုတ် ချည်း ထလိုက်သော်လည်း ချက်ချင်းထလို့မရပေ။ ရှေ့သို့ အရှိန်ထိုးလဲမည်အပြု တဘက်တွင်ထိုင်နေသူက ဖေးမ ပေးသောကြောင့် သူသည် နောက်တဖန် ကောင်းမွန်စွာ ထနိုင်ပါသည်။

လူမိုက်နဲ့ငွေအတူမနေ ဆိုသကဲ့သို့ ကစားသမားနဲ့ ငွေလည်း အတူမနေဘဲ ရှုပြန်၏။ ဒီနေ့မနက် ကိုအေးလွင်အဖို့ ငွေဆို သူ့အိတ်တွင် တွယ်ကပ်နေသော ကျပ်တန်ဟူ၍ တချပ်တောင်မရှိချေ။ ထို့ကြောင့် ကိုလှမြင့်ကို မျက်နှာချိုသွေးရပြန်၏။

‘ ကိုလှမြင့်ရေ....ကျနော့်ကို ကူညီပါအုံး ’

‘ ဘာကူညီရမှာလဲ ’

‘ ငွေ....ငွေ ’

ကိုလှမြင့်သည် ကိုအေးလွင် ပြောသော စကားအရအနည်းငယ်တော့ ပြန်ပြောလိုက်ပါသည်။

'မနေ့ကတော့ ခင်ဗျားမျက်နှာဟာ လမင်းတရာလောက်သာနေသလားလို့ ထင်မိတယ်၊ ဒီလောက် ရွှင်ပျနေတာလဲခုတော့'

ကိုလှမြင့်သည် ဆက်ပြောရမည့် စကားကို မဆက်တော့ဘဲ ရပ်လိုက်ပါတော့သည်။

'ကိုလှမြင့် အပိုစကားတွေ ပြောမနေပါနဲ့အုံး၊ ကျနော် လိုချင်တဲ့ငွေရ မရ သိချင်တယ်။ အချိန်လဲရှိသေးတယ် မဟုတ်လား၊ ငွေရရင်တော့ ရွှေနဂါးမှာ လိမ္မော်ဘဝိုင်းစာလောက် ထောက်ချင်တယ်'

'သူငယ်ချင်း ကိုယ့်မှာတော့ ငွေမရှိဘူး၊ ဒါကြောင့်ပြောနေတာပေါ့ တခြားဆီက ဆွဲပေးရအောင်ဆိုတော့ ကိုယ်လဲတာခါမှ မချေးဘူးတော့ ခက်တာပေါ့....'

'ဒီလိုဆို ကျနော့လက်စွပ်ကိုဘဲထိုက်သင့်သလိုလုပ်ပေးဗျာ'

ကိုအေးလွင် မရသည့်နောက်ဆုံး သူပိုင်ပစ္စည်းကို ငွေရရှိရေးအတွက် တနည်းမဟုတ်တနည်းနည်း ဖြစ်ဖြစ် အသုံးပြုရတော့သည်။ ကိုအေးလွင်လိုချင်သော ငွေကို ရရှိခဲ့သည်။ သို့သော် ဒီငွေ ဘယ်နေရာတွင်အသုံးချမည်နည်း။ ကောင်းသောနေရာတွင် အသုံးပြုရန် အလို့ငှာ သူမစဉ်းစားမိချေ။ သူ့အာရုံက တဒင်ပျော်ရွှင်သောနေရာသို့ သွားရောက်ပြီး အချိန်နှင့်ငွေကိုအသုံးပြုရန် အားမာန်ပြုနေသည်။

'ကိုလှမြင့် လာဗျာ၊စိတ်ပြေလက်ပျောက်ပေါ့၊ခေါင်းသွားဆေးရအောင်'

ကိုအေးလွင်သည် ကိုလှမြင့်အား အရက် သွားသောက် ရန် အဖော် ညှိလိုက်ပါတော့သည်။

အရက် သမား၏ ပါးစပ်သည် ငါးစိမ်း သည့် ပါးစပ် ကဲ့သို့ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ ပြောရဲဆိုရဲသည် ရင်းနှီးမှု၊ ခင်ခင်မှုမရှိပေလင့်၊ သူတို့၏ပါးစပ်နှင့်တွေ့သွားပါက ခင်မင် လာနိုင်ပေမည်။ အရက် မသောက် သော အချိန်တွင် အရက် သမား တဦး၏အနေ အလိုင်အခြေ အဆိုများသည် နူးညံ့ သူရှိ သ ကဲ့သို့ ကြမ်းကြမ်း ရမ်းရမ်း နေသူလည်းရှိ၏၊

သေရည်ပါးစပ်ထဲသို့ ရောက်ပြီးမကြာမီ ထိုသူ၏ ပါးစပ်သည် ပြောရဲ ဆိုရဲ ရှိလာလည်း။ အရက် မသောက်ခင်က အောင့် ချည်း ဟစ်ကျယ်ပြုလုပ်သူသည်း သေရည်ပါးစပ်ထဲ ဝင်သွားသော အခါ တွင် နှုတ်ဆိတ်နေတတ်သူသည်း ရှိတတ်သည်။

ဆို့ကြောင့်ကိုအေးလွင်သည်ထိုဆိုင်ထဲသို့ ဝင်ထွက် သွားလာ မှုများလာသဖြင့် ဆိုင်ရှိအလုပ်သမားများနှင့် ရင်းရင်းနှီးနှီးရှိသာ တော့သည်။ အနေကြာတော့လည်း မြို့ရဲ့ အခြေအနေကို သုံးသပ် လာ၏။

အရက်ရောင်းသော ဆိုင်များသလောက် အရက်သမားများ ၏ ဥာဉ်တခုကတော့ မိမိနှင့်သင့်တော်မည့် ဆိုင်တခုကိုတော့ စွဲစွဲ မြဲမြဲ ပြုလုပ် မိတ်ဖွဲ့ထားဘတ်ပါသည်။

သူရောက်ရှိခဲ့သည့် ကာလအပိုင်းအခြားကတော့ တနှစ်ကျော် ခဲ့၏။ ဒုစရိုက်ကိုနှစ်သက်ခုံမင်သောသူ၏စိတ်ရိုင်းကလေးများသည်

မကောင်းသော အာရုံကြောင့် ကွင်းသို့ ဦးညွှတ်၍ ဒူး ထောက် အရှုံးပေးလော့ ရှိသော စိတ်၏ လှုံဆော်စေ့စား မှုကိုသာ အမြဲ ခံရ၏။

အရက်သမားဘဝမှ ခုကစား သမားဘဝသို့ တိုးတက် ခဲ့သည်။ မကောင်းသောကာမဂုဏ်အာရုံသားကောင်းဖြစ်သည်ဘဝ သို့ တနေ့ တခြားလျှောက်နေသည်ကိုကား သူမ သိပေ။

သူသိ သူနားလည် သည်ကတော့၊ ဥပဒေနှင့် ဆန့်ကျင်ဘက် မပြုလုပ်သော ကိစ္စမှန်သမျှ လူသားအဖို့ အပြစ်ဟူ သည်ကား မရှိ ဟုမှတ်ယူခဲ့သည်။ သူသည်အရက်ကို ခိုခိုမင်မင် သောက် သည်။ သို့သော်အရက်၏ တန်ဘိုးဖြတ်ထားသော တန်ရာတန်ကြေး ကို ပေး၍ သောက်သည်။

ဤကားအပြစ်ဟု မယူဆနိုင်ပေ။ သူသည်အရက်ကို သောက် ပြီး မူး၍ရမ်းကားခြင်းမရှိ၊ တဦးတည်းဇိမ်ယူ၍ တကိုယ် ကောင်း ကောင်းကျိုး အတွက်သောက်သည်။ ဤသည်ကို အပြစ်မရှိဟု ယူဆသည်။

သူသည်ဘဝကပေး ခဲ့သော အသိဉာဏ်၊ ကျင်လည် ကျက်စား ရမည့် လူတဦးသည် လုပ်သင့်လုပ်ထိုက်သော အခြေခံလုပ်ရပ်တွေ ကို မလွဲမ ရှောင် သာ ဖြင့် ငယ် ရွယ် သော အချိန် တွင် ပျော် ရွှင်စွာ နေထိုင် ရမည်ဟု ရည်ရွယ် ချက်က ဤသို့ပင် ဖြစ်နေ ပါ တော့သည်။

[ ခုနစ် ]

ကိုအေးလွင်သည် ရေချိုးနေရာမှ သီချင်းတပုဒ်ကို သံကုန်ဟစ်အော်၍ ဆိုနေပါသည်။ သူဆိုနေသော သီချင်းမှာ ပတ်ဝန်းကျင်သို့ ပဲ့တင်ထပ်၍ ထွက်ပေါ်ခဲ့ပါသည်။

သောက်သောက် စားစား လူမင်းသားဗျာ့။

မသောက်မစားလူ့ငနွားလို့ ပြောကြပြန်သေးတယ်။

အဲဒီတော့ သောက်စားလို့ဘဲနေမယ်၊ လူ့ငနွားတော့ အဖြစ်မခံနိုင်ပါ။

လောကကြီးမှာ ပျော်ရွှင်ဖို့ အကြောင်းအရာတွေ စုံပါလေ့ ပျော်ပျော်နေ သေခဲ့တယ်။

ကိုယ်ထင်ရာ ကိုယ်လုပ်နေရတာပျော်တယ်။

အဲဗားဂျော်လီ ၊အမြဲတန်း ပျော်မည်။

'ကိုအေးလွင်ရေမြန်မြန်ချိုးဗျို၊ ခင်ဗျားအတွက် စာတစောင် ရောက်လာတယ်....'

ကိုလှမြင့်၏ အသံပြုလိုက်သဖြင့်သူဆိုနေသော သီချင်းသံနှင့် အတူ ရေကျနေသော အသံများသည် ငြိမ်သက်သွားသည်။

'ဘယ်မြို့ကလဲ - ကိုလှမြင့်'

'ရွှေမြို့တော် ရန်ကုန်က'

ကိုအေးလွင်သည်ပိတ်ထားသော တံခါးကို ဆောင့်ဖွင့်လိုက် ပြီးနောက် တကိုယ်လုံး ရေရွှဲစိုနေသော ကိုယ်ကာယကို မျက်နှာ သုတ်ပုဝါဖြင့် သုတ်လျက်အိမ်ရှေ့ခန်းဆီသို့ လာပါတော့သည်။ သူသည် အိမ်ရှေ့ခန်းတွင်းရှိ လွတ်နေသော ကုလားထိုင် တခု၌ ဝင်ထိုင်၍ စောဦးစွာ သူ၏လက်ထဲ တွင် ရှိသော စာအိတ် ကို ဖေါက်ပြီးအတွင်းမှ ပါလာသောစာရွက်ကိုအပြင်သို့ ယူလိုက်ခါ မမြှော်လင့်သော စာကြောင်းကလေးများ၏ အဓိပ္ပါယ်များသည် သူ၏ မျက်လုံးကို အံ့သြစေ၏။

နှလုံးသားများသည် စာဖတ်နေရင်း တဒိတ်ဒိတ်ဖြင့် အသံ မြည်လာ သလား ဟု ထင်ယောင် နေ သော အတိတ် က ဖြစ်ရပ် ကလေးနှင့် ခံစားခဲ့ရသော အကြောင်းများက အသစ်တဖန် မိုး ဆန်းပန်းသို ဖူးငုံစ ပြု လာပြန်ဘော့သည်။

အကို....

နှင်းလှ စားမေးပွဲ အောင် ပါတယ်။ အကြောင်း ကတော့ ညီမ စာမေးပွဲ အောင် သော်လည်း မိမိကြိုးတယောက်စာမေးပွဲ

ကျ၍ ဒီနှစ်ကျောင်းမတက်ဘဲ နေမယ်လို့ ညီမကို ပြောနေတယ်၊ ဒါကြောင့်အကိုအနေနဲ့ ကျောင်းပြန်တက်ဖို့တိုက်တွန်းပေးပါလို့ စာရေး အကြောင်း ကြားရခြင်း ဖြစ်ပါတယ်၊

ညီမ

ကိုအေးလွင်သည် ညီမဖြစ်သူ၏ စာကိုအပြီးတိုင် ဖတ်ပြီးသည့် နောက် ပင့်သက်ကို တချက် ညှင်းညှင်း သာသာဖြင့် ချလိုက်ပါသည်။ ဘုန်းကြီးအမူ ရှာပတ်နေပြီပေါ့ အမှန်တော့ ကိုအေးလွင်အဖို့ မိမိကြီးအပေါ်တွင် တချိန်က တဘက်သတ်မေတ္တာဖြင့် ချစ်မိခဲ့ခြင်း၊ ပိုးပန်းခဲ့သည်မှ လွဲ၍ မိမိကြီး၏ တုန့်ပြန် သောမေတ္တာက ချစ်ပါသည် ဟူသော မေတ္တာ၏ စေစားရာ ကိုလိုက်လှဲစွာ လက်မခံခဲ့ဘူးတော့ နှလုံးဘာမှ မဆိုင်သော ကိစ္စကို ညီမဖြစ်သူ၏ တိုက်တွန်းနှိုးဆော်ခြင်းမှာ အကြောင်း ကတော့ တခုခုရှိဟန်ကောင်းသည် မည်၏။ ကိုအေးလွင်သည် ဤကဲ့သို့ ကောက်နှုတ် ချက်ချ လိုက်ပါသည်။

ထို့ကြောင့် ကိုအေးလွင်သည် မိမိကြီးထံ စာပြန်လိုက်ပါသည်။ အခုနေဝေးတော့ တဦးနဲ့ တဦး သံယောဇဉ် သိပ်ပြီး တွယ်တာမှုမရှိပေ။ ညီမဖြစ်သူ၏ အကူအညီ ပေးပါဟု စာအရ ပြန်စာကို တိုတိုဘုတ်တုတ် ရေးလိုက်ခြင်းပင်ဖြစ်ပါသည်။

ဆောင်းဦးနံနက် မြူမှုန်ဆီးနှင်းများက ရှမ်းပြည်၏ မြို့ဘော်ကို ပိတ်ဆို့ ကာရံထားလေသည်။ နေဝန်း၏အလင်းရောင်ချား

သည် ဆီးနှင်းထုကို ထိုးဖေါက်နိုင်စွမ်း မရှိပေ။ လမ်းကြီး လမ်းငယ် အသွယ်သွယ်တို့တွင် မောင်းနှင်နေကြသော ကားများမှာလည်း အရှေ့မီးကိုဖွင့်၍ မောင်းနှင်ကြရ၏။

လူဘဦးနှင့် ခရီးအလှမ်း ကွာဝေးသွားပါက မမြင်နိုင်တော့ချေ။ အိမ်ကြီး အိမ်ငယ်များဘွင်လည်း နှင်းရည်များပက်ဖြန်းထားသဖြင့် စွတ်စိုထိုင်းမှိုင်းနေ၏၊ မြစိမ်းရောင် သစ်ရွက်များပေါ်တွင် ပုလဲဥကလေးများက အစီအရီ တွဲလွဲခိုကာ မြေသားကမ္ဗလာပေါ်သို့ တပေါက်ခြင်း ကျနေ၏။

ဆီးနှင်းများသည် ကွယ်ပျောက်စပြုပြီး နေရောင်ခြည် များသည် ဖြာလျက်ကျဆင်းလာသည်။ ရှမ်းပြည်၏ မြို့တော်ပေါ်သို့ ကြည်လင်သော ရွှေခြည် ငွေခြည်မျှင်များ သွယ်တန်း ရှန်းလက်နေ၏။

ဆီးနှင်းများ ပက်ဖြန်းထားသော တိုက်တာအိမ်ခြေများနှင့် သစ်ပင် ပန်းမာလာတို့၏ အစိုဓာတ်ကြောင့် နေရောင်ခြည်၏ အထိအတွေ့ကို ပျော်မွေ့ မြူးရွှင်သည့်အလား ပြိုးပြိုးပျက်ပျက် ရောင်ပြန်ဟပ်၍ လာတော့သည်။

ကိုအေးလွင်သည် နံနက်စောစော အိပ်ရာမှ ထပြီးနောက် ကိုယ်လက်သန့်စင်၍ အိမ်ရှေ့ဝရံဘာတွင် ရပ်လိုက်သည်။ လန်းဆန်း အေးစိမ့်သောလေကို တဝကြီး ရှူရှိုက်ပြီးနောက် သူ၏ ဦးနှောက်ထဲတွင် သွားရန် ရှိနေသည့် အကြောင်း ပေါ်လာတော့သည်။

ဒီတော့မှသူသည် လှုပ်လှုပ်ရှရှ ဖြစ်လာကာ အိမ်ထဲသို့ ပြန်ဝင်သွားပါတော့သည်။ အနက်ရောင်ဘောင်းဘီရှည်၊ အဖြူရောင် ရှပ်အင်္ကျီ၊ အစိမ်းရင့်ရောင် ဂျာကင်တို့ကို ဝတ်ဆင်ပြီး သူချိန်းဆိုထားသော ကိုဘသောင်းအိမ်သို့ ထွက်ခဲ့လေသည်။

ဝါသနာ စရိုက်ချင်းကတော့ တူညီ၏။ တက်ညီ လက်ညီ ရှိလှသည်ဟု ဆိုနိုင်သည်။ ကိုဘသောင်းက အရက်သောက်တတ်သည်။ နောက်ပြီးရှိသေးသည်၊ ဖဲကစားရာတွင် အထူးပင် ကျွမ်းကျင် တတ်မြောက်သည်။ ကစားပုံ ကစားနည်းများကို ကိုအေးလွင်အား သင်ကြားပြသပေးသည်။

ကိုအေးလွင်သည် ကိုဘသောင်းနှင့် မတွေ့တုံးက ဖဲကစားရာတွင် အရှုံးနှင့် ရင်ဆိုင်ခဲ့ရပေါင်း များခဲ့သည်။ ဒါကြောင့် ပမြော်လင့်ဘဲ ကိုဘသောင်းကို မိတ်ဆွေ တဦးအိမ်မှ ဗောင် သူကျွမ်းခဲ့သည်။ ခင်မင်မှုက ကြာ မြင့်ခြင်း မရှိသေးသောကာလပင် ဖြစ်သော်လည်း ခင်မင်ပုံကတော့ အခြားသူများနှင့် မတူ ဆရာနှင့်တပည့်ပမာ။ အကြောင်းကဤသို့ပင်---။

ကိုအေးလွင်သည် လူလွတ်တယောက်ဖြစ်သောကြောင့် ရုံးချိန်မှလွဲပြီး အားလပ်သော အချိန်ကို ဒုစရိုက်အလုပ်မျိုး ဖြစ်သော အရက် သောက်သည်ရှိ၏။ (သို့မဟုတ်) ဖဲ၊ အနီထောင်၊ တခု မဟုတ်တခုကို လိုက်လံရှာဖွေ ကစားနေရသည်မှာ သူ့ဘဝသည် သာယာသည်၊ အေးငြိမ်းသည်ဟု ထင်မိခဲ့သည်။ ငွေစကလေး ရှင်ပျသော အခါတွင် သူ့မျက်နှာသည် အပြုံးပန်း များနှင့်

လန်းဆန်းနေ၏။ ငွေစင္ငွေနမျှား ပျောက်ကွယ်သော အခါတွင် တိမ်မဲညိုဖုံးအုပ်သော လမင်းကဲ့သို့ညှိုးလျှနေသည်။

သူသည် ဖေါက်ပြန်သောစိတ် တနည်းဆိုသော် ဝိသမသတ် လောဘစိတ်များ နှေစဉ်ဖေါက်ပြန်နေ၏၊ သူသည်ကစားသမား ဘဝကို နားလည်သည်၊ သိခဲ့သည်။ ကြွေတလက် ကြက်တခုန် ဆိုသည့်အလား အမြဲမတည်တန့်ချေ။ တနေ့ခနေ့ တချိန်ချိန်မှာ တော့ နည်းလမ်း ရှာဖွေရန် သူ့ဦးနှောက်က ပြုပြင် ဖန်တီးလာ ခဲ့သည်။

အပွဲပွဲတိုင်းတွင် ကိုဘသောင်း ကစားပုံကို အကဲခပ်ခဲ့သည်။ ကိုဘသောင်းကို သိရသည့် အချိန်ကစ၍ ယနေ့အထိ ဖဲကစားရာ တွင် တခါဘူးမျှ မရှုံးသေးကြောင်းကိုတွေ့တော့ သူအံ့ဩမိ သည်။ အံ့ဩအောင်လည်း ကိုဘသောင်းသည် လိမ္မာပါးနပ်လှ ပေသည်။

ကိုဘသောင်းသည် ဖဲကစားရာတွင် အပျော်တခု အနေဖြင့် မသတ်မှတ် စီးပွားရေး ဆန်သည်ဟု ဆိုရပေမည်။ သူနှင့်နီးနီး ကပ်ကပ် ခင်မင်လာသောအခါတွင် သူ့အကြောင်းကို အနည်း ငယ် သိခွင့်ရခဲ့သော ကိုအေးလွင်တယောက် သူ့အကြိုက်လိုက်၍ လိုချင်သောပညာကို ဆည်းပူး နေလေသည်။

'ကိုဘသောင်း ကျနော် နည်းနည်း နောက်ကျ သွားတယ်....'

ကိုအေးလွင်သည် အိမ်ရှေ့မှနေ အိမ်ထဲသို့ ဝင်ရန်ဟန်ပြင် နေချိန်တွင် ဤကဲ့သို့စတင် နှုတ်ဆက်လိုက်ပါသည်။

'ကိစ္စမရှိပါဘူး ဝိုင်းက မသေချာသေးဘူး၊ လူစုရအုန်းမှာ၊ ဒီကနေ့ ကစားမဲ့သူတွေက လူဂုဏ်တန် အသိုင်း အဝိုင်းထဲက ဆို တော့ ကျနော်တို့ ငွေရရ ကစားဖို့ လိုတယ်နော်၊ ကျနော်တို့ ကစားမှာက ပိုကာဆိုတော့ မိမိလက်ထိပ် အိမ်ကလူရဲ့ ဖဲအခြေ အနေကို ဂရုတစိုက် ပစ်ဖဲကိုကြည့်ရမယ်။ အောက်လူရဲ့ ပစ်ဖဲကိုလဲ ဂရုစိုက်ရမယ်။ အထက်ကလူရဲ့ ပစ်ဖဲဟာ မိမိလိုချင်တဲ့ဖဲကို မပစ် ဘူးဆိုရင်တော့ လက်ထိပ်ကလူ ကိုင်ထားတဲ့ ဖဲဟာ ခင်ဗျားကိုင် ထားတဲ့ဖဲနဲ့အတူတူဘဲမှတ်။ နောက်ပြီးတော့လည်း ဖဲကို သိပ်ပြီး မဖြန့်ကိုင်ရဘူး၊ စုထားရမယ်၊ အတတ်နိုင်ဆုံး အိခြွေရပြီး စဉ် စားတတ်ဖို့လိုတယ်။ အောက်လူကိုလည်း ပညာခန်းနဲ့သတ်ရမယ် သူမလိုချင်တဲ့ဖဲကို ရွေးပစ်ရမယ်နော်-'

ကိုဘသောင်းသည် ကိုအေးလွင်အား တဖြေးဖြေးနှင့်ဖဲကစား သော ပညာကို သင်ကြား ပေးလေသည်။ ကိုအေးလွင်သည် လက်ဦးဆရာ ကိုဘသောင်း၏ သင်ပေးသောပညာနှင့် ကစားဝိုင်း များတွင် အောင်ဆန့်ခဲ့ပြန်သည်။

ယခင်ကလိုတော့မဟုတ်ပေ။ အရှုံးနည်းပြီးအနိုင်များလာ၍ ဒီတော့ သူ့လက်ထဲတွင် ငွေစရှင်လာပြန်သည်။ ဖဲဝိုင်းပြီးပါက အရက်ဝိုင်းသို့ ဆက်ပြန်သည်။ သူ၏ဘဝတွင် ကျင်လည်နေရ သည်ကိုပင် အထူးပျော်ပိုက် မွေ့လျော်နေ၏၊ တခနေရာ မဟုတ် တနေရာသို့ လှည့်လည်၍ ဖိုင်းဝိုင်းရှိသော နေရာသို့ ရောက်ဘတ် ကြ၏။

တခါတရံ ချိန်းဝိုင်းသို့သွားရန် ရှုံးပိတ်ရက်မကြုံပါကခွင့်ယူ၍ ထိုနေရာသို့ အရောက်သွားတတ်သော အလေ့အထများ ဖြစ်လာပါတော့သည်။

ကိုအေးလွင်အပါအဝင် ဤကားပေါ်တွင် (၃) ဦး၊ ကားမောင်းသူမှာ ကိုဇော်ဝင်း သူ၏နံဘေးတွင် ထိုင်နေသူမှာ ကိုဘသောင်း ဖြစ်ပါသည်။ အားလုံးပေါင်း သုံးဦးသည် တခုတည်းသောချိန်းပွဲသို့သွားရန် ဖြစ်ကြပါသည်။

ထိုနေရာသည်လူအရောက်နည်းသော နေရာတခုဖြစ်ပါသည်။ နေရာတခုဟူ၍ သတ်မှတ် ရေးသား သော်လည်း အမှန်စင်စစ် ရွာကလေးတရွာရှိ အိမ်တအိမ်ကို ရည်ညွှန်း ရခြင်း ဖြစ်လေသည်။ ၎င်းရွာသည် အင်းလေး ကမ်းခြေ၏ တဘက်၌တည်ရှိသည်။

ကိုဇော်ဝင်းသည်လမ်းတလျှောက်လုံးဘွင် ကားကိုခပ်မှန်မှန်မောင်းလာခဲ့သည်။ ကားများ အသွားအလာနည်းသဖြင့် ကားမောင်းရသည်မှာ စိတ်ချမ်းသာမှုတော့ ရှိခဲ့လေသည်။

မကြာမီ ကိုအေးလွင်တို့သုံးဦး တည်ထားသော နေရာသို့ ရောက်ကြပါသည်။ ညချမ်းအချိန် ဖြစ်သည့်အတွက် လရောင်သည် မှေးမှိန်နေသည်။ သို့သော် သိပ်သည်းသော အမှောင်ကျနေသည်ဟုလည်း မဆိုနိုင်ပေ။

သုံးရက်လ ခုံးမျက်စအသွင်၊ လရောင်ကအနည်းငယ် ထိန်ထိန်လင်းတော့ ရှိပေသည်။ ရေပြင်ကမ်းကပ်နှင့်လည်း ကပ်နေသဖြင့် လေအေးကိုရှူရှိုက်ရသည်မှာ စိတ်ကို အေးချမ်းရွှင်လန်းစေသည်။

သူတို့သုံးဦးသည် ခြံကျယ်ကြီးရှိ အိမ်တလုံးဆီသို့ ဦးတည်လျှောက်လာ ကြလေသည်။ ၎င်းတို့အနက် ဦးဆောင် သူက ကိုဇော်ဝင်းပင် ဖြစ်ပ သည်။ ဒုစရိုက်သားတို့အတွက် စိတ်ချရသော နေရာတခု ဖြစ်လေသည်။

ပတ်ဝန်းကျင်သည် တိတ်ဆိတ်ငြိမ်သက်ပြီး အေးဆေးဘွယ်ရာတော့ရှိ၏။ ထိုအိမ်ကြီးမှာ ရှေးဟောင်းအိမ်တအိမ်ဖြစ်ကြောင်း တွေ့ရပေသည်။ ယခုခေတ် ပိသုကာများ ဆောက်လေ့ရှိသော သက်ရာများကဲ့သို့ပင် မဟုတ်၊ ကျူထရံ ဝါးကပ်မိုး ဖြင့်သော် သည်းအခန်းဖွဲ့ပုံများက ရှေးလူကြီးများ ပြုလုပ် နေထိုင်သွားသည့်အလား အခန်းပြင်လုံးတခု အခန်းဆောင်များစွာ ဖွဲ့၍ ဆောက်လုပ်ထားသည်ကို တွေ့ရလေသည်။

ထိုအိမ်ကြီးအား အပြင်မှနေ ရုတ်ဘရက် ကြည့်မည်ဆိုပါက မက်စရာကောင်းသော အဆောက်အဦဟူ၍ မယူဆပေ။ မှန်ပေသည် အိမ်၏ အခြေအနေမှာလည်း ဟောင်းနွမ်း ဆွေးမြေ့ပြီး ၎င်း ဆောက်လုပ် ထားသောပုံစံကို ပြန်သည် ပြုပြင်ရန်အတွက် ငွေကြေးမတတ်နိုင်သောကြောင့် မပြုပြင်ဘဲနေသည်ဆိုပါက တော်သေးသည်။ ဤသို့မဟုတ်ပေ။ ငွေကြေးက တတ်နိုင်ပါသည်။ ပြုပြင်နိုင်သော ငွေအင်အားလည်း ရှိသည်။ ဘာကြောင့်နည်းဟူ၍ စဉ်းစားစရာအကြောင်းက ဘိုးဘွားများ ဆောက်လုပ်ထားသော အဆောက်အဦကို အမှတ်တရ ထိန်းသိမ်းစောင့်ရှောက်သည့်သဘောမျိုး ဖြစ်ပေသည်။

သူတို့ကို အိမ်ထဲသို့ ရောက်သောအခါတွင် မမြော်လင့်ဘဲ အတွင်းဘက်ရှိ အခန်းတခုတွင် ခေတ်မှီစွာပြုပြင်မွမ်းမံထားသည်

ကို တွေ့ရသေသည်။ မီးချောင်းရောင်အား ကောင်းမွန်လာစေရန် အခန်းဘခုလုံးကို အပြာရောင် ဆေးရောင်နှင့် မီးချောင်းအရောင်ကလည်း ပြာလဲ့လဲ့ အရောင်ဆိုလင့် တခန်းလုံးသည် အလင်းရောင်မှာ အထူးထိန်ထိန်လင်း ရှိနေပါတော့သည်။

ထိုအခန်းကို အထူးသဖြင့် ခေတ်မီအဆင့်အတန်းမြင့်မား၍ ကစားဝိုင်းအတွက် သတ်မှတ်ထားသောနေရာ ဖြစ်ပေသည်၊

ကိုအေးလွင်တို့သည် အိမ်ဦးခန်းကိုဖြတ်၍ ရှေ့ဆက်လျှောက်အား ပြုလိုက်ခသောအခါတွင် အနောက်တိုင်းဝတ်စုံ ဝတ်ဆင်ထားသော ဗိုက်ရွဲရွဲ အသားဖြူဖြူ မေးရိုးကားကားဖြင့် လူရွယ်တဦးက....

'မိတ်ဆွေ ဘယ်သူ့ကို တွေ့ချင်လို့လဲ'

မေးသူသည် ရှေ့ဆုံးမှ ကိုအေးလွင်အား ရုတ်တရက်တွေ့ပြီးနောက်၊ နောက်ဆုံးမှ လိုက်ပါလာသော ကိုဇော်ဝင်း၏ မျက်နှာကို တွေ့လိုက်ပြန်တော့သူ၏နှုတ်အမူအရာသည်ရုတ်ချည်း ပြောင်းလွဲသွားပါသည်။

'ကျနော်က ကိုဇော်ဝင်းကို ရုတ်တရက် မတွေ့လိုက်လို့ ခုလို မေးမိတာ စိတ်မရှိပါနဲ့ဗျာ'

ထိုလူငယ်၏ အမေးအဖြေ ပြုလုပ်ပုံကိုကြည့်ပြီး ကိုအေးလွင်သည် ရီမသို ပြုံးရမလို မချိတင်ကဲ ဖြစ်မိသည်။

'ဟေ့....လုဖေ၊ လူတွေ ဘော်တော်စုံပြီလား'

ကိုဇော်ဝင်းသည် ထိုလူငယ်အား လှမ်းမေး လိုက်ပါသည်၊

'တော်တော်စုံနေပါပြီ ဆရာတို့ကို စောင့်နေကြတာပါ'

သူတို့သုံးဦးသည် အခန်းထဲသို့ ရောက်လိုက်သည်နှင့်တပြိုင်နက် အခန်းဘဲရှိလူများက လှမ်း၍ ပြုံးလိုက်ကြပါသည်။

'ရောက်ခနကြတာ ကြာပြီလား....'

ကိုဇော်ဝင်းအမေးကြောင့်....

'သိပ်ချည်း ကြာလှတယ်လို့ မဟုတ်ပါဘူး၊ ခင်ဗျားတို့နဲ့ မရှည်းမနှောင်းပါဘဲ'

'ကောင်းပြီလေ ကျနော်တို့ ဝိုင်းစရအောင်'

ကိုဇော်ဝင်း၏ ပြောလိုက်သောစကားကြောင့် ကစားဝိုင်း ၏နဘေးရှိ ကုလားထိုင်များပေါ်တွင် ထိုင်နေရာမှထပြီးနေရာ ယူကြပါတော့သည်။ ကိုအေးလွင်သည် ညှိနေရာ၌ လူပိုသက် သက် ဖြစ်နေပါသည်။ ကိုဘသောင်နှင့် ငွေအားစပ်တူသည့် ထားသည့်အတွက် သူ့အခနဖြင့် ဝင်ကစားခြင်း မရှိပေ။ ယခု ကစားနည်းမှာ ဆူလှယ်နပ်လှယ်သောကစားနည်း ဖြစ်ပါသည်။ မြန်မာ့ အခေါ်အားဖြင့် တချပ်မှောက် ဖဲကစားနည်း ဖြစ်ပါ သည်။ ထို့ကြောင့် စတင်မကစားမှီ ပါလာသောငွေအင်အား ကို တယောက်သောသူက စတင်ခေါ်လိုက်ပါသည်။

'လက်ရှိအောက်မှာ တထောင်ချပြရမယ်၊ ကစားမဲ့နောက် ဆုံး သတ်မှတ်ထားတာကတော့ (၃)နာရီဘဲ၊ ကဲ.... နာရီကို တိုက်ထားပါ၊ကဦးကိုတဦး စိတ်ချရပြီဆိုရင်တော့ဝိုင်းစရအောင်'

ကိုဇော်ဝင်းသည် ဤကဲ့သို့ပြောပြီးနောက် စတင်ကစားကြ ပါတော့သည်။ သတင်းအရ နောက်ယောင်ခံ၍ လိုက်လာကြ သော ရဲဘစုသည် ၎င်းအိမ်ခြံဝင်း အပြင်ဘက်၌ ကင်းဝပ်နေကြ သည်။ ကိုအေးလွင်တို့လူစုက မသိလိုက်ပေ။ သူတို့ကစားနေ သောနေရာသည် လုံခြုံစိတ်ချရသည်။ အန္တရာယ်ကျော့ကွင်းမှ

ကင်းလွတ်သည်ဟု ယူစကြသည်။ထို့ကြောင့် လှဖေတဦးတည်း သာ ဧည့်ခန်းတွင် အခစောင့်သဘော ချခဲ့လေသည်။

ရဲအရာရှိဟုဘင်ရသော အသားညိုညို ကိုက်လုံး ကိုယ်ထည် တောင့်တင်းပြီး အရပ်ဝတ်ဖြင့် ရှေ့ဆုံးမှနေ ရဲသားများ ဦးစီးပြီး အိမ်ကြီး၏ ဧည့်ခန်းသို့ ရုတ်ဘရက် တက်သွားသည်။ ၎င်းအရာရှိ သည်အခန်းထဲသို့ တဦးတည်း ဦးစွာခရောက်ပြီး အိမ်ရှေ့ ဧည့်ခန်း တွင် ထိုင်၍ငိုက်နေသော လှဖေကို ရုတ်ဘရက်တွေ့ လိုက် ရလေ သည်။

ထိုအချိန်ဘွင် ရဲအရာ ရှိသည် လှဖေ ရှေ့သို့ ဖြေးညှင်း စွာ လျှောက်သွားသော်လည်းမမြော်လင့်ဘဲ ဆေးလိပ်ခွက်ကို ခြေဦး ဖြင့်တိုက်မိသွားသော အသံပေါ် လာသောကြောင့် ငိုက်မြည်း နေသော လှဖေ၏ မျက်လုံး များသည် ရုတ်ချည်း ဖွင့်လိုက် ပြီး ၎င်းလက်ဖြင့် ဆုဘ်ထားသော ဒုတ် ကို အပေါ်သို့ မြှောက်၍ ရှေ့မှ လာနေသူကို တအား လွဲရိုက်ပါတော့သည်။

ရဲအရာရှိသည်ဤကဲ့သို့ ကိစ္စမျိုးကို မကြာခဏ တွေ့ကြုံရသော ကြောင့် ဝ ရင့်နေ၏။ သူသည်လျင်မြန် ဖျတ်သတ်စွာ လှဖေ၏ လက်နှစ်ဖက်မြှောက်လိုက်ပြီးဒုတ်ချောင်းအပေါ် သို့ ရောက် သွား သောအခြေအနေမျိုးတွင် အမှန်းအဆလည်း ကောင်းပြီး လှဖေ ၏ အရိုက်ဘည့်တည့်သို့ သူ၏ ညာလက်သီး တလုံးကို ပစ်သွင်း လိုက်ပါသည်။

လှဖေ၏အင်အားများသည် ဒုတ်ချောင်း တချောင်းကို စုံကိုင် ၍ မြှောက်လိုက်သော်လက်နှစ်ချောင်း ပေါ်တွင်မူ တည် နေချိန်

ဘွင် အင်အားနည်းပါးပြီး ဟာကွက်တခု အနေဖြင့်တဘက် သူ၏ တိုက်ခိုက်ခြင်းအကွက်ပေးမည့် သဘောမျိုးဖြစ်နေခြင်းကို လှဖေ မသိလိုက်ရှာလေသည်။

'အင့်'ဟူသော အသံနှင့်အတူ ရဲအရာရှိသည် လျှပ်တပြက် အတွင်းမှာပင် ဒုတ်ကိုင်ထားသောလက်ကို လိမ်ချိုးလိုက်၏။

အခြေအနေက ပြောင်းသွားလေသည်။ ရဲသား အားလုံးသည် ကစားဝိုင်းကို ဝိုင်းမိထား လိုက်ပါတော့သည်။

'အားလုံး ငြိမ်နေကြ ကိုယ့်နေရာကနေ တခြားကို မပြောင်း ရွှေ့ကြနဲ့ ဒို့ရဲတွေ ဘဲ...'

ကစားသော သူအားလုံးသည် ရုတ်တရက် အဝိုင်း ခံလိုက်ရ သဖြင့် မလှုပ်မရှက်ငြိမ်သက်၍ နေကြရလေသည်။ ဝိုင်းထောင် တွင် ဘိုင်နေသူအနေဖြင့် ကိုအေးလွင်ကို တွေ့ရှိခဲ့လေသည်။

ကိုအေးလွင်ကို စစ်ဆေးသောအခါတွင် အမှုထမ်း တဦးဖြစ် နေသည်ကို တွေ့ရှိရသောကြောင့် သက်ဆိုင်ရာ ဌာနသို့ ပြန်လည် ပြောင်းရွှေ့ ရလေသည်။

ကိုအေးလွင်သည် ရန်ကုန်မြို့သို့ ပြန်လည် ရောက် လာသည်။ သူ၏ မြင်ကွင်းတွင် တွေ့မြင်ရသော အရာ များကို တွေ့ရ ပေ သည်။ သူသည် ရှမ်းပြည်သို့ ၃-နှစ် နီးပါး ခန့် သွား ရောက် ခဲ့သည်။

ခု သူပြန်ရောက်လာသော အချိန်တွင် မိတ်ဆွေ သူငယ် ချင်း များပင် ကကျ်ကိုတက်ရောက်နေကြသည်။ သူနေထိုင် သော

လမ်းတွင်းရှိ မြေကွက်လပ်များပင် တိုက်တာ အိမ်ခြေများအဖြစ် ပြောင်းလဲ သွားသည်။

ဤကဲ့သို့ ပြောင်းလဲခြင်း အခြေအနေကို တွေ့ရှိခဲ့သော်လည်း သူအလွန်တွေ့မြင် ချင်လိုသော မိမိကြီးတယောက်မှာ တက္ကသိုလ် ဝင်တန်းကို အောင်မြင်နိုင်ခြင်း မရှိသေးချေ။

မိမိကြီးသည် တက္ကသိုလ်ဝင်တန်း အောင်မြင်မှု မရှိသေး ကြောင်း သိရသော ကိုအေးလွင်မှာ ဤသို့ အားပေးစကား ပြောရှာလေသည်။

'ဒါပေမဲ့မိရယ်၊ လောကမှာ လူတိုင်းဟာ အောင်မြင်လိုတဲ့ ပန်းတိုင်ကို အရောက်သွားဖို့ ကြိုးစားကြတာဘဲ၊ ဒါပေမဲ့ ကြိုး စားတိုင်း အောင်မြင်ချင်မှ အောင်မြင်တာပါ၊ ရှေးဘဝက ပညာပါရမီ ပါတဲ့လူတွေကတော့ သိပ်ပြီးမကြိုးစားဘဲ ထူးချွန်တဲ့ လူတွေလည်း အများချည်းဘဲ၊ ပညာပါရမီတွေ နည်းပါးတဲ့ လူတွေကြတော့ ဘယ်လို ကြိုးစား ကြိုးစား လိုရာပန်းတိုင်ကို မရောက်နိုင်ဘူး၊ လမ်းခုလပ်မှာဘဲ တဝဲလည်လည်နဲ့ အချိန်ကုန် သွားတာဘဲ'

ကိုအေးလွင် ပြောသောစကားကို မိမိကြီးက ခေါင်းကလေး တညိတ်ညိတ်ဖြင့် နားထောင်နေရှာပါသည်။

'လူမတန်လို့ ကံပုံချတဲ့ သဘောမျိုးတော့ မဟုတ်ပါဘူး။ မိမိလည်း အတတ်နိုင်ဆုံးကြိုးစားပါတယ်၊ နားမလည်တဲ့ဘာသာ တွေကို တတ်ကျွမ်းတဲ့ ဆရာဆီမှာ ကျူရှင်ယူခဲ့တယ်၊ စာမေးပွဲ ဖြေတော့လဲ ဖြေနိုင်ပါတယ်။ ဒါပေမဲ့ အောင်စာရင်း ထွက် လာတဲ့အခါ မိနံမည်မပါလာတော့ အတော် စိတ်ပျက်သွားပါ တယ်အကို'

မိမိကြီး၏ပြောသောစကား ရပ်သွားသောအချိန်တွင် ကိုအေးလွင်သည် သူမ၏ မျက်နှာတခိုသို့ လှမ်းကြည့်မိသည်။ ညိုးလျှော်မှိန်းနည်းသော အသွင်လက္ခဏာ ဆောင်နေသည်ကို ရိပ်စားမိလိုက်ပါသည်။

သူမသည် ကျောင်းသားတဦး လေ့ကျင့်ရမည့် ကျက်မှတ်ရမည့်အချိန်ကို အမြဲလေးစား ကျက်မှတ်ခဲ့လေသည်။ တခါတရံ အိပ်ငိုက်မည်စိုး၍ စာကျက်နေရင်းနှင့် လာဘက်ရည် ခပ်ကျကျသောက်ပြီး ကျက်လေ့ ရှိပါသည်၊ အပတ်တကုတ် ကြိုးစားအားထုတ်သော်လည်း တနှစ်လည်းမအောင် နောက်နှစ်ကျတော့လည်း စာမေးပွဲကျနေသေးတော့ သူ့အဖို့ စိတ်ပျက်လာ၏။

သူမ၏အဘောနှင့်ဆုံးဖြတ်ချက်သည် မှားသည်ဟုမယူဆပေ။ ကိုအေးလွင်သည် ဤသို့ကောက်ချက် ချလိုက်ပါသည်။

နှင်းလှနှင့် အတန်း မတူသော်လည်း သူမအပေါ် မနာလိုမုန်းတီးသော စိတ်မရှိပေ။ ငယ်စိတ် ငယ်သေးကတော့ ခင်မင်မှုမပျက်။ ညနေတိုင်းလိုလိုပင် နှင်းလှတို့ အိမ်ဘက်သို့ ကူးလာတတ်ပါသည်။

'ကိုအေးလွင်တယောက် ရှမ်းပြည်ကပြန်လာပြီးမှ ဝလိုက်တာစကားပြောလဲကောင်းလာတယ်၊ ခုတလောသူအရက်သောက်ပြီးပြန်လာတာ မတွေ့လို့ မေးကြည့်တာပါ'

မိမိကြီးပြောလိုက်သော စကားကြောင့် နှင်းလှအဖို့ သဘောတွေ့သွားပါသည်။ အကြောင်းက ဤသို့ပင်ဖြစ်ပေမည်။ ကိုအေးလွင် ရှမ်းပြည်သို့ မပြောင်းမီအချိန်က ပြောခဲ့သောစကားများကို ရုတ်ချည်း ပြန်လည်ကြားယောင်လာ၏။

'နှင်းလှုရယ် ဒီစာကို မိမိကြီးလက်ထဲရောက်အောင် ပေးပါနော်၊ ငါ့မှာလည်း တနေ့တခြား သူမသိငါပိုးဆိုတဲ့ သဘောမျိုးဖြစ်နေပါတယ်ကွယ်'

လို့ဆိုသောကြောင့် ခုလိုမိမိကြီးက စိတ်ဝင်စားစွာ ပြောဆိုသော စကားကို ကြားလိုက်ရသော အခါတွင် အံ့ဩစရာမဟုတ်ပေ။ အမှန်စင်စစ်ဤနေရာတွင် နှင်းလှု၏အတွေးအခေါ်များက တမျိုးတဖုံ ထင်လာတော့သည်။

သူမသည် ကိုအေးလွင်အပေါ် စိတ်ဝင်စားမှု မရှိခဲ့ပါကဤသို့အရေးတယူ ပြောမည်မဟုတ်၊ မိန်းမတို့သဘောသည် သိရှိနားလည်ခွင့်ရှိပြီမို့ ခုလိုပြောဆိုမှုသည် မိမိကြီးအနေဖြင့် ကိုအေးလွင်အပေါ် သံယောဇဉ် နှောင်ကြိုးကလေးများ တဖွားဖွားပေါ်လာတတ်ပေသည်။

'ခုတလော သူ့အရက်သောက်တာကို သိပ်မတွေ့မိဘူး၊ ကိုယ့်အထင်တော့ သူအရက်ပြတ်သွားပြီ ထင်တယ်၊ ကြည့်ရတာတော့ ရှမ်းပြည်ကပြန်လာပြီ တဲ့နောက် အစစအရာရာ ပြောင်းလဲသွားတာတွေ့ရတယ်'

နှင်းလှုသည် မိမိကြီးစိတ်သဘောသား ကိုအေးလွင်အပေါ် မည်သို့ရှိအံ့မည်ကို ရေလာမြောင်းပေးသဘောမျိုး ပြောလိုက်ပါသည်။

'အေးပေါ့ နှင်းလှုရယ်၊ ယောကျ်ားတွေကိုက ခက်ပါတယ်၊ အချိန်ရှိသရွေ့ စိတ်အလိုကိုသိတ်ပြီး လိုက်ကြတယ်။ ကြည့်လေ... ညည်းအကိုကို ကြည့်ပါလား၊ ရိုးသွတ်တယ်ဆိုရင်

အိမ်ကို တိုက်ရိုက်မပြန်နိုင်ဘူး၊ အိမ်ပြန်လာရင် အရက်သောက်ပြီးမှ ဒါမှ မဟုတ်ရင် အပေါင်းအသင်းတွေ၊ မိတ်ဆွေတွေနဲ့ အပျော်အပါးကို ဦးစားပေး အချိန်ကုန်ခံတတ်တဲ့ အလေ့အထကို မိန်းကလေးတွေထက် ယောက်ျားလေးတွေဟာ အချိန်ကို အလဟဿ ဖြုန်းတီးတတ်ကြတယ်'

'ဒီလိုဆို မိမိကြီးက အကိုအေးလွင်အပေါ် မကျေနပ်ဘူးပေါ့၊ အေးလေ နှင်းလှ ကြည့်ပြောလိုက်ပါ့မယ်၊ မပူနေပါနဲ့'

'မိပြောတာက ယေဘုယျအားဖြင့် ယောက်ျားတွေပြုလုပ်တတ်တဲ့အကျင့်ကို ပြောတာနော်၊ ပုဂ္ဂိုလ်အရ ပြောနေတာ မဟုတ်ဘူး'

'မသိပါဘူး၊ညည်းပြောနေတာက နှင်းလှအကိုအတွက်များ ပြောနေတာလားလို့'

မိမိကြီးနှင့် နှင်းလှပြောသောစကားများကို နားထောင်ပြီးနောက် ထိုနေရာမှ တဖြေးဖြေးနှင့် အိမ်ဘက်ဆီသို့ ခြေဦးလှည့်၍ လျှောက်လာပါတော့သည်။ မိမိကြီးသည် အိမ်သို့ရောက်လင်၊ သူမ၏အိပ်ခန်းရှိရာသို့ တန်း၍ လျှောက်သွားပြီး အိပ်ရာပေါ်သို့ လှဲချ လိုက်ပါတော့သည်။

ငင်းနောက် စောစောက နှင်းလှအား ကိုအေးလွင်နှင့် ပတ်သက်သောအကြောင်းတွေကို ပြောမိသည့်အတွက် သူမအနေဖြင့် ထိုအကြောင်း ပြောရသည်ကို မကျေမနပ် ဖြစ်နေပါသည်။ ကိုအေးလွင်နှင့် ပတ်သက်စရာ အကြောင်းကလည်း တွေတွေထူးထူး ပြောစရာမရှိဘဲနှင့် ခုလိုပြောရသောစကားများ ပေါ်လာသည့်အတွက် သူမကိုယ်သူမ တမျိုးတဖုံတော့ အပြစ်တင်ရမလိုလို ဖြစ်မိသည်။

ထိုအကြောင်းကို တွေးနေရသဖြင့် တဆဆ့ဆေ့ တခုန်ခုန် ရင်အုံတွေ လှုပ်ရှားနေမိသည်၊ သူမသည် အိပ်ရာမှထပြီး ပိတ်လျက်ရှိသောပြူတင်းပေါက်ကလေးကို အသာအယာ ဖွင့်လိုက်ပါသည်။ ပြင်ပ မှတိုက်ခိုက်လာသော လေနုအေးကလေးများက မျက်နှာတခိုဆီသို့ တိုးဝှေ့ဝင်ရောက် တိုက်ခိုက်နေပါသည်။

မိမိကြီး၏ နဖူးပေါ်တွင်ရှိ ဆံနုကလေးများသည်။လေအဟုန်ကြောင့် ရစ်ဝဲ၍ နေပါသည်။လောကဓာတ်၏ ဆန်းကျယ်ခြင်းကို ငေးမောကြည့်နေမိသည်။ တခုတည်းသော အာရုံကို စိတ်ဝင်စားနေခြင်းကြောင့် ခန္ဓာကိုယ်တခုလုံးသည် တည်ငြိမ်လျက်ရှိလေသည်။

····*····

ဘုရားရှင်၏ အဘိဓမ္မာ သဘောတရားများမှာမူပြင်ပ အာရုံများကို တံခါးကြီးငါးပေါက်မှ လက်ခံ၍ အသိတရားဖြစ်ပေါ်စေတတ်သည်။ ၎င်းတို့မှာ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ် စသည့်အာရုံတခုပေါ် ပေါက်လာသည့်အခါတွင် စိတ်အခြေအနေသည်ပြောင်းလဲတတ်သည်။

စိတ်ပညာရှင် ဒိန်းမတ်လူမျိုးဟာ ဧနေဟော့ဖဒင်နှင့်အမေရိကန်လူမျိုး စိတ်ပညာရှင်ဝီလျံ၊ ဂျိမ်းတို့သည် လှုပ်ရှားပြောင်းလဲတတ်သောစိတ်၏အဟုန်သဘာဝကို အလေးပြုခဲ့ကြရာကစိတ်ကို အဆောက်အအုံဆိုင်ရာ ဒြပ်စင်များအဖြစ် ခွဲခြမ်းစိတ်ဖြာနိုင်

မည်လောဟု မေးမြန်းကြ၏။ သက္ကရာဇ် ၁၉၀၀-ပြည့်ပြီးနောက် မကြာမီတွင် ရှိကာဂိုတက္ကသိုလ်မှ ဂျွန်၊ ဒူဝီနှင့်သက်ရှိ ဒြပ်တခုက ယင်းပတ်ဝန်းကျင်နှင့်ညှိယူသည့်နည်းလမ်းများကို စတင်ဂရုပြုမိခဲ့ကြ၏။ သင်ယူခြင်းသည် လူတဦးတယောက်က သူ၏ပတ်ဝန်းကျင်နှင့် ညှိ ယူရာ၌ အရေးပါသောနည်းလမ်းတခုဖြစ်သဖြင့် သင်ယူခြင်း၏ဖြစ်စဉ်ကို လေ့လာရန် စိတ်အလုပ်ဝါဒီတို့သည် မမွေမိဋ္ဌာန်နည်းကို စတင်အသုံးပြုခဲ့ကြ၏၊

အဆောက်အအုံဝါဒီ၊ အလုပ်ဝါဒီ၊အပြုအမူ ဝါဒီအားလုံးတို့က လူဆိုသည်မှာအစိတ်အပိုင်းတို့ဖြင့် စုစည်းထားသည့်အရာဖြစ်သည်ဟု ထေးထင်ခဲ့ကြ၏။ သို့ရာတွင် အဆောက်အအုံဝါဒီတို့က ဤအစိတ်အပိုင်းများကို စိတ်အခြေအနေများအဖြစ်ယူဆကြလျက် အလုပ်ဝါဒီကမူယင်းတို့ကို စိတ်အခြေအနေအရ လှုံ့ဆော်မှုမတုန့်ပြန်မှု ၂ ခုစလုံး ပေါင်းစည်း ဖြစ်ပေါ်စေခဲ့သည်။

မိမိကြီးသည် တချိန်ကမူ မိမိ၏ ပညာရေး လမ်းကြောင်းပေါ်တွင် ဦးတည်ချက်ဖြင့်ရည်သွန်းချက် မဏ္ဍိုင်သိသို့ ရောက်ရှိရန် ပညာရေးကိုအပတ်တကုတ် ကျိုးစားခဲ့သော်လည်း ပညာရေးလမ်းကြောင်းသည် တမျိုးတဖုံပြောင်းသွားခဲ့သည်။အောင်စာရင်း ထွက်ခဲ့သော်လည်း သူမ နာမည်က မပါလာချေ။ ထို့ကြောင့် ပညာပါရမီ နည်းပါးခဲ့သလားဟု မပြောတတ်ပေ။

သုံးနှစ်တိုင်တိုင် တက္ကသိုလ်ဝင်စာမေးပွဲကို ဆက်တိုက်ရှုံးခဲ့ရသဖြင့် အလိုလိုပင် ပညာရေးဘက်တွင် အလေးမမူတော့ဘဲ နေထိုင်ခဲ့လေသည်။ အချိန်အားလပ်တိုင်း ငွေထုစား အုပ်ချည်းဖတ်

လေ ရှိပါသည်။ ဝတ္ထုဇာတ်လမ်းများတွင် တခါတရံနှစ်မြုပ် တတ်သောအလေးအထများ ပေါ်ပေါက်ခဲ့ပြန်သည်။

ဝတ္ထုဇာတ်လမ်းထဲတွင် ဝမ်းနည်းစရာအကြောင်း ဖတ်ရှု ရသောအခါတွင် မိမိကြီးအဖို့ ဝမ်းနည်းရပြန်သည်။ ဝမ်းသာ စရာတွေ့ပြန်တော့ ဝမ်းသာရပြန်သည်။

သူမသည် ပြင်ပအာရုံများကို တနေ့တခြားလက်ခံလိုက်လေး ခဲ့လေသည်။ သူမ၏စိတ်များသည် လေပြင်းတိုက်ခိုက်ခံရသော သစ်ကိုင်းသစ်ရွက်များကဲ့သို့ပင် ယိမ်းနွဲ့တတ်ပြန်သည်။

ဗုဒ္ဓရှင်တော်ဘုရား ဟောထားသည့်အတိုင်း တံခါးကြီးငါး ပေါက်မှနေ တံခါးတပေါက်မှပြင်ပအာရုံများကို ဖိတ်ခေါ်၍ ခံစားတတ်လာသည်။ တွေးတောလာ၏။ အမှန်ကိုပြောရမည် ဆိုပါက တဦးတည်းနေရသည်မှာ ဆားမပါသော ဟင်းကဲ့သို့ ပင် ပေါ့ပျက်ပျက် တမျိုးတဖုံ၊ သူမ၏ သွေးသားများသည် အလိုရမက်၊ တခုခုလိုသလား သို့မဟုတ် ယုယပိုက်ထွေးမှု၊ ကြင် နာတတ်သော ဆန့်ကျင်ဘက်ယောကျ်ားပျိုတဦးသည် သူမနား တွင် ရစ်သိုင်း၍ ထိုင်စေလိုသော ဆန္ဒများ ပေါ်ပေါက်ခဲ့ လေသည်။

သူမ၏ ပြောင်းလဲနေသော စိတ်အစဉ်ကို အမြဲပြန်လည် ကောင်းသည်ဆိုသည့်ဟူ၍ ဝေခွဲနိုင်သောအသိပညာကနည်းပါး သောအချိန်၊ ပင်လယ်တွင်သင်္ဘောပျက်ကိန်းကြုံရသလို အမှီကို ရှာနေသူအလား၊ ဒီတော့ တံချူတန်ကိုရှာသော ပန်းသဇင် ကဲ့သို့ အလိုလို ညွတ်ချင်နေလေသည်။

ရုံးပိတ်ရက်မို့ ကိုအေးလွင်သည် ဧည့်ခန်းစာကြည့်စားပွဲရှိ စာအုပ်များကို သိမ်းဆည်းနေပါသည်။ တဘက်တွင်မိမိကြီးနှင့် နှင်းလှတို့သည် စကားလက်ဆုံကျ နေသည်။ သူတို့နှစ်ဦးသည် ဘောင်စဉ်ရေမရ စကားများကိုပြောရင်း ရယ်ကြသည်၊ ရယ်လိုက်ပြောလိုက်ဖြင့် ရှိနေပါသည်။ ကိုအေးလွင်သည် စာအုပ်စင်ရှိ စာအုပ်များ သိမ်းဆည်းနေသော်လည်း မျက်လုံးအစုံက မိမိကြီးဆီသို့ ဝေ့ရမ်း ကြည့်လိုတ်ပါတော့သည်။

မိမိကြီးကလည်း ကိုအေးလွင်၏ကြည့်ခြင်းကို သူမ၏မျက်လုံးအစုံရစ်ဝဲစေသောအခါတွင် တမျိုးတဖုံ နှလုံးသားဝယ် အေးငြိမ်းသလိုလိုတော့ ရှိသာတတ်၏။ ကိုအေးလွင်သည် တိုင်ကပ်နာရီဆီသို့ လှမ်းမျှော်ကြည့်လိုက်ပါသည်။အချိန်ကား သောတရှင်လိုရာခေတ်ပြားလွှင့်ချိန်ဖြင့် တိုက်ဆိုင်နေသောကြောင့် ရေဒီယိုကို ဖွင့်လိုက်ပါသည်။ စက္ကန့်အနည်းငယ်တွင် သီချင်းသံများ ပေါ်လာပြီး ပတ်ဝန်းကျင်သို့ ပြန့်လွှင့်လာတော့သည်။

> ' အကြောင်းကံ ချစ်ဒုက္ခဖန်လာတယ်....
> ခင်ရယ် ချစ်ရက်သားနဲ့ တဖက်သားရှုံးအောင် ပြုရက်လေတယ်....
> ခင့်သဘောကို ဖွင့်ပြောလို့ရယ် ချစ်တဲ့အရေးစေ့စေ့တွေးသင့်တယ် '

ဘယ်လိုမှမမြော်လင့်သော သီချင်းသံက သူတို့နှစ်ဦး၏နားထဲသို့ တိုးဝင်လာသည်။ ကိုအေးလွင်သည် မမြော်လင့်သော သီချင်းသံ ကြားလိုက်ရသာအခါတွင် ရင်တွင်းဝယ်တမျိုးတဖုံ ပြောင်းလဲပြီး သူ၏မျက်လုံးအစုံသည် ရှန်းလဲ့တောက်ပလျက်

တဖက်တွင်ရှိသော မိမိကြီးမျက်နှာဆီသို့ သူ၏နှလုံးသားခံစားမှုကို သီချင်းသံနှင့် ပေါင်းစပ်ပေးလိုက်ပါတော့သည်။

သီချင်းသံအဓိပ္ပာယ် သေးနက်သည်။ ရိုးရိုးနှင့် ထိထိမိမိ ရှိလှပါသည်။ နားဆင်သူ တဝင်နှလုံးကို ယူကြုံးဆွဲငင်နိုင်စွမ်းရှိသည်။ထို့ကြောင့် မိမိကြီးအဖို့မှာလည်း ထိုသီချင်းသံကြောင့် သူမ၏စိတ်များသည် တမျိုးတဖုံ ပြောင်းသွဲပြီး အမှတ်မထင် ကိုအေးလှိုင်ဆီသို့ မျက်လုံးအစုံက ခေးမိနေတော့သည်၊

ထိုအချိန်တွင်အလိုက်သိသော နှင်းလှသည် မိမိကြီး၏အပါးမှ ခွဲခွာ၍သွားတော့သည်။ ချစ်သူနှစ်ဦးတည်းသာ ခည့်ခန်းတွင် ကျန်ရစ်ခဲ့လေသည်။ နှင်းလှဘခယောက်ပြန်လည်ရောက်လာသော အခါတွင် ကိုအေးလှိုင်နှင့် မိမိကြီးတို့နှစ်ဦးမှာ ပျောက်ကွယ်နေပါသည်။

ချစ်သူနှစ်ဦးသည် ဘယ်ဝယ်ဘယ်ဆီသို့ ရောက်နေကြပါလိမ့်မည်ဟုသောအကြည့်ဖြင့် နှင်းလှသည် တောင်မြောက်လေးဖပ်ဆီသို့ လှမ်း၍ ကြည့်လိုက်ပါသည်။သို့သော် တစုံတယောက်မျှ မတွေ့ရပေ။

နောက်တနေ့တွင် မိမိကြီးသည် ကျောင်းဝင်းအပြင်ဘက်သို့ ရောက်လှင့်၊ ကောင်းကင်ပြင်တခုလုံးသည် လျှပ်ပန်းလျှပ်နွယ်တွေ မှုံးတူးပျော်ရွှင်စွာ ကစားနေကြသလားဟု ထင်မှတ်စရာ၊

ခုဆို ခြောက်သွေ့နေသော ကတ္တရာလမ်းပေါ်ငယ် မိုးသီးမိုးပေါက်များသည် အငိုင်းပြင်းစွာဖြင့် ကျရောက်လာလေသည်၊

မိမိကြီး၏ လက်တွင်းရှိ ထီးကလေးကိုဖွင့်၍ ဆောင်းလိုက်ပါတော့သည်။ ဖွဲ့ဖွဲ့ဖျောက်ဖျောက် ကျရောက်လာသော မိုးသီးမိုးပေါက်များ၏ဒဏ်ကို မခံနိုင်သဖြင့် လူးလွန့်ယိမ်းယိုင်နေသော ထီးကလေး၏ရိုးတံကို မြဲမြဲဆုပ်ကိုင်ရင်း အားစိုက်ခါ လျှောက်လှမ်းလာရပါသည်။

အနက်ရောင်ထီးရွက်များမှတဆင့်မိုးမှုန်မိုးသီးမွှားကလေးများကလည်း သူမ၏ဆံပင်နှင့်မျက်နှာတပြင်လုံးသို့ ပက်ဖျန်းနေသလိုရှိပါသည်။

လေကိုဆန်၍ရှောက်ရသောကြောင့် ခရီးကမတွင်ကျယ်လှ၊ အတားအဆီးတခုကိုထိုးဖောက်နေရသည့်အလား၊ သွားနေသည့်ခရီးပြင်းမှာ ခက်ခဲလှပါဘိဟု ထင်ရပါသည်။ ခန္ဓာကိုယ်ပေါ်တွင် ဖုံးလွှမ်းထားသော အဝတ်တို့မှာစိုနစ်၍ ကိုယ်နှင့်ကပ်ထားသည်သို့ ရှိပါသောကြောင့် ရှေ့တည့်တည့်မှလေက တိုက်နေပါသဖြင့်တကိုယ်လုံးအစိတ်အပိုင်းများ တိတိပပဖော်ပြနေသည့်အသွင်ဖြစ်နေသည်။

မိုးကြားမှ ဖြတ်သန်းတိုက်ခိုက်လာသော အအေးဓာတ်များစွာကို သယ်ဆောင်လာသည့် ဒဏ်ကြောင့် မိမိကြီး၏ကိုယ်လုံးသည် အေးစက်ကျင်ခဲနေပါတော့သည်။ မေးများပင် ခိုက်ခိုက်တုန်ချင်လာပါ၍ နှုတ်ခမ်းများလည်း ပြာနှမ်းနေပါသည်။

ဒေါသလွှမ်းခြင်းခံရရှာသော လေအဟုန်ကြောင့် သစ်ကိုင်းချင်း ထိပွတ်သံ၊ ကျိုးပဲ့သံနှင့် သစ်ပင်များ၏ အော်မြည်သံ

အပြင်၊ လေအဝှေ့တွင် မိုးသီးမိုးပေါက်များတွေ့သဖြင့် ရှန်းရှင်း အန်ခတ်ထန်သလို တရှီးရှီး တရှဲရှဲ မြည်းသံကိုလည်း ပတ်ဝန်း ကျင်တဝိုက်ဘွင် မပြတ်မှလပ်အောင် ကြားနေရပါသည်။ မိမိ ကြီးသည် ထီးကို ရှေ့သို့ဝိုက်၍ဆောင်းပြီး လျှောက်နေရသဖြင့် ရှေ့တွင်ရောက်ရှိနေသော ကိုအေးလှင်ကိုရုတ်ချည်း မတွေ့ရချေ။ ကိုအေးလှင်၏အသံပြုလိုက်သောအခါမှ....

' မိ တော်တော်ချမ်းနေပြီလား....'

ထိုအသံကြောင့် နှုတ်ခမ်းများတဆတ်ဆတ်တုန်နေပြီး တခိုက် ခိုက်နှင့် တုန်ရီနေသော ခန္ဓာရုပ်အသွင်မှာလည်း အသံရှင်၏ဘက် သို့လှည့်၍ စကားပြောလိုက်ပါတော့သည်။

'မေးမှမေးရက်တယ်၊ ဒီလောက် မိုးကြီးလေကြီးအထဲမှာ ကူညီဖော်မရဘဲ လာပြီးစိတ်အနှောက်အရှက် လာပေးနေတယ်

ကိုအေးလှင်အား မကျေနပ်သံဖြင့် ပြန်လည်ပြောလိုက်ပါ သည်။ ကိုအေးလှင်တကိုယ်လုံးမှာလဲ မိုးတွေ ရွဲရွဲစိုနေပါသည်၊ ထို့ကြောင့် မိမိကြီးဆောင်းလာသော ထီးကလေး ကိုလှမ်းယူပြီး နှစ်ယောက်အတူ လျှောက်လာကြပါသည်။ ပတ်ဝန်းကျင်ရှိ လူ နေအဆောက်အဦများမှာလည်း တံခါးကြီးငယ်တို့သည် ပိတ်လျက် ကားပါသည်။

မိုးကြီးလေထန်နေသဖြင့် လူသူပြတ်ခါ တခါတရံ လမ်း ပေါ်တွင် လမ်းပေါ်ဘူး လမ်းလျှောက်သူဆို၍ သူတို့နှစ်ဦးပင် ရှိနေပါသည်။

' မိ ကိုယ့်နားတိုးလေ....မိုးတွေ သိပ်ပက်နေတယ်'

ကိုအေးလှင်သည် မိမိကြီး၏ကိုယ်လုံးကို တယုတယဖြင့် သူ့ ဘက်သို့ ဆွဲလိုက်ပါသည်။ ချမ်းလှလွန်းသောကြောင့်တုန်ရင်

စွာဖြင့် တဘက်သူ၏ ဆွဲဆောင်သောနေရာသို့ အလိုက်သင့်ပါ သွားတော့သည်။

'ကိုလေး လက်ကိုင်ပုဝါနဲ့ မိခေါင်းကို နာနာ ပွတ်လိုက် စော်ကော်ကြာ နာစေးနေအုံးမယ်'

ဤသို့ တဦးကိုတဦး ကြင်နာစွာ ပြုစုနေသည့်အချိန်မှာလမ်း ပေါ်တွင်မဟုတ်တော့ဘဲ လူသူကင်းသော လမ်းဘေးရှိ အိမ်ဒင်း ကြီးတခု၏ ဆင်ဝင်အောက်တွင် ဖြစ်ပါတော့သည်။သူတို့နှစ်ဦး သည် မိုးဆဲတော့မှ ထိုနေရာမှ ထွက်ခွာသွားကြပါသည်။

သူတို့ဘဝသည် တဦးကိုတဦးမေတ္တာရေယဉ်ကြောဝယ်ပေါ် ပေါက်သည့် လှိုင်းဒဏ်ကို ကွေ့ကောက်ရှောင်တိမ်းကာအလိုက် သင့် လှော်ကြခတ်ကြ လာတတ်သည်။ သူတို့သည် လူကြီးမိဘ များ မသိရအောင် တဦးကိုတဦးအိန္ဒြေရရဖြင့်ဗိုလ်နေမြဲ ကျား နေမြဲ ဆိုသကဲ့သို့ ရှိနေကြပါသည်။ နေမြင့်လေလေ၊ အရှူးရင့် လေလေ ဆိုသည့်အလား ချစ်သူနှစ်ဦး၏ မေတ္တာသည် အရှိန် အဟုန် ကြီးမားလာကြသည်။

တဦးကိုတဦး မတွေ့ရပါက မိမိကြီးသည့်ကိုအောလှင်အိမ်သို့ တခေါ့တစောင်း ကြည့်ရပါတော့သည်။ ချစ်သူတိုင်း၏ခံစားနေ စမြဲဖြစ်သောရင်ထဲ၌ ပူပင်သောကလှိုင်းဂယက်သည် ပူဆွေးဒုက္ခ မီးတောက်မီးလျှံများသည် တောက်လောင်လာတော့သည်။

အချစ်အဘိဓာန်အရ တနေ့မမြင်ရတလထင်ရသောအတွေ့ များသည် နေ့စဉ်ရက်ဆက် သံယောဇဉ်မီးများသည် တဖျား ဥပဒါန်စွဲလန်းမှုက မိမိကြီးအဖို့ ဖြစ်ပေါ်လာသကဲ့သို့ ကိုအော လှင်အဖို့လည်း ရစ်ပတ်နှောင်ဖွဲ့ ခံရရှာတော့သည်။ သူတို့သည် တဦးနှင့်တဦး တနေ့မမြင်ရပါက ကိန္နရီမောင်နှံကဲ့သို့ပင် မေတ္တာ အဟုန်ပြင်းထန်လွန်းလှသည်။

သူတို့၏ မေတ္တာနှလုံးသားမှ ပေါက်ဖွားလာသည်ဟု ပြော လိုသော်လည်း လောကအကြောင်းနှင့် သံယောဇဉ်သဘောကို စောကြောမိသည့်အချိန်တွင် မိတို့ချစ်သူနှစ်ဦးသည် လောက အလယ်တွင် တူနှစ်ကိုယ်ယှဉ်တွဲ လျှောက်လိုသောဆန္ဒက ပေါ် လာပြန်၏။ မတည်ငြိမ်သော ရေမျက်နှာပြင်ကဲ့သို့ပင် ရှိပါ တော့သည်။

နှင်းလှအိမ်ပြင်ဘက်သို့ထွက်ပြီး ပြန်ဝင်လာသောအခါတွင် မိမိကြီးသည် သူ့မအိပ်ရာပေါ်၌ အခန့်သားတွေ့ရသည်။ သူမ သည် စာအုပ်တအုပ်ကိုင်ထားသော်လည်း စာကြည့်နေပုံတော့ မရပေ။ စိတ်ဝေဒနာကို ခံစားနေရသဖြင့် သူမ၏မျက်လုံးအစုံ သည် တောက်ပမှုကင်းမဲ့ပြီး စာအုပ်ကိုသာကြည့်ရသော်လည်း စိတ်တွေမှာ တမျိုးတဖုံ လွင့်ပါးနေသဖြင့် မျက်လုံးအစုံသည် ငေးမိငေးရာအဖြစ်သို့ ရောက်လေသည်။

မိ ကြီး၏ရင်သည် တဆစ်ဆစ်ခုန်နေသည်။ လက်တွေများ မှာလည်း မသိမသာ တုန်နေသည်။ ခံစားနေရသော ဝေဒနာ သည် ပတ်ဝန်းကျင်သို့ ပြန့်လွင့်နေသည်ကို သူ သတိမထားမိ ချေ။ သူ့အဖြစ်ကိုသူမှလွဲပြီး အခြားသူများ မသိနိုင်သည်ဟု ထင်မိခဲ့လေသည်။

သို့သော် ကိုယ့်မျက်ချေးကို မမြင်နိုင်သည့်အလား၊ ဘေးသူ ပြောမှသိရသလို မိမိကြီးခံစားရသော ဝေဒနာကို နှင်းလှပြော ပြတော့ ရုတ်တရက်မဖြေသင့်ဘဲ မေးလိုက်သောစကားကြောင့် အနည်းငယ် အိန္ဒြေမရ ဖြစ်သွားမိသည်။

'သူငယ်ချင်း ကိုယ်တခုမေးမယ်၊ မိမိမှန်မှန်ဖြေနော် ကိုအေးလွင်နဲ့ မိမိတို့တယောက်နဲ့ တယောက် ခင်မင်မှုဆိုဘာဟာ ရှိးရှိးဘဲလား၊ ဒါမှမဟုတ် ဆန်းနေသလား လို့ပါ'

နှင်းလှုကတဆက်တည်း မေးချလိုက်ပါသည်။ ဒီတော့မိမိကြီးမျက်နှာမှာ ရဲတက်သွားသော်လည်း အံ့အား သင့်ဟန် တော့မပြချေ။

ဒီမေးခွန်းကို မိမိကြီးမှာ ကိုယ့်ကိုကိုယ်အကြိမ်ကြိမ်မေးကြည့်ဘူးပါသည်။ မေတ္တာပတ်သက်လို့ အတွေ့အကြုံ မရှိသေး တဲ့ မိမိကြီးအဖို့ သေချာရေရာတဲ့ အဖြေကို ရှာမတွေ့ခဲ့ပါဘူး။ မိန်းကလေးဆိုတာကလဲ ပန်းလိုဲဟုတ်လားသူငယ်ချင်းလိပ်ပြာ မောင်စိုက်စိုက် လာမယ့် အချိန် နဲ့တွေ့ လိုက်ဘော့လေ၊ မပြောချင်ပါဘူး နှင်းလှုရယ်'

မိမိကြီးက ခပ်တိုးတိုး ဝင်ပြန်ပြော ပါသည်။ သူမ၏ လိမ္မာသောစကားဟန်များအရ ဆိုပါက ကိုအေးလွင် အပေါ် တွင်မိမိကြီးတယောက် မေတ္တာ သက်ဝင်ခဲ့ကြောင်း ဝန်ခံ နေပါတော့သည်၊

'သူငယ်ချင်းကို ပြောရအုံးမယ်၊ ဝက်ဖြစ် ရင်တော့ မစင်စားဝံ့သလို၊ တောင်ရောက် မှတော့ တောင်အောက်ကို ကြည့် သလို၊ ဖြစ်ခဲ့တဲ့အကြောင်းကို ဖုန်းကွယ်ထားပေမဲ့ တနေ့မဟုတ် တနေ့တော့ပေါ် ပေါက်လာစမြဲဘဲ၊ဒါဟာလောကရဲ့ ဓမ္မတာ ပါနော်၊ ကိုယ်ဟာ မိမိ ခံစားနေရတဲ့ ဝေဒနာကိုအခြားသူကို ပြော ပြလို့ မရတဲ့ပြဿနာများကို ရင်ဝယ်သိမ်းဆည်းထားရ ပါတယ်'

'ကိုယ်အချစ်ဆုံး သူငယ်ချင်းမို့ ပြော ရအုံးမယ်၊ မပြောရင်သည်း တနေ့တခြားတောက်လောင် ခံရတဲ့ မီးဖွား ကလေး တွေဟာ မီးတောက်မီးလျှံကြီးဖြစ် သွားလို့ ခုလို သူငယ် ချင်း ကို ဖွင့်ဟပြောရတာဘဲ၊ ကိုယ်တို့ မနက်ဖန်ဆိုတနေရာကို ထွက်သွားတော့မယ်'

မိမိကြီး၏ ပြတ်သား လွန်းလှသော စကားကြောင့် နှင်းလှ အဖို့ ကြောင်အန်းအန်းဖြစ်ပြီးမှ ရုတ်တရက် ပြန်လည်မေးလိုက်ပါသေးသည်။

'သူငယ်ချင်း ကြည့်လုပ် အုန်းနော် တော်တော် ကြာ ဒုက္ခရောက်ကုန်အုန်းမယ်၊ မိဘတွေနဲ့ စေ့စပ်ပါ အုံးလား ကွယ်'

'မင်းပြောတာက မှန်ကန်တဲ့လုပ်ရပ်တွေဘဲ ဒါပေမဲ့ ဒို့မိဘတွေဟာ ရှေးဆန်တယ်၊ သူ့သမီးကို ဆင်စီးပြီး၊ မြင်းခြံရံတာကို ကြည့်လိုတယ်။ ကိုယ်နဲ့ အိမ်ထောင် ဘက်ဟာ ပစ္စည်းဥစ္စာပေါကြွယ်ပြီးပညာတတ်လူတန်းစား အသိုင်း အဝိုင်းထဲက ဖြစ်ရမယ်။ ရာထူးရာခံ တွေကရှိရမယ်။ ဒါကမိဘရဲ့ ယူစ ထင်မြင်ထားတဲ့ သဘောကို ကိုယ်ကြိုတင်ရိပ်စားမိတယ်။ ကိုအေးလွင်ဆို မေမေကိုယ်တိုင်က ဒီကောင် ဟာ ဖဲသမား၊ အရက် သမား ဖြစ်မဲ့ အကောင်မဟုတ်ဘူးလို့ ဖေဖေကို ပြောဘူးတယ်။ အဲဒီ တော့ ဒို့နှစ်ဦးက ချစ်နေပါပြီ လက်ထပ်ခွင့် ပြုပါလို့ ပြောလိုက်လို့ ရှိရင်ကိုယ်တော့ ရှေ့တွေ့ရမဲ့ပြဿနာကို မတွေးဝံ့လို့ပါ။ ဒို့ ၂ဦးရဲ့ ဆုံးဖြတ်ချက်ကို စောစောပြောခဲ့သလို ပေါ့နော်'

နှင်းလှနားထောင်နေရာမှ မိမိကြီးမျက်နှာဆီသို့ လှမ်း ကြည့်လိုက်ပါသည်။ သူမ၏ မျက်ခမ်း ကလေးများသည် မျက်ရည်ဥ ကလေးများ စိုစွတ်၍နေပါတော့သည်။

သူတို့နှစ်ဦးမရှိတော့။ မိမိကြီး၏ ဖခင်ဦးသာထွန်း၏ မျက်နှာဘည်ဒေါသခိုးများ လွှမ်းခြုံထားသဖြင့်နီးမြန်းပြီး မျက်ထောက်နီကြီးသည် ပြူးထွက်မတတ် ရှိ၏။ သူ၏ တကိုယ်လုံး မှာလည်း နတ်ဝင်သကဲ့သို့ပင် တုန်လှုပ်နေပါသည်။ အပူပေါင်း များစွာ သည် သူ၏ ရင်ဝယ်ခံစားနေရတော့သည်။

သူသည်အိမ်ရှေ့ဧည့်ခန်းတွင် လူးလာ ခပ်သုတ် ဦးတည်ရာ မရှိဘဲခေါက်ပြန်လျှောက်နေပြီး၊ တဘက်တွင်စင်းစင်းကြီး ငုံ့တိုင် ဆေးပေါ့လိပ်ကို နှုတ်ဖျားတွင် ထည့်ထားကာ အားပါးတရဖွာ နေသော ဇနီးသည် ဒေါ်ကြူကြူ အား လှမ်းပြော လိုက်ပါသည်။

‘ကျွန်ယုံတော့ တဖက်ကမ်း သားသမီး ယုံတော့ စုံလုံးကမ်း ဆိုရိုးစကားလိုပေါ့၊ ငါ့သမီးအလိမ္မာပါဆိုပြီး၊ ငါအထင်ကြီး ခဲ့ပေမဲ့ ခုတော့ ယောင်းမ မြင်းစီး ထွက်တဲ့ ကိန်းကြုံ နေကယ်၊ ကြည့်အုံးလေ၊ သူရေးခဲ့တဲ့ စာထဲမှာ ဖေဖေ မေမေတို့ သမီးကို ခွင့်လွှတ်ပါ၊ သမီးချစ်သူနောက်သို့ လိုက်သွားပါသည်။ အခြား သူမဟုတ်ပါ နှင်းလှရဲ့ အကို ကိုအေးလွင်တဲ့ စာကလည်း တိုတို တုတ်တုတ်ဘဲသူပြောတဲ့စကား ကိုစာတကြောင်းဘည်းနဲ့အဓိပ္ပာယ် ပေါ်အောင်ရေးနိုင်တယ်။ ကြည့်လေ သမီးချစ်သူနောက် လိုက် သွားပါဘည်တဲ့’

ဦးသာထွန်းသည် ထိုစာပိုဒ်ကလေးကို ဖတ်ပြီး အားရပါးရ ရယ်မောနေပါတော့သည်။ သူ၏ ရယ်သံများသည် ရိုးရိုးရယ်သံ များကဲ့သို့မဟုတ်ပေ။ တခုတည်းသောခံစားချက်ကို အပြည့်အဝ

သံယောဇဉ်နှောင်ကြိုး များ၏ အမျှင်တန်း ကလေးများက သူ့တကိုယ်လုံး ရစ်သိုင်း ထားသောကြောင့် သူ၏ ရယ်သံသည် ထိုစာပိုဒ်၏ အဓိပ္ပာယ်ကိုလှောင်ပြောင်သောသဘော သက်ရောက်စေသည်။

'အော်.... သမီးလောကမှာ မေတ္တာအတိမ် အနက် ပြိုင်ကြစတမ်းဆိုရင် မိဘရဲ့ မေတ္တာဟာ နှိုးယှဉ်လို့မရတဲ့အတိုင်းအတာတခုပါ သမီး'

ဦးသာထွန်းသည် ညှိုသို တဦး တည်း မှတ်ချက် ချလိုက် ပါတော့ သည်။

ဒီကိစ္စကို လူပျောက်အဖြစ် ရဲဌာနကို တိုင်ထားရင်မကောင်းဘူးလား'

ဇနီးသည် ဒေါ်ကြူကြူ အား လှမ်း ပြီး မေးလိုက် ပါတော့သည်။

'စဉ်းစားပြီး လုပ်ပါ ကိုသာထွန်း ရယ် တော်တော် ကြာမီအားနှစ်ခါနာ ဖြစ်နေအုံးမယ်၊ ဌာနက သတင်းထောက် ကိုသတင်းပေးရင်လည်း သတင်းစာထဲ ရေးသည့်လိုက် မှဖြင့် သမီးလင်နောက်လိုက်တာကို တိုင်းပြည် ကျေညာ နေသလို ဖြစ်ရင်တော့ ကိုယ့်ပေါင်ကို ကိုယ်လှန် ထောင်း တာနဲ့ တူနေမယ် ခေါင်းအေးအေး ထားပြီးတော့ စဉ်းစားပါ'

ဒေါ်ကြူကြူ ပြောလိုက်သော စကားကြောင့် ဂယောင်ချောက်ချားဖြစ်နေသော စိတ်များသည် တည်ငြိမ် သလိုလိုဘော ရှိသွားပါသည်။

'ဒို့လိုဆို ဘယ်လိုလုပ်ရင် ကောင်းမလဲ'

'သူတို့ မိဘတွေစကားကို စောင့်ပြီးမှ အကျိုးအကြောင်းစဉ်းစားရင် ကောင်းတာပေါ့'

'ကောင်လေးရဲ့မိဘကတော့ ဆွေကြီးမျိုးကြီးပါတဲ့၊ ဒါပေမဲ့ ကောင်လေး နေပုံထိုင်ပုံက အရက်သမား ဖဲသမားဖြစ်နေတာ ခက်တယ်'

'ဒါကြောင့် ငါ့အနေနဲ့ စိတ်ပူမိတာ၊ သားမှတ်မှတ် မယားမှတ်မှတ်ပေါင်းရင် တော်သေးတယ်၊ တော်တော်ကြာ ရှောင်ခြောက်ဆယ်လုပ်ပြီး ပစ်ထားရင်ဖြင့် ဒုက္ခပေါ့'

'ရှေ့ဖြစ်လာမဲ့ကိစ္စတွေ ပြေးမပူပါနဲ့၊ ခု လက်ငင်းဖြေရှင်းရမဲ့ကိစ္စကို ဘယ်လိုလုပ်မယ်ဆိုတာကို တိုတိုတုတ်တုတ်နဲ့ ကျမကို ပြောပြပါ၊ ရှင့် အပြောအတိုင်းအတာ ရှည်ရှည်ဝေးဝေး စဉ်းစားနေရင် ရှင်ရူးသွားလိမ့်မယ်'

ဒေါ်ကြူကြူသည် ဦးသာထွန်း၏ စိုးရိမ်ပူပင်ကြောင့်ကျသောစိတ်ကြောင့် ပြောလာသော စကား၏ အခြေအနေကို ကြားနေရသောအခါ အလွန် စိတ်ပျက် သွားပါတော့သည်။ ထို့ကြောင့် လိုရင်းကို ထိထိမိမိဖြစ်အောင် ပြောခိုင်းရလေသည်။

'မပြောလည်းမပြီး၊ မတီးလဲမမြည် ဆိုရိုးစကားအရ ဒေါ်ခင်တင်ဦးရေ ပြောရအုံးမယ်'

'ဒေါ်ကြူကြူသည် ဧည့်ခန်းရှိကုလားထိုင်ပေါ်တွင် ထိုင်ချလိုက်ပြီးနောက် ဤသို့ ပြောလိုက်ပါတော့သည်။

ဒေါ်ကြူကြူပြောလိုက်မှဖြင့် အလန့်တကြားပါတဲ့ နော်၊ ဘာကိစ္စများ အရေးတကြီး ဖြစ်နေရလို့လဲ'

အမှန်ပင်ကိုအေးသွင်၏မိခင်ဖြစ်သူ ဒေါ်တင်တင်ဦးမှာဇာတ်လမ်းကိုအကြောင်းရှာမရသဖြင့် ယခုကဲ့သို့ပင် ပြောလိုက်ခြင်းဖြစ်ပါသည်။ဒေါ်ကြူကြူ နှင့်ဒေါ်တင်တင်ဦးတို့မှာ တရပ်ကွက်

တည်း နေ့ထိုင်သူများဖြစ်၍ ရပ်ရေး ရွာရေး ကိစ္စမှန်သမျှ လာ အတူ သွားအတူတော့ အနည်းနှင့်အများ ခင်မင်မှု ရှိခဲ့ကြ ပါသည်။

'ရှင်ဖိုးမထားနဲ့ခနဲ့ မှန်မှန်ပြောရမယ်၊ ဒီကိစ္စမှာ ကျမတို့ က မိန်းကလေးရှင်ဆိုတော့ ဘာမဆို အနစ်နာခံရတဲ့ဘဝဖြစ်နေ ပြီပေါ့၊အေးလေ ကျမသမီးကိုက မိဘကိုလစ်လျူရှုပြီး ပစ်သွား နိုင်တာ ကျမလည်း ဒင်း ဘာဖြစ်ဖြစ်၊ သူ့ထိုက်နဲ့သူ့ကံ ဆိုပြီး ပစ်ထားဖို့ စိတ်ဆုံးဖြတ်ပေမဲ့ နဖူးပေါ်လက်တင်စဉ်းစားကြည့် တော့ သံယောဇဉ်မီးဟာ တဖွားဖွားတောက်ပြန်တယ်။တောင်း ဆိုးပုလုံးဆိုးကိုသာ ပစ်နိုင်ပေမဲ့ သားသမီးကိုတော့ပစ်ထားရိုး ထုံးစံမရှိပါဘူးဆိုတာလေ သတိရမိတယ်။ ဒေါ်တင်တင်ဦးတို့ အိမ်ဘက်ကူးပြီး အကျိုးအကြောင်းတိုင်ပင်ရင်ကောင်းမယ်လို့'

'အော်....ဒေါ်တင်တင်ဦးတယောက် ကျားကိုက်ပါတယ်ဆို မှ အပေါက်ကြီးနဲ့လားလို့ မေးမှမေးရက်တယ်'

'ကဲ....ဒီလောက် မသိဘဲဖြစ်နေရင်လည်း ရှင့်သား မောင် အေးလွင်က ကျမသမီး မိမိကြီးကိုခိုးသွားလို့၊ ကဲ....ရှင်းပြီလား'

ဒေါ်ကြူကြူပြောသောစကား ကိုကြားလိုက်ရသော ဒေါ် တင်တင်ဦးအဖို့ အတော်ပင် အံ့သြသွားပါသည်။

'ခုမှဘဲ ရှင်းတော့တယ်၊ ညကလဲ မောင်အေးလွင် အိမ်မ ပြန်လာဘူး၊ ကျမကတော့ ဒီကောင်လေးသူငယ်ချင်းအိမ်များ သွားအိပ်နေသလားလို့ ထင်မိသေးတယ်၊ ခုတော့ ဒီလိုကိုး'

'နေပါအုံးလေ၊ မိမိကြီးကိုမောင်အေးလွင်က ခိုးသွားတယ်ဆိုတာ ဘယ်သူပြောလို့လဲ'

'ဘယ်သူမှ မပြောပါဘူး၊ သမီးကိုယ်တိုင် စာရေးခဲ့လို့ ပြောရတာပါ'

'ဒါပေါ့၊ဒေါ်ကြူကြူရယ် လူကြီးတွေကိုပေးခဲ့တဲ့ တာဝန်ဆိုတော့ ကျမတို့ဘဲဆက်ပြီး တာဝန်ယူကြရမှာပေါ့'

····✱····

မင်္ဂလာအခန်းအနား ပြီးဆုံးခဲ့သည်။ သူတို့နှစ်ဦးအိမ်ပေါ်သို့ တက်ကြရမည်။ လူသိ ရှင်သိဖြစ်ခဲ့ပြီး မိမိကြီး၏မိခင်ဒေါ်ကြူကြူသည် တဦးဘည်းသော သမီးနှင့် မခွဲခွာ နိုင်သဖြင့် သူတို့နှင့်လိုက်နေရန် ခေါ်ပါသည်။

သူတို့နေသော နှစ်ထပ်အိမ်ရှိအောက်ခန်း၌ သမီးနှင့်သားမက်ကိုထားရန် စီမံထားသည်။ ဤအရေးအခင်းကိုသိကြသော အခါ ကိုအေးလွင်တို့က လူကြီးတွေစီမံရာ ခံလိုကြကြောင်း ပြောကြားသည်။

ဒီတော့ သူတို့ဘဝသည် ရေကန်အသင့်ကြာအသင့် ဖြစ်ရေ သည်။ အလွန်ကုသိုလ်ကံကောင်းသောဇနီးမောင်နှံဟု ကောက် ချက် ချရမည်လားမသိပေ။ အကြောင်းမူ အခြားအိမ်ထောင် သည်များသည် အိမ်ထောင်ကျသွားပါက မိဘတွေနှင့်ရောရော ထွေးထွေး နေကြသည်။

ဤကဲ့သို့ မနေလိုပါက အခြားတနေရာတွင် အိမ်ခန်းငှား ရကြသည်။ အိမ်ခန်းငှားရရှာသောကိစ္စသည် လွယ်ကူသောကိစ္စ မဟုတ်။ ရန်ကုန်မြို့တွင် အိမ်တခန်း ငှားနိုင်လောက်အောင်ငွေ ရေးကြေးရေးကတတ်နိုင်မှ အဆင်ပြေစရာရှိ၏။

ခုတော့ သူတို့အိမ်ထောင်ရေးကတော့ အိမ်ခန်းတခန်းမကား အိမ်ထောင်ပရိဘောဂတွေပါ ယောက္ခမလုပ်သူက ငွေစိုက်ပြီးဝယ် ပေးသေးသည်။ ကုန်ကျငွေကိုနောက်တော့မှ တဖြေးဖြေးဆပ် ရန် ပြောသည်။ သူတို့၏အိမ်ထောင်ရေးသည် အလွန်အဆင် ပြေစွာ နေထိုင်ကြရတော့သည်။

အချစ်သည် အိမ်ထောင်ပြုခြင်း၏ အာရုဏ်ဦးဖြစ်၍ အိမ် ထောင်ပြုခြင်းသည် အချစ်၏ နေဝင်ဆည်းဆာ ဖြစ်လေသည်ဟု ချစ်ခဲ့ဘူးသူတိုင်းက ပြောပြကြသည်။ အိမ်ထောင်ပြုခဲ့သူတွေက မှတ်ချက်ပြုကြသည်။

ချစ်ကြ ခင်ကြ၊ ကြင်နာစအချိန်တွင် လောကကြီးသည်သာ ယာလှပသော အသွင်ကိုဆောင်လျက်ရှိသည်ဟု ထင်မိကြသည်။

သူတို့နှစ်ဦးသည် ပထမတော့လွတ်လွတ်လပ်လပ် တော့ရှိ၏။ သွားလိုသောအခါ အိမ်တံခါးကို ပိတ်လျက် သွားကြသည်။ ထမင်းဟင်းချက်ဖို့ပင် သူတို့ပူပင်ခြင်း မပြုရပေ။

အိမ်တွင် အိမ်ဖော်အဖြစ် မွေးထားသော တူးတူးသည်သူတို့နှစ်ဦးအတွက် ချက်ပြုတ် ကျွေးမွေးရသည်။ အဝတ်လည်းလျှော်ဖွတ်ပေးရသည်။ အိမ်၏ဝေယျာဝစ္စ မှန်သမျှ တူးတူးကတာဝန်ယူရသည်။ ဒါကြောင့် သူတို့နှစ်ဦးသည် လွတ်လပ်ငြင်းမက လွတ်လပ်သည်။ မိမိကြီးမိခင် ဒေါ်ကြူကြူသည် သားမက်ကို ကြည်ဖြူပေလင့် ဖခင်ဖြစ်သူဦးသာထွန်းက ကိုအေးလှိုင်အား ကြည့်လို့မရ။

အဘယ်ကြောင့်နည်း၊ သမီးနှင့် ပတ်သက်လာပါ၍ သားဟုယူဆရာစမြဲကိုပင် မသိလိုလား၊ သို့မဟုတ် စရိုက်ခြင်း မတူလို့ခေါ်ရ ပြောရသည်မှာ ခက်ခဲနေသည် စသည့် တွေးတောစရာအကြောင်းများသည် သူတို့ အိမ်ထောင်စုတွင် အားလုံးကောင်းပါသည်ဟူသောထဲမှ ဆွမ်းဆံစိမ်းထဲ ကြွက်ချေး ပါသကဲ့သို့ ဖြစ်နေပါတော့သည်။

ဦးသာထွန်းသည် အငြိမ်းစား ပင်စင် ရယူထားသူပီပီ ဘယ်နေရာမဆို အေးငြိမ်းသည်ကို နှစ်သက်သည်၊ အသက်အရွယ်ကလည်း ထောက်လာသောကြောင့် လောကီကိစ္စ မှန်သမျှကိုအနည်းနှင့်အများဆိုသလို ကင်းရှင်းအောင် နေတတ်သည်။

အားလပ်သော အချိန်တွင် ရတနာသုံးပါးကို အထူးဂရုစိုက်အားထုတ်သည်။ အနေအထိုင်ကအစ ပြုပြင်သည်၊ အချိန်အားလပ်တိုင်း တရားဘာဝနာ ပွားများလျက်ရှိသည်။ သွားသတ်၊

စားသတိ၊ လာသတိ စသည့်လူ့ခန္ဓာကိုယ် လှုပ်ရှားမှုမှန်သမျှကို တရားနှင့်ရှုသည်။

ထို့ကြောင့် တရားရှုဖန်များသာတော့ လူ့စရိုက်၊ လူ့အပြုအမူတွေကို မြင်ရတွေ့ရတော့ သူ့လိုဖြစ်စေသို၏၊ သင်္ခါရ နယ်ပယ်မှာ မမြဲသော သဘောကို နှလုံးပိုက်ပြီး ရဘနာသုံးပါးကို အားထုတ်လိုသော သူ၏ဆန္ဒက သားမက်ဖြစ်သူကိုအေးလွင်အား တိုက်တွန်းပြောဆို ဆုံးမလိုသည်။

သို့သော်ကိုအေးလွင်ကမူ လူငယ်ပီပီစရိုက်ဆိုးသည်။ အပြောအဆို ရိုင်းစိုင်းသည်။ မိမိပြောလိုသော စကားကို ပတ်ဝန်းကျင်အား ထိခိုက်မှုဖြစ်နိုင် မဖြစ်နိုင်ကို မစဉ်းစား အော်ကြီး ဟစ်ကျယ် ပြောတတ်ခြင်းကို ဦးသာထွန်း ကြားရသောအခါ စိတ်ဝယ် တမျိုးတဖုံ အထင်အမြင် သေးလာသည်။

တခါတရံကိုအေးလွင်သည် စာပွဲပေါ်တွင် ခြေချိတ်ပြီး စာဘတ်နေခြင်းကို တွေ့မြင်ရသော အခါ၌လည်း ဒီကောင်တော့ လူလိုမနေတတ်ပါဘူး လူကြီးတွေနှင့်နေလျှင် ရှက်ခြင်း ကြောက်ခြင်း တရားများလည်းရှိအုံးမှ ခုတော့အပြင်ကနေ လူမြင်တောင် မသင့်တော်ဘူး ကိုယ်နေချင်သလို နေပေမဲ့ ပေါင်ပေါ် ဒူးပေါ်နဲ့ အမြင်မတော်မှုတွေကို မြင်လိုက်ရတော့ သမီးကို ခေါ်ယူပြောရပြန်သည်။

'သမီး မောင်အေးလွင်ကိုပြောအုံး၊ အိမ်ထောင်သည် တဦးဖြစ်လာပြီ။ အစဉ်အရာရာ လူပျိုဘဝကလို ပေါ့ပေါ့ တန်တန်

အနေအထိုင် ကြွကြွရွရွမနေရဘူး။ အိမ်ပေါ်မှာနေတာ လဘက်ရည် ဆိုင်ပေါ်မှာထိုင်ပြီး သတင်းစာဖတ်နေတဲ့ အပြုအမူမျိုးနဲ့ အိမ်ပေါ်မှာ ကိုယ်ထင်ရာ ကိုယ် ထိုင်နေလို့တော့ မကောင်း၊ အိမ်ခြေရရ စည်းနဲ့ကမ်းနဲ့ နေထိုင်ပါ....'

မှန်ပါသည်။ အဝေးသို့သွားရောက်နေရသည်။ မြွေမှန်း၍ ပူပင်ရသော ဒုက္ခထက် မိမိနားတွင် ပိုးလိုးပက်လက် နေထိုင်တတ်သလို လူငယ်တို့သဘာဝအရ နေထိုင်ပေလင့် ခုတော့ခဖင်ကြီး၏ ကြည့်မရသော အဖြစ်ကို ပြောလာ သောကြောင့် မိမိကြီးအဖို့ အနေရအထိုင်ရ ကြပ်လာတော့သည်။ ဖခင်၏ ပြောခိုင်းသည့် အတိုင်းတော့ ပြောလိုက်ပါသည်။ ဒီတော့ ကိုအေးလွင် အပြုအမူ အနေအထိုင်က ပြောင်းလဲ သွားပါသေးသည်။

သို့သော် ကိုအေးလွင် တယောက် အနေအထိုင်သာ ပြုပြင်သော်လည်း အပြော အဆိုတွေက ယခင်အတိုင်း ပြောဆို ပြန်သည်။ အော်ချည်းဟစ်ကျယ် စကားပြောခြင်း။ သီချင်းဆိုခြင်း စသည့် လူငယ်တို့သဘာဝ ပျော်ပျော်ရွှင်ရွှင် နေလိုသော စိတ်များက သူ၏စိတ်ကို ပျော်ရွှင်စေခြင်းပင် ဖြစ်ပါသည်။

ဒီနေ့ ရေဒီယိုကို ကျယ်လောင်စွာ ဖွင့်ပြီး နားခထောင်ကာ ရေဒီယိုမှ သီချင်းအတိုင်း အော်ဟစ် လိုက်ဆိုနေပါတော့သည်။ ရေဒီယိုမှ သီချင်း ဆုံးသွားသော အခါတွင် တယောက်တည်း သီချင်းကို ငြီးခနပါသည်။

'တူနှစ်ကိုယ် တဲအိုပျက်မှာနေရ၊ ရွှေဘုံပေါ်မှာစံရ၊ ချစ်တာ ချစ်ဘာ ပခုန' ကိုအေးလွင်၏ သီချင်းမဆုံးမီ ဒေါ်ကြူကြူ၏ ခပြောလိုက်သော စကားသံကို ကြားလိုက်ရသဖြင့်-

'ဟော့ - မောင်အေးလွင် မနက် စောစောစီးစီးကွယ် ဘုရားတရားသံတွေ ရွတ်ဖတ်ရမဲ့ အချိန်မှာ ခုတော့ ချစ်တယ်ဆိုတဲ့ သီချင်းတွေကို မင်းအော်ဆိုနေလို့ ပတ်ဝန်းကျင်က ကဲ့ရဲ့နေအုန်းမယ်။ ကိုယ့်ကိုကိုယ် ပြုပြင်အုံး၊ ငါ့အိမ်ထောင်ရှင်တယောက်ဖြစ်ပြီဆိုတာလဲ သတိရအုံးနော်....'

ဒေါ်ကြူကြူက ပြောဆိုပြီးနောက် အိမ်ပေါ်သို့တက်သွားပါတော့သည်။ ကိုအေးလွင်အဖို့ စက်ချော်ပြီ။ စရိုက်ချင်းမတူညီတော့ နေရ ထိုင်ရသည်မှာ ကြပ်တည်းလှသည်။ အသွင်မတူ အိမ်သူမဖြစ် ဆိုသည့်အတိုင်းပင် တယောက်နှင့် တယောက် အနေအထိုင် အပြောအဆိုခြင်း မတူကြသောကြောင့် တနေ့တခြား သူ့အတွက် စိတ်ပျက်စရာများနှင့် ကြုံကြိုက် လာပါတော့သည်။

သူတို့၏ ပျော်ရွှင်မှုသည် မိမိတို့ကို ဝန်းရံလျက်ရှိသော လူမှုဆက်ဆံရေး အခြေအနေ (Social Condition) များနှင့် ညီညွတ် အဆင် ပြေအောင် ညှိနှိုင်း ယူနိုင် မှုပေါ်တွင် တည်နေလေ၏။ စိတ်ခေတ် ကျဆင်းလာမှုသည် ရုပ်အားလည်း လျော့နည်းစေခဲ့သည်။

လွတ်လပ်စွာနေထိုင်သူအဖို့ ယခုကဲ့သို့ ချုပ်ချယ်မှုများ ပေါ်လာသောအခါတွင် ၎င်းချုပ်ချယ်သောနေရာမှ လွတ်ရာသို့ ပြေးထွက်လိုသော ဆန္ဒများပေါ်ပေါက်လာတော့သည်။ ကိုအေးလွင်သည် အိမ်မှာနေထိုင်ရမည့်အချိန်ကို လမ်းပေါ်တွင် အချိန်ကုန်ရန် သူ၏စိတ်တွေက အတိတ်က ဖြစ်ရပ်ကလေးများ ပေါ်တွင်

ပြန်လည်ခိုနားလိုက်၏။ ထို့ကြောင့်တစတစနှင့် ရုံးမှအိမ်သို့ပြန်လာသည်မှာ ယခင်ကလိုမဟုတ်ဘဲ အချိန်နောက်ကျမှ အိမ်သို့ပြန်လာတော့သည်။

ဒီညအဖို့ ကိုအေးလွင်တယောက် အိမ်ပြန် နောက်ကျသည်။ အချိန်က အမှောင် ပျိုးနေသည်။ လမ်းဓာတ်မီးဘိုင် များပင် အလင်းရောင် လာပြီ၊ ခုထိ သူမလာသေး။ တယောက်တည်း မျှော်ရသည့်အတွက် ပျင်းရိရိရှိလာသည်။ ဒါကြောင့်ကုလားထိုင်ပေါ်တွင် စာကြည့်ရင်း အိပ်ပျော်နေသည်။

မိခင်ဖြစ်သူ ဒေါ်ကြူကြူသည် မိမိကြီး လက်မောင်းကို အသာအယာလှုပ်ရမ်းလိုက်သဖြင့် မိမိကြီးအဖို့ ကြောင်အန်းအန်းဖြစ်နေတော့သည်။

' ဘယ်လိုလဲသမီး.... သူမလာလဲ ကိုယ့်ဖာသာ အိပ်နေပေါ့၊ ဒီကောင်လေးလဲ ခုတလောစိတ်တွေဖေါက်ပြန်လာပြန်ပြီ။ အိမ်ကို စောစောပြန်မလာဘူး ဘယ်သခ၀ ယိုးနေမှန်း မသိဘူး '

ဒေါ်ကြူကြူသည် ဤသို့ပြောနေခိုက် ဆိုက်ကားနင်းသည် အိမ်ရှေ့တည့်တည့်တွင် ဆိုက်လိုက်သည်။ အိမ်၏ မီးရောင် က ပြင်ပသို့ဖြန့်ချနေသောကြောင့်ဆိုက်ကားပေါ်မှ ဆင်းလာသော သူအား သေချာစွာ တွေ့ရပေသည်။

ကိုအေးလွင်သည် မိမိကိုယ်ကို အိန္ဒြေရစွာဖြင့် အိမ်ပေါ်တက် မည်အပြုလှေခါးထစ်တွင် ခြေလှမ်းမှားပြီး လှေခါးတထစ်အမှတ်

မထင်ကျော်တက်သွားသောကြောင့် ထိုနေရာ တွင် လဲကျသွား ပ တော့သည်။

'မိမိကြီးနှင့်ယောကျ်ားအရက်မူးလာတယ် ဒီကောင် ကိုယ့် ကို ကိုယ်မနိုင်ဘဲ လဲကျသွားတယ်ထင်တယ် အပြင်မှာ အိပ်ခိုင်းလိုက် ဒီလောက် လူလို သူလိုထား ဘာတောင် မိုက်တွင်း နက်တဲ့ လူ သူနဲ့ တန်ရာမှာ အိပ်ပါစေ'

ဒေါ်ကြူကြူက ပြောဆိုပြီးနောက် အိမ်ပေါ်သို့တက်သွား တော့သည်။ တော်သေးသည်ဟုပြောရပေမည်။ ညနေက ဦးသာ ထွန်းသည် ခေါင်းကိုက်သဖြင့် အိပ်ရာထဲ အစောချည်း ဝင်အိပ် သွားသောကြောင့် မိခင်၏ ဆူပူခြင်းကိုသာ ခံရရှာလေသည်။

သူတို့၏ အိမ်ထောင် ရေး သည် ဆူပိုက် ပူလိုက် သဖြင့် အိမ်ထောင်သက်ရင့်လာပါတော့သည်။ ညက တညလုံး ကိုအေး လွှင်အိမ်သို့ ပြန်မလာပေ။ သူသည် မိတ်ဆွေတဦးအိမ်တွင် ဝိုင်း ကောင်းနေသဖြင့် ရှုံးရှုံးဖြင့် ဖဲမရိုက်နေသောကြောင့် အချိန် ကုန်သွား၍ မပြန်ဘဲ နေလိုက် တော့သည်။ ဤအကြောင်း ကို သိသောမိခင်ဖြစ်သူမှာ သမီးအတွက် ဒေါသဖြစ်ရပြန်သည်။

'ကိုယ့်မိန်းမကို ဒီလောက် မညှာ တာတဲ့ ယောကျ်ား မျိုး၊ ငါတော့တခါမှ မကြုံဘူးပါဘူးမိမိကြီးရယ်၊ ညည်းလင်ကတော့ တကိုယ်ကောင်းဆန်လွန်းပါတယ်အေ ....'

ဒေါ်ကြူကြူသည်သမီးအတွက် ဂရုဏာ ဒေါသနှင့် ပြော လိုက်သော စကားများမှာ တနည်းအားဖြင့် သူမချစ်လင်အား

အပြစ်တင်လိုက်သောစကားသံတို့ကို မိမိကြီးမှာ မကြားချင်၍သာ နေပါတော့သည်။

'မေမေရယ် ပြောမနေပါနဲ့တော့ မိ ကုသိုလ်ပါတဲ'

မိမိကြီးသည်ကိုအေးလွင်အတွက် နစ်နစ်နာနာရှေ့ဆက်ပြော မှာကိုလည်းမကြားလို၊သူမ၏ စေဘနာကိုလည်း နားလည်သဖြင့် မေမေ့အား နှစ်သိမ့်လိုက်ပါသေးသည်။

'အမယ်တော် ညည်းကတော့ ကျေနပ်တယ်ပေါ့၊ ဒို့မှာ ဖြင့် ဒီသမီးလေးကို အရိပ်တကြည့်ကြည့်နဲ့နေခဲ့ရဘာသဘော မတူဘဲ အတင်း ခိုးပြေးဘယ်၊ ခုဆို တနှစ် တောင် နီးကပ် လာပြီ ညည်းမှာလဲ လွတ်လွတ်လပ်လပ်မဟုတ်တော့ဘူး ကိုယ်ဝန်လည်း ရှိလာဘယ်၊ ဒီလိုလူမဆန်လုပ်နေတာကို လူမဆန်လို့ ကံကိုရိုးမယ် ဖွဲ့ချပြီး ညည်းက ကျေနပ်နှစ်သိမ့် နိုင်တယ်ပေါ့လေ'

မိမိကြီးက ခေါင်းကိုသာငုံ့၍ နေလိုက်ရပါတော့ သည်။ ကိုအေးလွင်ကလည်းဟုတ်ပေသည်။ အိမ်မှာရှိပြန်တော့ ညလည်း စောစောအိပ်ရာဝင်၊ စားသောက် ရေချိုး စသည့် အလုပ် နှင့် အချိန်ကုန်ခဲ့သည်။ အိမ်ပြန် နောက်ကျသော်လည်း ရုံးမှာ အချိန် ပိုဆင်းနေရသည်ဟုအဖြေပေးသည်။

ကိုအေးလွင် လုပ်ပုံကိုင်ပုံများမှာ မိမိကြီး နားမလည်ရှာပေ။ သူနှင့်ဆွေးနွေးပြီး တကိုယ်ကောင်းဆန်လိုက်တာလို့ မပြောရက် မထွက်ရက်၊ ဒီတော့ သူ့အနေကခုလိုပြန်လိုသော အချိန်မှ ပြန်၊ နေချင်သလိုနေရသည်ကို မိမိကြီးတို့မိဘများက သဘော မကျ

သယောင်ယောင်၊ ဤသို့ဖြစ်ရပ်များတနေ့ဘခြား များပြား လာတော့ မိမိကြီးသည် စောဦးစွာ မိခင်တို့ နှစ်သိမ့်မှု ပေး လိုက်ပါသည်။

'မေမေတို့ဘာမှ မပြောပါနဲ့နော်၊ သမီးပြောပါမယ်၊ စိတ်ချပါ။ သမီး ပြောရင် ရပါတယ်။ မိက တခါမှ မပြော သေးလို့ပါ'

မိမိကြီး၏ပြောလိုက်သော စကားသံကြောင့် ဒေါ်ကြူကြူ၏ နီမြန်းနေသောမျက်နှာသည် လန်းဆန်းသာတော့သည်။

'အင်း....ငါ့သမီးလေးလဲ ကိုယ့်ဝင့်နဲ့ ကိုယ်ဘဲနော်၊ အေးပါ၊ သမီးမပြောချင်ရင် ဘာမှမပြောပါဘူး၊ ဒီအချိုးအတိုင်း ဆက်သွားရင်တော့ဒို့တော့ကြည့်မနေနိုင်ဘူး၊ ညည်းမဆုံး မရင်တော့ ဆုံးမ ရမှာဘဲ'

မိမိကြီးပေးထားသော ဂတိအတိုင်း မိမိလင်ယောကျ်ားပြောရမည်။ဆုံးမမည်။ ဘယ်လိုဆုံးမရလဲအတွေးများကသူ၏ စိတ်များက သူ၏စိတ်များကိုတမျိုးတဖုံပြောင်းလဲ စေပြန်သည်။ သို့သော် သို့သော်မိဘများ ပေးထားသော ရာဇသံကို ပြန်လည် သတိ ရပြန်တော့ သူမကိုယ်တိုင် ဆုံးမမည်။ ဒါကိုတော့မိမိကြီး နားလည်ထားသည်။

ကိုအေးလွင်အိမ်မှာရှိသည်။ ထုံးစံ အတိုင်း ပင် နေ လေ့ရှိသည်။ ဆိုလိုသည်မှာ သူ့အိမ်တွင် တနေရာ ထဲတွင် ကြာကြာ မထိုင်နိုင် အလုပ်တခုဆို တခု လုပ်သော်လည်း ပြီးစီးအောင်လုပ်လေ့မရှိပေ။ တပိုင်းတစနှင့် ထားလေ့ ရှိတတ်သည်။ ဒီနေ့လင်မယားနှစ်ယောက်အေးအေးလူလူ စကားပြော မည်ဟု ကြံစည်လိုက်သည်။

ခဏပင် ကိုအေးလွင်၏ သူငယ် ချင်း တယောက် လာခိုက် ထိုအကြံ ပျက်သွားပြန်သည်။ သူတို့နှစ်ယောက် စကား ကြော ရှည်နေကြသည့်အချိန်က တဖြေးဖြေး ကုန်လင့်၊စကားက မပြတ် နိုင်သေး။ ဒီလောက်ရိုးမယ်ဖွဲ့ပြီး ဘာများပြောနေပါလိမ့်မည်ဟု မိမိကြီးက ထင်လိုက်သည်၊

ဆိုင်းမပါဗုံမပါနဲ့ကိုအေးလွင်သည် အင်္ကျီလဲလိုက် ပြီးနောက် သူ့မိတ်ဆွေနောက်သို့လိုက်ရန် မိမိကြီးအား ပြောပြပြီး လိုက် ပါ သွားတော့သည်။ ဘယ်နဲ့ရှိစ၊ မိမိကြီးသည်ထွက်သွားသော လင် ယောကျ်ား၏ကျောပြင်ကို ငေးကြည့်၍ သက်ပြင်းကလေးတချက် ချလိုက်ပြီးနောက် ဤသို့တဦးတည်း ရေရွတ် လိုက်၏။

'ဒီနေ့လဲ နောက် ကျအုံးမှာဘဲ'

ပြောမရ၊ ဆိုမရဖြစ်လာတော့၊ လူတဦး အတွက် နှိုင်းယှဉ် စရာ အကြောင်းတွေရှာကြသည်။ တွေးတောကြသည်။ တွေ့ကြ မြင်ကြလာသည့်အခါ ဤသို့ပြောလာတတ်စမြဲ ဒီကောင်ကတော့ ခွေးမြီးကောက်ကျည်တောက်စွပ်သလိုပါဘဲဟု ကောက်နှုတ် ချက် ပြုကြသည်။

ကိုအေးလွင်အဖို့ ဤပုံနှင့်နှိုင်းယှဉ်ရန် ဖြစ်လာသည်။ အစ ကနဦးတော့ လိမ္မာလိမ့်မည်ဟု ထင်ရသော်လည်း နေမြင့်လေ လေ အရှုးရင့်လေသေဆိုသည့်အလား အိမ်ထောင်သက်ရင့်လာ လေလေ သောက်လိုက်သည့်အရက်၊ ရိုက်လိုက်သည့်ဖဲ စသည့် မကောင်းမှု ဒုစရိုက်ပင်လယ်တွင် သူ့ဘဝက လှော်လိုက် ခတ် လိုက်ဖြင့် ရှိနေပါတော့သည်။

မိမိကြီးဒီတခါတော့ မပြောဘဲ မနေနိုင်လောက်ပင် ဖြစ်မိသည်။ဒေါသလည်းထွက်၏။ ဝမ်းထဲ၌ကျိတ်၍ ခံခဲ့ရပေါင်းများခဲ့သည်။ ဒီတခါတော့ ငါ့အကြောင်းတော့ သိရမယ်။ ကြိတ်မှိတ်ခံခဲ့ရပေါင်းများ၏။ ဒဏ်ရာဒဏ်ချက်ပေါင်းကို ထုတ်ဖော်ပြောရမည်၊ ခုဆို သားသမီး(၃)ယောက်ရရှိခဲ့ပြီး အကြီးမိန်းကလေး ၂-ဦး၊ အငယ်ယောကျ်ားလေး ၁-ဦး။

သူမ၏ အထင်အတွေးကမှန်မည်လား မပြောဘတ်၊ 'မ'ခင်မှ 'ဥ'ခင်ဆိုသည့်အတိုင်း ငါ့ကိုတောင် ဂရုမစိုက်၊ ပြုစုခြင်းမရှိသေးတာ သားသမီးဆိုရင်တော့ ဝေးသေးတယ်။ဤသို့အတွေးပေါင်းကများလှပေသည်။

မိုင်ကြီးသည် တောင်ဘေး မြောက်တွေး ဖြစ်နေချိန်တွင် ကိုအေးတွင်သည် သူမနဘေးသို့ ရောက်လာသည်။ သူ့ပါးစပ်က အရက်နံ့သင်းနေသည်။မိမိကြီးသည်မောင်းတင်ပြီးချိန်ထားလိုက်သောသေနတ်ခလုတ်ကို ဖြုတ်လိုက်ပါတော့သည်။

'ဒီမှာ ကိုအေးလွင်....ရှင်ဟာ မယားတယောက်ကိုဝအောင်လည်း မကျွေးနိုင်ဘူး၊ သားတွေ၊ သမီးတွေ ပညာသင်ဖို့ကိစ္စကိုလည်း ရှင် သတိမရဘူး၊ သမီးအကြီး မင်းမင်းဦးဆို ဒီနှစ်ကျောင်းထားရတော့မယ်။ ရှင် ခုလုပ်နေတဲ့ အပြုအမူတွေ မှန်သမျှဟာ လင့်ဝတ္တရားလွဲချော်တဲ့တယ်၊ အရာရာမှာ မယားရော သားသမီးတွေ ချို့ငဲ့ပြီး မျက်နှာငယ်ရတယ်၊ လူအထင်သေးခံရတယ်၊ ဒီကိစ္စတွေကို ရှင်သိရဲ့လား '

မိမိကြီးပြောသောစကားများကို ဘာတခွန်းမှ ပြန်လည်ခြေပနိုင်စွမ်းမရှိချေ။ သူ၏ပါးစပ်သည် ပိတ်လျက်၊ မျက်လုံးများစင်းလျက် ခြေဆန့်လက်ဆန့်ပြီး စင်းစင်းကြီး နားထောင်နေသည်။ ကြာမှစကားအနည်းငယ် ပြောလာသေးသည်။

'ရွှေသမက်....ငွေသမက်ဖြစ်နေပြီဘဲ၊ ဘာများ ပူနေရအုံးလဲ၊ အာလုံးတာဝန်ကို ယောက္ခမယူရမှာပေါ့'

ထိုစကား ကြားလိုက်ရသောအခါတွင် မိမိကြီးမှာနတ်ဝင်ကဲ့သို့ တကိုယ်လုံးတုန်လှုပ်လာသည်။

'ရှင်စကားကြည့်ပြော၊ ဒီကိစ္စဟာ လူကြီးတွေက သဘောလို့ ရှင်နဲ့ကျမကိုပေးစားခဲ့ဘာမဟုတ်ဘူး၊ ကျမတို့နှစ်ယောက်မြင်းကြောထလို့ ဖြစ်လာတာကို ရှင်တာဝန်မယူရင် ဘယ်သူတာဝန်ယူမှာလဲ'

မိမိကြီးသည် ပြောဆိုနေရာမှ ဘဖြေးဖြေး မျက်ရည်များရစ်ဝဲ၍ လာပါတော့သည်။ ကိုအေးလွင်သည် မိမိကြီး၏ပါးပြင်ပေါ်တွင် ရစ်ဝဲ၍နေသော မျက်ရည်ဥကလေးများကိုမြင်ရသောစိတ်ဝယ် တချိုးတဖုံ ပြောင်းလဲသွားပြန်သည်။ ကြမ်းပြင်ပေါ်တွင် တုံးလုံးပက်လက် အိပ်မောကျနေသော သားသမီးများကိုမြင်ရပြန်သည်။

သူ၏ဦးနှောက်သည် မည်သို့ဖြစ်သွားသည်ဟု မပြောနိုင်ပေ၊ ခံစားချက်သည် ဘာနဲ့မှ နှိုင်းယှဉ်၍မရသော အသိတခုသည် သူ၏ခေါင်းထဲသို့ တိုးဝင်လာပါသည်။ လူသားတိုင်းတွင်အကြင်နာတရားများသည် ရှိတတ်စမြဲပင် မဟုတ်ပါလော။

တိရစ္ဆာန်သည်အသိဉာဏ်ရှိသည်။လူသည်အကြောင်းအကျိုး ရှိသည်ဟု အဘိဓမ္မာတရားများ၏ အဆိုကို သူသတိရကောင်း ပေမည်။

ကိုအေးလွင်၏မြင်ကွင်းတွင် တွေ့မြင်ရသောဖြစ်ရပ်များသည် တရိပ်ရိပ်ဖြင့် သူ၏နှလုံးသားတွင် ထိခိုက်စရာအကြောင်းများ ဆုံစီးလာခဲ့သည်။ ယခုတော့ မိမိကြီးတယောက်လည်းမျက်ရည် နှင့်မျက်ခွက် ဖြစ်နေရပါလား၊ သူခံစား နေရခြင်းသည် မိမိ တာဝန် မကင်းပါလားဟူသော နောင်တ တရားများ ရလာခဲ့ တော့သည်။

ခဏကြာလျှင် မိမိကြီးသည်အိပ်ရာကထတော့သည်။လင်သား အတွက် ချက်ပြုတ်နေသည်။ သားသမီးတွေကတော့ အိပ်လျက် ပင်။ တကယ်တော့သူသည် မယားမျက်နှာလည်း မကြည့်ချင်၊ သားသမီးမျက်နှာလည်း မကြည့်ရဲ၊ သူတို့မျက်နှာများကြည့်ရ မည်ကို ရှက်သလိုလိုလည်း ဖြစ်သည်။ ဝမ်းနည်းသလိုလိုလဲဖြစ် လာသည်။ ထို့ကြောင့်လဲ သူသည် အိပ်ရာမှထသည်နှင့် ကဗျာ ကယာမျက်နှာသစ်ပြီး အိမ်ပေါ်မှ ဆင်းလာခဲ့တော့သည်။

အချိန်ကစောလွန်းသည်။ သူ့ရင်တွေမှာ တုန်တုန်ရီရီ ဖြစ် နေသည်။ သူသည် အိမ်ပေါ်မှဆင်းလာခါနီး ရေအနည်းငယ် သောက်ခဲ့သည်။ သူသည် ခြေလှမ်းကိုမှန်မှန်လှမ်း ကာ ရွှေတိဂုံ ဘုရားဘက်သို့ ဦးတည်လျှောက်လာခဲ့သည်။

နံနက်ခင်း လေကကြည်နူးချမ်းမြေ့ဘွယ် ကောင်းလှသည်။ တဖြေးဖြေးနှင့်အလင်းရောင်အား ကောင်းစပြုလာသည်။ ကျေး

ငှက်ကလေးများ၏ မြည်သံ၊ လူတို့သွားလာကူးလူး လှုပ်ရှားပုံတို့က နေ့တနေ့၏အချိန်ကို သတိပြုလာတော့သည်။

သူသွားနေသောလမ်းကိုလည်းသတိမမူ၊ သွားနေသောနေရာကိုလည်း သတိမထားမိ။ သူသည် တကြိမ်တခါမျှကြေကွဲဝမ်းနည်းမှုကို တခါဘူးမျှ မခံစားခဲ့ဘူးချေ။ သူ့ကိုယ်သူ တွေးမရအောင်ပင် ဖြစ်နေပါသည်။ သူ၏ပူလောင်သော သွေးတို့ကတဖြေးဖြေးအေးစပြုလာသည်။

ညကတညလုံး ကောင်းစွာမအိပ်ခဲ့သည့်အတွက်မျက်လုံးများသည် မှေးစက်လာခဲ့ပါသည်။ ရှည်လျားသော ခရီးလမ်းကိုလျှောက်ခဲ့သောကြောင့် သူ၏ကိုယ်သည် နွမ်းနယ်စပြုလာသည်။ ဤနေရာသည် လူသူကင်းလျက်ရှိခြင်းကြောင့် ကိုယ့်ကို ဆန့်လဲလျောင်းလိုက်သော အချိန်တွင်းမှာပင် နှစ်နှစ်ခြိုက်ခြိုက်ကြီးအိပ်ပျော်သွားတော့သည်။

နေရောင်ခြည်သည် သူ၏မျက်နှာတခွင်သို့ ပူပြင်းစွာတောက်လောင်လာသဖြင့် ရုတ်တရက် ပျာရိပျာယာ ထလိုက်ပါသည်။ မမြှော်လင့်ဘဲ ရွှေတိဂုံစေတီတော်၏ ခေါင်းလောင်းသံ များသည် သူ၏နားထဲသို့ တိုးဝင်လာ၏။ ထိုအသံများသည် သူ၏စိတ်အစဉ်ကို အေးငြိမ်း သွားစေတော့သည်။ ပူပင်သောက များသည် ပျောက်ကွယ်သွားစေတော့၏ စိတ်၏အေးငြိမ်းမှု ပေးနိုင်စွမ်းရှိသော ခေါင်းလောင်းသံများကို ငေးမော နားထောင်ရင်း သူ၏စိတ်ရိုင်းကို နိုင်လိုသော ဆန္ဒများ ပေါ်လွင်စ ပြုလာပါတော့သည်။

မကြာမီ သူ၏နံဘေးမှ သူတော်စင်တဦး၏ ရွတ်ဆိုနေသော သံဝေဂ လင်္ကာမှာနားထဲသို့ တရှိန်ထိုး ပြေးဝင်လာသည်ဟု ထင်မှတ်ပါတော့သည်။ ၎င်းမှာ--

(၁) နုနယ်ရုပ်ဆင်း၊ ပျိုမြစ်ခြင်းကား၊ အိုခြင်းနောက်ဆုံး ရှိချေ၏။
(၂) ချစ်ခင်ပေါင်းသင်း၊ ဆက်ဆံခြင်းကား၊ ကွေကွင်း နောက်ဆုံးရှိချေ၏။
(၃) ခုံမင်ခယ၊ ချစ်လွန်းကလည်း၊ သောက နောက်ဆုံး ရှိချေ၏။
(၄) ဝိဉာဉ်ထင်လင်း၊ သက်ရှင်ခြင်းကား၊ သေခြင်း နောက် ဆုံး ရှိချေ၏။

····*····

## ( တဆယ် )

တဦးနှင့်တဦး အနေဝေးတော့ ခင်မင်မှု နည်းပါးခဲ့သည်။ ကိစ္စများမြောင် လူတို့ဘောင်၌ ဟူသည့်အလား ကိုယ့်ကိစ္စနှင့် ကိုယ်၊ သူ့ကိစ္စနှင့်သူ စသည်အရာရာတိုင်းတွင် ဆောင်ရွက်စရာ တွေကလည်း များလှသည်။ ထို့ကြောင့်တဦးနှင့်တဦး အကြောင်း ကြီးငယ် မရှိဘဲ တွေ့ဆုံဖို့ရန် ခက်ခဲလေသည်။

သည်နေ့ ကိုကိုအောင်နှင့် ကိုအေးလွင်တို့ ရွှေတိဂုံဘုရား ရင်ပြင်ပေါ်တွင် တွေ့ဆုံကြသည်။ မမြော်လင့်ဘဲ တွေ့ရသော အခါ ကိုကိုအောင်အဖို့ အလွန်ပင် အံ့အားသင့်လျက်၊ သူ့အဖို့ နေ့စဉ်ဘုရားပေါ်သို့ ရောက်စမြဲ။

ဤနေရာသို့ သူသည် အခေါက်ခေါက် အခါခါ ကျင်လည်လှည့်ပတ် သွားလာ တတ်သော်လည်း ကိုအေးလွင်အား တခါဘူးမျှမတွေ့မိ။ မှန်ပါသည် ကိုအေးလွင် အဖို့လည်း အရောက်အပေါက် နည်းပါးသည်ဟုဆိုရမည်၊ မမြှော်လင့်ဘဲ တွေ့ဆုံကြရသော ငယ်ပေါင်းများအဖို့ ဝမ်းသာခြင်းနှင့်အတူ ပြောစရာအကြောင်းအရာများကို အားမနာတမ်း ပြောလိုက်ပါသည်။

ကိုအေးလွင်သည် ကိုကိုအောင် အကြောင်းကို အခြား မိတ်ဆွေတွေ့ဆီမှ ကြားသိခဲ့သည်၊ သူသည် ဘာသာတရား ကိုင်းရှိုင်းနေသူတဦး၊ အချိန်အားလပ်တိုင်း ကျောင်းကန်ဘုရား များတွင်အချိန်ကုန်စေသည်။

သူသည် လူ့ဘဝတွင် သစ္စာတရားကို ရှာဖွေရန် အမှန်တရားလမ်းပေါ်သို့ လျှောက်ရန် အားပြုနေသူတဦးပင် ဖြစ်ပါသည်။ မိမိယုံကြည်နဲ့သော ဘာသာရေးလုပ်ရပ်များကို ယုံယုံကြည်ကြည်လေးလေးစားစားဖြင့် လိုက်စား အားထုတ်နေလေသည်။

သူသည် လူ့လောကကြီးဝယ် တွေ့ကြုံရသော လူမှုရေး ဒုက္ခကြီးကို မထမ်းဆောင်လိုသဖြင့် လက်မြှောက်အရှုံးပေးပြီး ထွက်ပြေးလိုသူလည်းမဟုတ်ပေ။ လောကီ၊ လောကုတ္တရာ နှစ်ဌာနပစ္စုပ္ပန်သံသရာ နှစ်တန်လုံးအဖို့ အကောင်းဆုံး အသင့်လျော်ဆုံးအလိုလားအပ်ဆုံး လွယ်လွယ်နှင့် ဖြစ်နိုင်သော လမ်းများပေါ်တွင် ရဲရဲဝံ့ဝံ့ လျှောက်နေသူတဦးပင် ဖြစ်ပါသည်။

ကိုကိုအောင်ဘဝလမ်းကြောင်းကို ကြည့်မည်ဆိုပါက ခလေး ၇ယောက် အိမ်ထောင်တာဝန်ကို ထမ်းဆောင်နေရသူ တဦး

ဖြစ်ပါသည်။ သို့ရာတွင် ဃရာဝါသ အိမ်ထောင်သားမွေး နေထိုင်ရသော်လည်း အားလပ်သော အချိန်တွင် တရား ဓမ္မနှင့် ပျော်ပိုက်လေ့ရှိပါသည်။

အခြားသူများကို တဏှာရေယဉ်ကြောဝယ် လူးလာခတ်သုဝ် လှော်ခတ်ခြင်းမျိုးဘော့မရှိ။ သူသည် ဒုက္ခကို ဒုက္ခမှန်းသိသည်။ မီးကိုကိုင်ပါက ပူသောသတ္တိ၏ အရောင်ပြန်ခြင်းကို သူကောင်းကောင်း နားလည်ထားသူ ဖြစ်ပါသည်။

သူသည် လောက ဓမ္မတာအတိုင်း ဖြစ်ပေါ် လာတတ်သော မကောင်းမှု မှန်သမျှကို ဘာသာတရား၏ ဆုံးမသြဝါဒဖြင့် ချိန်ထိုးကြည့်သည်။ လက်ခံနိုင်သော လုပ်ဆောင်ချက် များကိုအကြောင်းအကျိုး ဆက်စပ်မှု ရရှိသည့်အခါမှ ယုံကြည်တတ်သော အလေ့အထ သူ့ဝါသနာပင် ဖြစ်ပါသည်။

ကိုအေးလွင်သည် ကိုကိုအောင်အကြောင်း ဤမျှသာသိထားသည်။ ထို့အတူ ကိုအေးလွင် အကြောင်းကိုလည်း တစွန်းတစကြားဘူးထား သောကြောင့် ကိုကိုအောင်က ဤသို့ ပြောလိုက်ပါသည်။

'သူငယ်ချင်း လမ်းမှားလာပြီ ထင်တယ်၊ မကောင်းသော ဒုစရိုက်များ ကျူးလွန်ခြင်းကို ခွင့်လွှတ်ပါဘုရားလို့ ဘုရားမှာ လာပြီး ဝန်ချတာလား....'

'ဒါပေါ့ သူငယ်ချင်း လောကမှာ အမှားရှိမှ အမှန်ဆိုတာရှိတယ်၊ အဖြူနဲ့အမဲ အရောင်ခြင်းဟာ ဘယ်လောက် ခြားနားသလဲ တခုနှင့်တခု ဘယ်လိုမှ ဆက်စပ်လို့ ပေါင်းစပ်လို့ မရဘူး၊ ပေါင်းစပ် လိုက်ရင်လဲ အရောင်တမျိုး ပြောင်းသွား မှာဘဲ။ ဒါကြောင့် အဖြူရဲ့အရောင်ဟာ အဖြူရောင်တခုတည်း ဖြစ်တော့မှ အဖြူလို့ခေါ်လို့ ရသလို အမှားဆိုတာဟာ အမှားမှန်သရွေ့ကို ပြုလုပ်ခဲ့ပြီးမှ အမှန်ဆိုတာဟာ ဘာလဲလို့ သိနိုင်မှာ၊ ခုဆိုအမှန်တရားကို အားထုတ်ကျိုးပမ်းနေတဲ့ သူငယ်ချင်းလိုလူကိုတွေ့လိုက်တော့ ငါ့အဖို့ အတိုင်းမသိ ဝမ်းသာသွားတယ်....'

'ဒါပေါ့သူငယ်ချင်း၊ မင်းနဲ့ငါ မြို့ထဲမှာ ကြုံကြ ဆုံကြတုန်းပြောလိုက်တဲ့စကားကို ခုပြန်သတိရမိတယ်၊ အကုသိုလ်များများလုပ်တဲ့လူဟာ များများဘုရားရှစ်ခိုးတယ် ဆိုတာလေ၊ အကုသိုလ်နည်းနည်းလုပ်တဲ့သူဟာ ဘုရားရှစ်ခိုးခြင်း နည်းတယ်လို့ ပြောခဲ့တာဟာ ခုမင်းဘုရား ဝတ်လာပြု တာဟာ အကုသိုလ်များများလုပ်လာပြီဆင်တယ်....'

ကိုကိုအောင်နှင့်ကိုအေးလွင်တို့ တဦးကိုတဦး ရယ်မောပြောဆိုနေပါတော့သည်။

'သူငယ်ချင်း အချိန်ရတယ် မဟုတ်လား....'

ကိုအေးလွင်သည် ကိုကိုအောင်အား ဤသို့ ပြောလိုက်သောအခါ–

'အေးပါသူငယ်ချင်း၊ ဘာကိစ္စများ ရှိလို့လဲ....'

'ကိုစွကတော့ အေးအေးဆေးဆေး ပြောရင် ကောင်းမယ် ထင်လို့ပါ '

'ဒီလိုဆိုရင် လူ့ဘက်ရည်ဆိုင်တဆိုင်မှာ သောက်ရင်းပြောကြ တာပေါ့ '....

'လူတွေများတဲ့နေရာမှာမဖြစ်သေးဘူး၊ လူသူကင်းတဲ့နေရာမှာ ဆို ပိုပြီး ကောင်းမယ် '

ကိုအေးလွင်သည် သူလိုလားသော နေရာကို ပြောလိုက်ပါ တော့သည်။ ကိုကိုအောင် သည် လူ အ ရောက် နည်း သော တန်ဆောင်းတခုဆီသို့ ခေါ်သွားပါသည်။ ထိုနေရာသို့ သူတို့ နှစ်ဦးရောက်ရှိပြီးနောက် ကိုအေးလွင်ကပင် စတင်၍ ပြောလိုက် ပါတော့သည်။

'သူငယ်ချင်းငါ့စိတ်တွေဟာ ဟိုတုံးက အရက်ဆိုင်တို့၊ ဖဲဝိုင်း တို့ ဒုစရိုက်လမ်းပေါ်မှာ လျှောက်သွားရတာပြောတယ်၊ ဘဝ အေးငြိမ်းမှုရတယ်လို့ ထင်ခဲ့တယ်။ အောင်းမေ့ခဲ့တယ်။ တိုတိုနဲ့ ဒိုရင်းပြောရင်စိတ်ရိုင်းရဲ့ စေစားမှုဒဏ်ကို ခေါင်းငုံ့ပြီးခံခဲ့ရလို့ ကြာကြာဝါးတော့ ခါးမှန် သိသလို စိတ်ရိုင်းကို နိုင်လို ချင်တဲ့ စိတ်ဆန္ဒတွေဟာ တနေ့တခြား ပေါ်ပေါက်ခဲ့တယ်။ ဒီစိတ် ကို ချိုးနှိမ်နိုင်တဲ့ အကျင့် တရားများရှိရင် ညွှန်ပြစမ်းပ '

'ဒါပေါ့သူငယ်ခြင်း စိတ်နှလုံး ငြိမ်းချမ်းမှု ကို လိုလားတဲ့ လူဟာတရားဓမ္မမှာ ဘယ်ပျော်ပိုက်နိုင်မလဲ ခုလဲမင်းဟာ စိတ်နှလုံး

ငြိမ်းချမ်းမှုကို လိုလားတဲ့ လူတယောက် ဖြစ်လာတော့ ဒါဟာ ငြိမ်းချမ်းခြင်းရဲ့ အစ ဘဲ၊ သူငယ်ချင်းပြောတဲ့ စကားကို ကြားရတော့ အလွန်ဘဲ ဝမ်းသာ ပါတယ်။ ငါ့ အနေ နဲ့ က တော့ အားထုတ်ဆဲလေ့လာ ဆဲဆိုတော့ မင်းကို ဘယ်လိုအား ထုတ်ပါဆိုတာ ကိုတော့မပြောနိုင်ဘူး၊မင်းကို ငါအကြံတခု ပေးခြင်း တာက မင်းသွား နိုင်တဲ့ ရက်ကို ငါလာခေါ်မယ်'

သူတို့ နှစ်ဦးသည် ရှေးဟောင်း နှောင်းဖြစ် များ ပြောဆိုပြီးနောက် အိမ်ပြန်ရန် လမ်းခွဲကြပါတော့သည်။

ကိုကိုအောင်သည် ချိန်းဆိုသားသည့်အတိုင်း ကိုအေးလွင်တို့ အိမ်သို့ ရောက်ရှိလာလင့်၊ သူတို့သည်တုတ်တုတ်မျှ မလှုပ်မရှက်ဘဲ အသင်းရောင်ကို ဆန့်ကျင်လာသည် အိမ်ရှိ တံခါး အားလုံး မှာ ပိတ်လျက် ရှိနေ လေသည်။ ဒီအခြေ အနေ ကို မြင် ရ သော ကိုကိုအောင်အဖို့တွင် အနည်းငယ်စိတ်ပျက်သွားမိသည်။ သို့သော် လည်း ရောက်လက် စနဲ့တော့ရှေ့တိုးဖို့သာ သူကျိုးစားလေတော့သည်။ သူသည် အိမ်ရှေ့တံခါး မကြီးကို အားပြု၍ ခတ်ပြင်းပြင်း ခေါက်လိုက် ပါသည်။

တံခါး ခေါက်သံ ကြားသဖြင့် ကိုအေးလွင်သည် အိမ်ရာမှ ထလိုက်ပြီး အိမ်ရှေ့တံခါးမကြီးဆီသို့ ပြေးသွားပါသည်။ သူသည် တံခါးကိုဖွင့်လိုက်သည်နှင့်တပြိုင်နက် တံခါး ခေါက်သူ၏ မျက်နှာကို ကွက်ကွက်ကွင်းမြင်လိုက်ပါသည်။

'ကောင်းလေကွ–ငါ့မှာတော့ မင်းချိန်းထားလို့ ဝီရိယစိုက်ပြီး လာခဲ့တယ်၊ဒီကျတော့ ကိုယ်တော်ချောက အိပ်ရာပေါ်မှာ ဇိမ်ခံတုန်း ရှိသေးတယ်....'

ကိုကိုအောင်သည် မြင်မြင်ခြင်း ဤကဲ့သို့ ပြောလိုက်ပါတော့သည်....။

'ဒီတနင်္ဂနွေနေ့ဆိုတော့ အမှုထမ်းတွေအတွက် ဇိမ်ခံရမဲ့နေ့လေ၊ ဒါကြောင့်ပါကွာ၊ ဇိမ်ခံပြီး အိပ်နေရတာပါ၊ ငါချိန်းပြီး မေ့သွားတဲ့ကိစ္စကို တောင်းပန်ပါတယ် သူငယ်ချင်း'

'သူငယ်ချင်း စကားဘော့ သိပ်ပြောမနေနဲ့အုံး၊ သွား'စရာက စောစောရောက်နှင့်မှ မင်းအတွက်ကောင်းမှာ၊ နောက်မို့ဆရာကြီးအိမ်မှာ လူတွေများနေရင် မင်းအဘွက် သူပြောမဲ့ စကားတွေကို ပြောနိုင်မှာ မဟုတ်ဘူး'

ကိုကိုအောင်က သတိပေးလိုက်သောစကားကြောင့် ကိုအေးလွင်သည် ခေါင်းကလေးတညိတ်ညိတ်ဖြင့် နားသောင်နေတော့သည်။ ၎င်းနောက် ကိုကိုအောင်ထိုင်ရန်အတွက် ဧည့်ခန်းရှိကုလားထိုင်တလုံးကို လက်ညှိုးညွှန်ပြလိုက်ပါသည်။စာအုပ်စင်မှ စာအုပ်အချို့ကို ယူပေးလိုက်သည်။ စာကြည့်၍ စောင့်နေရန်သဘောဖြင့် လုပ်လိုက်သောကြောင့်....

'သူငယ်ချင်း၊ ငါ့ကိုစာအုပ်တွေပေးထားပြီးတော့ ပြန်မအိပ်နေနဲ့အုံး'

'စိတ်ချပါကွာ၊ မအိပ်ပါဘူး၊ ကိုယ်လက်သုတ်သင်ပြီးခင်သွားဖို့ အစဉ်သင့်ပါဘဲ'

ဒီနေ့သွားရမဲ့ ကိစ္စကတော့ ကိုအေးလွင်အတွက် ဖြစ်သော်လည်း ခရီးစဉ်အရ သိနှင့်သူက ကိုကိုအောင်ပင်။ သူတို့သွားရ

မည့်နေရာကတော့ ရန်ကုန်မြို့၏ နယ်နမိတ် အပြင်ဘက်တွင်။ ထို့ကြောင့် ကိုအေးလွင်အဖွဲ့ ကိုကိုအောင်နောက် ထပ်ချပ်မကွာ လှုပ်ရှားလိုက်ပါ နေရှာလေသည်။

နံနက်ခင်း၏ နေရောင်ခြည် နုထွေးခံရရှာသောအခါ သူတို့၏ တကိုယ်လုံးသည် ချွေးစများ ဆို့လာပြန်သည်။ သူတို့ရောက်ရှိနေသောနေရာမှာလည်း လူကုန်တန်ရပ်ကွက်တခု မဟုတ်ပေ။ သစ်ပင်ကြီးငယ်တို့၏ အရိပ်အာဝါသကိုခိုလှုံ၍ ဖြတ်သန်းသွားရသဖြင့် စိတ်များသည် ကြည်ကြည်လင်လင် ရှင်ရှင်ပျပျတော့ ဖြစ်မိသည်။ ထိုလမ်းများသည် မြို့ပေါ်ကလမ်းများလို ကတ္တရာလမ်းများတော့ မဟုတ်ချေ။ ကားကြီးကားငယ်များဝင်ရောက်ခြင်း မရှိချေ။ လူများလွယ်သင့်တကူ သွားလာနိုင်အောင် ပြုပြင်ဖောက်လုပ်ထားသောလမ်းပင် ဖြစ်ပါသည်။

မြင်နေ တွေ့နေရသော အခြေအနေပြောရမည်ဆိုပါက၊ ရွာလည်းမခေါ်နိုင်၊ မြို့ဟူ၍လည်းပြောမရ သို့လင့် လမ်း၏ဦးထိပ်တွင် ဆိုင်းဘုတ်ကြီးတခုက ထိုရပ်ကွက်၏အမည်ကိုဖော်ပြထားသည်။ 'ချမ်းမြေ့သာယာ' ရပ်ကွက်ဟု သတ်မှတ်ထားပါသည်။

ထိုရပ်ကွက်တခုလုံးကိုခြုံ၍ကြည့်ပါက အိမ်ကြီးအိမ်ဟောင်းဟူ၍ မတွေ့ရ၊ အားလုံး ကောင်းပါသည် ဟူသည်က နှစ်ထပ်ပျဥ်ထောင်အိမ်၊ သွပ်မိုးနှင့် အိမ်လေးငါးလုံးပင် တွေ့ရပါသည်။ ခုတော့ သူတို့ဝင်ရောက်လာသော အိမ်မှာတော့ ပျဥ်ထောင်ပျဥ်ခင်း တလွှာခြင်း ဆောက်လုပ်ထားသော တထပ်အိမ်ပင် သူတို့နှစ်ယောက်သည် အိမ်ပေါ်သို့ရောက်ရှိပြီးနောက် အိမ်ဦး

ခန်းတွင် တင်ပလ္လင်ခွေထိုင်ကာ ဆေးပြင်းလိပ်ကိုအားပါးတရဖွာရင်း အိမ်ပေါ်သို့တက်လာသောလူများအား စိုက်ကြည့်နေတော့သည်၊ ထိုပုဂ္ဂိုလ်သည် အသက်အားဖြင့် (၇၀) ကျော်ပတ်ဝန်းကျင်တွင် ရှိမည်ဖြစ်သော်လည်း တွေ့မြင်ရသောအခြေအနေအရကြည့်၍ပြောပါက အသက် (၅၀) ကျော်မျှဟု ဤမျှ သူ၏ရုပ်ခန္ဓာက နုပျိုသေးကြောင်း သူသည် နှာတံပေါ်ပေါ်၊ဝိုင်းဝန်းသော စူးရှသောမျက်လုံး၊ ဝါဝင်းသောအသားအရေ၊ ကြံ့ခိုင်သော ခန္ဓာကိုယ်စသည်တို့ကို တွေ့ရသည်။

သူတို့ ၂-ဦးသည် ဆရာကြီးရှေ့ သို့ ရောက်ရှိလာပြီးနောက်၊ ဝတ်ပြုလိုက်ပါသည်။ ကိုကိုအောင်သည် ဆရာကြီးအားအပြုံးဖြင့် နှုတ်ဆက်လိုက်ပါသည်။ ၎င်းနောက် ပြောလိုသောစကားကို တိုတိုတုတ်တုတ်ပင် ပြောလိုက်ပါသည်။

'ကျနော့်သူငယ်ချင်း ကိုအေးလွင်ပါ ဆရာကြီး....'

'အေး....'ဟူသော စကားတခွန်းကိုသာ ပြောဆိုလိုက်ပါသည်။ သူ၏ မျက်လုံးအစုံကို စိုက်ကြည့်လိုက်ပါသည်။ သူ၏ကြည့်ခြင်းဒဏ်ကို တာရှည်စွာ မခံနိုင်သော ကိုအေးလွင်အံ့ဖို့တဘက်သို့ လွှဲပြောင်း လိုက်ပါသည်။ ၎င်း မျက်လုံးများသည် တည်ငြိမ်သော သဘောရှိသည်။ သူ့ရှေ့တွင် ရောက်လာသောသူ၏ခံစားနေရသော အချက်အလက်များကို မျက်လုံးဖြင့်ညှို့ယူခြင်း သဘောမျိုး ဖြစ်ပေသည်။ အညှို့ခံရသော သူ၏စိတ်နေသဘောထားများကို ညှို့သူက သိသွားနိုင်၏။ စိတ်တန်ခိုးရှိသူများ ပြုလုပ်လေ့ ရှိတတ်သည့် သဘောပင် ဖြစ်ပါသည်။

ကိုအေးလွင်သည် ဝိဥာဉ်ခြင်းစကားပြောနေကြသည်ကိုမသိပေ။ သူသိထားသည်မှာ သူ့ရှေ့တွင် ခန့်ခန့် ညားညားထိုင်ပြီး သူ့အား ဂရုတစိုက်ကြည့်နေသည်ဟု ထင်မှတ်နေသည်။

ဆရာကြီး၏မျက်လုံးအစုံသည် ရုတ်ချည်းမှိတ်လိုက်ပါသည်။ နောက်ပြီးမှ ပြန်လည်ဖွင့်လိုက်၊ သူ၏ မျက်နှာတပြင်လုံးသည် ဝင်းပကြည်လင်လျက် အပြုံးရောင်သန်းပြီး ကိုအေးလွင်အား စကားပြောလိုက် ပါတော့သည်။

'မောင်အေးလွင်၊ မင်းဘဝဟာ အခြေမတည်နိုင်တဲ့ပေဒါလို တောင်မြောက်လေးပါးမယ် ဗောလော ဗောလော၊ လူးလာခပ်သုတ် အတက်အကျနဲ့ အချိန်ကုန်ခဲ့ဘယ် မဟုတ်လား၊လောဘမောဟ ဖိစီးခံနေရလို့ အနိစ္စကိုပင် နိစ္စထင်၊ ဒုက္ခကိုသုခဆင်၊ အနတ္တကိုပင် အတ္တထင်၊ အသုဘကိုပင် သုဘဟု အထင်အမြင်မှားခဲ့ပြီး ခုမှ မင်းလိုချင်တဲ့ စိတ်ငြိမ်းချမ်းမှုကိုလိုလား နေတယ်'

ကိုအေးလွင်အဖို့ နားထောင်လိုက်သောစကား၏ အတိမ်အနက်ကို သိလိုက်သောအခါတွင် ဘဝင်အေးချမ်းမှုရှိသွားတော့သည်။ သူသည် အေးချမ်းသွားသော ဘဝ၏အစကို ပြန်လည်လာပြန်သည်။

ကိုအေးလွင်၏ချက်နှာတခွင်သည် အသွင်တမျိုးပြောင်း သွားကြောင်းကို ဆရာကြီးသိလိုက်သည်။ဆရာကြီးသည် အနည်းငယ်အာရုံယူလိုက်ပြီး ကိုအေးလွင်စိတ်ဖြစ်စဉ်ကို ပြန်လည်သုံးသပ်ပြီး ဤသို့ ပြောလိုက်ပြန်သည်။

'မင်းရဲ့စိတ်ဟာ ကာမဂုဏ်အာရုံ လိုက်စားမှုမှာ တင်းတိမ် ရောင့်ရဲမှု မရှိခဲ့ဘူး၊ မက်မပြေတဲ့ ဆားငံရေလိုပဲမှာ မီးဟာ လောင်စာ ဘယ်သောက်ထည့်ထည့် တင်းတိမ်ရောင့်ရဲခြင်းမဖြစ် သလို မင်းရဲ့စိတ်ရိုင်း လှုံ့ဆော်ချက်ကြောင့် လမ်းမှား လိုက်ခဲ့ သလို စိတ်ဒုက္ခဖြစ်လာခဲ့တယ် မဟုတ်လား....'

မြေကြီးပေါ်မှာ လူတွေမပြုမပြင်ဘဲ အလိုလို ပေါက်နေတဲ့ သစ်ပင်တွေရှိသလို လူဘွက ဂရုတစိုက်ပျိုးမှ ပေါက်တဲ့စပါး ပင်တွေလို ထိုနည်းအတိုင်းဘဲ ဒုက္ခဆိုတာ မကျိုးစား အား မထုတ်ရဘဲ ဖြစ်ပေါ်လာပြီး သုခဆိုတာကတော့ ကြိုးစား ပမ်း စား အားထုတ်ပြုသုပ်မှ ဖြစ်ပေါ်လာတတ်ဘယ်....'

ကိုအေးလွင်သည် ဆရာကြီးပြောသည်ကို နားထောင်နေရာမှ စိတ်ဟူခြင်းကို မခဝခဲ့တတ်သောကြောင့် ပြန်လည်၍ မေးလိုက် ပါသည်။

'ဆရာကြီးစိတ်ဆိုဘာဟာ အကောင်အထည်နဲ့ ပြလို့ရနိုင်တဲ့ အရာဆိုရင် ဘယ်ဟာကိုစိတ်ဟု ခန္ဓာရုပ်မှာ ထင်ထင် ရှားရှား ပြနိုင်တဲ့အကြောင်းများ ရှိပါသလား....'

ကိုအေးလွင်၏အမေးကြောင့် ဆရာကြီးသည် သောက်လက်စ ရှိသောဆေးပြင်းလိပ်ကို တဘက်ဘွင်ရှိသော ဆေးလိပ် ပြာခွက် ထဲသို့ ထည့်လိုက်ပြီး ဤသို့ပြောလာသည်။

'စိတ်နဲ့ပတ်သက်လို့ ဘုရားဟောခဲ့တဲ့ တရားတော် အရဆို အလွန်ကျယ်ဝန်းတယ်၊ ဗုဒ္ဓရဲ့အဘိဓမ္မာ သဘောထဲမှာ ကောင်း

နိုး ရာရာကိုပြောမယ်။ စိတ်သည် သူ့သဘောသူဆောင်ပြီး မည်သည့်အခါမျှအငြိမ်နေလေ့မရှိ။ အစိုးရစမြဲလည်းမရှိ၊ ငြိမ်သက်တည်မြဲမှုမရှိသောသဘောကို အမြဲဆောင်လေ့ရှိ၏။ ဒါကြောင့် အာရုံတပ်မက်မှုများကြောင့် စိတ်လည်း အမြဲပြောင်းလွဲတတ်ခြင်း သဘောရှိတယ်....'

'အဝိဇ္ဇာမှောင် လွှမ်းနေတဲ့ စိတ်နှလုံးသည် ရာဂ အညစ် အကြေး စွန်းထင်းနေခြင်းမှာ အံ့သြဖွယ်ရာ မဟုတ်ပေ၊ ယင်းအညစ်အကြေးသည် အဝိဇ္ဇာမှောင် ကွယ်ပျောက် သွားမှသာ စင်ကြယ်ခြင်း ဖြစ်သည်ဟု ဆိုရမှာဘဲ....'

ဆရာကြီးသည် စိတ်အကြောင်းနှင့် ပတ်သက်၍ အနည်းငယ် ရှင်းပြသည်။

ကိုအေးလွင်သည် အနည်းငယ် စဉ်းစားပြီးမှ ဤသို့မေးမြန်းပြန်သည်။

'ဆရာကြီး လောကမှာ ကောင်းမှုစိတ်နဲ့ မကောင်းမှုစိတ် တနည်းပြောရရင် ကုသိုလ်စိတ်၊ အကုသိုလ်စိတ်၊ မကောင်းမှုနဲ့ ယှဉ်သောစိတ်၊ ကောင်းမှုနဲ့ယှဉ်သောစိတ်၊ ၎င်းစိတ်တို့ကိုစိတ်ရိုင်းဟုသတ်မှတ်ပြီး ၎င်းစိတ်ရိုင်းကို နှိမ်မဲ့နည်းဟာ ဘယ်အကျင့်ကို ကျင့်ပါက ရနိုင်မယ်ဆိုတာ ပြောပြစေချင်ပါတယ်....'

ကိုအေးလွင်၏ အမေးကြောင့် ဆရာကြီးက ပြန်လည်ဖြေရှင်းပြန်သည်။

'စိတ်အင်အားကြံ့ခိုင်လာအောင်နှင့် အစိုးရအဖြစ်သို့ရောက် အောင် လေ့ကျင့်ခြင်းပြုရတယ်၊ အဲဒီကျင့်တဲ့လူကို ယောဂီလို့ ခေါ်တယ်၊ ယောဂီအကျင့်ကို ကျင့်သော ယောဂီဟာ အထည် ကိုယ်ဒြပ်သဏ္ဌာန်ရှိသော ရုပ်သဘောကိုဆောင်သည့် သင့်လျော် မည့် အရာတခုခုကို မှတ်ပြီး လေ့ကျင့် ပြီးတဲ့နောက် အချိန် အတော်ကြာကြာ လေ့ကျင့်မိတဲ့အခါမှ ကမ္မဋ္ဌာန်းခေါ် အရာ တခုခုပေါ်မှာ စိတ်ကိုငြိမ်သက်စွာ တည်ရှိနေစေအောင် သုံး ဆောင်ခြင်း ဖြစ်တယ်....'

ကိုအေးလွင်သည် ဆရာကြီးပြောသော စကားချက်ကိုသာ ကျစွာဖြင့် နားထောင်နေပါတော့သည်။ ၎င်းနောက် နားထောင် ပြီးသောစကားထဲမှ သူ၏စိတ်ဘဝင်တွင် ခံစားချက်တခုကတော့ စိတ်ငြိမ်သက်အောင် ပြုလုပ်ခြင်း၊ တနည်းဆိုသော် စိတ်အင်အား ကြံ့ခိုင် လာအောင် ပြုလုပ်ခြင်းမှာ ယောဂီ အကျင့်ပင် ဖြစ် ကြောင်း သူသိပြီးနောက် ဆရာကြီးအိမ်မှ ပြန်လာတော့သည်။

ပင်လယ် သမုဒ္ဒရာတွင် ကြောက်မက် ထိတ်လန့်ဖွယ်ကောင်းသော လေမုန်တိုင်း ထန်သကဲ့သို့ ရှိခဲ့သောဘဝသည် ချငြိမ်သက်နေသောရင်ခွင်၌ တိတ်ဆိတ်ခြင်းက သူ့ဘဝသည် အေးချမ်းသာယာစပြုလာပါတော့သည်။

သူ၏ပတ်ဝန်းကျင် တခုလုံးသည် ပေါ်ပေါက်လာမည့်တော်လှန် ပြောင်းလဲရမှုကြီး တခုမှာ တွေဝေးမောရ၍ မောဟ ဖြစ်ခြင်းကြောင့် လောဘ၊ ဒေါသဖြစ်သော အကြောင်းရပ်များကို ဆရာကြီး ပြုပြင်မှုကြောင့် အနည်းငယ် နားလည် လာပါတော့သည်။

'မောင်အေးလွင်....'

'ခင်ဗျာ'

'မင်းသိချင်တဲ့ ကိစ္စကို ငါသိဘယ်၊ ငါသိလိုတဲ့ ကိစ္စကို မင်းသိသလား....'

'ကျနော် ဆရာသိလိုတဲ့ကိစ္စကို မသိပါဘူး....'

'ဘာကြောင့်လဲ....'

'မသိပါ....'

'အေး--မင်းအနေနဲ့က စိတ်ရိုင်းနဲ့အတူ ရှိနေသေးသမျှ အမှန်တရားဆိုတာလဲ ပျောက်ကွယ်နေဘယ်၊ ငါစောစောက ပြောခဲ့သလိုပေါ့၊ ဒုက္ခကို သူခထင်နေတာကိုး'

'ဒီလိုဆို စိတ်ရိုင်းကိုနိုင်ဖို့ကိစ္စကို ဆရာကြီး အမိန့်ရှိပါအုံး'

'အကျင့်သီလဆိုတာ မပြုလုပ်၊ မဆောက်တည်ခင် အခြေခံသဘောကို ပိုင်ပိုင်နိုင်နိုင် ထိထိမိမိ နားလည် သဘောပေါက်

ထားဖို့လိုတယ်၊ ဘယ်လုပ်ငန်း၊ ဘယ်လုပ်ရပ်တွေ လုပ်သည့်ရှိ သော သဘောတရားနဲ့ လက်တွေ့ဆိုတာ ရှိရမယ်။ ဒါမှ သိပ္ပံ နည်း ကြမယ်၊ ကောင်းသောအရာသည် ခက်ရမည်။ ခက်သော အရာသည် နည်းရမည် ဆိုထားတယ်၊ လူ့ဘဝ လူ့ခန္ဓာသည် ကောင်း၏၊ မြတ်၏။ထိုလူ့ဘဝကိုရဖို့ရန် ခက်ခဲလှ၏။ ဒါကြောင့် ဗုဒ္ဓဘာဝါးပါးထဲမှာ တပါးအပါအဝင် ဖြစ်တယ်လို့ ကျမ်းဂန် မှာ ဆိုထားတယ်....'

ဗုဒ္ဓဘာ ငါးပါးဆိုဘာက (၁)ဘုရားအဖြစ် ရခဲခြင်း၊ (၂)လူ အဖြစ်ရခဲခြင်း။ (၃) ချမ်းသာရိပ်ငြိမ်ခြင်း စသော ပြည့်စုံမှု ရခဲ ခြင်း၊ (၄) ရှင်ရဟန်းအဖြစ် ရခဲခြင်း။ (၅) သူတော်ကောင်း တရားကြားနာရခဲခြင်း၊ စသည်တို့နှင့်သုဂတိဘာနှင့် ပတ်သက် လို့ ဤအတိုင်း ဟောသေးတယ်။

'အို.... ချစ်သားတို့ သုဂတိဘဝသို့ ရောက်ကြကုန်သော သတ္တဝါတို့သည် ငါ၏လက်သဲပေါ်မှာထားသော မြေမှုန့်ပမာဏ ကဲ့သို့ အလွန်နည်းလှကုန်၏။ အပါယ်သို့ရောက်ကုန်သောသတ္တ ဝါတို့ကား မဟာပထဝီမြေကြီးမှာရှိသော မြေမှုန့်ပမာဏကဲ့သို့ အလွန်များပြားလှပေသည်ဟု ဗုဒ္ဓအရှင်က ဟောခဲ့ဘူးတယ်'

'ရောက်ရှိနေတဲ့လူ့ဘဝ၏ တန်ဘိုးကို ဦးစွာသိရှိနိုင်ခြင်းသည် သဘောတရားပင် မဟုတ်လား၊နောက်အချက်တွေရှိသေးတယ်၊ ကန်တော့ခြင်းဆိုတဲ့ နေရာမှာ နှစ်မျိုးရှိတယ်။ (၁) တစုံကရာ ပြစ်မှားမိ၍ ထိုအပြစ်ကိုပပျောက်စေရန် ကန်တော့ခြင်း၊ (၂) သက်သက်ကုသိုလ်လိုချင်လို့ ကန်တော့ခြင်းနှစ်မျိုးရှိတယ် အကု

သိုလ်ပြုလုပ်ပြီးမှ ထိုအသိုလ်ပပျောက်အောင် ကုသိုလ်ပြုခြင်းမျိုးလည်း ရှိတယ်၊ အဲဒီ ကုသိုလ်ပြုလုပ်လိုက်လို့ ပြုပြီးအကုသိုလ်ကျေပျောက်ပျက်စီး သွားသည်ဟုကား မဆိုနိုင်ပေ။ သို့သော်ရေများ ရေနိုင်ပေါ့၊ မီးများမီးနိုင်ပေါ့၊ အားကောင်းသောကံအကျိုးပေးသွားနိုင်ပါတယ် ’

စကားဆုံးသွားပြီးနောက် သူတို့နှစ်ဦးသည် အကြမ်းပန်းကန်ထဲတွင်ထည့်ပြီးသော လဘက်ရည်ကြမ်းများကို သောက်လိုက်ပါတော့သည်။

‘ ဟော့....မောင်အေးလွင် ပျင်းနေပြီလား....’

‘ မပျင်းပါဘူး ’

‘ အေးကွဲ့....ခုနစာကဆရာကြီးပြောတဲ့အထဲမှာ သူတော်ကောင်းတရား နာကြားနေရခြင်းဟာ ဒုလ္လဘတရားဘဲ နော် ’

‘ ဟုတ်ကဲ့....’

‘ ခုပြောမှာတော့သီလ၏အကူအညီဖြင့် ပြုလုပ်လျှင်၊မြင့်မြတ်တဲ့ ဘယ်လိုကိစ္စမျိုးမဆို ပြည့်ဝအောင်မြင် ပြီးစီးနိုင်တယ်၊သီလရှိလျှင် ကိလေသာအဖြစ် ဒေါသများပေါ်ပေါက် မလာနိုင်ဘူး၊ သီလဆိုတာဟာ အားထားမှီခိုရာဖြစ်တယ်၊ဒါကြောင့်လူတို့သီလ ရဟန်းတို့သီလနှစ်မျိုးရှိတယ်။ ဒါ့အပြင် သီလဆိုတာ၊ နောက်အချက်တွေပြောရရင် ကာယကံ၊ ဝစီကံတို့ကို ဗရမ်းဗတာမဖြစ်အောင် ငြိမ်သက်စွာထားခြင်း၊ထိန်းသိမ်းခြင်း သဘောကုသိုလ်တရားတို့၏ တရားအဖြစ်ဖြင့် တည်ဆောက်ခြင်းကို သီလဟု ဆိုရပြန်တယ်....’

'လူတို့သီလကတော့ ငါးပါးသီလလောက် လုံခြုံဖို့ အလွန်အရေးကြီးတာဘဲ၊ အဲဒါငါးပါးသီလဟာ (၁) သူ့အသက်ကို မသတ်ခြင်း၊ (၂) သူ့ဥစ္စာမခိုးခြင်း၊ (၃) အုပ်ထိမ်းခြင်းမကင်းသူတို့၌ မေထုန်မကျူးလွန်ခြင်း၊ (၄) မမှန်သေးသောစကားကို မပြောဆိုခြင်း၊ (၅) သေရည်သေရက် မသောက်ကျူးခြင်း၊ အဲဒီအချက်တွေဟာ ငါးပါးသီလဘဲ'

အဲဒီ သီလနဲ့ပတ်သက်ပြီးတော့ သီလစောင့်သိန်းရန် ခံယူဆောက်တည်ခြင်းသည် ရဟန်းသံဃာစေတီပုထိုး စသည်တို့မှာ မိမိအလိုအလျောက် နှုတ်မြွက်ခံယူဆောက်တည်ခြင်းခံရခြင်းဟာ သီလတည်နိုင်ပါတယ်'

ကိုအေးလွင်သည် ဆရာကြီး စကားပြော ပြီးပြီးချင်း သူသိလိုသောအကြောင်းကို မေးလိုက်ပါသေးသည်။

'သေအရက်ကို ဆေးအဖြစ် သောက်ရင် ရပါသလား'

'အေး....'

ဟု ဆရာကြီးစကားတလုံးကို ပြောပြီးနောက် အနည်းငယ်စဉ်းစားရပြီးသောက်ပါ အတိုင်း ပြောပြလေသည်။

'သေအရက်ကို သေအရက်ချည်း သက်သက် မဟုတ်ဘဲဆေးအဖြစ်ရောစပ် ထား သည်ကို ဆေးအလို့ငှာ သောက်ကအပြစ်မရှိသောက်ကောင်းပါသည်၊ ဒါပေမဲ့ အရက်အဆင်း၊ အရက်အနံ့၊ အရက်အရသာ ပေါ်လွင်သော အရက် အနည်းငယ်ရောစပ်ထားသောဆေးမျိုးကို သောက်ကောင်းပါသည်။ အရက်

တော်တော်များများရောစပ်ထားပြီး ထင်ရှားနေသော ဆေးမျိုးကိုမသောက်ရ၊သောက်ပါက သီလကျိုးတယ်'

ကိုအေးလွင် သိလိုသော အကြောင်းကို သိရ သဖြင့် သူ၏ မျက်နှာ တခွင်တွင် အပြုံးပန်းများ ကြောင့် ဆရာကြီးသည် ပြောလိုသောစကားကို ဆက်ပြန်သည်။

'သီလ၏ညစ်ညူးခြင်း၊ သီလ၏ဖြူစင်ခြင်းတို့ နှစ်မျိုးရှိတယ်၊ ညစ်ညူးခြင်းတရားဆိုတာကသီလပြတ်ခြင်း၊ ပေါက်ခြင်း စသော သီလ၏မပြတ်ခြင်း၊ မပေါက်ခြင်း စသည်တို့ဟာ သီလ၏ဖြူစင်ကြောင်းဖြစ်တယ်'

သီလ၏ ပြတ်ခြင်း၊ ပေါက်ခြင်း စသည်ဟာ လာဘ်လာဘ အရှိန်အဝါ အကျော်အစော စသည် အကြောင်းရင်းရှိသော ပျက်စီးခြင်းဖြစ်တယ်။

သီလ၏အကျိုးတရားနှင့် ပတ်သက်ခြင်းဟာ ညီကြွယ်သား တိဿမထေရ်အကြောင်းကို ဆရာကြီးပြောပြန်သည်။

သီဟိုဠ်ကျွန်းတွင် သူကြွယ်တဦးသည် သားနှစ်ယောက်တို့ရှိရာ မိဘ ကွယ်လွန်သောအခါ သားအကြီးဖြစ်သူ တိဿ လုလင်က မိဘတို့၏ အမွေအနှစ်ဟူသမျှကို ညီငယ်အား အလုံးစုံအပ်နှင်းပေးခဲ့ပြီး မိမိမူကား ရဟန်းပြု၍ တောကျောင်း တခုမှာ တရားအားထုတ်နေထိုင်တော်မူ၏။

ထိုအခါ ညီ၏မယား (ခယ်မ)ဖြစ်သူက 'ယခုပါတို့မှာ ခဲအိုဖြစ်သူရဟန်းပြုသောကြောင့်သာ ဤအမွေပစ္စည်းတို့ကို အလုံးစုံ ပိုင်ဆိုင်နေသည်။ အကယ်၍ ခဲအိုဖြစ်သူသည် လူထွက် လာပါမူ၍ ပစ္စည်းတို့ကို ဘက်ဝက်ခွဲ၍ ပေးရချေမည်။

သူလူထွက်မည် မထွက်မည်ကိုလည်း မသိနိုင်၊ သူသေမှသာ စိတ်အေးချမ်းသာရမည်’ ဟုကြံစည် စိတ်ကူးကာ လူဆိုးတို့အား ပစ္စည်းဥစ္စာပေးကမ်းပြီးလျှင်မထေရ်ကို အသတ်ခိုင်း လေ၏။

လူဆိုးများသည် တောကျောင်းသို့ လာရောက်ပြီးလျှင် ညဉ့်ဦးယံအခါ မထေရ်ကိုဝိုင်းဝန်း ဖမ်းဆီး ကြကုန်၏။ သူကြွယ်သား တိဿမထေရ်က ‘ငါ့မှာသင်တို့လိုချင်ဖွယ်ရာပစ္စည်းတစုံတရာမျှမရှိ’ ဟူ၍ ပြောကြား သောအခါ ‘ပစ္စည်းကိုလို၍ ကျွန်ုပ်တို့လာသည် မဟုတ်၊ အရှင်ဘုရား ကိုသတ်ရန် (ခယ်မ၏ စေခိုင်းချက်ကြောင့်) လာရခြင်းဖြစ်သည်’ဟု ပြောကြားသည်တွင် တိဿ မထေရ်က ‘ငါ၌စင်ကြယ်သော သီလကားရှိပေ၏။ အရဟတ္တဖိုလ်၌ တည်လို သည့်အတွက်နံနက် အာရုဏ်တက်ရုံ အတွင်း ငါ့အား တရားအား ထုတ်ခွင့်ပေးကြပါဟု’ ပြောဆို လေလျှင် လူဆိုး များက ‘ဤသို့ ခွင့်ပေးနိုင်ပါသည့်အခါတွင် အရှင်ဘုရား ထွက်ပြေးသွားပါက တဖန်လိုက်လံ ဖမ်းဆီးရန် ဒုက္ခ ဖြစ်ရပေလိမ့်ဦးမည်။ သို့ဖြစ်၍ ခွင့်မပြုနိုင်’ ဟုငြင်းပယ်ကြသောအခါ ငါမပြေး နိုင်ကြောင်းကို သင်တို့အားအထင် အရှား သိပါစေမည်’ဟု အမိန့်ရှိကာ ကြီးစွာ သောကျောက်ခဲကိုယူ၍ဒူးနှစ်ဖက်ကို ကိုယ်တိုင်ထုနှက်တော်မူ၏။

ဒူးနှစ်ဖက်လုံး သွန်သွန် ကျိုးသောအခါ ‘သင်တို့ မြင်ကြပြီ မဟုတ်လော၊ ငါသည်မည်သည့်နည်းနှင့်မျှ ထွက်မပြေး နိုင်တော့ပေ၊ ငါသည် ရာဂ မကင်းဘဲ ပုထုဇဉ်အဖြစ်ဖြင့် သေရမည် ကို စက်ဆုတ်လှပေ၏။ ရက်နိုး လှပေ၏၊’ ဟူ၍ အမိန့်ရှိမှ လူဆိုးတို့က

ခွင့်ပေးသဖြင့်ထိုသို့သဘောရှိသည့် ရာဂဖြင့်အသုံးသပ်အပ်သော မိမိ၏သီလကို အမှီပြုကာ တည္ဘ်လုံး ရဟန်း အားထုတ် သဖြင့် အာရုဏ်တက်သောအခါ အရဟတ္တဖိုလ်သို့ ရောက်တော်မူသည်။

ဆရာကြီးသည် တိဿမထေရ်အကြောင်းကို ပြောပြီးနောက် အနည်းငယ် စကားပြောခြင်းကို ရပ်နားလိုက်ပါ တော့သည်၊ ဆရာကြီးသည် သောက်လက်စ ဆေးပြင်းလိပ်ကို အားပါးတရ ဖွာခြင်းသည် သင်းဘောခေါင်းတိုင်မှ ထွက်နေသော မီးခိုးများ ကဲ့သို့ရှိနေသည်။ ကိုအေးလွင် သည် သိလိုသော အကြောင်း ပေါ်လာသဖြင့်ဤသို့မေးလိုက်ပါသည်။

'ဆရာကြီးခင်ဗျာ-စိတ်တည်ငြိမ်မှုအတွက် သမာဓိ ထူထောင် ရန်မှာဘယ်နှစ်မျိုးရှိပါသလဲ....'

မီးခိုးတလူလူ ထွက်နေသော သင်းဘောသည် မီးပေါင်ကျ သွားသကဲ့သို့ ဆရာကြီး သောက်နေသော ဆေးပြင်လိပ်၏ မီးခိုး သည်ပျောက်ကွယ်သွားပြီးနောက်....

'အေးကွဲ့ စိတ်တည်ငြိမ်မှုအတွက် ထူထောင်ရန် သမာဓိမှာ နှစ်မျိုးရှိတယ်၊အမှတ် ၁-ကတော့ လောက သုံးပါး အတွင်းမှာ သာကျက်စားနိုင်တဲ့လောကီယ သမာဓိနဲ့ သုံးလောကမှ အလွတ် ဖြစ်၍အသခ်ဘချက် နိဗ္ဗာန်မြတ်နဲ့သာ စပ်သော လောကုတ္တရာ သမာဓိတို့ဖြစ်ပြီး လောကာလ သမာဓိ ကို သမထ ဘာဝနာနှင့် ရရှိနိုင်ပြီးလောကုတ္တရာ သမာဓိက ဝိပဿနာ ဘာဝနာနဲ့ရရှိနိုင် တယ်၊စိတ်တည်ငြိမ်မှုကို ပေါက်မြောက် အောင်မြင်ရန် အတွက်

(စိတ်စူးစိုက်ရာဌာနများ)ကမ္မဋ္ဌာန်း လေးဆယ်အနက် တပါးပါး ကိုစူးစိုက်အားထုတ်ရတယ်'

'စိတ်ဓာတ် ထွားကြိုင်း သန့်စင်အောင် ပြုလုပ်တဲ့ အခါမှာ အထူးဂရုစိုက်ရမဲ့ အချက်ကတော့ ခန္ဓာကိုယ် အစိတ် အပိုင်း ကို လျစ်လျူမရှုရဘူး၊ ခန္ဓာကိုယ် ကြံ့ခိုင်ရေး အတွက် ကိုယ် လက် လှုပ်ရှားမှုလေ့ကျင့်ခန်း များလည်း လိုက်စားရတယ်'

ဆရာကြီးသည် ဤသို့ပြောဆို ပြီးနောက် စားပွဲပေါ်တွင် တင်ထားသောစာအုပ်တအုပ်ကိုယူ၍ အောက်ပါ အတိုင်း ပြော ပြန်သည်။ ၎င်းမှာ ကမ္မဋ္ဌာန်း ခေါ် အရာ တခုခု ပေါ်၌ စိတ်ကို ငြိမ်သက်စွာ တည်ရှိ နေစေအောင် လုပ်လာနိုင် ခြင်း အားဖြင့် ဈာန်အမျိုးမျိုးပင်ဖြစ်ပါသည်၊

'လေ့ကျင့်မှု ခိုင်မြဲစေအံ့သောငှာ သမာဓိ လုပ်ငန်း ကို ရက် ပေါင်းများစွာအဖန်ဖန် အထပ်ထပ် ကြိုးပမ်းရလေသည်။ အား ထုတ်မှုသည်လည်း အကြားအလပ်မရှိ တဆက်တည်း ဖြစ်နေစေ ရပေသည်။

သို့မှသာလျှင်ကာမဂုဏ်ခံစားလိုသောကာမစ္ဆန္ဒ၊အမျက်ဒေါသ ဟူသောဗျာပါဒ၊ ငိုက်မျဉ်းထိုင်းမှိုင်းဟူသော ထိနမိဒ္ဓ၊ ပျံ့လွင့် ခြင်း ပူပန်ခြင်းဟူသော ဥဒ္ဓစ္စကုက္ကုစ္စ ကမ္မဋ္ဌာန်း လမ်းစဉ်မှရင်း ကမ္မဋ္ဌာန်းဆရာ၌ရင်း၊ ယုံမှားခြင်းဟူသော ဝိစိကိစ္ဆာအစရှိသည့် နီဝရဏ ငါးပါးတို့သည် တဖြေးဖြေး ကင်းကွာ သွာ ပြီးလျှင် အပ္ပနာ သမာဓိအဆင့်သို့ ဆိုက်ရောက်လာလေတော့၏။

ဤအဆင့်မျိုး တိုင်ခပေါက်ရောက်နိုင်ပါမူယောဂီပုဂ္ဂိုလ်သည် အထက်ဈာန်စခန်းများသို့တက်လှမ်းအားထုတ်တော့မည်၊ ကေန်ပင် ဖြစ်ခစတော့သည်။

ထိုအဆင့်တိုင် ပေါက်ရောက်လင့်ကစားအကယ်၍ အားထုတ်မှုအရာ၌ ပေါ့ပါးလျှော့ပါမူ၊ မိမိရရှိပြီး သမာဓိအားသည်လျော့ပါးသွားတတ်သည်ဖြစ်ရာ မချောက်ချားနိုင်လောက်အောင် ခိုင်မြဲသည့်သမာဓိစွမ်းပကားကို စိတ်ချလက်ချရရှိသည့်အချိန် အထိ ပိပိစီးစီး ဇွဲကြီးကြီးနှင့် တသမတ်တည်း အားထိတ်ရပေသည်။ ထိုမျှခိုင်ခန့်သော သမာဓိကို မရရှိသေးပါမူ ယောဂီပုဂ္ဂိုလ်သည် စိတ်မပျက်ဘူး မိမိအလုပ်ကို ဆက်လက်ကြိုးကုတ် ထိုက်ပေသည်။

ဓမ္မာစာရီပုဂ္ဂိုလ်သည် ကမ္မဋ္ဌာန်းအားထုတ်ရန်အတွက် ပြဆိုခဲ့ပြီးသည့်အတိုင်း ဆိတ်ငြိမ်ရာသို့ဝင်၍ ထက်ပယ်ဖွဲ့ခွေထိုင်ကာ တရားအားထုတ်ပေ၏၊ ဝိဘက်ဟုဆိုအပ်သောဥဂ္ဂဟနိမိတ်ကိုလည်း ပေါ်လာအောင် ရှုပေ၏။ ပေါ်လာခသော ထိုဥဂ္ဂဟနိမိတ်ကို ပျောက်ကွယ်၍မသွားခအောင် ထိန်းသိမ်းထားရန်လည်း ကြိုးပမ်းရပေ၏။

ယဲင်းသို့ကြိုးပမ်းမှုကို ဝိတက်ကိစ္စဟု ခေါ်လေသည်။ နိမိတ်သည်လည်း မိုးတိမ်ညိုအတွင်းမှ ဖောက်ထွင်း ပေါ်ထွက်လာသည့် လမင်းကြီးပမာ ပို၍အရောင်ဖြာယှက် ကွန့်မြူးလျက်လာလေသည်။

ထိုနိမိတ်ကိုပင် အာရုံစူးစိုက်နေရာ အလွန်နှစ်သက်ဖွယ်ဖြစ်သည့်ပီတိဟူသော အကြည်ဓာတ်သည်ယောဂီ၏ ခန္ဓာကိုယ်အလုံး

ဝယ်ထက်ဝန်းကျင် ပျံ့နှံ့လျက်တည်၏။ ဥပမာ ဆောင်ရပါလျှင် ကန္တာရခရီးကြမ်း၌ အငမ်းမရ ရေငတ်လှသောသူသည် မိမိအနီးဝယ် ရေအိုင်ငယ်ကိုရုတ်တရက် တွေ့လိုက်သောအခါ ကြက်သီးမွေးညှင်းများ တဖြန်းဖြန်းထလျက် ရွှင်လန်းဝမ်းမြောက်ခြင်း ပြင်းပြစွာ ဖြစ်သကဲ့သို့ပင်တည်း။

ရေ၏ အမြိန်အရသာသည် သောက်အပ်ပြီးသော ထိုရေငတ်သူအား ထိုအခါဝယ် အလွန်ချမ်းမြေ့သည့် ပီတိဓာတ်သည် သန္တာန်တွင် ဖြစ်ပေါ်လာလေ၏။ ၎င်းကို သုခဟု ခေါ်လေသည်။ ယခုအခါ၌မူကား အာရုံနိမိတ်တခုတည်းကိုသာ မလည်မသုန် မတုန်မလှုပ် စုတ်စုတ်နက်ရှိုင်းစွာ ကြည့်ရှုနေလေတော့ရာ တခုတည်းသောအာရုံ၌ထက်မြက်စွာစူးစိုက်ထားတတ်သည့် သတ္တိဖြစ်ပေါ်လာပေသည်။

၎င်းသည်ပင် ဧကဂ္ဂတာဖြစ်တော့၏။ ဤနည်းနှင့် ယောဂီသည် ဝိတက်-ဝိစာရ-ပီတိ-သုခ-ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါငါးပါးနှင့်ဘက်စွ ရူပဈာန် ပဌမအဆင့်သို့ ရောက်လေ၏။

ထိုအခါ အောက်ဈာန်၌ယှဉ်သည့် ဈာန်အင်္ဂါတို့ကို တဆင့်ပြီးတဆင့် ပယ်သိမ်းလျက်၊ ဒုတိယ- တတိယ- စတုတ္ထ- ပဉ္စမ ဈာန်တို့ကို တပါးပြီးတပါး ရရှိအောင် ဆက်လက်အားထုတ်ရန် ခိုင်မြဲသောအားခြင်း စိုက်မိပြီး နောက်ဆုံးဝယ် ရူပလောကတွင် အမြင့်ဆုံးဈာန်ဖြစ်သည့် ဥပက္ခာ ဧကဂ္ဂတာတည်းဟူသောဈာန်အင်္ဂါနှစ်ပါးနှင့် ယှဉ်သည့်ရူပါဝစရပဉ္စမ ဈာန်အဆင့်သို့တိုင် ပေါက်ရောက်နိုင်စွမ်း ရှိလေ၏။

သို့သော် ယောဂီပုဂ္ဂိုလ်သည် အထက်ဈာန်သို့မတက်မီ၊မိမိ ရရှိပြီး ဈာန်ကိုပင် ရင့်ကျက်ခိုင်မြဲစေရန် အဖန်ဖန်အထပ်ထပ် ဝင်စားအပ်ပေသည်။ အထက်ဈာန်ကိုအားထုတ်ရန် မကြံရွယ်မီ လက်ရှိဈာန်ကို လုံးဝအစိုးရမှု ရှိအပ်ပေသည်။ဈာန်အရပ်ရပ်တို့ အပေါ် အစိုးရမှုရှိရန် နိုင်နင်းရန် နည်းငါးတန်ရှိသည်။

လောကီသည် ပဥ္စမဈာန်အင်္ဂါတို့သာ ပါဝင်သည့် ဝိတက် ဈာန်အင်္ဂါကိုအဘယ်ကြောင့်ဖျက်သိမ်းလိုက်ရပါသနည်း၊ ဝိတက် သည် အာရုံ အမျိုးမျိုးအပေါ်သို့ စိတ်ကို တင်ပေတတ်သော အခြင်းအရာရှိ၏။ ဓမ္မာစာရီအတွက်မူ စိတ်ကို ပဋိဘာဂ နိမိတ် အပေါ်သို့ တင်ပေ၏။ သို့ရာတွင် အာရုံပေါ်သို့ရောက်အောင် စိတ်ကို တင်ပေးရခြင်းသဘောသည် လိုလားနှစ်သက်ဖွယ်မဟုတ် သေးချေ။

အဘယ်ကြောင့်ဆိုသော် စိတ်သည်ပဋိဘာဂ နိမိတ်အပေါ် သို့မဟုတ် ကောင်းမြတ်သောအာရုံအပေါ်သို့ ရောက်မည့်အစား အခြားလောကီအာရုံ ကာမဂုဏ်တို့ဘက်တို့ ရောက်သွားနိုင်သော ကြောင့် ဖြစ်ပေသည်။

ယောဂီပုဂ္ဂိုလ်သည် ကျင့်ဆဲပုဂ္ဂိုလ်သာဖြစ်၍ ကာမရာဂ သံ ယောဇဉ်၊ ရူပရာဂ သံယောဇဉ် ၁၀-ပါးတို့ကို ဖြတ်တောက်ပြီး သော ရဟန္တာပုဂ္ဂိုလ်မဟုတ်သေးရာ အကယ်၍ အလွန်အဆင်း လှသည့် မိန်းမပျိုလေးတဦး၏ ဥဂ္ဂဟနိမိတ်သည် အာရုံတွင်ပေါ် လာပါမူ ထိုယောဂီအား အန္တရာယ်သင့်တော်မည်မှာ လွန်စွာ နီးနေပြီဖြစ်ကြောင်း ထင်ရှားလှပေသည်။

ချစ်ရည်စွန်းမိဘူးသူများတွင် ထိုသို့ မိန်းမပျို၏ ရူပါရုံများ ပေါ်လာတတ်ပေသည်။ ထိုသို့လွှတ်သွက်သွားသော စိတ်များကို ကောင်းမွန်စွာ မကွပ်ကဲနိုင်ပါမူထိုမနောကံသည် နောက်ဆုံးဝယ် မလိုလားအပ်သော ကာယကံမြောက်အဖြစ်သို့ရောက်သွားတတ်လေသည်။

အခြားဈာန်အင်္ဂါတခုသည် ဝိစာရဖြစ်၏။ ၎င်းဝိတက်နှင့် အလွန်ရင်းနှီးကပ်လျက်ရှိ၍ ဝိတက်အမျှပင် ရန်းရင်းကြမ်းတမ်းလှ၏။ ဝိစာရ၏ အခြင်းအရာမှုကား ဝိတက်က တင်ပေးအပ်သောအာရုံကို ကသိုဏ်းနိမိတ်အပေါ်မှ လျော့ဖို့၍မကျအောင် ထိန်းသိမ်းထားအပ်သော သဘောရှိ၏။

ပဋိဘာဂနိမိတ်ကိုထိန်းသိမ်းထားမည့်အစား ဒေါသအဘိဇ္ဈာဗျာပါဒ အစရှိသည့် စိတ်တို့ကို စွမ်းဆောင် နိုင်တော့မည် မဟုတ်ပေ။ ဘာဝနာမှုတို့တွင် ယုတ်ညံ့သေးသိမ်သော အကုသိုလ်စိတ်တို့ကို သိမ်ပိုက်ထားခြင်းမှ ဝေးစွာရှောင်ရှား၍ကောင်းမြတ်ဖြူစင်သည့်မေတ္တာအစရှိသည့် စိတ်တို့ကိုသာ မွေးမြူရပေ၏။

မဖြစ်သေးသောအကုသိုလ် ဒုစရိုက်တို့ကို ပေါ်မလာအောင် ရှောင်ရှားခြင်း၊ ပေါ်လာပြီးသော အကုသိုလ် ဒုစရိုက်တို့ကို လွန်မြောက်ပြီးဆုံးစေခြင်း၊ မဖြစ်ဘူးကုန်သေးသောကုသလဓမ္မတို့ကို ဖြစ်ပေါ်လာအောင် အားထုတ်ခြင်းဖြစ်ပြီးသော ကုသိုလ်သုစရိုက်တရားတို့ကို နိယာမအဖြစ်သို့ရောက်အောင် အစဉ်အမြဲတည်စေအောင် ထိန်းသိမ်းခြင်း အစရှိသည့် သမ္မာဝါယာမ မဂ္ဂင်တို့ကို ဗုဒ္ဓဘုရားရှင် မိန့်ခဲ့ပေသည်။

ဤကုသိုလ်စေတသိက်နှစ်ပါးတို့သည်ပင်လည်းအကုသိုလ်စိတ်တို့ကို ပေါက်ဖွားနိုင်လေရာ အသက်ချောန်သို့ တက်ရာဝယ် ထိုစေတသိက်ကိုလည်း ဖျက်ဆီးပစ်ရလေသည်။ သို့ဖြစ်ခြင်းကြောင့် ယောဂီသည် ဝိတက် ချောန်အင်္ဂါကိုဖျက်ဆီး၍ ဒုတိယချောန်စခန်းသို့ ဘက်လှမ်းရပေ၏။ ထို့နောက်ဘဖန် ဝိစာရချောန်အင်္ဂါကို ဖျက်ဆီးပြီး တတိယချောန်သို့ တက်ရပြန်၏။

သို့ရာတွင် အချို့အရာ၌မူ ဝိဘက်နှင့်ဝိစာရ ၂ ပါးစလုံးကို တချက်ဘည်း ဖျက်ဆီးနိုင်စွမ်း ရှိပေ၏။ ထိုကဲ့သို့ စွမ်းနိုင်သော ယောဂီ အဖို့မှာမူ ရူပချောန် အဆင့်သည် လေးဆင့်ပင် ရှိလေတော့၏။

ချောန်အင်္ဂါတို့ကို တခုပြီးတခုသာ ဖျက်ဆီးနိုင်သောသူ အဖို့မှာမူ ရူပချောန် အဆင့်သည် ငါးဆင့် ရှိလေသည်။ ဝိတက်နှင့် ဝိစာရကို ဖျက်ဆီးပြီး ပီတိအရသာကို ခံစားနေသော ယောဂီသည် 'ဤပီတိသည် အကုသိုလ် သောမနဿစိတ်တို့နှင့် ပေါင်းစည်းမိနိုင်သေးရကား ဒုက္ခမှု ဒုက္ခစတို့ကို ပေါက်ဖွားစေတတ်၏' ဟု ဆင်ခြင်နှလုံးသွင်း ရှုမှန်းခြင်းဖြစ်ပြီးလျှင် ထိုပီတိချောန်အင်္ဂါတို့ကို တတိယအကြိမ်မြောက် ဖျက်ဆီးပစ်ရပြန် လေသည်။

ထို့နောက်တဖန် သုခချောန်ကို ဆင်ခြင်ပြန်ရာ ထိုသုခသည် သံသရာကြောကို ရှည်စေတတ်သော သဘောရှိ၏။ ယင်းသည် ယောဂီနှင့် အလွန်နီးကပ်လျှထိခိုက်ရာ အောက်ချောန်တို့သို့ လျောကျဘွယ် ရှိ၏။ သုခသဘော ရှိနေခြင်းအားဖြင့် အဘယ်မှာ သံသရာဝဋ်အတွင်းမှ လွတ်ကင်းနိုင်အံ့နည်း။

ကျွန်ုပ်တို့သည် ပဋ္ဌာကိုလေ့ နှစ်ထွေသော ကာမတို့မှ ကင်းကွာရပေမည်။ သုခရှိပါမူ အယုတ်မလွန်မရှိ၊ ပကတိ အလယ်လမ်းကြောင်း၌ တည်ရမည့် လက္ခဏာရှိသော တတြမဇ္ဈတ္တတာစေတသိက်ကို မရရှိနိုင်ရာ သုခ၏ အပြစ်ဒေါသ အာဒီနဝကိုသိဆင်ခြင်၍ သုခစျာန်ကို ဖယ်ရှားပြီး ဥပက္ခာကို အစားသွင်းရပြန်လေသည်။

ဤသို့လျှင်ယောဂီသည် ရူပလောက၏ ပဉ္စမစျာန် ဖြစ်သော နောက်ဆုံးစျာန်အတွင်းသို့ ဥပေက္ခာ ဧကဂ္ဂတာတည်း ဟူသော စျာန်အင်္ဂါတို့နှင့်တကွ ဝင်ရောက်လေတော့၏။ ဤသည် စျာန် ဧကဂ္ဂတာသည် လောကီအာရုံ ကာမဂုဏ်တို့၌ တွေ့ကြုံစူးစိုက်သည့် ဧကဂ္ဂတာမျိုးနှင့်မတူ အလွန် ထက်မြက်လှပေ၏။ ပိုမိုကြာရှည်စွာလည်း တည်ငြိမ်နေနိုင်လေသည်။

ဝင်စားအပ်သော ထိုစျာန်မှ မထသမျှ ကာလပတ်လုံး စျာန်ဇောနှင့် စျာန်ပီတိဘို့သည် ဘဝင်စိတ်များကို ဖြတ်ပြီး အလွန်လျင်မြန်စွာ ဖြစ်၍နေသောကြောင့် ထိုဧကဂ္ဂတာ စျာန်စိတ်သည် အလွန်ထက်မြက်ရခြင်း ဖြစ်လေသည်။

ရူပလောကတွင် အမြင့်ဆုံးသော စျာန်ကိုရရှိပြီးသည့်ယောဂီသည် အာရုပ္ပ စျာန်တည်းဟူသော အထက်စျာန်သို့ တက်ရောက်အားထုတ်ရန် မဆိုထားဘိ ရူပစျာန် ရရှိလောက် အောင်ပင်အားထုတ်လေ့ မရှိပေ။

စျာန်စခန်းသို့ တက်လှမ်းမည့်အစား များသော အားဖြင့်ဝိပဿနာ စခန်းကိုသာ ဖွင့်လေ့ရှိပေသည်။ ထိုဝိပဿနာမှုတွင်

စိတ်ဝင်စားကြခြင်း အကြောင်းရင်းမှာစျာန်အခြေတွင်စိတ်သည် တခုတည်းသောအာရုံ၌သာ စူးစိုက်နေရကား ဝိပဿနာ ဘာဝနာကို မပွားများနိုင်ခြင်းကြောင့်ဖြစ်လေသည်။

စျာန်အတွင်းသို့ဝင်ရောက်ပြီး ပုဂ္ဂိုလ်ဖြစ်မှုလည်း ဝိပဿနာ ဘာဝနာ ကမ္မဋ္ဌာန်းကို စီးဖြန်းရန် အသို့ငှာ ဥပစာရ သမာဓိ အဆင့်သို့ ပြန်လည် ဆင်းသက်လာရပေသည်။

အာရုပ္ပစျာန်သို့ တက်ရောက်လိုသောသူသည် နိမိတ်အသွင်သို့ ရှင်သိမ်းလိုက်ရလေသည်။ ငင်္ဂဘာဂ နိမိတ်သည်ပင်လျှင် ပကတိ ကသိုဏ်းဝန်း (ရေိကမ္မနိမိတ်)အဆင့်သို့ ပြန်လည် လျောကျဖွယ် ရှိသောကြောင့် ၎င်းကိုလည်း ဖျက်သိမ်းလိုက်ရ လေသည်။ သို့ ဖြစ်လေရာ အဝန်းကျဉ်းလှသည့် ငင်္ဂဘာဂနိမိတ်ကို စူးစိုက် အား ထုတ်ခြင်းဖြင့် ရူပလောက၏ ပဌမ စျာန်အဆင့်ကို ရပြီးလတ် သော် ၎င်းနိမိတ်ကိုပင် တရစ်ပြီးတရစ် ပို၍ကျယ်လာအောင်ချဲ့၍ စကြာဝဠာအားလုံးကို သိမ်းကြုံး ငုံ့ယူနိုင်သည့်အထိ ဆုံးစမထင် အနန္တ လောကဓာတ်တခွင်လုံးကို ဝန်းခြုံမိသည်အထိ ပွားချား ရလေသည်။ နိမိတ်အဝန်းသည် ယခုအခါ အနန္တ အာကာသ ကိုပင် ပတ်ခြုံလေရကား ဆုံးစမရှိသောအလားနှင့် တသားတည်း ဖြစ်ကာ နိမိတ်လုံးကြီးသည်လည်း အပြီးပျောက်၍ သွားလေ တော့၏။

ဤနည်းနှင့် ရူပနိမိတ်ကို ဥာဏ်အားစွမ်းဖြင့် ထုတ်ပယ်လိုက် လေ၏။ ဆိုလိုသည်မှာ ဆုံးစမရှိသော နိမိတ်ဝန်းကြီးအား စူးစိုက်မှု ပွားနေမှုကို ရပ်ဆိုင်းလိုက်ပြီး ထိုနေရာတွင် ဆုံးစ မရှိ

သော အဝန်းကို အစားထိုးကာ ထိုအဝန်းကြီးကြီး အပေါ်၌ပင် စိတ်ကို စူးစိုက်ထားလိုက် လေတော့၏။ ယောဂီလည်း အာကာသာနဉ္စ ယတန (ဆုံးစမရှိသည့် အဝန်းတည်း ဟူသောစျာန်)ဟု ဆိုအပ်သော အာရုပ္ပစျာန် ပဌမအဆင့် အတွင်းသို့ ဝင်ရောက်မိ လေတော့၏။

ထိုပဌမရုပ္ပစျာန်ကို ခိုင်မြဲစွာ တူထောင်ပြီးနောက် ဒုတိယ ရုပ္ပစျာန်သို့ တက်လှမ်းနိုင်လေ တော့သည်။ အာကာသာနဉ္စ ယဘာနစျာန်ကို ပင်စားနေခိုက်ဝယ် ယောဂီ ပုဂ္ဂိုလ်သည် အနန္တ အာကာသအပြင်ကြီး၌ပင် သိမှုမြဲ၍နေပေသည်။

အာကာသ အပြင်ကြီးကို မိမိအာရုံနှင့်သာ ရှေ့ရှု၍ သိမှုမြဲစေ ခိုင်ရာ အာရုံကို ထိုအနန္တအာကာသအပြင်ကြီးမှ မိမိ၏စိတ်အပေါ် သို့ လှည့်ပြောင်း တင်ထားလိုက်လေ၏။

အနန္တအာကာသနေရာတွင် အနန္တဝိညာဏကို ဤနည်းအား ဖြင့် အစားထိုးလိုက်ပြီး ယောဂီသည် အနန္တဝိညာဏ အပေါ် ၌သာ စူးစိုက်နှလုံးသွင်း၍ နေလေတော့ရာ ဝိညာဏဉ္စ ယတနဟု ဆိုအပ်သော ဒုတိယရုပ္ပစျာန်အတွင်းသို့ဝင်ရောက်မိလေတော့၏။ ထိုဒုတိယရုပ္ပစျာန်ကို ခိုင်မြဲစွာတူထောင်ပြီးနောက် ယောဂီသည် တတိယ ရုပ္ပစျာန်စခန်းသို့ တက်လှမ်းနိုင်လေတော့သည်။

အနန္တဝိဉာဉ်စိတ်ကိုပယ်ခွာရာဝလည်း ယောဂီသည် ထိုဝိဉာဉ် ၏ ရှိမှုကိုငြင်းပယ်၍ အားထုတ်ရလေသည်။ ထိုဝိဉာဉ်၏ ရှိမှုမရှိမှု ယည်းဟူသော နတ္ထိသောပညတ်ကို စူးစိုက် ဝင်စားနေသောသူ

သည် အာကိဉ္စညာယတနဟုဆိုအပ်သော တတိယရုပ်ပွဲဈာန်အဆင့်သို့ ဝင်ရောက်မိလေတော့၏။

ဤအရာ၌ဘာနဲ့ နတ္ထိဘာဝသည် စိုးစဉ်းမျှမရှိသည့် သဘောမဟုတ်ပေ။ စင်စစ်အားဖြင့် အရှိသဘော ဖြစ်ပေ၏။ အနန္တဝိညာဉ် ကင်းသုဉ်းသွားသော်ငြားလည်း နတ္ထိသော ပညတ်မှာမူ အရှိ သဘောအဖြစ် တည်နေသေး၏။

ဤနတ္ထိသဘောနှင့်စပ်လျဉ်း၍ (Creature Evolution) ခေါ်စာအုပ် စာမျက်နှာ ၂၇၉ တွင် (Bergson) ကကျွန်ုပ်တို့သည် နတ္ထိဘာဝကို အာရုံမပြုဘဲနှင့် မသိနိုင်ပေ။ ထိုနတ္ထိဘာဝကို အနည်းဆုံး မရေမရာနှင့်ပင် အာရုံယူ၍နေရ၏။

သို့ဖြစ်ရာကျွန်ုပ်တို့သည် တစုံတခုကို ပြုလုပ်၍နေရ၏။ စဉ်းစား၍ နေရ၏။ ထို့ကြောင့် တစုံတခုသည် မုချရှိနေရပေသည်' ဟု ရေးသားခဲ့လေသည်။

ဦး တိလောက နှင့် အသျှင်ဇနကာဘိဝံသတို့ကသည်း ပဏ္ဍိတဝေဒနိယကျမ်းစာမျက်နှာ၁၅၀၄နှင့် အဘိဓမ္မာ သင်္ဂဟဘာသာဋီကာကျမ်းစာမျက်နှာ ၆၀၈တို့တွင် အဆင့်တူ ဥပမာတခုကို အသီးသီးပြဆိုထားကြသည်မှာ ဤသို့ပင် ဥပမာ--ရဟန်း တပါးသည်သံဃာပရိသတ်ကို သိမ်းအဘွင်းဝယ်တွေ့မြင် ရပြီး နောက် အပြင်သို့ ထွက်သွားစဉ်သံဃာများ ထွက်ခွာ သွားပြီးမှ တဖန် ရောက်၍လာပြန်ရာ၊ ဘာမျှမရှိခြင်းကို တွေ့ရလေ သကဲ့သို့တည်း။

ထို့ကြောင့် နတ္ထိဘာဝသည်ပညတ်သည် စင်စစ် အားဖြင့် မူဘာဝတခုမျှ မရှိသောသဘောပါသည်။ နတ္ထိဘာဝ မဟုတ်ပေ။ နတ္ထိဘာဝတွင်တစုံတရာရှိ၍နေလေသည်။ သို့လျှင်နတ္ထိဘာဝမဟုတ်ပေ။နတ္ထိဘာဝတွင်တစုံတရာရှိ၍နေလေသည်။ သို့လျှင်နတ္ထိဘာဝ၏ ငြိမ်းသက်ခြင်းချမ်းမြေခြင်း သဘောတို့ကို ပွား များ နေရာစိတ်သည် အလွန်သိမ်မွေ့လာလေရကားသညာရှိသည်လည်း ဆိုသာချေ။ မရှိလုံးဝဟုလည်း မဆိုသာတော့ချေ။

ယောဂီသည်း နေဝသညာနာသညာယတန (သညာ ရှိသည်လည်းမဟုတ်မရှိသည်လည်းမဟုတ်)ဟု ဆိုအပ်သော စတုတ္ထာရုပ္ပဈာန်သို့ဝင်ရောက်လေသည်တော့၏။ ဤသည်ကား၊ အရူပလောကတွင် အမြင့်ဆုံးဈာန်တရားဖြစ်၍ လောကိယ သမာဓိ တွင်လည်း၊ အမြင့်ဆုံးရရှိသည့် အဆင့် ဖြစ်ပေသတည်း။

ယောဂီသည်အဘယ်ကြောင့်လျှင် အောက်ရူပဈာန်မှ အထက်အာရုပ္ပဈာန်တို့ကို တက်လှမ်းအားထုတ်ပါသနည်း။ ရုပ်သဘာဝ၏ အပြစ်တို့ကို ကမ္မဋ္ဌာန်းအားထုတ်သူသည် တွေ့မိ၏။ အကြပ်ရုပ်တုံး ရုပ်ခဲကြီး ရှိနေခြင်းကြောင့်၊ ဇာတိ-ဇရာ- ဗျာဓိ-မရဏစသည့် ခပ်သိမ်းသောဒုက္ခမှုဒုက္ခစုတို့ကို မြော်ရှုမိရကား ထိုရုပ်သဘာဝမျိုးမရှိသည့် ဘုံဘဝကိုတောင့်တရည်မှန်းမိခြင်း ကြောင့် အထက်အာရုပ္ပဈာန်ကိုတက်လှမ်းအားထုတ်ခြင်းဖြစ်လေသည်။

(ဤသည်ကား ဗုဒ္ဓ မပွင့်မီ ခေတ်က ဈာနလာဘီ ပုဂ္ဂိုလ် တို့ ရည်မှန်းတောင့်တကြသောအဓိက ဆုမွန်ပေတည်း)ဗုဒ္ဓသာသနာတော်မြတ်အတွင်း၌မူ ယောဂီပုဂ္ဂိုလ်တို့သည် အတိ ညာဉ် တန်ခိုး

ထူးရရှိရေးအတွက်သော်၎င်း၊ ညာဏဗလ ဖွံ့ဖြိုးမှုအတွက် သော်၎င်း၊ ရည်သန်လျက်အောက်စျာန်အင်္ဂါတို့ကို ဖျက်ပြီး၊ အထက်စျာန်သို့ တက်ရန် ကြိုးပမ်းခြင်း ဖြစ်ပေ၏။

ဥပမာ ဆောင် ရပါလျှင် ပညာရှိ တပါး သည် တိရစ္ဆာန ဂတိ၌ ဖြစ်သည့်အကြမ်းစားတဏှာလောဘတို့၏ အပြစ်ဒေါသတို့၏ အပြစ်ဒေါသကိုတွေ့မြင်မိရာ မိမိ၏အကျင့်သီလကို မြင့်မြတ်သောအဆင့်သို့ ရောက်စေရန်အတွက် ယင်းအကြမ်းစား တဏှာလောဘတို့ကို တခုပြီး တခု ပယ်စွန့်ရန် ကြိုးစားသကဲ့သို့ ဖြစ်လေ သည်။

ရူပသက္ခဏာကို ရုပ်သိမ်းလိုသော ယောဂီ သည် အကြမ်းစား ကသိုဏ်းမှ ဖြစ်ပေါ်လာသည့် ပဋိဘာဂ နိမိတ်ကို ပယ်စွန့်ရန် ကြိုးစားလေသည်။ အာကာသနဉ္စာယတနစျာန်သို့ တက် ရောက်လိုသောပုဂ္ဂိုလ်သည် အာကာသကသိုဏ်းမှ ဖြစ်ပေါ် လာသည့် စျာန်ကို မပွားအပ်ပေ။

အဘယ်ကြောင့်ဆိုသော်အာကာသကသိုဏ်းသည် အာကာသ (အနန္တအာကာသ)နှင့် တထပ်တည်း ဖြစ်နေခြင်း ကြောင့် ကြွင်းကသိုဏ်း(၉ပါးတို့ကိုခွာပြီးသည့် ကာလအနန္တအာကာသပညတ်) နိမိတ်ကို အစားထိုးခြင်းငှာ မဖြစ်နိုင်သောကြောင့် ဖြစ်ပေသည်။ သို့လျှင် အောက်အဆင့်နိမိတ်ကို မပယ်ခွာနိုင်ဖြစ်ရာအာရုပ္ပစျာန်သို့ တက်ရန်လည်း မဖြစ်နိုင်တော့ချေ။

အာကာ သာနဉ္စ ယတနစျာန် ကို ပသိဘော် လေ့လာ ပြီးနောက် ဒုတိယာရုပ္ပစျာန်သို့ တက်လိုသောသူသည် “ ရအပ်ပြီး

သောစျာန်ကား၊ ရူပစျာန်နှင့် နီးကပ်လျက်ရှိ၏။ ဝိရိယ လျော့လိုက်သည်နှင့် တပြိုင်နက်၊ အောက်စျာန်တို့သို့ လျောကျဘွယ်ရှိ၏။ " ဟုထိုစျာန်၏အပြစ်တို့ကို ရှုပွားပြီးလျှင်၊ အာကာသပညတ်နိမိတ်တို့ကို အာရုံမပြုတော့ဘဲ၊ အနန္တောဝိညာဏော၊ အနန္တော ဝိညာဏော 'စသည်ဖြင့် ပွားများရာ၊ ဝိညာဏာနဉ္စာယတန စျာန် ကို ရရှိလေ၏။

ရူပစျာန်မှပဉ္စမာစျာန်သို့ တက်ရာ ဘွင်၊ ယောဂီသည်၊ပဋိဘာဂနိမိတ်ကို ခွာလုပ်ရသည့် နည်းတူ၊ တတိယစျာန်သို့တက်ရာတွင်လည်း၊အနန္တဝိညာဏပညတ် နိမိတ်ကိုခွာ၍၊ နတ္ထိဘော ပညတ်ကိုအာရုံပြုရာ၊ နတ္ထိသဘာဝသည် ဝင်ရောက်လာ၍ တတိယ ရူပစျာန်ဟု ဆိုအပ်သော အာကိဉ္စညာယတနစျာန်ကို ရကြောင်း ပြောပြီးနောက်နှစ်ဦးသား ငြိမ်သက်စွာရှိလေသည်။

## [တဆယ့်တစ်]

အစကတော့သာမန်တွေ့ကြဆုံကြဆွေးနွေးကြဖို့သာ ရည်ရွယ်ခြင်းဖြစ်သော်လည်း ခုတော့ဤသို့မဟုတ်ပေ။ ဆရာကြီးနှင့် တရင်းတနှီးပေါင်းသင်းဆက်ဆံ ပြီးမှ၊ ကိုအေးလွင်အဖို့ကြည်ညိုလေးစားခဲ့ပြန်၏။ သူ့အဖို့ ကြည်ညိုမည်ဆိုပါက ကြည်ညိုထိုက်ပါ၏။ သူနားမလည်သောအကြောင်းနှင့်ပတ်သက်ခြင်းကို နားလည်လာအောင်သွန်သင်ဆုံးမ၍ လိုရင်းကို တိုဘိုတုတ်တုတ်ပြောဆိုသဖြင့် သူနားလည်နိုင်ခဲ့၏။

ဒီနေ့ ကိုအေးလွင်တဦးတည်း ဆရာကြီးအိမ်သို့ လာရောက်ခဲ့သည်။ ယခင်ကမူ ကိုကိုအောင်နှင့်အတူတူ လာတတ် သည်။ ကိုကိုအောင်မပါသော်လည်း သူ့အတွက် အခက်အခဲ မရှိချေ။

လာဘူး သွားဘူး ဖြစ်ခြင်းအတွက်၊ အချိန် မရွေး အခါ မရွေး ထိုနေရာသို့ သွားရန် သူနည်းလည်နိုင်ခဲ့သည်။

ကိုအေးလွင် ရောက်လာခြင်းသည် အခြားနေ့များ ကဲ့သို့ပင် မဟုတ်ချေ။ ယခင်က တရားသဘော နှင့် ပတ်သက်သော ဗုဒ္ဓ၏ အဘိဓမ္မာများကို ဆရာကြီးသိသလောက် ပြောပြခဲ့သည်။ ဆုံးမ ပဲ့ပြင်ပေးခဲ့သည်။ ခုလက်တွေ့ တရားအားထုတ်ပုံကို သင်ပြမည် ဖြစ်သောကြောင့်၊ တခါဘူးမျှ တရားဆိုင်ခြင်း နှင့် ပတ်သက် ၍ ပြုလုပ်ခြင်းမရှိသဖြင့် အနည်းငယ် စိတ်အားငယ်မိသည်။

ဘယ်ပုံဘယ်နည်းပြုလုပ်ရမည်။ ဘာကိုစတင်ပြုရမည် ဟူသော သဘော အနည်းငယ်ကို မသိရှိသောကြောင့် ဆရာကြီး၏ ပြောပြ သမျှကို တသွေမတိမ်းလိုက်နာရန်ပင် ဖြစ်တော့သည်။

ကိုအေးလွင်သည် ဆရာကြီးနှင့်အတူအိမ်ရှေ့ခန်းတွင် ထိုင်ရင်း တောင်ငေး မြောက်ငေးနှင့် အတွေးရေယဉ် ကြောဝယ် နစ်မြော နေသော စိတ်ကို အနည်းထိန်းကွပ် ပြီးနောက်။

“သမထ တရားအားထုတ်ပုံအစမူလ အခြေခံကို ကျနော်ဒီနေ့ သင်ရမယ် မဟုတ်လား ဆရာကြီး ”

ကိုအေးလွင် ၏ အမေးကို ကြားရသော ဆရာကြီး သည် ရုတ်တရက် အားဖြင့် ငိုက်ခနဲ သူဘက်သို့ စောင်း ငဲ့၍ ကြည့် လိုက် လေသည်။ ထို့နောက် ဆရာကြီး သည် တည်ငြိမ် သိမ်

မေ့စွာပြုံးလိုက်လေသည်။ ဆရာကြီး၏ပြုံးလိုက်ပုံသည် ကြင်နာသည့်အဓိပ္ပာယ်များ ပြည့်ဝလျက်ရှိသည်ကို ကိုအေးလွင်သတိပြုမိသည်။ သူသည် ဆရာကြီး၏ မိန့်ကြားချက်ကို ငြိမ်သက်စွာ စောင့်မျှော်နေလေသည်။

ဆရာကြီးသည် ကိုအေးလွင်အား ဘုရားဝတ်ပြုခိုင်းပြီးနောက် သမာဓိထူထောင်ဖို့ကိစ္စရပ်များတွင် စိတ်အာရုံ မပြန့်လွင့်စေရန် တခုတည်းသောအာရုံကို စူးစိုက်ရန်အတွက် ကိုအေးလွင်အား စိပ်ပုတီး စိတ်ခိုင်းပါတော့သည်။သို့သော် ကိုအေးလွင်အဖို့စိပ်ပုတီး စိပ်နည်းကို မသိသောကြောင့် အခက်အခဲ တွေ့ပြန်သည်။ ဘာဂုဏ်တော်ကို စိပ်ရမည်နည်း စိပ်ပုတီးကို မည်ပုံထားရမည် စသည့်မတင်မကျသော အတွေးများသည် သူ့ဦးနှောက်ထဲသို့ တိုးဝင်လာပြန်၏။

'ဟော….မောင်အေးလွင် ဘာစဉ်းစားနေတာလဲ'

ဆရာကြီး၏ ပြောလိုက်သောစကားကြောင့် အနည်းငယ်ကြောင်အန်းအန်း ဖြစ်မိပြီးနောက် သူ၏မျက်နှာသည် အနည်းငယ် ပြုံးသန်းနေပါတော့သည်။ ဆရာကြီးလည်း သူ၏ ခက်ခဲမှုကိုရိပ်စားမိသောအခါတွင် ဘုရားဂုဏ်တော်တခုကို နှုတ်တိုက်ပြုလုပ်ပေးပြီး စိပ်ပုတီးစိတ်ခိုင်းပါတော့သည်။

ရင်းနောက် ပုတီးစိပ်ရာတွင် အသုံးပြုရမည့်စိတ်သည် မပြန့်လွင့်စေရန်အလို့ငှာတခုတည်းသော ဂုဏ်တော်ပေါ်တွင် အာရုံပြုမည့် ပုံတော်ကိုရည်မှန်း၍ မစိတ်ရ၊ ပမာပြောရမည်ဆိုပါက

စိပ်ပုတီးတလုံးပေါ်တွင် စိတ်ကိုဂုဏ်တော်ပေါ် နှစ်မြုပ်၍ထား ရပေလိမ့်မည်။

ဒါမှ စိပ်ပုတီးတလုံးကိုစိတ်ပြီးပါက အခြားပုတီးတလုံးပေါ် တွင် ဂုဏ်တော်တည်ထားပြန်ရ၏။ မိမိ၏စိတ်သည် အခြားသို့ လွင့်ပါးသွားပါက ပြန်လည်၍ စိတ်နေသော ဂုဏ်တော်သည် ပုတီးပေါ်တွင် ထားရမည်။

အစကောင်းအနှောင်းသေချာ ဆိုသကဲ့သို့ပင် စိတ်ရိုင်းကို ဖန်တီးရာတွင်လည်း ဆင်ရိုင်း နွားရိုင်းဖမ်းသည့်အလား မိမိစိတ် ကိုရိုင်းသည်မှ ယဉ်လာအောင် ပြုလုပ်ရသည်မှာ လွယ်ကူသော အလုပ် မဟုတ်ပေ။ အဖြူမှအမဲဖြစ်လာသော အသွင်ဆောင် ခြင်းမျိုးမဖြစ်စေရန် သတိပြုရပေလိမ့်မည်။

ကိုအေးလွင်သည် ဆရာကြီးပြောသောစကားများကို လေး နက်စွာလိုက်နာပြီး နောက်ထပ်ဆင့် အမိန့်ရှိမည့်စကားများ ကို ငြိမ်သက်စွာနေလျက် ရှိနေလေသည်။

‘မောင်အေးလွင်.... တရားအားထုတ်တယ်ဆိုတာက မှန်ကန် တဲ့အလုပ်တခုအပေါ်မှာ အားကြိုးမာန်တက် ပြုလုပ်ခြင်းအဓိ ပ္ပာယ်ရှိတယ်လို့ ယူဆကောင်း ယူဆနိုင်ဘွယ်ရာရှိတယ်၊ဒါကြောင့် တခုတည်းသော အာရုံပေါ်မှာ စိတ်ကိုကြာရှည်စွာ တည်ငြိမ်ဖို့ ဆိုတာက စိတ်တင်မကဘူး၊ ရုပ်လဲအရေးကြီးသေးတယ်၊ ခု မင်း တရားအားထုတ်မယ်ဆိုရင် ခန္ဓာကိုယ်မငြင်းဆဲ့ဖို့ အလွန်အရေး

ကြီးတယ်၊ ခန္ဓာရုပ်လဲ ခေတ်ကြီးလေးပါးနဲ့ညီညွတ်အောင် ပြု လုပ်မယ်ဆိုရင် အရိယပုတ် မျှတမှုရှိစေရန် အရေးကြီးတယ်။

တရားအားထုတ်မယ်ဆိုရင် ခန္ဓာကိုယ်ကိုအထတ်နိုင်ဆုံးတည် ငြိမ်မှု ရှိရမယ်။ ဥပမာ ပြောရရင် ထောင့်မှန်တရိဂံ ပုံကဲ့သို့ခါး ကိုဆန့်ဆန့်ထားပြီး ဘယ်ခြေထောက်ပေါ်မှာ ညာခြေထောက် တင်ခြင်းမျိုးကို ဆရာကြီးအနေနဲ့ မပြုလုပ်ဘူး '

ကိုအေးလွင်သည် ဆရာကြီးပြောသောစကားအရ မရှင်း လင်းသောအချက်ကို ပြန်လည်မေးရန် အားပြုလိုက်ပါသည်။

' ဆရာကြီးခင်ဗျား....ထိုင်ပုံထိုင်နည်း ယောဂကျင့်နည်းများ အရ (၄)မျိုး ပြောရမည်ဆို (၁) ကြာပွင့်သဏ္ဌာန် ထိုင်နည်း၊ (၂) သိဒ္ဓါသန၊ (ခိုင်ခန့်စွာထိုင်နည်း၊) (၃) သဝါတိကာသန (ကြီးပွားအောင်ထိုင်နည်း) (၄) သုခါသန (ချမ်းသာသလို ထိုင်နည်း) တွေမှာ ဘယ်ထိုင်နည်းဟာ အကောင်းဆုံး ဖြစ်ပါ သလဲ '

' ငါပြောတဲ့စကားတွေမြဲမှာ အချိန်ကြာမှုပေါ်အခြေတည် နိုင်မဲ့ ထိုင်နည်းကို လေ့လာရမယ်၊ မင်းပြောတဲ့ ထိုင်နည်းဟာ မှားတယ်လို့ မပြောပါဘူး၊ ဒါပေမဲ့ အချိန်ကြာစွာထိုင်ဖို့ နေရာ၊ ခုပြောတဲ့နည်းမျိုး မဟုတ်ပါဘူး၊ ခြေနှစ်ဘက်ကို ထပ် ထားတဲ့အကျင့်ဟာ ထိုထိုင်နိုင်ဖို့ဟာ အတော်ပင် လေ့ကျင့်ရမှု ပြုပြီးမှ ထိုင်နည်းကို ထိုင်နိုင်လာမည်။ ဒါကြောင့် ငါပြောတဲ့ နည်းကတော့ ခြေထောက်နှစ်ဖက်စလုံးကို တခုပေါ်ထခု မတင်

ဘဲ ညာခြေကို ခန္ဓာကိုယ်အရှေ့ဘက်ကို အနည်းငယ်ထုတ်လိုက်ပြီး နောက်ဘယ်ခြေကို တဖန်အရှေ့ဘက် အနည်းငယ် ထုတ်ရမယ်၊ အဲဒီ ခြေနှစ်ဘက်စလုံးမှာ ညာဖနောင့်ဟာ ဘယ်ခြေရဲ့ အလယ်မှာ လာထိရမယ်၊ ဘယ်ခြေမဟာ ညာခြေသလုံးကြွက်သားကို လာထိနေရမယ်၊ အဲဒီထိုင်နည်းဟာ စောစောက ခြေသလုံး ထပ်နည်းထက် ကြာကြာထိုင်လာနိုင်တာကို တွေ့ရတယ်၊ ကျင့်ကြံမှုမှာ အလွယ်ကူဆုံးနဲ့ သက်သာဆုံးကိုမှီပြီးကျင့်တော့ ခန္ဓာကိုယ်သက်သာမှုရသောနည်းကို ရှာကြံရတာပေါ့'

သူတို့ နှစ်ဦးသည် တရားထိုင်ခြင်းနှင့် ပတ်သက်သော အကြောင်းအရာများကိုနှီးနှောပြီးနောက် ကိုအေးလွင်အားတရားထိုင်ရန် အမိန့်ပေးလိုက်ပါတော့သည်။

ကိုအေးလွင်သည် ဆရာကြီးပြောသည့်အတိုင်းပင် ဘုရားဝတ်ပြုပြီးနောက် ကိုယ်ကို မတ်မတ်ထားပြီး ကျောရိုးသည် တဖြောင့်တည်းဖြစ်စေကာခန္ဓာကိုယ်လည်း မချုချယ်ဘဲအတတ်နိုင်ဆုံး ကြာမြင့်စွာထိုင်နိုင်သော ကိုယ်အနေအထားကို ပြုပြင်လိုက်ပါတော့သည်။ သူ့ရှေ့တွင် ဆရာကြီး ထိုင်နေသည်ကို သတိပြုမိပါသည်။

ဆရာကြီးပြောလိုက်သော စကားသံသည် ကိုအေးလွင်နားထဲသို့ တိုးဝင်လာပါတော့သည်။

'ဟေ့....မောင်အေးလွင် စိတ်နိုင်ဖို့ကိစ္စမှာ ရုပ်ဟာလည်း အလွန်အရေးကြီးတယ်ဆိုတာ သတိထားရမယ်'

ဤသို့ပြောသောစကားကို နားထောင်ပြီးနောက် ကိုအေးလွင်သည် စိပ်ပုတီးကိုတလုံးချင်း စိပ်နေပါတော့သည်။အရဟံ သိဒ္ဓိဂုဏ်တော် (၉)ပါတ်တိတိစိပ်ပြီးနောက် အာနာပါနာကမ္မဋ္ဌာန်းတရားကို အားထုတ်ခိုင်းပြန်သည်။

လေသွက်သေဝင် ဖြေးဖြေးနှင့် လေးလေးပြင်ပလေကို ဆွဲယူသွင်းသောအခါတွင် မိမိ၏စိတ်ခန္ဓာကိုယ်ထဲသို့ လေရှည်လေအိုးထဲသို့ဝင်ရောက်သည်နှင့်တပြိုင်နက် ၎င်းလေသည် ခန္ဓာကိုယ်ထဲရှိ မည်သည့်အပိုင်းတွင် ဝင်ရောက်နေကြောင်းကို သတိပြုထားရပြန်သည်။

ပြင်ပလေကိုနှာခေါင်း၊ နှာသီး၊ နှာဖျားမှ ဝင်ရောက်သည်နှင့် တပြိုင်နက် နှာခေါင်းနှင့် သက်ဆိုင်ရာအပိုင်းသို့ လေသည် ဦးစွာထိခတ်တွေ့မှုရကြောင်းကို သိရပေလိမ့်မည်။ သမာဓိကောင်းမှ စိတ်ကို နိုင်မည်ဖြစ်ကြောင်း ဆရာကြီးကပြောပါသည်။

စိတ်ဆိုသည်မှာ အာရုံ လှုံ့ဆော်မှုကြောင့် ဖြစ်ပေါ်လာသော အကြောင်းအကျိုး နှစ်ရပ်ပင် စိတ်ဟု ခေါ်ရပေမည်။ ဥပမာ လူခန္ဓာရုပ်၏ အစိတ် အပိုင်းတွင် ပြင်ပ၏ အာရုံကို အများဆုံး ထိတွေ့မှုရခြင်း။ ခံစားမှု မြန်ဆန်ခြင်း၏ အစိတ်အပိုင်း တံခါး(၅)ပေါက်အနက် (၂)ပေါက်သော တံခါးသည် မျက်စိနှင့်နားပင် ဖြစ်လေတော့သည်။

ထို့ကြောင့် ၎င်းအစိတ်အပိုင်းများသည် ဦးခေါင်းပိုင်းတွင် အဓိက ပါဝင်သောကြောင့် ဆရာကြီးသည် ဦးခေါင်းပိုင်းနှင့်

ပတ်သက်သော သူ၏ လေ့လာချက်ပေါ်တွင် မူတည်၍ အရေး ကြီးသည်ဟု ထင်မှတ်သော ဦးနှောက်ပိုင်းကို စတင်ပြောပြပါ တော့သည်။

'ဦးနှောက်ကို အရှေ့ဘက် အလယ်ဗဟို တည့်တည့်က ထက် ခြမ်းခွဲလိုက်ရင် ဆယ်ရီဗရမ်မှာ ရှေ့ဦးနှောက်ပိုင်း အခြမ်းပြီး ၄ စ်ခုရှိတယ်။ အဲဒီအထဲမှာ သူတို့နဲ့ ဆက်နေတဲ့ နပ်ကြောမျှင် အချပ်ကြီးရှိတယ်။ အဲ့ဒီနပ်ကြောအမျှင်အချပ်ကြီးကို (Carpus Callosum လို့ခေါ်တယ်။

ဆယ်ရီဗလမ်ရဲ့ နောက်ဘက်ကျကျ အောက်နားမှာ ဆယ်ရီ ဗလမ်ရှိတယ်၊ ဦးနှောက် ညာတံကစပြီး အောက်နားစွန်းမှာ ကြောရိုးမကြီးနဲ့ သွားဆက်နေတယ်။ ဦးနှောက် ညာတံမှာ စုပေါင်းညှိနှိုင်းမှုကိုပြုသည့် အရေးကြီးသော ယန္တရားအချို့ မျိုး ပါဘယ်။ သူတို့ထဲမှာ သဲလမတ်၊ ဟိုက်ပို သဲလမတ်၊ အလယ် ဦးနှောက်ပွန်း အတွင်းသားတို့၊ ကြွက်သားတို့ ညီညာစွာ ပါ ဝင်တယ်။

ဦးနှောက်ညာတံရဲ့ အဆောက်အအုံတွေ အနက် သဲလမတ်နဲ့ ဟိုက်ပိုသဲလမတ် နှစ်ခုသာ စိတ်နဲ့ သက်ဆိုင်တယ်။ သဲလမတ်ရဲ့ အောက်ဖက်မှာ ဟိုက်ပို သဲလမတ်ရှိတယ်။ ဟိုက်ပို သဲလမတ်ရဲ့ အောက်နားမှာ Pituitary Gland တမျိုးရှိတယ်။ အဲဒီ ဟိုက်ပိုသဲလမတ် အတွင်းထဲမှာ စိတ်လှုပ်ရှားတဲ့ အပူ အမုန်း နိုးကြားမှုဘိုကို ထိန်းကြပ်တဲ့ ဗဟို ဌာနတွေအပြင် စိတ်ဝင်စား

ဖွယ် မဟုတ်တဲ့ တခြား ဖြစ်စဉ်ပေါင်း များစွာတွေကို ထိန်းတဲ့ ဗဟိုဌာနတွေလည်း ပါဝင်တယ်။

လူတွေရဲ့ Cerebral Cartex ဟာသိပ်ရှုပ်ထွေးတဲ့ယန္တရား တခုပေါ့။ လူတွေမှာ အဆင့်အတန်း မြင့်တဲ့ စိတ်ဖြစ်စဉ်တွေ ဖြစ်ပေါ် နိုင်ကြပြီး အလှယ်ကူဆုံး ဖြစ်တဲ့ လှုပ်ရှားမှု ကိုလည်း ကြီးစိုးနေဘယ်။ Cerebral Cartex အဘွင်းမှာ ကုဋေကုဋာ လောက်ရှိတဲ့ Neuron တွေ စံနစ်တကျနဲ့ ညှန်ကြားချက်တွေ အတိုင်း နပ်ကြော နှိုးဆွအားတွေက လိုက်ဆောင်ရွက်ကြရတယ်။ ဒါပေမဲ့ Cerebrol Cartex မှာရှိတဲ့ Neuron တွေဟာ လျှပ်စစ်ခလုတ်ခုံ အလုပ်မျိုးကို လုပ်တဲ့အပြင် မိမိတို့မှာ ဖြစ်ခဲ့ဘူး တဲ့ အခြေ အနေတွေ အလိုက် ပြောင်းလဲ ကြတယ်။ အဲဒီလို ပြောင်းလဲတဲ့အဘက်ကြောင့် လူတွေရဲ့အတိတ်က အဖြစ်အပျက် တွေကို ပြန်လည် တွေးကြည့်နိုင်ခြင်း ဖြစ်တယ်။ လူတို့ဟာ အတိတ်က အဖြစ်အပျက်တွေကို တမျိုးတဖုံပြန်ပြီး စီစဉ်နိုင်ကြ သေးတယ်။ လူတွေရဲ့ ပြဿနာတွေကို အတိတ်က အတွေ့အကြုံ များနဲ့ ဖြေရှင်းဖို့နည်းလမ်းတွေ စဉ်းစားကြံဆတိုင်း Cerebral Cartex အတွင်းမှာ 'ပြန်လည်စီစဉ်မှု' ဆိုတဲ့ ဖြစ်စဉ်တရပ် ဖြစ် စဉ်တရပ် ဖြစ်ပွားခဲ့ဘယ်လို့ စိတ်ပညာရှင်တွေက ရေးသားခဲ့ ဘူးတယ်။

ဆရာကြီး၏စကားကို နာယူရသဖြင့် ကိုအေးလွင်အဖို့ တရား ဘာဝနာ စီးဖြန်းဘို့ရန် မေ့ချက်သား ကောင်းနေ၏။ ဆရာကြီး စကား ပြတ်တောက်သောအခါမှ အာနာပါန ကမ္မဋ္ဌာန်း တရား ကို ကြိမ်ဖန်များစွာ ပွားများလိုက်ပါသည်။

သူသည် တရားထိုင်ပြီးနောက် ပိတ်လျက်ရှိသော မျက်လုံးအစုံကိုဖွင့်လိုက်တော့ အိမ်ခန်းထဲမှ ထွက်လာသော ဆရာကြီး၏ လက်တဖက်တွင် အကြမ်းအိုး တလုံးနှင့် လဘက်ရည်ကြမ်း ပုဂံခွက်လုံးကို ကျန်လက်တဖက်ကကိုင်ပြီး အိမ်ရှေ့သို့ထွက်လာသည်ကို တွေ့လိုက်ပါတော့သည်။

'မင်းလဲ တရားအားထုတ်လိုက်တာ ပင်ပန်းသွားတယ် ထင်တယ်။ ကဲ-လဘက်ရည်ကြမ်း သောက်လိုက်အုံး ဝမ်းတွင်းအေးသွားရအောင်....'

သူတို့၂ဦးသည် တဦးကိုတဦး စကား မပြောတော့ဘဲ လဘက်ရည်ကြမ်းကိုသာ တသွင်သွင်သောက်နေပါ၏။ ကိုအေးလွင်သည် နေ့အတော်စောင်းမှ အိမ်သို့ပြန်လာတော့သည်။

အသိတရား၏ ပြုပြင်ပေးမှုကြောင့် သူ့ဘဝသည် ကုန်လွန်ခဲ့ပြီးသော မှားယွင်းခြင်း၏ရလာဒ်ကို တွေးတောမနေဘဲ ဘုရားရှင်ဟောကြားတော်မူခဲ့သော ပြီးခဲ့သော မိုက်မဲမှု၏လုပ်ဆောင်ချက်၊ မကောင်းမှု ဥာဉ်ဆိုး အကျင့်ဆိုး တနည်းဆိုသော် စိတ်ရိုင်းတွေကို စဉ်းစား နေမည့်အစား ဒီကနေ့ကစပြီး ကောင်းမှု ကုသိုလ်ဘာဝနာတရားကို လုပ်ဆောင်ခြင်းသည် သင့်အဖို့ မြတ်၏ဆိုသည့် ဗုဒ္ဓ၏ဆုံးမမှု အရိပ်အာဝါသအောက်မှနေ ကိုအေးလွင်တယောက် သမာဓိတရား ထူထောင်ခဲ့သည်မှာ လ မှန်နှစ်ပင် ကူးပြောင်းသွားခဲ့ချေ၏။

သီလ၊ သမာဓိတို့ကို အတတ်နိုင်ဆုံး ဆောက်တည်ခြင်း၊ အားထုတ် ကြိုးစားခြင်းကြောင့် ကိုအေးလွင်၏ ခန္ဓာကိုယ် ထဲတွင်

ရုပ်တရားများ ထူးခြားစွာ ပြောင်းလဲခြင်း၊ ဓာတ် ပြောင်းလဲခြင်း၊ ဓာတ်ပြောင်းလဲ ဖွဲ့စည်းမှုနှုန်းသည် ကျဆင်း၍ နှလုံးသွေး ခုန်နှုန်းသည် လျော့သွားသည်။

ဦးနှောက်၏ အဲလ်ဗာ လှိုင်းများသည် ပိုမိုပြင်းပြလာသည်။ ကိုယ်ခန္ဓာမှ ကာဘွန်ဒိုင်အောက်ဆိုက် အထွက်နည်း၍ သွေးထဲတွင်လည်း လက်တစ်အက်စစ် ဓာတ်အားလျော့သွား ပြီးထိုအချင်းအရာ အပေါင်းတို့သည် သောကဗျာပါဒ နည်းပါးမှုကြောင့် စိတ်ဖြေလျော့မှု လက္ခဏာများ ဖြစ်လာတော့သည်။

စန္ဒာကူးသည် ချမ်းမြေ့၏။ ထို့ထက်လသည် သာ၍ ချမ်းမြေ့၏။ လ၊ စန္ဒာကူးတို့သည် ချမ်းမြေ့သည်ထက် သူတော်ကောင်းတို့၏ စကားသည် ပို၍ချမ်းမြေ့သည်။ လောကနီတိအရကိုအေးလှင်သည် ဆရာကြီး၏ အရိပ်ဟာ အေးချမ်းစေသည်မှာ အမှန်ပင်ဖြစ်သည်။

ဆရာကြီးရဲ့ ဆုံးမဩဝါဒအတိုင်း ဝါယမ အားထုတ်ရသည်မှာ သူ၏သမာဓိသည် ခိုင်ခန့်မှုရှိမရှိ၊ တည်ငြိမ်မှုရှိမရှိ၊ မိမိစိတ်အစဉ်ကို စမ်းကြည့်ရန် လိုကြောင်းကို သူစဉ်းစားမိ တော့သည်။

ဒီတော့-။

နေရာဟောင်းကိုတော့ ပြန်လည် ခြေချ မိလိုတ်သည် နှင့်တပြိုင်နက် တချိန်က တရင်းတနှီးရှိခဲ့ကြသော သူတွေရဲ့ ပြောဆိုသံများ က........

" ကိုအေးလွင် တယောက် ပျောက် ချက်သား ကောင်းနေ-
လိုက်တာ–ကျနော်တို့က သတိရနေ ပါတယ်...."

အရက်ငံ့နေသောသူ၏ ပြောလိုက်သော စကားသံ....

"အခု ပုတီးသမား ဖြစ်နေပြီဗျ–ဟိုတုန်း ကလို မဟုတ် တော့ဘူး၊ ခင်ဗျားတို့ မယုံရင် စမ်းကြည့် ပါလား"

'သူ့စမ်းကြည့်လို့ တကယ်သောက် ရင်ဖြင့် ကျနော် ငတ်နေအုံးမယ်'

စားပွဲတခု ပေါ်တွင် တင်ထားသော ဖန်ခွက်များ၊ အရက်ပုလင်း၊ စားသောက် ဖွယ်ရာ များ စသည့် အရက် သမားတို့ အတွက် အထူးပြုပြင်၍ ချထား ထား သော စားပွဲ ဝိုင်းတွင် ကိုအေးလွင်တဦးကလည်း အပ အဝင်ဖြစ်နေသည်။ ဗလာကျင်းနေသော ဖန်ခွက် တွင် အရက်များ ဖြည့်ရန် တယောက် သော သူကထည့်လိုက်၏။ သို့သော် ကိုအေးလွင် ဖန်ခွက်သို့ ရောက်လင့် အရက်ငံ့နေသော လက်သည်တွန့်ဆုတ် သွားတော့သည်။

" မင်းမသောက်ဘူးလား " မေးသူ၏ စကား ရပ် တန့်ပြီး နောက် ကိုအေးလွင်က ခေါင်းရမ်းလိုက် သောကြောင့်၊ အရက် ထည့်ပေး သူသည် အခြား ဖန်ခွက် ဆီသို့ ရောက် သွား သည်။ ကိုအေးလွင် သည် အရက်အစား လိမ္မော်ရည် ကို သောက်ပါသည်။ အရက်နှဲ၊ ဆေးလိပ်အခိုးများက အသက် ရှူ လိုက်တိုင်း သူ၏ နှာခေါင်း ထဲသို့ တိုးဝင် လာသည်။ ဒီလို အနံ့ချိုး ကို သူသည် တချိန်က အနံ့ အရသာ ခံစားမှုဖြင့် နှာခေါင်း တွင် ပေါ် မလာချေ။ ပါးစပ် ထဲ သို့ ဖန်ခွက်မှ တငုံစာ လောက် အရက်ကို သောက်ပြီး အမြီးကို လှမ်းယူ စား လိုက် သည်။

ဤသို့ လုပ်ရပ်သည့် သူ့အတွက် ပြုလုပ်လိုသော ဆန္ဒက ပြင်းပြလာ ပြန်သည်။

အရက် ပုလင်းဆီသို့ သူ၏မျက်လုံး များက ဝင်းလဲ့တောက် ပနေပြီး လောက အကြောင်းကို နားမလည်သော သူ၏ မျက်လုံးကဲ့သို့ပင်ရှိ၏။ သူ၏ အကြည့်သည် အဓိပ္ပာယ် ပြည့်ဝ သည်။ စိတ်ရိုင်းကို အနိုင်ယူရန် အားပြု ရမည့် အချိန်က လှုံ့ဆော် ပေးခြင်းဖြစ်ပါသည်။

သူ၏စိတ်ကအခြားသူများကဲ့သို့သောက်လိုသောစိတ်ဆန္ဒများ ကပြင်းပြလာသည်။ သောက် လိုသော စိတ်ကလှုံ့ဆော်ခြင်း ကို သမာဓိစိတ်ဖြင့် တခုတည်းသော အာရုံသို့ပြောင်းလဲပြီး အရောင်ခြင်း မဘူသော ပယင်းရောင်နှင့် လိမ္မော်ရောင်နှစ်ခု ခွဲခြား သိနိုင်သကဲ့သို့ပင်၊ သူ၏ ရုတ်ခြင်း ခွဲခြား နိုင်သော သမာဓိ အားကြောင့် မကောင်းမှုနှင့် ကောင်းမှု ပြုလုပ် ချက်ကို သတိဘား ပြုပြင်လိုက် သည်။

သတိမူကာပိုသည်ဟူ၍မရှိချေ။ အမြဲတန်းလို၏။ ထို့ကြောင့် ကိုအေးလွင် သတိချလိုက်တော့၊ စစ်မြေ ပြင် တွင် ရန်သူ နှင့် ရင်ဆိုင်တိုက်ခိုက် နေသော စစ်သည် အသွင် မှဆိုး နှင့် သားကောင်သဖွယ်၊ ဤသို့မှာ သူ၏ သွေးသား လှုပ်ဆော် မှုစိတ်ဆန္ဒကြောင့် ဤနှစ်ချက်၏ တိုက်တွန်းမှုသည် အရက် သောက်လိုသောစိတ်မှာပြင်းပြနေတော့သည်။

အရက်ဆိုင်အတွင်းရှိ အရက်နံ့များသည် ပတ်ဝန်း ကျင် သို့ ပြန့်လွင့် နေပါတော့သည်။ ထိုအနံ့ များသည် ကိုအေးလွင်

အသက်ရှူ လိုက်တိုင်း နှာခေါင်းထဲသို့ မလွတ် တမ်း ရှူရှိုက် မိသဖြင့်သူ၏မျက်နှာတခွင်သည်ညိုးလျှလျှဖြစ်နေပါ တော့ သည်။

သူ၏မျက်လုံးများသည်အနည်းငယ် မှေးမှိန်စေပြီးတုခု ဘည်းသော အကြောင်း အရာများ အချက်အလက် များ ကို သူ၏ဦးနှောက်အားလှုပ်ဆော်ပေးလိုက်သကဲ့သို့ ရှိလာပါတော့သည်။ ဤအားစိတ်ကို ဂရုစိုက်ခြင်း၏ အကြောင်းပင် ဖြစ်ပါသည်။

အခါတပါး၌ အနာထပိဏ် သူဌေး သည် မြတ်စွာ ဘုရားထံသို့ ဆည်းကပ် လာ၏။ ထိုအခါ မြတ်စွာ ဘုရားက အနာထပိဏ်သူဌေးအား ဤသို့ မိန့်ကြားတော်မူသည်။

ဒါယကာ စိတ်ကို မစောင့် ရှောက်လျှင် ကာယကံမှု၊ ဝစီကံမှု မနောကံမှု (ကိုယ်မှု နှုတ်မှု စိတ်မှု) များလည်း မစောင့် ရှောက်သည်မည်၏။မစောင့်ရှောက်ဘဲထားသော ကာယကံမှု၊ဝစီကံမှု မနောကံမှု များသည် မကောင်း သော တရားဖြင့် စွတ်စို ၏။ မကောင်းသော တရားဖြင့်စွတ် စိုသော ကာယကံ မှု၊ ဝစီကံ မှု၊ မနောကံမှု များသည် ပုပ်ဆွေး၏။ ယင်းသို့ ပုပ်ဆွေး နေ သော ကာယကံမှု၊မနောကံမှုရှိနေသောသူ၏ သေခြင်း သည်ကောင်းသောသေခြင်း မဖြစ်နိုင်။

ဒါယကာ၊ (စိတ်ကို လွှတ်မထား)ဘဲ စောင့် ရှောက် လျှင် ကာယကံမှု ဝစီကံမှု၊မနောကံ မှုများလည်း စောင့်ရှောက်အပ်သည်ပင်မည်၏။ စောင့်ရှောက် အပ်သော ကာယ ကံမှု၊ ဝစီကံမှု၊ မနောကံမှု သည် မကောင်း သော တရားဖြင့် မစို စွတ် သော

ကာယကံမှု၊ ဝစီကံမှု မနောကံမှုသည် စင်ကြယ်လတ်ဆတ်၏၊ ယင်းသို့ စင်ကြယ်လတ်ဆတ်သော ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှု ရှိသောသူ၏ သေခြင်းသည် ကောင်းသော သေခြင်း ဖြစ်၏။

ဤသို့ စိတ်အာရုံကထင်ဟပ်လာသောကြောင့် ကံသုံး ပါးတွင် တနုခုမပြုလုပ် မိစေရန် အတွက် စိတ်၏ လုပ်ဆောင် ပေးမှုသည်အဟန့်အတားသဖွယ် ဖြစ်ပြီး ရှေ့ဆက်လက်လုပ်မည့် အပြုအမူများသည် မပြုလုပ်တော့ဘဲ စိတ်ရိုင်းကို အ တတ် နိုင် ဆုံး စောင့် ထိန်းသည်။ သီလဖြစ်သောသေရည်သေရက်သောက်ခြင်း မှရှောက်ကြဉ်ပါမည်ဟု သီလသိက္ခာပုဒ်ကို ထိန်းသိမ်း လိုက်ခြင်း ဖြစ်ပါသည်။

သူသည် အရက်ကို မသောက် ဖြစ်စေရန် အဘွက် စိတ်ကို မချုပ်ချယ်ပေ။ တခုတည်းသော အာရုံ ဘက်သို့ ပြောင်းလွဲ ပြီး နောက်၊ သောက် လိုသော စိတ်ကို အနိုင်ယူ လိုက်ခြင်း ဖြစ်သည်။

ကိုအေးလွင် သည် သူ၏စိတ်ကို နှိပ်ကွပ်ခြင်း၊ ချုယ်ချယ် တားဆီးခြင်း မပြုလုပ်ဘဲ၊ သူ့သဘော သူဆောင်၍ မကောင်း မှုကို မေ့လျော့ မသွား စေရန် အထူး ပြုပြင် ပြောင်းလွဲသည်။ အစားထိုး တရား သဘော များကို ဆင်ခြင် သုံး သပ် လိုက် မိသည်။

ကိုအေးလွင်သည် အိမ်ပြန်ရောက် လင့်၊ တခုတည်း သော အတွေးသည် ဝင်ရောက် လာပြန်သည့်၊ ၎င်းတို့မှာ ပတ်ဝန်းကျင်

လောကကြီးကို ဘယ်ပုံ ဘည်နည်း ထိတွေ့ခြင်း အကြောင်းနှင့် လောက၏အမြင့် အတွေးအခေါ်ပိုင်း များသည် သူ၏ဦးနှောက် ထဲသို့ ထိုးဖောက်ဝင် ရောက်လာခဲ့ပါသည်။

သို့လော သို့လော တွေးတောမှု၊ နောက်ကွယ် မှ ရုပ်ပိုင်း လောကနှင့်စိတ်ပိုင်းလောက၏ ဆက်သွယ်နေမှုသည် မည်သည့် အပိုင်းက အရင်းမူသကျသော တွေးဘော စဉ်းစားစရာ အချက် ပင် ဖြစ်လာ ပြန်ပါတော့သည်။

သူသည်ဤသို့ အတွေးမှုများကို ဖြေရှင်းရန်အတွက် ကျမ်း ဂန်တခုကို လှန်လှောဖတ်ရှုလိုက်ရသောကြောင့် အသိပညာတခု တိုးပွားစေပြန်သည်။

ရဟန်းတို့ သင်တို့သည် သူတပါးတို့၏ ဖြစ်ပုံ၌ လိမ္မာကျွမ်း ကျင်မှုမရှိလျှင် မိမိ၏ဖြစ်ပုံ၌ လိမ္မာကျွမ်းကျင်သူဖြစ်အောင်လုပ် ရမည်ဟု ကျင့်ဆောင်အပ်၏။

ရဟန်းတို့၊ အဘယ်သို့လျှင် မိမိ၏စိတ်ဖြစ်ပုံ၌ လိမ္မာကျွမ်း ကျင်သူဖြစ်နိုင်သနည်းဆိုသော် ဥပမာအားဖြင့် အသက်အရွယ် နုပျို၍ အလှပြုပြင် ဆင်ယင်တတ်သည့် အခလေ့ရှိသော မိန်းမပျို ယောကျ်ားပျိုတို့သည် ကြေးမုံမှန်၌ဖြစ်စေ ကြည်လင်သော ရေ ခွက်၌ဖြစ်စေ မိမိ၏မျက်နှာရိပ်ကို ကြည့်သည်ဖြစ်သော် အကယ် မှန်ထဲတွင်မိမိ၏မျက်နှာ၌မြူအညစ်အကြေးကိုဖြစ်စေ၊ မှဲ့ခြောက် ဝက်ခြံစသည်တို့ကိုဖြစ်စေ၊ မြင်လျှင် ထိုမြူအညစ်အကြေး သို့မ

ဟုတ် မွဲခြောက် ဝက်ခြံစသည်ကို ဖယ်ရှားသုတ်သင်ရန် လုံ့လ ထုတ်၍ ပြုလုပ်ရသည်။

အကယ်၍မှန်ထဲ ရေခွက်ထဲတွင် မိမိ၏မျက်နှာ၌ မြူအညစ်အကြေးကိုဖြစ်စေ၊ မွဲခြောက် ဝက်ခြံစသည်တို့ကို ဖြစ်စေ၊မမြင်လျှင် ငါ့တကိုယ်လုံး စင်ကြယ်နေပါတကားဟု ဝမ်းမြောက်မှု စိတ်အလိုပြည့်မှု ဖြစ်ရ၏။

ရဟန်းတို့၊ ဤဥပမာအတိုင်းပင် ငါသည် သူများစည်းစိမ်ကို ရလိုသမျှ ရှေ့ရှုအဘိဇ္ဈာဖြစ်နေခြင်းကများသလော၊သူများစည်းစိမ်ကို ရလိုသမျှရှေ့ရှုကြည့်သည် အဘိဇ္ဈာမဖြစ်ဘဲနေခြင်းက များသလော၊ငါသည် စိတ်ခတ်ပျက်စီးခြင်းကများသလော၊ စိတ်ခမပျက်စီးဘဲ နေခြင်းက များသလော၊ ငါသည်ထိုင်းမှိုင်းမှု ထိနမိဒ္ဓ နှိပ်စက်ခြင်းက များသလော၊ထိုင်းမှိုင်းမှု ထိနမိဒ္ဓကင်း နေခြင်းက များသလော၊ ငါသည် စိတ်ပျံ့လွင့်နေခြင်းကများသလော၊ စိတ်မပျံ့လွင့်ဘဲနေခြင်းက များသလော။

ငါသည် ယုံမှားသံသယဖြစ်နေခြင်းက များသလော၊ယုံမှားသံသယကို လွန်မြောက်နေခြင်းက များသလော၊ငါသည်အချက်ဒေါသထွက်နေခြင်း များသလော၊ ကိုယ်မပင်ပမ်းဘဲ လန်းဆန်းနေခြင်းက များသလော၊ငါသည် ပျင်းရိနေခြင်းကများသလော ထက်သန်သော လုံ့လရှိခြင်းက များသလော၊ ငါသည် စိတ်မတည်ငြိမ်ဖြစ်နေခြင်းက များသလော၊ စိတ်တည်ငြိမ်ခြင်းကများသလောဟု ဆင်ခြင်သည့် ကုသိုလ်တရားတို့၌ လွန်စွာကျေးဇူးများလှ၏။

ရဟန်းတို့ ထိုသို့ ဆင်ခြင်သော သူသည် အကယ်၍ သူများ စည်းစိမ်ကို ရလိုသမျှ ရှေ့ရှုကြသည့် အဘိဇ္ဈာ ဖြစ်နေခြင်းက များသည်။ စိတ်ခေတ်ပျက်စီး နေခြင်းကများသည်။ ထိုင်းမှိုင်းမှု ထိနမိဒ္ဓ နှိပ်စက်ခြင်းကများသည်၊စိတ်ပျံ့လွင့်ခြင်းကများသည် အမျက်ဒေါသထွက်နေခြင်းက များသည်။ စိတ်ညစ်နေခြင်းက များသည်။ ကိုယ်ပင်ပမ်းနွမ်းနယ်နေခြင်းက များသည်။ ပျင်းရိနေခြင်းက များသည်။စိတ်မတည်မငြိမ် ဖြစ်နေခြင်းကများသည် ဟု ဆိုလျှင် ထိုယုတ်ညံ့သည့် မကောင်းသော တရားတို့ကိုသာလျှင် ပယ်ရန်လွန်ကဲသောဆန္ဒလုံ့လကိုရင်း၊ အားထုတ်မှုကိုရင်း အပူတပြင်းအားထုတ်မှုကိုရင်း၊မဆုတ်မနစ်မှုကိုရင်း၊ သတိကိုရင်း အဆင်ခြင်ဉာဏ်ကို ပြုသင့်သည်....။

ရဟန်းတို့ ဥပမာသော်ကားကိုယ်တွင်ဝတ်ထားသောအဝတ်ကို မီးလောင်သည်ရှိသော် မီးငြိမ်းစေရန် လွန်ကဲသောဆန္ဒကိုရင်း၊ လုံ့လကိုရင်း၊ အားထုတ်မှုကိုရင်း၊ အပူတပြင်းအားထုတ်မှုကိုရင်း၊ မဆုတ်မနစ်မှုကိုရင်း၊ သတိကိုရင်း အဆင်ခြင်ဉာဏ်ကိုရင်း ပြုရသကဲ့သို့ ဤအတူပင် ထိုယုတ်ညံ့သည့်မကောင်းသော တရား တို့ကိုသာလျှင် ပယ်ရန် လွန်ကဲသော ဆန္ဒ လုံ့လထုတ်မှု အပူတပြင်းအားထုတ်မှု မဆုတ်မနစ်မှု သတိဆင်ခြင်ဉာဏ်ကို ပြုသင့်၏။

ရဟန်းတို့ ထိုသို့ဆင်ခြင်သောသူသည် အကယ်၍ သူများ စည်းစိမ်ကိုရလိုမှု ရှေ့ရှုကြသည့် အဘိဇ္ဈာမဖြစ်ဘဲ နေခြင်းက များသည်။ ယုံမှားသံသယကို လွန်မြောက်နေခြင်းကများသည်။ အမျက်ဒေါသမထွက်ဘဲ နေခြင်းကများသည်။ စိတ်မညစ်ဘဲနေ

ခြင်းက များသည်။ ကိုယ်မပင်ပန်းဘဲ လန်းဆန်းနေခြင်းကများသည်။ ထက်သန်သောလုံ့လ ရှိနေခြင်းကများသည်။ စိတ်မတည်ငြိမ်ခြင်းက များသည်ဟု သိလျှင် ကောင်းသောတရားတို့ ကုန်ခြင်း၄ ကြိုးစားအားထုတ်ရာ၏။

ထိုတရားတော်ကို ဖတ်ကြားရသဖြင့် ကိုအေးလွင်၏ နှလုံးသားသည် မည်သည့်အေးငြိမ်းမှုပေးစွမ်းနိုင်သော စွမ်းအင်များနှင့် မနှိုင်းယှဉ်သာသလောက်အောင် ချမ်းမှုကြီးကိုရလိုက်ပြီးနောက် ဤသို့ ပင့်သက်ကလေးတခု ချမှတ်လိုက်ပြန်သည်။

ဗာဟုသစ္စဉ္စ သိပ္ပဉ္စ။

၁။ ကျမ်းစာအကြားအမြင်များခြင်း၊

၂။ လက်မှုပညာတတ်ခြင်း၊

၃။ ကိုယ်ကျင့်ဝိနည်းကို ကောင်းစွာပြောဆိုခြင်း၊

စသည် (၃၈)ဖြာမင်္ဂလာ စာပေကျမ်းဂန်လိုက်စားမှုသည်လည်း အလွန်အရေးကြီးကြောင်းကို သိသွားရပြန်သည်။

ရေဆန်ကို ကူးခတ်ရသောအလုပ်မှာ လွယ်ကူသော အလုပ် မဟုတ်ချေ။ မိမိပိုင်သောစိတ်သည် အာရုံကြောင့် ဖောက်ပြန် သည်ကို ကိုအေးလွင် အနည်းငယ်သိခဲ့သည်။

ထို့ကြောင့်....

လောကတွင် ပျက်စီးတတ်သောအကြောင်း( ၄ ) ပါး။

မိန်းမ၊

အရက်၊

အလောင်းအစား၊

မကောင်းသောမိတ်ဆွေ၊

၁။ မိန်းမသိုက်စား၍ အပျော်အပါး ကျူးလွန်သည့် အလုပ် တွင် စိတ်ဝင်စားနိုင်ရုံ သာမက ထိုမိန်းမတို့ကို ပေးကမ်းရသဖြင့် ရရှိသမျှဥစ္စာတွေ ကုန်ခမ်းသည့် တိုင်အောင် ပျက်စီးတတ်သည်။

၂။ သေရည်သေရက် ကျူးလွန်း ခြင်းကြောင့်၊ တိုးတက်သင့်သောဉစ္စာများ မတိုးပွားဘဲ ဆုတ်ယုတ် ပျက်ပြား တတ်လေသည်။

၃။ အလောင်းအစားကျူးသူမှာ ၁၀၀လျှင် ၉၉ ယောက်သည်အလုပ်လစ် ဟင်း၍ ရှိရင်းဉစ္စာ များကုန်ခမ်းရတတ်သည်။

၄။ မကောင်းသောမိတ်ဆွေများနှင့် ပေါင်းသင်းခြင်းကားမကောင်းသော အကျင့် အပြုအမူ များကြောင့် နောင် သောအခါတွင် ပေါင်းသောသူလည်း ပျက်စီး ရတတ်သည်။

ယခင်ကမူ ကိုအေးလွင်သည် သူ့စိတ် ကို ရေကန်ကြီး တခုနှင့်ပမာ ထားခဲ့သည်။ ယင်းရေကန်ကြီးတွင် မြွန် (၄) ခု ပါ၏။ ပမာ ဆိုခဲ့သည့် အတိုင်း ရေကန်ကြီး သို့ ရေသွင်း မြွန်မှ နေအားလုံး လက်ခံခဲ့ တတ်သည်။ ယခုမူ အာရုံ ကြောင့် ဖြစ် ပေါ်နေသော မကောင်းသော စိတ်ကို အဘတ် နိုင်ဆုံး တွန်းလှန်နိုင်စွမ်း သူ၌ ရှိခဲ့ ပြန်သည်။

ဤကား........

ဘဝ ဆိုသည်မှာ ပျော်စရာ အကြောင်းတွေ ရှိပါတယ် လို့ကောက်နုတ်ချက်ချလို့မရဘူးလို့မပြောလိုချေ။ သို့သော်မကောင်းသော အာရုံပေါ်မှာ ပျော်ရွှင် မြူးတူးနစ်မြုပ်နေလင့်၊ တနေ့တချိန်မှာ ဒုက္ခချည်း လှုလှုတော့ တွေ့စမြဲပင် ၊ဒီတော့ဒုက္ခဆိုတာဘာလဲဆိုတဲ့ အဖြေဟာ ပေါ်လွင် လာပါတော့သည်။

လူမိုက်နောက်မှ နောင်တရ ဆိုသ ကဲ့သို့ ကိုအေး လွင် သည်မိုက်နေသော လူရွယ်တဦးလား၊ ဆိုးသွမ်း နေသော လူရွယ်လား

ဤသို့ဒွိဟဖြစ်စရာ၊ အမှန်ဆိုပါက လူမိုက်ဟု မပြောနိုင်၊ မဆိုလိုနိုင်၊ အဘယ်ကြောင့်နည်း၊ အကြောင်းရှာလာ ပြန်တော့ သူ့အသက် အရွယ် အားဖြင့် စဉ်းစားနိုင်းယှဉ် အသိတရားက ဖွံ့ဖြိုးခြင်း၊ ဝေဖန် နိုင်ခြင်းကား မရှိသေးချေ။

သူနားလည် သည်မှာ အချိန် ရှိသရွေ့ အပေါင်း အသင်း မိတ်ဆွေနှင့်ရွှေလက်တွဲပျော်ပါးနေရရင်တော့ မိုးမဆုံး မြေမဆုံး ပျော်ရွှင်လိုသော သူ့ဆန္ဒ။

သူသည်ဘဝမှ ပေးခဲ့သောသင်ခန်းစာတွေရဲ့ အရိပ် အာဝါသ အအောက်တွင်ယစ်မူးသုံးသပ် လာပြန်၏။ အခြေ အနေ ကရပ် ပေါ်လာတိုင်း၌ဖြစ်စေ၊ တွေ့ကြုံရသော အချိန် ကာလ အပိုင်း အခြားဒေသတွင် သူ၏ အတွေ့အကြုံက သူ့ရဲ့ စိတ်ကို ထိန်းကွပ်နိုင်ခဲ့ ပြန်သည်။

ဤလောကတွင် ဆန့်ကျင်ဘက် တရားရှိသည်။ ဘုခသော ဒုက္ခတရား ရှိလာခဲ့သည်ဆိုမူ သုခဟူသော တရားလည်း မလွဲသော သဘော ပေါ်ပေါက် လာတတ်သည်။

ကိုအေ လွင်သည် သုခတရား(၄)ပါး၊ တရားဂေဟာ၏ အတိမ်အနက်ကို လေ့လာကြည့်ပြန်သည်။ (၁)အတ္ထိသုခ' (၂)ဘောဂ သုခ၊ (၃)အနဏျသုခ၊ (၄)အနဝဇ္ဇသုခ။

အကြောင်းကို ပြန်လည် သုံးသပ်ကြည့်မည်ဆိုပါက မိမိကြိုးစား ရှာဖွေစုဆောင်းထားသော စည်းစိမ်များကို အကြောင်းပြု၍ နှစ်သက် ဝမ်းမြောက်မှုသည်လည်း အတ္ထိသုခ ဖြစ်သည်။

ကုသိုလ် ကောင်းမှုပြုရာတွင် နှစ်သက် ဝမ်းမြောက်ခြင်းသည် လည်း ဘောဂ သုခဖြစ်လေသည်။ ကြွေးမြီပေးဆပ်စရာ ကင်း သော ရရှိသောပစ္စည်းများကို စုဆောင်း နိုင်ခြင်းသည် အနဏ သုခဖြစ်လေသည်။

အပြစ်ကင်းသော ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုကိုသာပြုနိုင်သည်ကို အနဝဇ္ဇသုခ ဖြစ်လေသည်။

ကိုအေးလွင်သည် လောက၌ အာရုံနောက်သို့ ထပ်ချပ်မကွာ လိုက်နေရခြင်းမှု ကောင်းကင်သို့မော့ကြည့်ပြီး မိုးအစမိုးအဆုံး ရှာဖွေနေသူတဦး၏ အတွေးသည် ဖြစ်တန်ရာဟု။

သူ၏ အတွေးသစ်များက တမျိုးတဖုံ စိတ်ကို ပြောင်းလဲပေး လေသည်။ လောကထဲ၌ အရှိတရား၏အလှကို ရှာပုံတော်ဖွင့်ရ သည်မှာ မြတ်လှသည်ဟု သူ့စိတ်၌ အမှန်တရားဘက်သို့ ဦးတည် နိုင်ခွင့် ရရှာပြန်သည်။ အာရုံတွေ ဖြတ်နိုင်သူသည် သံသရာ ဝဲဂယက်မှ လွတ်မြောက်ကြောင်း ဗုဒ္ဓ၏တရားမမှ အဆုံးအမကို သူကြားနာရဘူးသည်။

သူသည် လူ့ဘောင် လူ့အသိုင်းအဝိုင်းမှ လွတ်မြောက်ပြီဟု မဆိုသာနိုင်၊ ဆို့ကြောင့်လူနဲ့ပတ်ဝန်းကျင်တွင် ဖြစ်ပေါ်နေသော ဖြစ်မှုပျက်မှု အစဉ်ထာဝရ ပဋိပက္ခ ဖြစ်နေသော ဆန့်ကျင်ဘက် တရားပိုင်းသည်ဟူ၍ လောကဓံတရား ၈-ပါးကို သူအဖြေရှာ၍ တွေ့လိုက်မိသည်။

ဤတရားရှစ်ပါး၏ အတိမ်အနက် အထိအတွေ့ကို ခံနိုင်စွမ်း ရှိမှ လောကကြီးဝယ် အလှဘရားဆိုသည်မှာ ပိုမိုမွန်မြတ်လှချေ တော့။

ဒုက္ခငြိမ်းရာဝယ် သုခဟူသော ချမ်းမြေ့မှုသည် ပေါ်လာ စမြဲပင်....။

[တဆယ့်သုံး]

လေရူး၏ အငွေ့အပိုက် အချိအမ အယုအယ လေပြင်ဝယ် ပျံ့ဝဲကာနေသော ရော်ရွက်ဝါ ဘွေ၏ ဖြစ်ရပ်ပမာ။

လှိုင်းတံပိုး ပြင်းထန်သည့် ပင်လယ်ပြင်ဝယ် ခိုကိုးရာမဲ့ပြီး လူးလာခပ်သုတ် တလှုပ်လှုပ်နှင့် လှိုင်းပုတ်ဒဏ်ကို ခံစားနေရရှာသည့် လှေငယ်ရှင် ပမာ။

စိတ်ကိုပမာတင်၍ ကိုအေးလွင်သည် သူ၏အဘိခမ္မာတရပ်ကို အဆိုပြုလိုသည်။

ယင်းသို့ တွေးခေါ်မှုသည် သာမန်လူတဦး၏ တွေးခေါ်မှုပင်ဖြစ်၏။ ထို့ကြောင့် ယထာဘူတ မကျသေးချေ။ အကျိုးအကြောင်းပြည့်စုံမှုရှိသည်ဟု ရဲပြောရန်လည်းမဖြစ်သေး၊ ဒီတော့ လောကတွင်မြင်နေကြအရာ ပစ္စက္ခပေါ်လွင်သမှု ရှိတတ်သော အကြောင်းကို မူတည်၍ ဖြစ်ရပ်ဆန်းသဖွယ် မရှိသော်လည်း

အကြောင်းစုံလင်မှု မရှိသည်ကလွဲ၍ ဖြစ်ရပ်ကဲတော့ တွေ့ဘူးသူလည်းရှိစမြဲ၊ တွေ့ဘူး မြင်ဘူး ကြုံဘူးတတ်သည်။

ဤကိစ္စနှင့် ပတ်သက်ပ က ဗုဒ္ဓ၏ အဘိဓမ္မာနည်းအားဖြင့် ကောက်နှုတ်ပါက စိတ် ၈၉၊စေတသိက် ၅၁၊ ရုပ် ၂၈ ပင်ဖြစ်၏။ စိတ်တခု၏လှုပ်ရှားပုံကို ဤသို့အသေးစိတ်ခွဲပြထားကြောင်းကို တွေ့ရပြန်တော့သည်။

ကိုအေးလွင်သည် ဘုရားစင်ရှေ့တွင် ဝတ်မပြုမီ ရှေ့ဦးစွာ စိတ်၏ လှုပ်ရှားမှုကို အဖြေရှာရင်း တွေးတောလိုက်ခြင်းပင် ဖြစ်သည်။

သူသည် ဘုရားဝတ်မပြုမီ ဝေယျာဝစ္စများကို တခုပြီးတခု လုပ်ဆောင်နေပါတော့သည်။ ဤကား သောက်တော်ရေချမ်း ဆီးမီး၊၊ ပန်းစသည့်ဒါန ကုသိုလ်ကောင်းမှု စေတနာလှူဆောင်မှုကို စတင်ပြုလုပ်နေပါတော့သည်။

ပတ်ဝန်းကျင်တွင် သူ၏ကလေးများကသည်း ဝိုင်းရံလျက် ရှိသည်။

'ဖေဖေ....သားသား ဘာလုပ်ပေးရမှာလဲ၊သမီးလဲ ကူညီမယ်နော်....

စသည့် သားသမီးများ၏ ကူညီဖေးမမည့် အသံများသည် သူ၏နားထဲသို့ ထိုးဝင်လာပါတော့သည်။ထိုအသံများက သူ၏ အသဲနှလုံးကို ချမ်းမြေ့စေနိုင်ပါသည်။

' အေးပါကွယ်....သားသားတို့ မီးမီးတို့ဘေးဖယ်နေကြကွယ်၊ တော်တော်ကြာ သားသားတို့ကို တိုက်မိပြီး ပန်းကန်တွေကွဲနေအုံးမယ်၊ ဘေးကိုဖယ်ကြစမ်းပါ'

ကိုအေးလွင်၏ ပြောလိုက်သောအသံကြောင့် ကလေးများသည် တဖက်သို့ ရှောင်တိမ်းပေးလိုက် ကြပါသည်။

'ဟေ့…..သားတို့ သမီးတို့ ဒီဘက်ကိုလာကြကွယ်'

မိမိကြီး၏လှမ်းခေါ်လိုက်သောအသံကြောင့် အပြေးအလွှား ထွက်ခွာသွားကြပါသည်။

ကိုအေးလွင်၏မျက်လုံးအစုံသည် တဦးထံသို့ ရောက်ရှိသွားပါတော့သည်။ အကြည့်ချင်းစုံကြသောအခါတွင် တဦးနှင့်တဦး ဖြူစင်သောနှလုံးသား၏ လှုပ်ရှားပေါ်ပေါက်လာသောကြည်နူးစရာအချက်ကလေးများက ပီတိဖြစ်စေပြန်သည်။

သူ၏ အတွေးဟောင်းတခုသည် ဦးနှောက်ထဲသို့ အသစ်တဖန်ဖြစ်စေပြန်တော့ ဟိုအချိန်တုန်းကမူ အရက်သမားမဟားဟု မိခင်၏ ပြောဆိုသောစကားကြောင့် သူမ၏မျက်နှာသည် ဝမ်းနည်းခြင်း၊ စိတ်အားငယ်ခြင်းစသည့် ညှိုးလျသောအသွင်ကိုမြင်လေ့ရှိရာမှ ယခုမူပြောင်းလွဲသော ကြည်လင်နေသောအသွင်ကို မြင်လိုက်သောကိုအေးလွင်သည် သူမ၏မျက်နှာမှာ ဤလောကဌ် အလှဆုံးဟု ကောက်ချက်ချလိုက်ပြီးနောက် ဘုရားစင်ရှေ့တွင် ဝတ်ပြုလိုက်ပါသည်။

လောကဌ် အလှရတနာကဲ့သို့ တန်ဘိုး ရတနာလည်း ရှိ၏။ အလှရဘနာနှင့် တန်ဘိုးရတနာထက် အဖိုးမဆုံးဖြတ်နိုင်သော ရတနာလည်း ရှိပြန်သည်။

သံထက် ကြေးကတန်ဘိုးရှိ၏။ ကြေးထက်ရွှေက တန်ဘိုးရှိ၏။ ရွှေထက်စိန်က တန်ဘိုးရှိ၏။

ဤလောကဌ် မနှိုင်းယှဉ်အပ်သော ရဘနာမှာကား ဘုရားရတနာ တရားရတနာ သံဃာရတနာပင် ဖြစ်၏။

ထို့ကြောင့် ကိုအေးလွင်သည် ဘုရားရှစ်ခိုးရာတွင် ဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ သံဃာတော်ကို ကိုးကွယ်ဆည်းကပ်

ပါ၏ဟုရွတ်ဆိုပြီးနောက် သူသည်ဆက်လက်ရွတ်ဆိုရမည့်အချက်အလက်များကိုမရွတ်ဆိုတော့ဘဲ၊ အနည်းငယ် အကြောင်းအချက်တခုကို စဉ်းစားလိုက်ပါတော့သည်။

ရှင်ဂေါတမမြတ်စွာဘုရား၏ သာသနာတော်၌ အဘယ်သူသည် ရှေးဦးစွာ သရဏဂုံ ဆောက်တည်ကြသနည်း ဟူသော အတွေးက တဖန် ဆန်းသစ် လာပြန်သည်။ မြတ်စွာဘုရား၏ သာသနာတော်မှ တဖုဿ၊ ဘလ္လိကကုန်သည်ညီနောင်တို့သည် ရှေးဦးစွာ သရဏဂုံကို ဆောက်တည်ကြကုန်သည်။

၎င်းနောက် ဘုရားသာသနာ၌ ရှင်ယသမထေရ်၏မယ်တော် ခမည်းတော်များသည် ရတနာသုံးပါးဟု ဆိုအပ်သော တေဝါစိက သရဏဂုံကို ရှေးဦးစွာ တည်ဆောက်ကြလေသည်။

ကိုအေးလွင်သည် သရဏဂုံ၏အကြောင်းကို ပြည့်စုံစွာသိရှိပြီးနောက် ဆက်လက်ဝတ်ပြုနေပါတော့သည်။

ကိုအေးလွင်သည့် ပြုလုပ်ဖွယ်ကိစ္စများကို ပြုလုပ်ပြီး နောက် စဉ်းစားရာ အချက်ပေါ်လာပြန်သည်။

ကိုးကွယ်စီးကပ်ခြင်း၏ အနက်အဓိပ္ပာယ်သဘောကို စေ့ ကြော ပြန်သည်။ ၎င်း၏ လက်ခံနိုင်သော အကြောင်းအချက်များသည် ယုံကြည်ခြင်း မူလအခြေခံကတော်၍ စိတ်နှလုံး ဝယ် ကိန်းအောင်းခြင်းပင် ဖြစ်လေသည်။

ဗုဒ္ဓဝါဒကို ယုံကြည်ခြင်းနှင့်ပတ်သက်၍ ကျမ်းဂန်များတွင် ဤသို့ရေးသားထားပြန်သည်။

အခါတပါး၌ မြတ်စွာဘုရားသည် ကောသလတိုင်း၌ဒေသ စာရီလှည့်လည်တော်မူရင်းကေသမုတ္တနိဂုံးသို့ ဆိုက်ရောက်တော်မူသည်။ထိုနိဂုံးတွင်နေကြသည့်ကာလာမခင်းမျိုးတို့သည် မြတ်စွာဘုရား ဆိုက်ရောက်တော် မူလာခကြောင်း သိကြသော အခါ

မြတ်စွာဘုရားထံ ဆည်းကပ်လာကြပြီးလျှင် မြတ်စွာဘုရားအား ဤသို့ လျှောက်ထားကြလေသည်။

'မြတ်စွာဘုရားအချို့သော သမဏဗြာဟ္မဏတို့သည်ကေသမုတ္တမရွာသို့ ရောက်လာကြပါသည်။ ထိုသမဏဗြာဟ္မဏ တို့သည် မိမိတို့ဝါဒကိုသာ ပြကြပါသည်၊ မိမိဝါဒကိုသာအမွှန်းတင်ကြပါသည်။ သူတပါးဝါဒကိုကားပုတ်ခတ်ကြပါသည်။ ကဲ့ရဲ့ကြပါသည်။ ရှုတ်ချကြပါသည်။ ချေဖျက်ကြပါသည်။

အခြားသော သမဏဗြာဟ္မဏတို့သည်လည်း ကေသမုတ္တမရွာသို့ ရောက်လာကြပါသည်။ ထိုသမဏဗြာဟ္မဏတို့ကလည်း မိမိဝါဒကိုသာ ပြကြပါသည်။ မိမိဝါဒကိုသာ အမွှန်းတင်ကြပါသည်၊ သူတပါးဝါဒကိုကား ပုတ်ခတ်ကြပါသည်၊ ကဲ့ရဲ့ကြသည်။ ရှုတ်ချကြပါသည်။ ချေဖျက်ကြပါသည်၊

ဤသို့ကိုယ့်ဝါဒသာ အကောင်းပြော၍ သူတပါး ဝါဒကို မကောင်းဟုပြောကြသဖြင့် ထိုသမဏ ဗြာဟ္မဏတို့ အပေါ်တွင် ဘယ်သူကမှန်၍ဘယ်သူကမှားသနည်းဟု တပည့်တော်တို့ ယုံမှား သံသယဖြစ်ကြပါသည်ဘုရား...။

ယင်းသို့လျှောက်ထားကြသောအခါ မြတ်စွာဘုရားက ဤသို့ မိန့်တော်မူ၏။

'ကာလာမမင်းတို့ သင်တို့ယုံမှားသံသယ ဖြစ်သည်ဆိုခြင်းမှာ ဖြစ်ထိုက်ပါပေသည်။ သင်တို့သည်ယုံမှားသံသယ ဖြစ်ထိုက်သည့် အရာ၌ယုံမှားသံသယဖြစ်ကြခြင်းသာဖြစ်သည်။'

ထို့နောက်မြတ်စွာဘုရားကဆက်လက်မိန့်ကြားတော်မူသည်။

'ကာလာမမင်းတို့ သင်တို့သည် တဆင့်ကြားဖြင့် အမှန်ဟု မယူကြနှင့်၊ ရှေးအစဉ်လာ စကားဖြစ်ရုံဖြင့် အမှန်ဟု မယူဆကြနှင့်ဦး၊ ဤသို့ဖြစ်ဘူးသကဲ့ဆိုရုံဖြင့် အမှန်ဟုမယူကြနှင့်ဦး၊ ပိဋကတ်

ကျမ်းဂန်နှင့် ညီညွတ်သည် ဆိုရုံဖြင့် အမှန်ဟု မယူကြနှင့်ဦး၊ ကြံဆ၍ယူခြင်းမျိုးဖြင့်အမှန်ဟု မယူကြနှင့်ဦး၊ နည်းမှီး၍ယူခြင်းမျိုးဖြင့် အမှန်ဟု မယူကြနှင့်ဦး၊ အကြောင်း ခြင်းရာကို ရှာကြံကောက်ပြည်ညွတ်သည်ဆိုရုံမျှဖြင့်အမှန်ဟု မယူကြနှင့်ဦး၊ မိမိတို့ကြံစည်နှစ်သက်လက်ခံထားသောအယူနှင့်ကိုက်ညီရုံဖြင့် အမှန်ဟု မယူကြနှင့်၊လက်ခံထိုက်သောပုဂ္ဂိုလ်၏ စကားဖြစ်ရုံဖြင့်အမှန်ဟု မယူကြနှင့်ဦး။မိမိတို့လေးစားအပ်သော ဆရာ၏ စကားဖြစ်ရုံဖြင့် အမှန်ဟု မယူကြနှင့်ဦး။

ကာလာမမင်းတို့ သင် တို့ သည် မိမိကိုယ်တိုင် ဤတရား တို့သည်အကုသိုလ်တရားတို့တည်း၊ ဤတရားတို့သည် အပြစ်ရှိသောတရားတို့ဘည်း၊ ဤတရားတို့သည် ပညာရှိတို့ကဲ့ရဲ့အပ်သည့် တရားတည်း ဤတရားကိုပြည့်စုံလျှင် ဤတရားတို့ကို ဆောက်တည်လျှင် အကျိုးမဲ့ခြင်းငှာ ဆင်းရဲခြင်းငှာဖြစ်ကုန်၏ဟု သိကြသောအခါ ထိုတရားတို့ကို ပယ်ကြ ကုန်လော့။

ကာလာမမင်းတို့၊ မည်သို့ ထင်ကြသနည်း။ တပ်မက်ခြင်း လောဘသည် လူ၏ အဘွင်းသဏ္ဍာန်၌ ဖြစ်ခဲ့လျှင်အကျိုးရှိဖို့ဖြစ်မည်လော၊ အကျိုးမဲ့ဖို့ဖြစ်မည်လော။

'အကျိုးမဲ့ဖို့ ဖြစ်ပါသည်ဘုရား'

ကာလာမမင်းတို့တပ်မက်သော ပုဂ္ဂိုလ် သည် တပ်မက် ခြင်း လောဘကနှိပ်စက်လွှမ်းမိုးထားသောစိတ်ရှိသည်ဖြစ်၍သူ့အသက်ကိုလည်းသတ်၏။ပိုင်ရှင်မပေးသောဥစ္စာကိုလည်းခိုး၏။ သူ့သား မယားကိုလည်းလွန်ကျူး၏။ မဟုတ်မမှန်မုသားစကား ကိုလည်း ပြော၏။အခြားသူကိုလည်း သူ့အသက်သတ်ရန်၊ ဥစ္စာ ခိုးရန်၊ သူ့သား မယား လွန်ကျူးရန်၊ မုသား ပြောရန် ဆောက်ဘည် စေ၏။ ထိုသူ့အသက်သတ်ခြင်းစသည်တို့ကို ထိုသူအား ကြာမြင့်

စွာသောကာလပတ်လုံး အကျိုးမဲ့ခြင်းငှာ ဆင်းရဲ ရောက်ခြင်းငှာ ဖြစ်သည်မဟုတ်လော။

'သည်အတိုင်းမှန်ပါသည်ဘုရား'

'ကာလာမမင်းတို့ မည်သို့ထင်ကြသနည်း၊ အမျက်ထွက်ခြင်း၊ ဒေါသသည်မြူ၏အတွင်းသဏ္ဍာန်၌ ဖြစ်ခဲ့လျှင် အကျိုးရှိဖို့ဖြစ်မည်လော၊ အကျိုးမဲ့ဖို့ဖြစ်မည်လော'

'အကျိုးမဲ့ဖို့ ဖြစ်ပါသည်ဘုရား'

'ကာလာမမင်းတို့ အမျက်ဒေါသ ထွက်သော ပုဂ္ဂိုလ် သည် အမျက်ဒေါသက နှိပ်စက်လွှမ်းမိုးထားသော စိတ် ရှိသည် ဖြစ်၍ သူ့အသက်ကိုလည်းသတ်၏။ ပိုင်ရှင် မပေးသော သူ့ဥစ္စာ ကို လည်းခိုး၏။သူ့သားမယားကိုလည်း ကျူးလွန်၏။ မဟုတ်မမှန် မုသားစကားကိုလည်းပြော၏။ တခြား သူကိုလည်း သူ့အသက် သတ်ရန်၊သူ့ဥစ္စာခိုးရန်၊ သူ့သားမယား လွန်ကျူးရန်၊ မုသား ပြောရန်ဆောက်တည်စေ၏။ ထိုသူ့အသက် သတ်ခြင်း စသည် တို့ကိုထိုသူအားကြာမြင့်စွာသော ကာလပတ်လုံး အကျိုးမဲ့ခြင်း ငှာ ဆင်းရဲခြင်းငှာ ဖြစ်သည်မဟုတ်လော'

'သည်အတိုင်းမှန်ပါသည်ဘုရား'

'ကာလာမ မင်းတို့ မည်သို့ ထင်ကြ သနည်း၊ တွေဝေသော မောဟသည်လူ၏အတွင်းသဏ္ဍာန်၌ဖြစ်ခဲ့လျှင် အကျိုးရှိဖို့ဖြစ်မည်လော၊အကျိုးမဲ့ဖို့ဖြစ်မည်လော'

'အကျိုးမဲ့ဖို့ဖြစ်ပါသည်ဘုရား'

'ကာလာမ မင်းတို့ တွေဝေ သော ပုဂ္ဂိုလ် သည် တွေဝေမှု မောဟမှုကနှိပ်စက် လွှမ်းမိုး ထားသော စိတ် ရှိသည်ဖြစ်၍ သူ့အသက်ကိုလည်းသတ်၏။ပိုင်ရှင်မပေးသော ဥစ္စာကိုလည်း ခိုး၏။ သူ့သားမယားကိုလည်းလွန်ကျူး၏။ မဟုတ်မမှန် မုသားစကား

ကိုလည်းပြော၏။အခြားသူကိုလည်း အသက်သတ်ရန်၊ သူ့ဥစ္စာ ခိုးရန်၊သူ့သားမယား လွန်ကျူးရန်၊ မုသား ပြောရန် ဆောက် တည်စေ၏။ ထိုသို့အသက်သတ်ခြင်း စသည် တို့ကို ထို သူ အား ကြာမြင့်စွာသောကာလပတ်လုံး အကျိုးမဲ့ ခြင်းငှာ ဆင်းရဲခြင်း ငှာဖြစ်သည်မဟုတ်လော'

'သည်အတိုင်း မှန်ပါသည်ဘုရား'

'ကာလာမမင်းတို့ မည်သို့ ထင်ကြ သ နည်း၊ ဤ လော ဘ၊ ဒေါသ၊မောဟ၊တရားတို့သည်ကုသိုလ်တရားတို့လော အကုသိုလ် တရားတို့လော'

'အကုသိုလ်တရားတွေဖြစ်ပါသည်ဘုရား'

'အပြစ်ရှိသောတရားတို့လော၊အပြစ်မရှိသောတရားတို့လော'

'အပြစ်ရှိသောတရားတွေ ဖြစ်ပါသည်ဘုရား'

'ပညာရှိတို့ကဲ့ရဲ့အပ်သည့်တရားတို့လော၊ ပညာရှိတို့ ချီးမွမ်း အပ်သည့်တရားတို့လော'

'ပညာရှိတို့ကဲ့ရဲ့အပ်သည့် တရားတွေ ဖြစ်ပါသည်ဘုရား'

'ဤတရားတို့ ပြည့်စုံလျှင် ဤတရား တို့ကို ဆောက်တည်လျှင် အကျိုးမဲ့ခြင်းငှာ ချမ်းသာခြင်းငှာ ဖြစ်မည်လော၊ သင်တို့ စိတ် တွင်မည်သို့ထင်ကြသနည်း'

'ဤတရားတို့ပြည့်စုံလျှင် ဤတရားတို့ကို ဆောက်တည် လျှင် အကျိုးမဲ့ခြင်းငှာဆင်းရဲခြင်းငှာဖြစ်သည်ဟု တပည့်တော်စိတ်တွင် ထင်ကြပါသည်ဘုရား'

'ကာလာမ မင်းတို့ သင်တို့သည် တဆင့်ကြားဖြင့် အမှန်ဟု မယူကြနှင့်ဦး၊မိမိတို့လေးစားအပ်သော ဆရာ၏စကား ဖြစ်ရုံဖြင့် အမှန်ဟု မယူကြနှင့်ဦး၊ သင်တို့သည် မိမိကိုယ်တိုင် ဤတရားတို့ သည် အကုသိုလ် တရား တို့တည်း၊ ဤတရား တို့သည် အပြစ်ရှိ

သောတရားတို့တည်းဟု သိကြသောအခါ ထိုတရားတို့ကို ပယ်ကြကုန်လောဟု ငါဆိုခဲ့ခြင်းမှာ ဤအချက်ကိုစွဲ၍ဆိုခဲ့ခြင်းဖြစ်သည်။

ကာလာမမင်းတို့ သင်တို့သည် တဆင့်ကြားခြင်းဖြင့် အမှန်ဟု မယူကြနှင့်ဦး မိမိတို့လေးစားအပ်သော ဆရာ၏စကားဖြစ်၍ဖြင့် အမှန်ဟု မယူကြနှင့်ဦး။

ကာလာမမင်းတို့၊ သင်တို့သည် မိမိတို့ကိုယ်တိုင် ဤတရားတို့သည် ကုသိုလ်တရားတို့တည်း၊ ဤတရားတို့သည် အပြစ်မရှိသော တရားတို့တည်း၊ ဤတရားတို့သည် ပညာရှိတို့ချီးမွမ်းအပ်သော တရားတို့တည်း။ ဤတရားတို့ပြည့်စုံလျှင် ဤတရားတို့ကိုဆောက်တည်လျှင် အကျိုးစီးပွားရှိခြင်းငှာ ချမ်းသာခြင်းငှာ ဖြစ်ကုန်၏ဟု သိကြသောအခါ ထိုတရားတို့ ပြည့်စုံအောင်လုပ်၍ နေကြကုန်လော။

ကာလာမမင်းတို့ မည်သို့ထင်ကြသနည်း၊ မတပ်မက်မှုအလောဘသည် လူ၏အတွင်းသန္တာန်၌ဖြစ်ခဲ့လျှင် အကျိုးရှိဖို့ ဖြစ်မည်လော၊ အကျိုးမဲ့ဖို့ ဖြစ်မည်လော'

'အကျိုးရှိဖို့ ဖြစ်ပါသည် ဘုရား'

'မတွေဝေမှု အမောဟသည် လူ၏အတွင်းသန္တာန်၌ ဖြစ်ခဲ့လျှင် အကျိုးရှိဖို့ ဖြစ်မည်လော၊ အကျိုးမဲ့ဖို့ ဖြစ်မည်လော'

'အကျိုးရှိဖို့ ဖြစ်ပါသည် ဘုရား'

'ကာလာမမင်းတို့ မတပ်မက်သောပုဂ္ဂိုလ်သည် တပ်မက်မှုလောဘဖြင့် မနှိပ်စက် မလွှမ်းမိုးအပ်သော စိတ်ရှိသည်ဖြစ်၍ အမျက်မထွက်သော ပုဂ္ဂိုလ်သည် အမျက်ထွက်သောဒေါသဖြင့် မနှိပ်စက်မလွှမ်းမိုးအပ်သော စိတ်ရှိသည်ဖြစ်၍ မတွေဝေသော ပုဂ္ဂိုလ်သည် တွေဝေမှုမောဟဖြင့် မနှိပ်စက် မလွှမ်းမိုးအပ်သော စိတ်ရှိသည်ဖြစ်၍ သူ့အသက်ကိုလည်းမသတ်၊ သူ့ဥစ္စာကိုလည်း

မခိုး၊ သူ့သားမယားကိုလည်း မလွန်ကျူး၊ မုသားစကားကို လည်း မပြော၊ အခြားသူကိုလည်း သူ့အသက်သတ်ရန်၊သူ့ဥစ္စာ ခိုးရန်၊ သူ့သားမယား လွန်ကျူးရန်၊ မုသားပြောရန်မဆောက် တည်ခေ။ ထိုသူ့အသက် မသတ်ခြင်း စသည်ဖြစ်၍ ထိုသူအား ကြာမြင့်စွာသော ကာလပတ်လုံး အကျိုးစီးပွားရှိခြင်းငှာ ချမ်း သာခြင်းငှာ ဖြစ်သည်မဟုတ်လော'

'သည်အတိုင်း မှန်ပါသည် ဘုရား'

'ကာလာလမင်းတို့သည် မည်သို့ထင်ကြကုန်သနည်း။ ဤအ လောဘ၊ အဒေါသ၊ အမောဟတရားတို့သည် ကုသိုလ်တရား တို့လော၊ အကုသိုလ်ဘုရားတို့လော'

'အကုသိုလ်တရားတွေ ဖြစ်ပါသည် ဘုရား'

'အပြစ်ရှိသော တရားတို့လော၊ အပြစ်မရှိသော တရား တို့လော'

'အပြစ်မရှိသောတရားတွေ ဖြစ်ပါသည် ဘုရား'

'ပညာရှိတို့ကဲ့ရဲ့အပ်သည့် တရားတို့လော၊ ပညာရှိတို့ချီးမွမ်း အပ်သည့် တရားတို့လော'

'ပညာရှိတို့ ချီးမွမ်းအပ်သည့် တရားတွေ ဖြစ်ပါသည် ဘုရား'

'ဤတရားတို့ပြည့်စုံလျှင် ဤတရားတို့ကို ဆောက်တည်လျှင် အကျိုးရှိခြင်းငှာ ချမ်းသာခြင်းငှာ ဖြစ်မည်လော၊ အကျိုးမဲ့ ခြင်းငှာ ဆင်းရဲခြင်းငှာ ဖြစ်မည်လော၊ သင်တို့စိတ်တွင် မည်သို့ ထင်ကြသနည်း'

'ဤတရားတို့ ပြည့်စုံလျှင် ဤတရားတို့ကို ဆောက်တည်လျှင် အကျိုးရှိခြင်းငှာ ချမ်းသာခြင်းငှာဖြစ်သည်ဟု တပည့်တော်တို့ စိတ်တွင် ထင်ကြပါသည် ဘုရား'

‘ကာလာမမင်းတို့သည် တဆင့်ကြားဖြင့် အမှန်ဟု မယူကြနှင့်ဦး။ မိမိတို့လေးစားအပ်သော ဆရာ၏စကား ဖြစ်ရုံဖြင့်အမှန်ဟု မယူကြနှင့်ဦး။ သင်တို့သည် မိမိကိုယ်တိုင် ဤတရားတို့သည် ကုသိုလ်တရားတို့သည်။ ဤတရားတို့သည် အပြစ်မရှိသောတရားတို့တည်းဟူ သိကြသောအခါ ထိုတရားတို့ကိုပြည့်စုံအောင်လုပ်၍ နေကြကုန်လောဟု ငါဆိုခဲ့ခြင်းမှာ ဤအချက်ကိုဆွဲ၍ ဆိုခဲ့ခြင်းဖြစ်သည်။

....*....

## [ တဆယ့်လေး ]

အကြောင်းကရှိသည်....

မကြာသေး မှီ ဘက်ကြည့်လျှင် လပိုင်းပင်၊ ကိုအေးလွင် ဘယ်ယာက် ဘုရားရှင်ပြင်ပေါ်သို့ ရောက်လာလျှင် ဘုရားဖူးသူများ နည်းပါးလျက် ရှိပါသည်။အကြောင်းမှာမူ ရွှေတိဂုံဘုရားရင်ပြင်ပေါ်တွင် ပွဲတော်နေ့များနှင့် ရုံးပိတ်ရက် တနင်္ဂနွေနေ့များတွင် အထူးစည်ကားပြီး ကျန်နေ့များတွင် ဘုရားဖူးသူ နည်းပါးလျက် ရှိတတ်ပါသည်။

သူရောက်ရှိလာသောနေ့မှာ ရုံးပိတ်ရက်လည်း မဟုတ်ချေ။ ပွဲတော်အခါလည်းမဟုတ်တော့ လူသူအရောက်နည်းမည်ဆိုပါက

နည်းလျက် ရှိလေသည်။ ယခုအခါမျိုးတွင် တရားဘာဝနာ အားထုတ်လိုသောပုဂ္ဂိုလ်များအနေဖြင့်အလွန်အဖိုးတန်သည့်နေ့ဟု သတ်မှတ်စရာပင် အကြောင်းမူတရား ဘာဝနာ အားထုတ်သော ပုဂ္ဂိုလ်များသည် ဆူညံခြင်းကို ရှောင်ခွာ တတ်သောကြောင့် ယခုကဲ့သို့ဆိတ်ငြိမ်အေးဆေးမှုကို နှစ်သက်ခင်မင်တတ်စမြဲ။

ပတ်ဝန်းကျင်ရှိဇရပ် တန်ဆောင်းများတွင်တခါတရံလူတဦးနှစ်ဦးစ တွေ့ရသည်။ အချို့ဇရပ်များတွင် လူသူကင်းလျက်ရှိလေသည်။ ကိုအေးလွင်သည် ရွှေတိဂုံကုန်းပေါ်သို့ရောက်လေ့ရောက်ထတော့ ရှိခဲ့သော်လည်း၊ ကိုယ့်ကိစ္စနှင့် ပတ်သက်၍ဆက်စပ်မှုမရှိသောအခါ ဘယ်ကိစ္စမျိုးမဆို ဝင်ရောက်လေ့လာတတ်သူမဟုတ်တော့ အံ့သြဘွယ်ရာကိစ္စရပ်များကိုသူ၏ဦးနှောက်ထဲတွင် အလုပ်တခုအနေဖြင့် ထည့်သွင်းစဉ်းစားလေ့ မရှိချေ။

ဟိုအချိန်က ဘုရားရင်ပြင်ပေါ်သို့ ရောက်လာသောအခါတွင် ဘုရားကိုငတ်ပူပြီး တောင်ငေး မြောက်ငေးဖြင့် အချိန်အကုန်ခံပြီး အိမ်သို့ပြန်သွားလေ့ ရှိတတ်၏။ ခုတော့ ဤသို့မဟုတ်ပေ။သူ၏ဦးနှောက်ထဲတွင် တာဝန်တခုထမ်းဆောင်ရမည့်စေ်သည်ကဲ့သို့ ရှိလေသည်။

ကိုအေးလွင်သည် ဇရပ်ဘခုထဲသို့ဝင်ရောက်ပြီး သံမံတလင်းပေါ်ရှိဖုံများကို သူ၏ပါးစပ်မှ လေဖြင့်မှုတ်လိုက်ကာ ထိုနေရာတွင်ထိုင်လျက် ဘေတောက်တနံ့ား အနားယူလိုက်ပါတော့သည်။ လေပြေကလေးကာ သုတ်ဖြူးလျက်ရှိ၏။ ရွှေတိဂုံစေတီတော်ကြီးမှာလည်း နေရောင်ကြောင့် ရွှေရောင်များသည် အရောင်တလက်လက် ရှိနေပါသည်။

သူ၏ဦးနှောက်ထဲတွင်ရှိသော တာဝန်တရပ်ကို ထမ်းဆောင်ရမည့်အချိန်တန်ပြီဟု ယူဆလိုက်သည်နှင့်တပြိုင်နက် ၎င်း၏အိတ်ထဲတွင် အစဉ်သင့်ပါရှိလာသော ရေးမှတ်ထားသည့်စာပိုဒ်များကို ပြန်လည်ကြည့်ရန်အတွက် အပြင်ဘက်သို့ ထုတ်ယူလိုက်ပါတော့သည်။

ဤအချိန်သည် သူ၏ ဦးနှောက်ကို များစွာ အလုပ်ပေးသောအချိန်ပင် ဖြစ်ပါသည်။ သူရေးမှတ်ခဲ့သော စာပိုဒ်များမှာတရားအားထုတ်ရန်အတွက် သူ၏ဆရာကြီးခိုင်းစေလိုက်သော (၉) ဌာနတွင် အဓိဋ္ဌာန်ဝင်ရန်ပင် ဖြစ်လေသည်။ ၎င်းအဓိဋ္ဌာန်စာရွက်ကိုကြည့်နေရာမှ တရိပ်ရိပ်နှင့် ဆရာကြီးပြောဆိုလိုက်သော စကားများကို ကြားယောင်နေတော့သည်။

'ဟေ့....မောင်အေးလှိုင်'

ရွှေတိဂုံကုန်းပေါ်မှာ ရွှေတိဂုံ စေတီတော်ကလွဲပြီး သူ့ဒေါင့်နှင့်သူ မြန်မာဘုရင်များ၊ မူးမတ်သေနာပတိများ၊ ထွက်ရပ်လမ်း အားထုတ်သူများ၊ ဘိုးဘိုးအောင်၊ အောင်မင်းခေါင်မမှစေတီနှင့် ဘားမဲ့ဆရာတော်၊ ရှင်မထီးဆရာတော်၊ ရှင်အဇ္ဇဂေါဏ စသည့်ပုဂ္ဂိုလ်များက ရွှေတိဂုံကုန်းပေါ်တွင်အောင်မြေ (၉) ဌာနလှည့်၍ ရှစ်ခိုးပူဇော်အားထုတ်လေ့ရှိ၏။ ၎င်း (၉) ဌာနမှာ....

(၁) တငူပတ္တမြားမျက်ရှင်ဘုရား၊
(၂) ဝိဇ္ဇာ ဇော်ဂျီဘုရား၊ 'စနေဒေါင့်တည့်တည့်တွင် တည်ရှိပြီး၊ စေတီပေါ်တွင် ဇော်ဂျီရုပ်များ လုပ်ထားသည်။
(၃) ဆုတောင်းပြည့်(ခေါ်) ရှင်စောပုဘုရား၊ ၎င်းဘုရားအနီးမှာ စကားဝါ၊ စကားစိမ်းစသော

စကားပင်(၄)ပင် တည်ရှိထားသည်။ ရှင်စောပု ဘုရင်မကြီးလက်ထက်တွင်တည်ခဲ့သော ဘုရားဟု ရှေးပညာရှင်များက ပြောခဲ့ကြသည်။

( ၄ ) ရှင်မထီးဘုရား၊ ရှင်မထီး တန်ဆောင်းအတွင်း တွင်ရှိသည်၊

( ၅ ) ရှင်အဇ္ဇဂေါဏာဘုရား။

( ၆) ဆံတော်ထွင်း ကန်ဆောင်းတွင်းရှိ ဆံတော်ရုပ်ပွားတော်။

( ၇ ) ဘိုးဘိုးအောင်တန်ဆောင်း။

( ၈ ) ရွှေတိဂုံ စေတီတော် အရှေ့မုခ် အဘွင်းရှိ 'လက်ပက် ဘုရားခေါ် ကကုသန် ဘုရားရုပ်ပွားတော်။

( ၉ ) ပြဒါးရှင်ဘုရား။

ကိုအေးလွင် အားထုတ်ရမည့် ( ၉ ) ဌာနကို တရေးရေးမြင် ယောင်နေတော့သည်၊ ၎င်း( ၉ ) ဌာနကို တခုစီ စုံစမ်းရန် ဟန်ပြင်လိုက်ပါတော့သည်။ ပျောက်သောသူအား ရှာဖွေရသကဲ့ သို့ပင် မျက်လုံးအစုံမှာ တောင်ခေး မြောက်ငေးဖြင့် အဆောက် အဦတိုင်းကို တစုစီလေ့လာနေရတော့သည်။

အားထုတ်ရမည့် ( ၉ ) ဌာနကိုတော့ တခုစီ သိရှိရန်အတွက် အတတ်နိုင်ဆုံး ( ၉ )ဌာနကို စုံစုံစေ့စေ့ သိရှိပြီးမှ ရောက်ကြီး တိုင်ခိုင်းသောဌာနက စတင် တရားအားထုတ် ရပါတော့သည်။

သူသည်ပထမအနေဖြင့် အရှေ့တန်ဆောင်းမှ တောင် ပတ္တမြားမျက်ရှင်ဘုရားအား ရည်စူး၍ ဝတ်ပြုပြီးအဓိဋ္ဌာန်ပုတီး များ စိပ်နေပါတော့သည်။အမှန်ဆိုပါကပတ္တမြားမျက်ရှင်ဘုရား သည် အထက်ပစ္စယံပေါ်သို့ လူတိုင်းတက်ခွင့် မရှိချေ၊

ငှင်းရင်ပြင်ပေါ်သို့ ဘက်ရောက်အားထုတ်လိုသော ပုဂ္ဂိုလ်၊ ဝတ်ပြုလိုသောပုဂ္ဂိုလ်များသည် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း အဖွဲ့ရုံးရှိ အမှုဆောင်အဖွဲ့လူကြီးထံ လျှောက်ထားပြီး ၎င်းအဖွဲ့မှထုတ်ပေးသောလက်မှတ်နှင့်ရင်ပြင်ပေါ်သို့တက်ရောက်နိုင်သည်။

ထို့ကြောင့် ကိုအေးလွင်သည် အထက်ပစ္စယံပေါ်သို့ တက်ရောက်နိုင်ရန် လက်မှတ်မရှိသဖြင့် အလယ်ပစ္စယံမှနေ စိတ်သာရှင်စေဘု ဟောသည့်အတိုင်း သင့်ရာတနေရာ(သို့)မြင်ရလွယ်သောနေရာ၊ ဖူးလွယ်သောနေရာမှဝတ်ပြု၍ အဓိဋ္ဌာန်ယူလိုက်ပါတော့သည်။

သူဝတ်ပြုချိန်တွင် ပတ်ဝန်းကျင်၌ လူတယောက်မျှမရှိပေ။ အချိန်အနည်းငယ်တွင် တဦးစနှစ်ဦးစဟူ၍ ရောက်လာသည်ဟု သူသတိမှတ်လိုက်သည်။

ကိုအေးလွင်သည် စိပ်ပုတီးစိတ်ပြီးနောက် အာနာပါနကမ္မဋ္ဌာန်းတရားများ အားထုတ်နေရာတွင် ရုတ်တရက်သူ့နံဘေးရှိ ဝတ်ပြုနေသောသူတဦးက ဟစ်အော်ပြီး ဓေတ္တာပို့လိုက်သောအသံကြောင့် သူ့အဖို့ထိတ်လန့်သွားကာ စိတ်အနှောင့်အရှက်တော့ အနည်းငယ်ဖြစ်လိုက်ပါတော့သည်။

ကြာရှည်စွာ အားထုတ်ရန် ကြိုးစားသော်လည်း ဤကဲ့သို့ တိုးတိုးတိတ်တိတ်မဟုတ်ဘဲ ခုနစ်အိမ်ကြားလောက်သော အသံမျိုးဖြင့်ဘုရားဝတ်ပြုတတ်သူ၏နံဘေးတွင်ရှိသောကြောင့် အခက်ကြုံရသဖြင့် ဝေးရာသို့ပြေးနိုင်မှ တော်မည်ဟု ထင်လိုက်ပါတော့သည်။

ကိုအေးလွင်သည် ကြာရှည်စွာဝတ်မပြုနိုင်တော့ဘဲ တခြားတနေရာသို့လှဲ့ပြောင်းအားထုတ်ပြန်သေးသည်။ ပထမတွေ့ရသော

အခြေအနေကဲ့သို့ပင် ကနဦးတော့ အားထုတ်ရသည်မှာ တမျိုး တဖုံ တိတ်ဆိတ်ငြိမ်သက်သည်ဟု ထင်ရသော်လည်း အချိန်အနည်းငယ် ရရှိလာသောအခါတွင် မပြော်လင့်ဘဲ ဆူညံသော အသံများသည် သူ၏နားတွင်းသို့ ထိုးဝင် လာပါ တော့သည်။ အကြောင်းမူ ရေသည်များ၏ ဆုတောင်း မေတ္တာပို့သံများက အတော်ကလေးပင် စိတ်ကိုအနှောင့်အယှက် ဖြစ်ရပြန်သည်။

ကိုအေးလွင်သည် ထိုနေရာတွင်အပြီးတိုင် အဓိဋ္ဌာန်မပျက် အားထုတ်ပြီး ထပြန်ခဲ့သော်လည်း သူ၏ဦးခေါင်းထဲတွင် သံမှိုရိုက်နှိပ်ထားသကဲ့သို့ ရှိသော ရေသည်များ၏ ဆုတောင်းသံတွေမှာ ဂိုဟ်မင်းကြီး မလိုက်ပါဆလိုက်ပါ စသည့် ဂိုဟ်မင်းတွေကို အမိန့်ပေးသောအသံကို ကြားယောင် နေပါတော့သည်။

ကိုအေးလွင်သည် အိမ်သို့ ပြန်ရောက်လာသည့် အခါတွင် သားဖြစ်သူ ညီညီက လှမ်း၍ နှုတ်ဆက်လိုက်ပါတော့သည်။

'ဖေဖေ ဘယ်ကပြန်လာတာလဲ....'

သား၏ ရွှင်ပြုံးသော မျက်နှာအသွင်နှင့်အတူ ဖြူစင်သော နှလုံးသားမှပေါက်ဖွားလာသော အသံကြောင့် သူ့အဖို့အတော်ပင် ဝမ်းသာ၍....

'ဘုရားကပြန်လာတာပေါ့ သားရယ်....'

ကိုအေးလွင်သည် သူသိသိုသောအကြောင်းကို အဖြေပေးလိုက်ပါတော့သည်။

'ဖေဖေ ဘုရားကပြန်လာတာ တကယ်ဘဲနော်၊ ဒီလိုဆိုရင် ဖေဖေ့လည်ပင်း ခုပြစမ်း '

သားဖြစ်သူ၏ စစ်ဆေးချက်ကို တွေ့လိုက်ရသော် ခုကဲ့သို့ စုံထောက်ဉာဏ်မျိုးဖြင့် စစ်ဆေးနိုင်သည်ကို အံ့သြပြီး၊

'ကဲပါ သွားရယ်၊ မင်းသိချင်တဲ့ပုတီးကို သေသေချာချာ ကြည့်နော်'

ကိုအေးလွင်သည် သူ၏ လည်ပင်း၌ဆွဲထားသော ပုတီးကို သေချာစွာ ပြလိုက်ပါတော့သည်။ သူသည် သားတော်မောင် လက်ကလေးကိုဆွဲပြီး အိမ်ထဲသို့ ဝင်သွားပါတော့သည်။

သူသည် ရေချိုးပြီးနောက် မိမိကြီးအစဉ်သင့် ပြင်ထားသော ထမင်းဝိုင်းသို့ ခြေဦးလှည့်လိုက်ပါတော့သည်။ လကုန်ရက်မို့ ထမင်းပွဲမှာ မျက်နှာပန်းမလှချေ။ ချဉ်ပေါင်ကြော်တခွက် ငပိရည် တို့စရာစသည့် ဖွယ်ဖွယ်ရာရာတော့ မရှိပေ။

ထို့ကြောင့် ကိုအေးလွင်သည်ထမင်းဝိုင်းတွင် ဆောင့်ဆောင့် ထိုင်ချလိုက်ပြီး နဂိုကဆာနေသောကြောင့် ခူးထားသော ပန်းကန်ထဲရှိထမင်းကို တို့စရာမြုပ်၊ ငပိရည်ကို အပေါ်ကစမ်းလိုက် ကလုတ်ပြီးတလုတ် ကျုံး၍သာ စားနေပါတော့သည်။ ထိုအဖြစ်အပျက်ကို မြင်နေရသော မိမိကြီးမှာမူ စိတ်လုံးလုံးလျားလျား ချလိုက်ရတော့သည်။

နဂိုကမူ ဤသို့မဟုတ်ပေ၊ ဟင်းမကောင်းပါက ဆူပူကြိမ်းမောင်းတတ်သည်။ ဟင်းအေးနေပြီဆိုပါက ပြန်နွှေးခိုင်းတတ်သည်။ ခုတော့ ဤသို့မဟုတ်ချေ။

ကံ၊စိတ်၊ ရတု၊အဟာရ ဤအကြောင်းကြီး လေးပါးကြောင့် ဖြစ်သော ရုပ်သဘောကိုနားလည်ပြီမို့ ကိုအေးလွင်သည် စားသည့်အစာတိုင်းသည်အာဟာရဓာတ်ရရှိပြီး ရုပ်ကြီးကျန်းမာစေရန်ဖြစ်ကြောင်းကို သူနားလည်သောကြောင့် ရှာသမျှပစ္စည်းဥစ္စာ၊ စားသမျှ အဟာရ အရသာ၏နောက်သို့ မလိုက်တော့ဘဲ ရောင့်ရဲတင်းတိမ်မှုကိုသာ အလေးပေးတတ်ပါသည်။

'ဒီနေ့ဟင်းတော့ သိပ်မကောင်းဘူး၊ လကုန်ရက်ဆိုတော့ ငွေရေး ကြေးရေး အစဉ်မပြေဘဲ ရှိနေလို့ ဖြစ်သလိုချက်ထားတာ မြိန်ပါ့မလားလို့ စောစောက ပူပင်နေမိသေးတယ်။ ခုလို ကိုလေး မြိန်ရေယှက်ရေ စားနေတာမြင်ရတော့ မိအဖို့ဝမ်းသာမိတယ်'

'ဒါပေါ့မိရယ်၊ ကောင်းတဲ့အကျင့်ကို စတင်တည်ထောင်တော့မယ်ဆိုရင် ကောင်းခြင်းရဲ့ ပြုကျင့်ရမဲ့နည်းလမ်းနှင့် ပတ်သက်သော အပြုအမူ၊ အပြောအဆို၊ အနေအထိုင်၊ အစားအသောက်ဟာ အလွန်အရေးကြီးတယ်၊ သူတော်စင်ဘဲ့အလုပ်ကို လုပ်တော့မယ်ဆိုရင် မသူတော်သူတွေရဲ့အကြောင်းကို ပိုင်ပိုင်နိုင်နိုင်သိထားမှ အကျိုးအမြတ်ဆိုတာ စဉ်းစားဝေဖန်နိုင်မှာ နောက်မို့ဆို ကောင်းမှုမကောင်းမှု အပြုအမူတွေကို လေ့လာလိုက်စားနားလည်ထားရင်မကောင်းသောဝဲဂယက်မှာ မပါဝင်မသျှုပ်ရှာတော့ဘူး၊ ဒါမှ တနေ့တခြား မိမိပြုလုပ်ကျင့်ကြံနေသောတရားဟာ နည်းမှန်လမ်းမှန် ရောက်နိုင်မှာ နော်....'

မိမိကြီးသည် ကိုအေးလွင်ထမင်းစားသော နဘေးတွင်ထိုင်ပြီး သူပြောသောစကားကို ခေါင်းက လေးတငြိမ့်ငြိမ့်ဖြင့် နားထောင်နေပါတော့သည်။ မိမိကြီးတယောက် နောက်ဘေးသို့ ခေတ္တထွက်သွားချိန်တွင်။

ကိုအေးလွင်သည် စားပွဲပေါ်ရှိ အကြမ်းအိုးကို လှမ်းလိုက်ပြီး ပန်းကန်လုံး မရှိသောအခါတွင် အိမ်နောက်ဖေးသို့ လှမ်းကြည့်လိုက်ပါတော့သည်။ ထိုအချိန်တွင် မမြော်လင့်ဘဲ မိမိကြီးတယောက် သူ့နဘေး ပြန်လည်ရောက်လာပြီး ပြုံးပြုံးချည်းလုပ်၍ရပ်နေသည်ကို တွေ့လိုက်ရသဖြင့် သူ့အဖို့ အတော်ဘဝင်ကျသွားသောကြောင့်....။

'အတော်ဘဲဗျို့....မိအနားမှာရောက်နေမှန်းတောင် ကိုလေး မသိလိုက်ဘူးကွာ၊ နောက်ဖေးမှာဘဲ ရှိလိမ့်အုံးမယ် အထင်နဲ့ လှမ်းကြည့်လိုက်တာ'

'ကဲပါ မောင်တော်ဘုရား၊ ဘာများအလိုရှိကြောင်း အမိန့် တော်ချမှတ်တော်မူပါ ဘုရား'

မိမိကြီးသည် လျှမ်းလျှမ်းတောက်ပလျက် နက်မှောင်သော မျက်လုံးများကိုဒေါင့်ကပ်ပြီး မျက်နှာကလေးချို၍ ပြောလိုက် သောကြောင့်....။

'မှန်လှပါ နှမတော်၊ မောင်တော်ဘုရား အကြမ်းသောက် ရန် ပန်းကန်လုံးမရှိသဖြင့် ပင်လယ်ပြင်ဝယ် ရေတော်သူကဲ့သို့ပင် ရင်တွင်း၌ ပူလောင်ဆူပွက်သောဝေဒနာမျိုး ခံစားနေရသ ဖြင့် ခုချက်ခြင်း နှမတော် မောင်တော်၏ လိုအင်ဆန္ဒကို အမြန် ဆုံး ဖြည့်ဆည်းတော်မူလော့'

မိမိကြီးသည် နောက်ဖေးသို့ဝင်သွားပြီး ကိုအေးလွင်လက်ထဲ သို့ ပန်းကန်လုံးတလုံး လှမ်းပေးလိုက်ရာတွင် မိမိကြီးလက်ကိုပါ လှမ်းဆွဲလိုက်ပါတော့သည်။

'ဟင့်နော်....စောစောက ဘုရားဖြစ်မဲ့အတိတ်လို တရားမမှု အကြောင်း ပြောလားဆိုလားနဲ့ ခု-ဖောက်ပြန်လာပြန်ပြီလား'

'အေးပါမိရယ်၊ ကိုယ်မှားသွားလို့ပါ၊ ကဲ....ခွင့်လွှတ်နော်'

ကိုအေးလွင်သည် သူ၏နဘေးတွင်ထိုင်လျက်ရှိသော ဇနီး၏ မျက်နှာကို လှမ်းကြည့်ပြီး တောင်းပန်လိုက်ပါသည်။ သူသည် တခုတည်းသောအကြောင်းကိုစဉ်းစားရင်း မိမိကြီးဘက်သို့လှည့် လိုက်ကာ ဤသို့ ပြောဆိုလိုက်ပါတော့သည်။

'ဒီမှာမိ ကိုယ့်ကိုကိုယ်စဉ်းစားကြည့်ပြန်တော့ တလံလောက် ရှိတဲ့ ကိုယ်ကာယကို ခွဲစိတ်ကြည့်မယ်ဆိုရင် နေရာပေါင်းတရာ့-

ရှစ်ဆယ်မှာ ဆက်စပ်ထားတဲ့ အရိုးသုံးရာတွေမယ်၊ တကိုယ်လုံးကို တုတ်ဖွဲ့ချည်နှောင်ထားတယ်၊ အကြောကိုးဆူ အသားပေါင်းကိုးရာ တကိုယ်လုံးမှာ ခိုနေတဲ့အခရနဲ့ဘာသပ်၊ အရေပြားနဲ့တထပ်ဖုံးအုပ်ထားတာ တွေ့ရတယ်’

‘ဖွတ်၊ပဒတ်၊ မြွေတွေနေတဲ့ တွင်းနဲ့တူတဲ့ အပေါက်ကလေးတွေ အင်မတန်သေးငယ်တဲ့ အပေါက်ကလေးတွေ၊ တကိုယ်လုံးမှာ ပြည့်နေတယ်၊ ဒီကိုယ်ကာယဟာ ပိုးမျိုးရှစ်ဆယ်ရဲ့ ခိုအောင်း မှီခိုရာဖြစ်တယ်၊ ဆင်းရဲဒုက္ခတရားတွေ ပေါက်ဖွားရာ လယ်ခင်းကြီး သဖွယ်လည်း ဖြစ်တယ်၊ပေါက်ပြဲနေတဲ့ အိုင်အနာကြီးလို ကိုးပေါက်သော အနာတွေက ကိုးမျိုးသောအပုပ်ရည်တွေဟာ အစဉ်မပြတ်တဖွားဖွား တဒီးဒီးယိုစီးပြီးနေတယ်’

‘ကိုယ်ကာယနဲ့ မျက်လုံးနှစ်ဖက်က၊ မျက်ချေး မျက်ဝတ်ဘ စွတ်စွတ် ယိုထွက်နေတယ်၊ နားနှစ်ဘက်က နားဖာချေးဟာ ခစးဂပ်ကပ်ဖြစ်ပြီး ယိုထွက်နေတယ်၊နှာခေါင်းနှစ်ဘက် ထန်းသီးရည်အလား ကျိချွဲတဲ့နှာရည်တွေ ယိုထွက်နေတယ်၊ ခံတွင်းကမျိုချလိုက်တဲ့အဘာရဘာ သည်ခြေ၊ သလိပ်တွေဖြစ်ပြီး အန်ထွက်တယ်၊နှစ်ခုသောဒွါရ ပေါက်တွေကကျင်ငယ်ကျင်ကြီး တွေ အစဉ်မပြတ် ယိုထွက်တယ်’

‘ကိုးသောင်း ကိုးထောင်ကုန်သော မွေးတွင်းပေါက်က မစင်ကြယ် စက်ဆုတ်ဖွယ်ဖြစ်တဲ့ ချွေးစီးတွေယိုထွက်တယ်၊ ယင်မ မှက်ရိုင်းစတဲ့ပိုးကောင်မွှားကောင်တွေဝိုင်းပြီး အုံကြတယ် ဒီကိုယ်ကာယကို သွားတိုက်၊ မျက်နှာသစ်၊ ဦးခေါင်းဆီလိမ်း၊ ရေချိုး၊ အဝတ်အစားဝတ်ဆိုတာတွေနဲ့ မပြုမပြင်မသုတ်မသင်ဘဲ မိမွေးတိုင်း ဖမွေးတိုင်း ကိုယ်တုံးလုံးထားရင် ရုန့်ရင်းကြမ်းကြုတ် အမွေးစုတ်ဖွား ဆံပင်ဖားလျားဖြစ်ပြီး စက်ဆုတ်ရွံစရာကောင်း

လှတဲ့ ကိုယ်ကာယကို အသုဘ သဘောကိုမြင်အောင် လုပ်ရမယ် ဆိုတဲ့ တရားသဘောကို နှလုံးသွင်းမိတော့ ကိုယ်ခန္ဓာကို တနေ့တခြားရွံပြီး ကြောက်လာတာကို မိတယောက် သိပါစေတော့လို့ ကိုလေးပြောမိတာဘဲ....'

'ဒါပေါ့ ကိုလေးရယ်.... တရားသဘောနှလုံး ပိုက်နိုင်တဲ့သူရဲ့စိတ်ကလေးဟာ လောကမှာ စိတ်အေးချမ်းသာဆုံးဖြစ်တာဘဲ၊ ဘယ်လိုစည်းစိမ်ဥစ္စာနဲ့မှ လဲလို့ နိုင်းယှဉ်လို့ မရဘူး'

ကိုအေးလွင်တို့ဇနီး မောင်နှံသည် ဓမ္မ အရိပ် အာဝါသ အောက်တွင် ခိုလှုံနေရသည့် ဓာတ်ပုံ သူတို့၏ မျက်နှာများသည် လမင်းကြီးတခုတည်း ကောင်းကင်ပြင်တွင် ထီးထီးချည်း သာလျက်ရှိသော အသွင်ကဲ့သို့ တည်ငြိမ်ချမ်းမြေ့လျက် ရှိချေ တကား ..

( တဆယ့်ငါး )

ကိုအေးလွင်သည် ခေတ်လူငယ် တဦးဆိုဘော့ ရမ်းယုံရမ်း လုပ်သော အခြေမဲ့၊ အကြောင်းနှင့် မညီညွတ်သော အလုပ်မျိုး ကိစ္စမျိုးကို ရှောင်ကျဉ်တတ်၏။

ရှောင်ကျဉ်နိုင်ရန်အတွက်မူ သူသည်စာပေကို လိုက်စားတတ် ၏။ ထို့ကြောင့် သူ့အတွက်စာပေသည် ဒုတိယဆရာအဖြစ် သတ် မှတ်လိုက်သည်။ သူကိုယ်တိုင်တရားကို ကျင့်၏။ ဒုတိယအနေဖြင့် စာပေမှ ရရှိသော ဗဟုသုတအရ တိုင်းတာ လေ့လာကြည့်၏။

သူ့အတွက် မှားသည်မှန်သည်မှာ စာပေကိုမှတ်တိုင်သဖွယ် ပြုလုပ်ထားသည့်အတွက်ပင် အမှားနည်းလျက် ရှိလေသည်။

လောကတွင် မသေသောဆေးသမား၊ မမှားသောရှေ့နေဟူ ကား မရှိချေ။ သို့သော် ဥစ္စာကံစောင့်၊ အသက်ဉာဏ်စောင့် ဆိုသည့် ရှေးလူကြီးများ၏ ဆုံးမပဲ့ပြင်သည့် စကားအရာသည် ဤလောက၌ ထင်ရှားစွာရှိနေသေးသည်ကို သူနားလည်၏။

ထို့ကြောင့် လောကတွင်လုပ်တိုင်း ခရီးမပေါက်သောအခါ တွင် ကံကိုအပြစ်မဲ့ပြောလေ့ရှိတတ်သည်။ သူလက်မခံပေ။ ကံ သည် ကမ္မမှလာသော ပါဠိဖြစ်၏။ မြန်မာလိုပြန်လိုပါကအလု ဟု ဆိုရပေမည်။

အလုပ်ဆိုသည်မှာ အမှားရှိသကဲ့သို့ အမှန်လည်း ရှိစမြဲပင်၊ သို့သော် လုပ်တိုင်း မအောင်မြင်သည်ရှိသော ကံ၊ ဉာဏ်၊ ဝီရိယ သုံးပါးတွင် တပါးပါးအားနည်းနေပါက လုပ်ငန်းတခုသည် အောင်မြင်ရန် နည်းပါးလို့ပင် သူ နားလည်သဘောပေါက်၏။

ကိုအေးလွင်သည် သူတော်ကောင်းတရားများကို တနေ့ထက် တနေ့ အားထုတ်လိုသောဆန္ဒသည် ပြင်းပြလျက်ရှိ၏။ သူတော် ကောင်းတရား ခုနစ်ပါးကို ပြန်လည်သဘောပေါက်နားလည်ရန် အတွက် တခုစီပြန်လည်သုံးသပ်ရပြန်၏။ သဒ္ဓါ၊ သီလ၊ သုတ စာဂ၊ ပညာ၊ လုံ့လ စသည်တို့နားလည်ခဲ့သော်လည်း လူ့ဒါန်း တိုင်း နိဗ္ဗာန်ကိုမရနိုင်ချေ။ အဘယ်ကြောင့်မူ ပန်းတပွင့်ဘုရား ရှေ့တွင် လှူဒါန်းပြီး နိဗ္ဗာန်ကို ရလိုကြောင်း ဆုတောင်းနေရုံမျှ နှင့် မပြည့်စုံသေးချေ။

ပန်းတပွင့် လှူဒါန်းခြင်းမှာ စာဂနှင့်သဒ္ဓါနှစ်ပါးသာလော ကုတ္တရာကို အရင်း ကျကျ ကျေးဇူးပြုနိုင်သော သီလ၊သုတ၊ပညာ

သုံးပါးက ချို့တဲ့နေသောကြောင့်ဟု ဖြစ်နေ ပါတော့သည်။

ကိုအေးလွင်သည် မိမိဘဦးတည်း လေ့လာဖတ်ရှုခဲ့ရသော ဘာသာရေး စာပေများကို ပြန်လည်စဉ်းစားနေချိန်တွင် ရုတ်တရက် မိမိကြီးသည် သူ၏နောက်ဘက်မှနေလှမ်းပြီး ပုခုံးပုတ်လိုက်သောကြောင့် အနည်းငယ် ထိတ်ထိတ်ပျာပျာ ဖြစ်သွားမိသည်။

' မိ ကလဲကွာ....အရမ်းချည်းဘဲ '

' ဘာများ ဒီလောက် စဉ်းစားနေရတာလဲ '

' ကုသိုလ်တရားနဲ့ အကုသိုလ်တရား (၂) ပါးအကြောင်း စဉ်းစားနေတာ '

' စဉ်းစားရဘယ်လေ '

' ဒီလိုဆို မိကိုလဲ နားလည်အောင် ပြောပြအုံး နော် '

မိမိကြီးသည် ကိုအေးလွင်နဘေးတွင် ငြိမ်သက်စွာထိုင်ရင်း ဆရာနှင့်တပည့်ပမာ ရှိနေတော့သည်။

'အာရုံခြောက်ပါး တရားဟာ မီးတောက် မီးလျှံကြီးများ သဖွယ် တောက်လောင်လျက် ရှိကြတယ်၊မြတ်စွာဘုရားကဟော ကြားတော်မူလိုက်တဲ့အခါမှာ (၁၀) ကျော် (၉၀)လောက်ရှိတဲ့ ရဟန်းတော်တို့မှာ သွေးစိမ်းပွက်ပွက်အန်ပြီး ပျက်စီးကြရတယ်၊ အခြားတထောင်သော ရဟန်းတော်များတော့ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုသွားရတယ်၊ ဘာပြုလို့သွေးစိမ်း ပွက်ပွက်အန်ပြီး ပျက်စီးဆုံးရှုံးကြရသလဲဆိုတော့ အတိတ် သံသရာက အာရုံခြောက်ပါးတရားတို့အား ရာဂမီး၊ ဒေါသမီး၊ မောဟမီး တည်းဟူသော မီးတောက်မီးလျှံကြီးများ တောက်လောင်လျက် ရှိကြတယ်လို့ဆိုတဲ့တရားကို ကဲ့ရဲ့ရှုတ်ချမိခဲ့ကြလို့'

တထောင်သောရဟန်းတော်များမှာတော့ အတိတ်သံသရာ အာရုံခြောက်ပါး တရားတော်များဟာ မီးတောက်မီးလျှံကြီး များသဖွယ် တောက်လောင်နေကြရတယ်ဆိုတဲ့ တရားကိုကြား နာခဲ့ရပြီး လိုက်နာမှတ်သားရှုမှတ် ပွားများခဲ့ကြ၍ ယခုဘဝမှာ ၎င်း ‌တရားကြားနာရသည်နှင့်တပြိုင်နက် အရဟတ္တမဂ်၊ အရ ဟတ္တဖိုလ် တရားများကို လွယ်လွယ်ကူကူ ရရှိတော်မူကြတယ်။

မြတ်စွာဘုရားသခင်သည် ဒီတရားတော်ကို မဟောမီကတည်း ကသူ့ရဲ့ရှေ့မှောက်မှာရောက်ရှိနေကြရတဲ့ ရဟန်းများရဲ့အတိတ် က ပြုလုပ်ခဲ့ကြတဲ့ကံတွေ ပစ္စုပ္ပန်မှာ ပြုလုပ်ကြတဲ့ ကံအဖြစ်အ ပျက်တွေအားလုံး သိတော်မူပြီး ဖြစ်ပါတယ်၊ ဒီလိုသေ့စိမ်း ပွက်ပွက်အန်ပြီး ပျက်စီးကြရမဲ့ ရဟန်းတွေကို မပျက်စီးရလေ အောင် တားမြစ်လို့မဖြစ်ကြသလို၊ အရဟတ္တမဂ်၊ အရဟတ္တဖိုလ် ရောက်ကြရမဲ့ တထောင်သော ရဟန်းတွေကိုလည်း မဂ်တရား ဖိုလ်တရားမရအောင် တားလို့မဖြစ်ဘူးဆိုတာကို ဗုဒ္ဓကသိတော် မူတယ်။

ဒီရဟန်းတွေဟာ သူတို့ကိုယ်တိုင် အတိတ်ကာလက ပြုလုပ် ခဲ့တဲ့တရားအတိုင်း ဖြစ်ကြရတဲ့အတွက် ဘယ်သူကမှ ဝင်ရောက် မစွက်နိုင်ဘူး၊ မကယ်နိုင်ဘူး၊ ရှောင်ကွင်းလို့ မရဘူး၊ ဒါတွေ မကသေးဘူး သွေးစိမ်းပွက်ပွက်အန်ပြီး ပျက်စီးကြရတဲ့ (၈၀) ကျော် (၉၀) သောက်သော ရဟန်းတွေဟာ အခုဘဝသာမက နောင်အနာဂါတ်ကာလတွေမှာ ပွင့်တော်မူကြမည့် ဗုဒ္ဓရှင်တော် မြတ်တို့ရဲ့ လက်ထက်တော်မှာလဲ သွေးစိမ်းပွက်ပွက်အန်ပြီးကမ္ဘာ တရာတိတိ ပျက်စီးကြရလိမ့်ဦးမယ် ဆိုတာကိုလဲ သိမြင်ထား တော်မူတယ်'

'ဘယ်သူမပြု မိမိမှုဆိုတဲ့အတိုင်းထင်ရှားနေတာကို တွေ့မြင်နိုင်ပါတယ်၊ ဒါကြောင့် ကိုလေးတော့ ဒီဘဝမှာ အကုသိုလ်တရားတွေကို အတတ်နိုင်ဆုံးမပြုလုပ်ဖို့ဟာ ကိုယ့်ရဲ့စိတ်ကလေးကို ထိန်းသိမ်းစောင့်ရှောက်မဲ့ သီလကို မပြတ်အားထုတ်နိုင်မှ ကောင်းမယ်ဆိုတာ သိလား'

ကိုအေးလွင်သည် မိမိကြီးအား ဤသို့ ပြောလိုက်ပါတော့သည်။ မိမိကြီးသည် ကိုအေးလွင်ပြောသောစကားကို နားထောင်ပြီးနောက် ဤသို့ ချေပပြောဆို လိုက်ပြန်သည်။

'ဒါဘဲနော် ဘယ်နေရာမျိုးမဆို ဆန္ဒစောရင်လဲဘေးရောက်တတ်တယ်၊ ဥပမာ.... ဓာတ်တဘောဇဉ်မှန်လျှင် ပုဂ္ဂိုလ်အဟာရဖြစ်ပါတယ်၊ သို့သော် မှုတရုံ၊ ဝရုံမှီဝဲမှုသာလူတိုင်းအဟာရဖြစ်ပြီး စူစကာပုဏ္ဏားလိုလွန်အောင် မှီဝဲပါက ဆေးမဖြစ်ဘဲ ဘေးဖြစ်ပြီး စပိုးနစ်သေတဲ့အခါ သေကြရတယ်၊ ဒါကြောင့်ကိုလေးလဲ တရားအားထုတ်တဲ့နေရာမှာ ဗုဒ္ဓဘုရားရှင်မြတ်က ဟောခဲ့တော်မူတဲ့ အစွန်းမရောက်သောတရားကို နားလည်ဘို့ လိုပါတယ်နော်....'

'ဆက်ပြောပါအုံး'

'ကောင်းပြီလေနွားရှေ့ထွန်ကျူးတဲ့သဘောမျိုးတော့မထင်လိုဘူး၊ ဘတ်ဘူးခဲ့တဲ့ စာပေကျမ်းဂန်လွှထဲက ကောက်နုတ်ပြမှာ....'

'ဒါပေါ့'

မိမိကြီးသည် ဤသို့ပြောဆိုပြီးသည့်နောက် အိမ်ရှေ့ခန်းရှိစားပွဲပေါ်တွင် တင်ထားသောစာအုပ်တွေကြားမှ စာအုပ်တအုပ်ကို ရှာဖွေထုတ်ယူလိုက်ပါတော့သည်။

ၑင်းနောက် သူမ မှတ်ထားသော စာပိုဒ်ကို ထိုစာအုပ်ထဲမှရှာဖွေပြီးနောက် ဤသို့ပြောလာပါတော့သည်။

'သေသေချာချာနားထောင်နော်.... ဒီစာပိုဒ်တွေဟာ တရားကျင့်ကြံ အားထုတ်သူတွေအဖို့ သိတ်အရေးကြီးတဲ့ အကြောင်းတွေပေါ့- မိလဲတနေ့နေ့တော့ ကိုလေးအတွက် အသုံးချရလိမ့်မယ်ဆိုတာသိနိုင်လို့ ခုလိုကြိုတင် လေ့လာဘတ်ထားရတာနော်'

'အမလေးဗျာ.... လျှာရှည်လိုက်တာ'

'ဒါပေါ့ တန်ဘိုးရှိတဲ့စကား၊ တန်ဘိုးရှိတဲ့စာပေတွေဟာ ဘယ်ခေတ်ရောက်ရောက် တန်ဘိုးရှိစမြဲ မဟုတ်လားလို့....'

မိမိကြီး သည် ကိုအေးလွင်ဘက် လှည့်လိုက်ပြီး သူမ၏တောက်ပသော မျက်လုံးအစုံဖြင့်စူးစိုက် ကြည့်လိုက်ပြန်သေးသည်။

'ကဲပါဗျာ ဖတ်ပြတော့မယ် မဟုတ်လား'

'ကောင်းပါပြီ ရှင့်'

'ဘုရားက ဟောခဲ့တယ်၊ အစွန်းတရားနှစ်ပါးတို့ကို မမှီဝဲအပ်ရ၊ ၎င်းအစွန်းနှစ်ပါးဆိုတာကတော့ အလယ်လမ်းမဟုတ်သောကြောင့် အစွန်းတရား နှစ်ပါးဖြစ်တယ်။ အစွန်းတရားနှစ်ပါးဆိုတာက (၁) ကာမသုခလ္လိကာနုယောဂ တပါး၊ (၂) အတ္တကိလမထာနုယောဂတပါး၊ ၎င်းနှစ်ပါးကိုဆိုပါတယ်။ ၎င်းတို့မှာ (၁) ကာမသုခလ္လိနုယောဂ အခွင့်သာယ်ကတော့ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ၊ ဤကာမဂုဏ်ငါးပါးတို့ကို လိုက်စားမြူးပြီး ယင်မူးမေ့လျော့ တရားဘက်၌ ပေါ့လျှော့နေခြင်းကို ဆိုတာဘဲ။ နောက်ဒုတိယအချက်က ရေချိုးခြင်း၊ မီးလှုံခြင်း၊ ဆူးပေါ်

ဥ္စအိပ်ခြင်း၊ အကြောင်းမဲ့ အဟာရကိုဖြတ်ထားခြင်း၊ ပြောလူးခြင်း စသည်မှမိမိကိုယ်ကို ပင်ပန်းဆင်းရဲအောင် ကျင့်သောအကျင့်များကို ဆိုခြင်းဖြစ်ပါတယ်။ ဒါကြောင့်ကိုလေးတယောက်တရားတွေ ကျင့်တယ်ဆိုပေမဲ့၊ အကျင့်မှားပြီးအချိန်ကုန် လူပင်ပန်းမှာစိုးလို့ ပြောရတာနော်....'

မိမိကြီးပြောပြသော တရားလမ်းကြောင်းကို ပြန်လည်စမ်းစစ်လိုက်သော အခါ မဂ္ဂင် (၈)ပါးသည် တရားကျင့်ကြံလိုက်စားသူတိုင်း၏ရင်ဝယ် သိမ်းဆည်း ရမည့် တရား တော်ပင် ဖြစ်ကြောင်းကိုအေးလွင်နားလည် သဘောပေါက်လိုက် မိပါသည်။

-ပြီးပါပြီ-

....*....

---

သမထ ဦးအောင်မြတ်

၁၈-၁၁-၇၄

( သမထ )
ဦးအောင်မြတ်၏
ဆင္ဌမမြောက်တင်ပြချက်။

# သမထ မျက်လုံး

ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ ဈာန်သို့ ရောက်၍နေ၏။ ဤသည်တို့ကား သမထ (ဝါ) စိတ်၏ သမာဓိနှင့် ပြည့်စုံခြင်း ပေတည်း။

( ဗုဒ္ဓ၏ဩဝါဒ )

သမထ ( ခေါ် ) စိတ်ဓာတ်တည်ငြိမ်ခြင်းဆိုသည်မှာ သမာဓိပင် ဖြစ်ပေသည်။

( သမထကျမ်း )

ထို့ကြောင့်....။

( သမထ ) မျက်လုံးသည် သမာဓိမျက်လုံးဖြစ်သည်။ ဤမျက်လုံးသည် သမထကြောင့် ဖြစ်ပေါ်လာသဖြင့် သမထမျက်လုံးဟု ပညတ်ထားသည်။

( သမထ )မျက်လုံးသည် သမထကျင့်စဉ်များကို ရက်ပေါင်းလပေါင်း၊ နှစ်ပေါင်းများစွာ ကျင့်ရသည်။ ကျင့်ဖန်များတော့ သူ့အတွက် အားအင်ကြီးမား လာခဲ့သည်။

( သမထ )မျက်လုံးသည် ကသိုဏ်း( ၁၀ )ပါးကိုအခြေခံ၏။

( သမထ ) မျက်လုံးသည် မမြင်ဘူးသည်ကို မြင်ရသည်။ မရောက်ဘူးသောနေရာသို့ ရောက်ရသည်။ ခုတော့။

( သမထ )မျက်လုံးပိုင်ရှင်သည် ဘာတွေကိုမြင်ရသလဲ။
သိလိုပါက ဖတ်ရှုရန် စောင့်မျှော်ပါ။

( သမထ )

ဦးအောင်မြတ်၏

သတ္တမမြောက် တင်ပြချက်။

# ရမက်ဝက်ဘာ

လောက၏ အမှန်တရားကို ဆန့်ကျင်ဘက် ပြုလုပ်သူသည် ဘနေ့တွင် မိမိကိုယ်ကို ညှင်းဆဲခြင်းပင် ဖြစ်လေသည်။

လောကတွင်သဘောတရားရှိ၏။ယင်းတရားများမှာ လောကဓံတရားရှစ်ပါး ဖြစ်သည်။ လောကဟူသည် ဤစုံတွဲ သဘာဝနှင့် မကင်းကွာချေ။ ယင်းတရားရှစ်ပါးတို့ အပြန်အလှန် လှည့်လည် ဖြစ်ပျက်နေခြင်းကို လောကဟု ခေါ်လေသည်။

လောကသည် လူသားတွေအတွက် နေရာပေးထားသည်။

သို့သော်....။

လောကသည် မကောင်းသူတွေအတွက် ဝက်ဘာလိုကွေ့ကောက်သော သဘောရှိသည်။ လူသားသည် ထိုဝက်ဘာထဲတွင် သူ၏ဘဝကို မကောင်းသောဒုစရိုက်တို့ဖြင့် ရောပြွမ်းလိုက်သည်။ လူသား၏ဘဝသည် ကြမ်းတမ်းစွာရုန်းကန်ရတော့သည်။ လှုပ်ရှားရတော့သည်။ အမှန်တရားကိုမတွေ့ရချေ။

လူသည် လောကကိုဖောက်ပြန်သော လောဘကြောင့် သာယာမှုကင်းမဲ့အောင် ဖန်တီးသူလိုက်ပါတော့သည်။

ထို့ကြောင့်....

လူသားနှင့်လောကသည် မကင်းကွာ၊
ဒွန်တွဲလျက်ရှိ၏။
လောကကို လူသားက ဖျက်ဆီးသလော၊
လောကက လူသားကို ဖျက်ဆီးသလော၊
ရမက်ဝက်ဘာစာအုပ်တွင် ဖတ်ရှုပါ။

( သမထ )
ဦးအောင်မြတ်၏
အဌမမြောက် တင်ပြချက်။
ကမ္ဘာကျော်စိတ်တန်ခိုးရှင်။

# ခရားဇက်

( မြန်မာပြန် )

ဥရောပနိုင်ငံအသီးသီးနှင့် အမေရိကန်နိုင်ငံတို့မှ ရဲအဖွဲ့ကြီးများ၊ မှုခင်းထောက်လှမ်းရေး အဖွဲ့ကြီးများ၊ အမေရိကန်မှ ကမ္ဘာကျော် အက်ဖ်ဘီအိုင်အဖွဲ့ကြီး စသည်တို့ကပင် ဤပုဂ္ဂိုလ်ထံ မေတ္တာရပ်ခံ အကူအညီ တောင်းကြရသည်။ ဤပုဂ္ဂိုလ်၏ စိတ်တန်ခိုးစွမ်းအင်ဖြင့် လျှို့ဝှက်ခက်ခဲသော မှုခင်းကြီးများကို ထောက်လှမ်း ဖော်ထုတ်နိုင်ခဲ့သည်။ ဤပုဂ္ဂိုလ်၏ စိတ်တန်ခိုး စွမ်းအင်သည် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂါတ် ဤသုံးပါးကို တသားတည်း ထိုးဖောက်၍ မြင်နိုင်သည်။

တခေတ်မှာတယောက် ထွန်းပေါက်လာသော ဤပုဂ္ဂိုလ်နှင့် ဤစိတ်တန်ခိုး စွမ်းအင်အကြောင်းကို ဆရာဦးအောင်မြတ်က စိတ်သုတေသီများအတွက် ရှားရှားပါးပါး ရှာဖွေဘော်ပြထား ပါသည်။

( သမထ )
ဦးအောင်မြတ်၏
နဝမမြောက် တင်ပြချက်။

# မီးတောင်လေလား
# ရွှေတောင်လား

သိဒ္ဓိအကြောင်း၊
ဓာတ်အကြောင်း၊
နတ်အကြောင်း၊
လူ့စရိုက်နှင့် လူ့ဘဝအကြောင်းကို ပီပီပြင်ပြင် ရေးသား
သော စာအုပ်တအုပ်။

မျှော်ပါ။